
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ဒို့အကြောင်း အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

BURMESE CLASSIC .com

# မင်းစိတြ

## မနောဆက်ညီနောင်

www.burmeseclassic.com

www.burmeseclassic.com

# အခန်းစဉ်


၁။ ပျောက်ကွယ်သွားကြသူများ
၂။ ကိုယ့်မျက်နှာနှင့်လူ
၃။ ဖန်တောင်က မရဏာရွှေ
၄။ ဖကီးလေး
၅။ ညှို့ခေါ်နေသော ဖန်တောင်ကြီး
၆။ ငါနဲ့တူတဲ့လူ
၇။ မိစ္ဆာထောင်ချောက်
၈။ ဆိုးရွားသောအကြံအစည်
၉။ ဘဝပြန်မလာဝဲကြီး
၁၀။ သေကံမရောက်
၁၁။ သန်းခေါင်ယံအိပ်မက်
၁၂။ မဇ္ဈိမရိယဂိုဏ်းသားများ
၁၃။ မြွေကျွန်း
၁၄။ သေမင်းနှင့်လက်တစ်ကမ်းအလို
၁၅။ ကျွန်းပေါ်ကမြွေဆိုးများ
၁၆။ ပျောက်နေသော ငှက်ကျွန်း
၁၇။ ပင်လယ်အူသံ
၁၈။ ဖန်တောင်ကြီးနှင့် မနီးမဝေး
၁၉။ ထိမိလ သတ္တဝါကြီး
၂၀။ ဒဏ်ရာရသွားသော ထိမိလကြီး
၂၁။ ဖန်တောင်နိဂုံး
၂၂။ လူတူနှစ်ယောက်
၂၃။ မနော‌ဆက်ညီနောင်


BURMESE CLASSIC .com

[၁]

## ပျောက်ကွယ်သွားကြသူများ

လူတစ်စုသည် တောထဲတွင် ခရီးနှင်လျက်ရှိနေကြသည်။ စုစုပေါင်း ငါးယောက်ဖြစ်ကြသည်။ သူတို့၏ကိုယ်ပေါ်မှာ ကျောပိုးအိတ်ကိုယ်စီ ပါလာခဲ့ကြသည်။ သုံးယောက်ကတော့ အမဲလိုက်သေနတ်ကြီးများကိုယ်စီနှင့်။

မြန်မာနိုင်ငံ၏ အနောက်မြောက်ဒေသ ဖြစ်သည်။ တောင်တန်းကြီးများသည် မြင်ရလေတိုင်း ဆီးနှင်းများဖုံးလွှမ်းလျက်ရှိကြသည်။ စိမ်းဖန့်ဖန့်အရောင်များ ပျောက်ကွယ်လုနီးပါးမျှသာ ဖွေးဖွေးဖြူနေကြသည်။

"ဘယ်လိုလဲ ဇော်ဂန် ... ထွက်လာတာပဲကြာပြီ၊ ခုထက်ထိလည်း အမဲတစ်ကောင်တောင် မတွေ့ရသေးပါလား"

အသက်လေးဆယ်နီးပါးရှိ ဦးကျော်ဇောက အားမလိုအားမရအသံနှင့် မေးလိုက်သည်။ ကျန်အဖွဲ့သားများကလည်း ဇော်ဂန်ကို မကျေမနပ်ဖြစ်နေကြလေပြီ။

"သည်ဘက်မှာ အမဲသားကောင်ပေါတယ်ဆို ... ခု

www.burmeseclassic.com

www.burmeseclassic.com



တော့ ယုန်တစ်ကောင်တောင် တွေ့ခွင့်မရပါလားဗျ''

''ဟုတ်တယ်ဗျာ … ခါတိုင်းဆိုရင် ကျုပ်တို့ ဝံဖြူပဲဖြစ်ဖြစ် တောင်ဆိတ်ပဲဖြစ်ဖြစ် တစ်ကောင်ကောင်တော့ တွေ့ပြီးလောက်ပြီ၊ တောင်ဆိတ်တွေ အများဆုံးပေါတဲ့နေရာဗျ၊ သည်ကနေ့ကျမှ ဘယ်လိုဖြစ်သလဲမသိပါဘူးဗျာ''

လမ်းပြမုဆိုး ဇော်ဂနိကလည်း ညည်းညူမိလိုက်သည်။ ထူးခြားသည်က တစ်တောလုံးလည်း တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

သည်လို တစ်တောလုံးငြိမ်သက်နေတဲ့သဘောက သားကောင်ကြီးတစ်ကောင် ချဉ်းကပ်လာခဲ့လို့ တခြားသားကောင်လေးတွေက ကြောက်ပြီး ဘယ်ကိုမှ မသွားရဲ မလာရဲနဲ့ဖြစ်နေကြတာ၊ ကိုယ့်အသိုက်၊ သားရဲကျင်းထဲမှာပဲ ငြိမ်နေကြတဲ့သဘောဗျ၊ သည်လိုလည်း ဖြစ်နိုင်တာပဲ''

ဇော်ဂနိက ထင်မြင်ချက်ပေးလိုက်လေသည်။ ကျားကို ဆိုလိုပြီးပြောလိုက်ခြင်းပင်ဖြစ်သည်။ ကျားဟူသောအသံကြောင့် ဇော်ဂနိမှလွဲပြီး အားလုံး မလုံမလဲနှင့်ဖြစ်သွားခဲ့ကြရလေသည်။ အဆိုပါကျားသည် သူတို့ကို တစ်နေရာရာကနေပြီးတော့ ချောင်းမြောင်းကြည့်နေလေမည်လားဟု စိုးထိတ်သွားခဲ့ကြသည်။ ဇော်ဂနိက ထိုသူတို့မျက်နှာပျက်သွားသည်ကို သတိထားလိုက်ကာ …

''ထင်ကြေးနဲ့ပြောတာပါဗျာ၊ သည်လိုနေရာမျိုးကို ကျားလာခဲပါတယ်၊ တခြားအကြောင်းတစ်ခုခုကြောင့် ဖြစ်မှာပါ''



''ဘာအကြောင်းလဲ''

''ကျုပ်လည်း မပြောတတ်ဘူး''

မှန်သည်။ ဇော်ဂနိလည်း မပြောတတ်ချေ။ ဤသို့လည်း တစ်ခါမှမဖြစ်ဖူးပေ။ ထိုသူတစ်စုသည် လူစိမ်းများဖြစ်ကြသည်။ မည်သည့်နေရာက လာကြမှန်း မသိကြချေ။ ရွာတစ်ရွာကိုဝင်ပြီး လမ်းပြမုဆိုးတစ်ယောက်ကို ရှာသည်။ ဇော်ဂနိက နယ်ခံမုဆိုးဖြစ်၍ အပေးအယူတည့်သွားခဲ့ကြသည်။ သူတို့၏ အဆိုအရ ဝံပစ်ရန်ဟု သိရသည်။ ဝံဖြူ ရသလောက်လိုချင်သည်။ ဝံသားရေအတွက်ဟု ဆိုသည်။

ဇော်ဂနိက ဝက်ဝံဖြူတွေကျက်စားတတ်သောနေရာကို သိထားသည်။ လမ်းပြခကလည်း မြိုးမြိုးမြက်မြက်ကလေးရထား၍ စရန်ငွေငါးထောင်ကိုယူကာ လိုက်လာခဲ့ခြင်းပင်ဖြစ်သည်။ ဤနေရာကိုရောက်တော့ ဝံမပြောနှင့် … ကြွက်တစ်ကောင်ကိုသော်မျှ မတွေ့ကြရ။ နားအလည်ရ ခက်သွားကြသည်။ ဇော်ဂနိသည် လမ်းပြခ မြိုးမြိုးမြက်မြက်ရအောင် တောင်းယူတာလည်း မဟုတ်။ ထိုသူတို့က တမင်ပစ်ပြီးပေးလိုက်ခြင်းပင်ဖြစ်သည်။

''ခင်ဗျားတို့ ကျုပ်ကို သင်္ကာမကင်းဖြစ်နေကြတယ်ထင်တယ်၊ ကျုပ်လည်း သည်လိုအခြေအနေမျိုးကို ခုမှပဲ ကြုံဖူးရတာပါ၊ ကျုပ် အထင်သေးမခံနိုင်ဘူး။ ခင်ဗျားတို့ရဲ့ စရန်ငွေကို ပြန်ပေးမယ်။

ဇော်ဂနိက ခပ်ပြတ်ပြတ်ပင်ပြောလိုက်သည်။

''သည် … သည်လိုသဘောနဲ့ပြောတာ မဟုတ်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကလည်း အခြေအနေကို မျှော်လင့်မထားမိကြလို့ အံ့အားသင့်နေကြရတာပါ၊ ကဲ ... ခရီးဆက်ကြရအောင်ဗျာ"

ဦးကျော်ဇောသည် ဇော်ဂန့်ကိုနှစ်သိမ့်လိုက်လေ၏။ ထို့နောက် သူ့လူများ၏မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်သည်။ အားလုံး အဓိပ္ပါယ်ရှိသောအပြုံးများကို ဆောင်လိုက်ကြသည်။

◼

ညနေစောင်းလာခဲ့သည်အထိ သားကောင်တစ်ကောင်မျှပင် ပစ်ခွင့်မရသေးပေ။ ဤအရပ်တွင် နံနက်၊ ညဆိုသည် ခွဲခြား၍မရ။ နေကိုလည်း မမြင်ရ၊ မြူဆွတ်သောအလင်းကမှလာကြီးသာ လွှမ်းခြုံလျက်ရှိသည်။ သို့ရှိနိုက် ...

'ဝေါ ..ဝရော'

ငလျင်တော်လည်းသံကဲ့သို့ ကျယ်လောင်သော အသံကြီးတစ်သံက ရုတ်တရက်ထွက်ပေါ်လာသည်။ မြေပြင်သည် သိမ့်သိမ့်တုန်သွားခဲ့လေ၏။ သစ်ပင်ကြီးငယ်တို့သည်လည်း လှုပ်ခါသွားခဲ့ကြသည်။ သစ်ပင်ထက်မှာ ဖုံးလွှမ်းနေသော နှင်းပွင့်၊ နှင်းဖတ်များသည် အောက်သို့တဖြုတ်ဖြုတ်နှင့် ကျလာခဲ့ကြလေသည်။

"ဘာဖြစ်တာလဲ ...ဘာဖြစ်တာလဲ"

ထူးခြားသောအခြေအနေတစ်ခုကြောင့် လှုပ်လှုပ်ရှားရှား



ဖြစ်သွားခဲ့ကြသည်။ တစ်ယောက်က ခြေချော်သွားခဲ့ရာ ဖင်ထိုင်လျက်လဲကျသွားသည်။ အောက်အနိမ့်ပိုင်းဆီကို လျှောကျသွားခဲ့လေ၏။

'ဝေါ ..ဝေါ ..ဝရော ..ဝရော'

အဖြေရှာ၍မဆုံးမီမှာပင်လျှင် နောက်ထပ်တစ်ကြိမ် ထပ်ပြီးတော့ဖြစ်သည်။ ပိုပြီးတော့ ကြမ်းသည်။ ဇော်ဂန့်မှလွဲပြီး အားလုံးလဲကျသွားခဲ့ကြသည်။ အနိမ့်ပိုင်းဆီကို သူတို့ လျှောပြီးတော့ ကျသွားခဲ့ကြသည်။

"အား ...အား"

သတိကြီးစွာသော ဇော်ဂန့်က သစ်ပင်တစ်ပင်ကို ဖက်ထားလိုက်၍ အောက်သို့ကျမသွားခဲ့။ ထို့နောက် အနိမ့်ပိုင်းဆီကို သူဆင်းလာခဲ့သည်။ နှင်းဖတ်တွေပေါ်မှာ လဲကျနေကြသူများ အားလုံး ဖုတ်ဖက်ခါပြီးတော့ ရပ်လိုက်ကြသည်။ ဇော်ဂန့်က သူတို့ကို အေးဆေးစွာပင်ရယ်ကြည့်နေသည်။

"တော်တော်အံ့အားသင့်စရာပဲ၊ ခင်ဗျားကတော့ ဘာမှမဖြစ်ပါလား"

ဦးကျော်ဇောက ဇော်ဂန့်ကို မကျေမနပ်နှင့်ပြောလိုက်သည်။

"ကျုပ်က အမြဲတမ်း သတိရှိတယ်၊ ဒါကြောင့်ပါ"

"ဆရာကြီး သည်လိုဖြစ်လိမ့်မယ်ဆိုတာ သူကြိုပြီးတော့ သိနေတယ်ထင်တယ်၊ ဒါကြောင့်မို့ ဣန္ဒြေတစ်ချက် မပျက်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သည်လူဟာ လန့်သွားတဲ့အမူအရာမျိုး တောင် မပြဘူး"

သက်ာမကောင်းနှင့် ပြောလိုက်ကြသောသူများကို ဇော်ဂျန်သည် ခပ်စိန်းစိန်းပင် ကြည့်နေလိုက်လေသည်။

"ဟာကွာ ... မင်းတို့ကလည်း သူပြောခဲ့တယ်မဟုတ် လား။ အမြဲတမ်း သတိရှိတယ်ဆိုတာလေ ... အဟက် ဟက် ဟဲ ဟဲ ဟဲ"

လှောင်ပြောင်သလိုပြောလိုက်သော ကျော်ဇော၏ မျက်နှာပေးကို သိပ်မကြိုက်ပေ။ သို့သော် ဇော်ဂန်က မသိချင်ယောင် ဆောင်လိုက်လေသည်။

"အချိန်လည်း နည်းနေပြီ၊ သားကောင်မတွေ့မယ့်အတူ တူ ပြန်လှည့်ကြရင်ကောင်းမယ်ထင်တယ်"

"ဇော်ဂန် ... ကျွန်တော်တို့တော့ ပြန်မလှည့်ချင်သေးဘူး ... ဆက်ရှာဦးမယ်"

"ဦးကျော်ဇော နောက်နေ့တွေမှာ လာရင်လည်းရတာပဲ၊ မနက်ဖြန်ကျရင် ဟိုဘက်တောကို သွားကြမယ်၊ အဲ့သည်မှာ"

"မပြန်ချင်သေးဘူးဗျာ၊ မိုးချုပ်သွားလည်း ဘာဖြစ်သလဲ ... ညအိပ်လိုက်မှာပေါ့ဗျ၊ ဘာခက်တာမှတ်လို့"

အဖော်တစ်ယောက်က ဇော်ဂန့်ကို ဂရုမစိုက်သောမျက်နှာပေးနှင့် ပြောလိုက်လေ၏။

"သည်ဘက်မှာ ညဘက်ရောက်လာရင် မကောင်းတော့ဘူး ... အန္တရာယ်ရှိတယ်၊ ဒါကြောင့်မို့ ပြောတာ"



"ဘာအန္တရာယ်လဲ၊ ငါတို့မှာ လက်နက်တွေပါလာ တယ် ... ဘာကောင်ကိုမှ မကြောက်ဘူး၊ သည်မှာတွေ့လား၊ မင်းလက်ထဲက သေနတ်အစုတ်နဲ့ဆိုရင်တော့ ကြွက်တစ်ကောင် တောင် ဖြုံမှာမဟုတ်ဘူး"

"မင်းကို ငါတို့က ငွေပေးပြီးတော့ ခေါ်လာခဲ့တာ၊ ဘာမ ဆို ငါတို့ရဲ့ဆန္ဒအတိုင်းပဲဖြစ်ရမယ် ... သဘောပေါက်"

နှစ်ယောက်က လမ်းတစ်လျှောက်လုံး ပုလင်းပြားကို ဘောင်းဘီအိတ်ထဲက ထုတ်ယူလိုက်၊ မော့လိုက်နှင့် ရှိလာခဲ့ သည်။ အပြောကြမ်းသည်။ သွေးဆိုးကြပုံပေါ်သည်။

"ကောင်းပြီလေ ... ခင်ဗျားတို့သဘောပဲ"

ဇော်ဂန်က အလျှော့ပေးလိုက်သည်။ ထိုအခါ ထိုသူတို့ သည် ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်သွားခဲ့ကြလေသည်။ ဇော်ဂန် က သူတို့ကို ကြောက်လို့ဟုထင်သွားခဲ့ကြသည်။

▣

အားကောင်းသောမီးပုံမှ အလင်းရောင်က ဝန်းကျင်ကို ဖြာထွက်လျက်ရှိသည်။ ထင်းများကို အဆက်မပြတ်ထိုးထား သောကြောင့် အပူဓာတ်ကိုလည်း ကောင်းစွာပင်ရရှိနေသည်။ ဇော်ဂန်သည် ထင်းမပြတ်စေရန်အတွက် ညမိုးချုပ်နေသည် တိုင် ထင်းခြောက်များကို လိုက်လံစုဆောင်းလျက်ရှိနေလေ သည်။ လူငါးယောက်မှာ မီးပုံကြီးကိုဝိုင်းပြီးတော့ ထိုင်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ယမကာကိုလည်း မှိဝဲရင်း ပါလာသောအစားအစာများကိုလည်း စားသောက်နေကြသည်။ ဇော်ဂန်ကတော့ သစ်ပင်ကြီးတစ်ပင်အောက်မှာ ထိုင်ကာ ဟန်းကောကိုဖွင့်၍ ထမင်းစားနေသည်။

"ဟေ့လူ . . . သည်မှာလာဝိုင်းပါဗျ။ ဘာဖြစ်လို့ တစ်ယောက်တည်းနေနေရတာလဲ၊ ဘာလဲ . . . ကျွန်တော်တို့ကို အဖက်မတန်လို့လား"

တစ်ယောက်က ယမကာမှိဝဲရင်း ဇော်ဂန့်ကို လှမ်းကာ ရိလိုက်လေသည်။ ဇော်ဂန်ကတော့ ဘာမှမပြောဘဲ ထမင်းကိုသာ ဆက်ပြီးတော့စားနေသည်။ သူတို့ကြောင့် မပြန်နိုင်ဘဲ တောထဲမှာစခန်းချပြီး နေလိုက်ရသည်။ မကျေနပ်မိ။

မလှမ်းမကမ်းတွင် တောင်ပူစာကြီးတစ်လုံးက ရှိနေသည်။ တောင်ပူစာကြီးဆိုပေမယ့် အသေးစားတောင်ငယ်လေးတစ်လုံးပမာ ရှိနေသည်။ အမြင့်ပေနှစ်ရာလောက်အထိရှိနေပေလိမ့်မည်။ ထိုတောင်ပူစာလေးသည် အလိုလိုနေရင်းက မသိမသာ လှုပ်ခါလျက်ရှိနေသည်။ အပေါ်မှာ ဖုံးလွှမ်းနေသော နှင်းဖတ်ဖြူဖြူတို့က တဖြုတ်ဖြုတ်နှင့် ကွာကျလာနေသည်။

မြေပြင်ကလည်း သိသာစွာပင် သိမ့်သိမ့်တုန်လာသည်။

"ဟာ . . . ဘာဖြစ်တာလဲ"

ကျော်ဇောက သတိထားမိလိုက်သည်။ ကျန်လေးယောက်ကတော့ မူးဝေနေကြသည်။ သတိမထားမိလိုက်ကြ။



ထိုင်နေလျက်ကပင် သူတို့ခန္ဓာကိုယ်တွေက ယိမ်းထိုးနေကြလေသည်။

"ဇော်ဂန် . . . ဘာဖြစ်သွားသလဲ သိလား"

"ဘာဖြစ်လို့လဲ . . . ဘာကိုပြောတာလဲ"

"မြေကြီးက သိမ့်သိမ့်တုန်နေတယ်လေ"

"ခင်ဗျား စိတ်ထင်လို့ပါ . . . သောက်ထားတာကိုး"

ကျော်ဇော ဇဝေဇဝါဖြစ်သွားသည်။ သူသောက်တာက နည်းနည်းရယ်ပါ။ ဒါလောက်အထိ အထင်မှားနိုင်မလား။ မီးရောင်အောက်တွင် ဇော်ဂန်၏မျက်နှာသည် အဆီပြန်လျက်ရှိသည်။ နေ့ခင်းကလို ပျော့ပျောင်းသောမျက်နှာမျိုး မဟုတ်တော့။ တင်းမာခက်ထန်လာသည်။ ကျော်ဇောက သူ့စိတ်ကပဲထင်နေတာလား၊ အကြည့်ပဲ မှားသွားသလား . . . ဟု မပြတ်သားခဲ့။

"ခင်ဗျားတို့ သည်ကိုဘာလာလုပ်တာလဲ"

ဇော်ဂန်က ထိုင်နေလျက်ကပင် ကောက်ကာငင်ကာ မေးလိုက်သည်။ လေသံကလည်း မာကျောလာခဲ့သည်။

"ခင်ဗျားကိုပြောပြီးပြီပဲ . . . ဝံလာသစ်တာပါလို့ ဘယ်လိုထင်လို့လဲ"

"မဟုတ်ဘူး . . . မဖြစ်နိုင်ဘူး . . . တခြားအကြောင်းရှိတယ် . . . ကျုပ်သိတယ်"

"ဟုတ်ပါပြီ . . . ကျွန်တော် မေးနေပြီလေ . . . ဘယ်လိုထင်လို့လဲလို့"

"ရွှေကြောလာရှာကြတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာင်"

ကျော်ဇော အံ့အားသင့်သွားမိသည်။ အရှိက်ကို အထိုးခံလိုက်ရသလိုပင် ...

"မင်း ...မင်း ထင်ကြေးနဲ့လျှောက်မပြောနဲ့၊ ငါ့ကို လာမအစ်နဲ့"

ခင်ဗျား၊ ကျွန်တော်ကနေ မင်းတွေ၊ ငါတွေ ဖြစ်လာခဲ့သည်။ အကြောင်းမယ်မယ်ရရမရှိဘဲ ဇော်ဂန့်ကို မကျေမနပ်ဖြစ်နေမိသည်။

"ခင်ဗျားတို့ ကျုပ်ကိုညာလို့မရဘူး၊ ကျုပ် အားလုံးကို သိနေတယ်"

ဇော်ဂန့်အသံက တစ်မျိုးတစ်မည်ဖြစ်လာခဲ့သည်။ အက်တက်တက်နှင့် ခြောက်သွေ့နေသည်။

"မင်းက ဘာကိုသိနေတာလဲ၊ ဘာကောင်လဲ၊ ဂရုမစိုက်ဘူးဟေ့"

တစ်ယောက်က နေရာမှ ချက်ချင်းထရပ်လိုက်သည်။ သူ့ကိုယ်က ဒယိမ်းဒယိုင် ကိုယ်ကိုမဟန်နိုင်။ သေနတ်ကိုကိုင်ပြီး ဇော်ဂန့်ကို ချိန်ထားလိုက်သည်။

"ဟေ့ကောင် ...မလုပ်နဲ့၊ မင်းသေနတ်ကို ချထားလိုက်စမ်း"

ကျော်ဇောက သူ့လူကို ဟန့်တားလိုက်သည်။ ကျန်သုံးယောက်ကပါ လှုပ်လှုပ်ရှားရှားနှင့် ဖြစ်လာခဲ့ကြသည်။ ဇော်ဂန်က ဂရုမစိုက်သလို သူတို့ကိုကြည့်နေရာက ...



"ခင်ဗျားတို့ကို သည်နေရာအထိ ကျုပ် တမင်ခေါ်လာခဲ့တာ"

"ဘာပြောတယ် ...သည်နေရာက ဘာနေရာမို့လဲ"

"ခင်ဗျားတို့ လိုချင်တောင့်တနေကြတဲ့ ရွှေ ...ဟောသည်နေရာမှာ ရှိနေတယ်"

"ဘာ ...ရွှေ ...ဟုတ်လား၊ သည်နေရာမှာ ရှိနေတယ် ...ဟုတ်လား ...ဘယ်မှာလဲ ...ဘယ်မှာလဲ"

"ဘယ်မှာလဲ ...ပြောစမ်း ...ဘယ်နေရာမှာလဲ"

အားလုံးက အငမ်းမရ ဖြစ်သွားခဲ့ကြလေသည်။ ဇော်ဂန်အနားကို ဝိုင်းလာခဲ့ကြသည်။

"ဟေ့ကောင် ပြောစမ်း ...ဘယ်မှာလဲလို့ မင်း၊ ငါတို့ကို အပြောင်အပျက်စကားပြောလို့ကတော့ သေပြီမှတ်၊ မင်းကို သတ်ပြီး သည်နေရာမှာတင် မြှုပ်ပစ်ခဲ့မယ်"

ဇော်ဂန်ကို အားလုံးက သေနတ်တွေနှင့် ဝိုင်းချိန်ထားကြသည်။

"ခင်ဗျားတို့ မပဲ့ရင် ဟိုမှာကြည့်"

ဇော်ဂန်ကစကားကို လေးပင်စွာပြောလိုက်ရင်း မီးပုံကြီးဆီကို လက်ညှိုးထိုးပြလိုက်လေသည်။ သူတို့အားလုံး ပြိုင်တူပင် လှည့်ကြည့်မိလိုက်ကြသည်။

မီးပုံကြီး၏ ဘေးပတ်ပတ်လည်တွင် ဝင်းလက်တောက်ပနေသောအရာများကို တွေ့လိုက်ရလေသည်။ မြေပြင်ထက်တွင် ပေါ်နေကာ အမြှောင်းလိုက်ကြီး၊ အချောင်းလိုက်ကြီးကို ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ မီးပုရှိန်ဟပ်၍ နှင်းဖတ်များ အရည်ပျော်ကျလာကြသောကြောင့် ပေါ်လာသောအရာများပင်တည်း။

"ဟင်"

"ဟာ"

သူတို့ငါးယောက်စလုံး မီးပုံကြီးဆီကို ပြန်ပြေးသွားခဲ့ကြသည်။ ဒူးထောက်ပြီးကြည့်လိုက်ကြသည်။ လက်နှင့်လည်း ကိုင်ကြည့်လိုက်ကြသည်။

"ဟာ ဒါ ... ဒါဟာ ရွှေ ... ရွှေ ... ရွှေချောင်းကြီးတွေပါလား၊ ငါတို့တော့ ပွပြီဟေ့၊ ချမ်းသာပြီ၊ ပင်ပင်ပန်းပန်း တူးပြီးတော့ ရှာစရာမလိုတော့ဘူး။ ရွှေကြောကြီးက မြေပေါ်မှာကို သည်အတိုင်းပေါ်နေတာ၊ သည်ကမ္ဘာပေါ်မှာ ငါတို့ထက် ကံထူးတဲ့သူ ဘယ်သူရှိနိုင်ကြမလဲဟေ့"

ကျော်ဇောသည် ဒူးထောက်လျက်က လက်နှစ်ဖက်ကို မြှော၊ က အော်ဟစ်ကြွေးကြော်လိုက်လေ၏။ ကျန်အဖော်များကလည်း အံ့အားသင့်လွန်းကြ၍ မျက်လုံးငေ့ အပြူးသားနှင့် ဘာမှမပြောနိုင်ကြ။

ထိုအချိန်တွင် ... သူတို့နှင့်မနီးမဝေးရှိ တောင်ပူစာကြီးက သိမ့်သိမ့်တုန်အောင် ခါလာခဲ့လေသည်။ ထိုအတူ မြေပြင်သည်လည်း သိမ့်သိမ့်တုန်သွားခဲ့သည်။

"ဘာ ... ဘာဖြစ်တာလဲ၊ စောစောကလို ဖြစ်ပြန်ပြီ"

"ဘာမှမဖြစ်ဘူး ... ငလျင်လှုပ်တာနေမှာ"

ထင်ကြေးနှင့်ပြောရင်း ကြောက်စိတ်တွေဝင်လာခဲ့ကြ



သည်။ ဝန်းကျင်မှာ မြူတွေလိုလို၊ မီးခိုးတွေလိုလိုနှင့် ဝန်းရံလို့လာခဲ့ကြသည်။ သူတို့၏မျက်လုံးတွေထဲမှာ လှုပ်ရှားနေကြသော သဏ္ဍာန်များကို မြင်တွေ့နေကြရသလိုပင် သွားလာနေကြသည်။ မထင်မရှားအသွင်များ ယမကာအရှိန်က ရှိနေသေး၍ ကြောက်စိတ်နှင့်ရောပြီး ထင်ချင်ရာကိုထင်၊ မြင်ချင်ရာကို မြင်နေကြသည်ပဲလား။

"သည်နေရာက ဘယ်လိုနေရာကြီးပါလိမ့်၊ သည်မှာ ကြာကြာနေလို့မဖြစ်ဘူး၊ ဟောသည် ရွှေတွေကို ရသလောက် ယူပြီး ထွက်သွားကြမယ်၊ နေရာကိုလည်း သေသေချာချာမှတ်ထားပြီးမှ နောက်တစ်ခေါက်ပြန်လာကြမယ် ... ဟုတ်ပြီလား"

ကျော်ဇောကပြောလိုက်သည်ကို လက်ခံကြသည်။ လောဘဇောတက်နေကြ၍ ဇော်ဂန်ကို သတိမထားမိလိုက်ကြ။ သတိရပြီး လှည့်ကြည့်လိုက်ကြရာ ...

"ဟင်"

ဇော်ဂန်၏မျက်နှာကြီးသည်။ မီးရောင်အောက်မှာ ပိုပြီးတော့ တင်းမာခက်ထန်လျက်ရှိသည်။ ရုပ်ကြမ်းကြီးအသွင် ပြောင်းလဲနေသည်။

သူတို့ကို စူးစူးရဲရဲနှင့်ကြည့်နေရင်းက ...

"မင်းတို့ အဲသည်ရွှေတွေကို ယူကြ၊ ကြိုက်သလောက် ယူသွားကြ ... ဟုတ်ပြီလား၊ သဘောရှိ ... သဘောရှိ မပြောမရှိကြစေနဲ့၊ မင်းတို့ရဲ့ အသက်နဲ့ကိုယ်မြဲပြီး ပြန်နိုင်ကြရင် ကံကောင်း ... ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com

ဖော်ဂန်က နက်ကျောသောအသံကြီးနှင့် အားပါးတရ ပင် ရယ်လိုက်သည်။ ထို့နောက် သေနတ်ကိုထမ်းကာ နေရာမှ ချာခနဲလှည့်ကာ ထွက်သွားခဲ့လေ၏။

"ဟေ့ ... ဟေ့လူ ... ဒါ ဘယ်လိုလဲ၊ ငါတို့ကို ထားခဲ့ ပြီးတော့ ဘယ်ကိုသွားမလို့လဲ"

ကျော်ဇောကော အော်ဟစ်ပြီးတော့ တားဆီးလိုက် သည်။

"ဟား .. ဟား .. ဟား .. ဟား"

ဖော်ဂန်ကား နောက်ကြောင်းကိုလှည့်မကြည့်ပါလေ တော့။ အဆက်မပြတ် ရယ်မောသံကြီးနှင့်အတူ အမှောင်ထုကြီး ထဲသို့ တိုးဝင်သွားသည်။ နောက်ဆုံး ရယ်မောသံကြီးသည်လည်း တဖြည်းဖြည်းနှင့် ဝေးသွားခဲ့လေသည်။

"ဟာ ... သည်ကောင် ဘယ်လိုဖြစ်သွားတာလဲ၊ ငါတို့ကိုထားပြီး ထွက်သွားပြီ၊ ဘယ်လိုလုပ်ကြမလဲ"

တစ်ယောက်က သွေးရူးသွေးတန်းနှင့် ပြောလိုက်သည်။ ထိုသူသည် အားလုံးထဲမှာ အစိုးရိမ်ကြီးတတ်သော သူပင်ဖြစ် သည်။

"ကိစ္စမရှိဘူး။ ငါတို့ဘာသာ ငါတို့ပြန်မယ်၊ အပြန်လမ်း ကို မမှားနိုင်ဘူး။ ကိုယ်လုပ်စရာရှိတာကိုသာ ဆက်လုပ်ကြ"

ကျော်ဇောက ပြောလိုက်သည်။ ကျောပိုးအိတ်ထဲမှာပါ လာသော ရှူး၊ ဆောက်၊ တူများကို ထုတ်ယူလိုက်သည်။ တကယ် တော့ သူတို့သည် အကြံအစည်နှင့်ရောက်လာခဲ့ကြသူများ ...။





"ငါတို့ ကံကောင်းထောက်မလို့ တွေ့နိုင်ခဲ့တဲ့ ရွှေကြော ကြီးကို အခုတွေ့ရပြီ၊ ဘာမှစဉ်းစားမနေကြနဲ့ ... ရသလောက် တူးယူမယ်၊ မြေပေါ်မှာ ပေါ်နေတဲ့အပြင် မြေအောက်မှာလည်း ရှိနေဦးမှာကွ"

ကျော်ဇောက ဝင်းဝင်းလက်လက်နှင့်ရှိနေသော ရွှေ ကြောကြီးပေါ်ကို ဆောက်သွားတင်ကာ တူနှင့်ရွယ်၍ ဖြတ် တောက်မည်ဟန်ပြင်လိုက်သည်နှင့်။

'ရှီး .. ရှီး .. ရှူး .. ရှူး'

အသံတစ်သံက မမျှော်လင့်ဘဲ ထွက်ပေါ်လာခဲ့သည်။ ဘာသံမှန်း မသိ။ မည်သည့်နေရာဆီက ထွက်ပေါ်လာမှန်း မသိ။ ခန့်မှန်း၍ မရ။

"သားကောင်တစ်ကောင်ကောင် ဖြတ်သွားလာလုပ် သွားတာ နေရာမှာပေါ့"

"ဟေ့ ... နှစ်ယောက်က ပတ်ဝန်းကျင်ကိုကြည့်ထား၊ ဘာကောင်ပဲမြင်မြင် ပစ်ထည့်၊ ဟိုကောင် ပြန်လာချင်လာဦးမှာ၊ သူ့လည်း ပစ်သာပစ်၊ ငါတို့ကို တမင်ခြောက်လှန့်သွားတယ်၊ သည်ကောင် ရွှေတွေရှိတဲ့နေရာကို သိထားတယ်ကွ၊ တစ် ယောက်တည်းအပိုင်စီးမှာ၊ မပေးဘူး၊ ဘယ်သူ့ကိုမှ မပေးဘူး"

ကျော်ဇောက လောဘဇောတက်ကာ ရွှေကြောပေါ် ဆောက်သွားတင်ကာ တူကိုမြှောက်လိုက်သည်နှင့် ...

▣



www.burmeseclassic.com

www.burmeseclassic.com



လွှန်စွာမှအားပြင်းသော လေစုပ်ဝဲကြီးတစ်ခု ကျရောက်လာသလို ကျော်ဇောသည် ဘယ်လိုမှထိန်း၍မရတော့ သူ့ကိုယ်သည်တောင်ပူစာကြီးဘက်ဆီကို တရွတ်တိုက်နှင့် ပါသွားခဲ့လေတော့သည်။

''အား . . ဟော့ ဟော့ . . ငါ့ကို ဖမ်းဆွဲထားကြပါဦးကွ''

ကျော်ဇော၏အဖြစ်ကို ကြောင်ပြီးတော့ကြည့်နေကြသော တပည့်များ ရုတ်တရက်သတိရသွားခဲ့ကြသည်။ ကျော်ဇောကို ပြေးဆွဲကြသည်။ သို့သော် သူတို့သည်လည်း လေစုပ်ဝဲကြီးနှင့်အတူ ပါသွားခဲ့ကြလေသည်။

''အား''

''ကယ်ကြပါဦးဗျ''

ထိုအခါကျမှ အထိတ်တလန့်ဖြစ်သွားခဲ့ကြပြီး အော်ဟစ်ကြသည်။ လွတ်မြောက်ရန် အကြောက်အကန်နှင့် ရုန်းထွက်ကြသည်။

သို့သော် . . . လွတ်မြောက်ဖို့ရန် မလွယ်ကူပါ။ ငါးယောက်စလုံး တသီတတန်းကြီးပါသွားခဲ့ကြလေသည်။ အနားရှိသစ်ပင်ကြီးတစ်ပင်ကို ဖက်တွယ်ထားရန် ကြိုးစားကြသေးသည်။ မမီလိုက်ပါ။ လွတ်ထွက်သွားခဲ့ကြသည်။

သူတို့မသိကြသေးသောအချက်မှာ တောင်ပို့ကြီး၏အောက်မှာ အပေါက်ကြီးတစ်ခုက ရှိနေသည်။ ယင်းအပေါက်ကြီးထဲမှ ပြင်ပလေများကို စုပ်သွင်းနေခြင်းပင်ဖြစ်သည်။ လေစုပ်ဝဲကြီးမဟုတ်ပါ။ စုပ်အားကောင်းလှသောကြောင့် ပြင်ပမှာဖွေးဖွေးထနေသော နှင်းဖတ်များသည်လည်း တောက်လျှောက်ပင်ပါသွားခဲ့ကြလေသည်။



''ဟာ ဆ . . . ဆရာကြီး ဟိုး . . . ဟိုးမှာ''

တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်ကာ မျက်နှာချင်းဆိုင်ပါသွားသော တပည့်တစ်ယောက်က တောင်ပို့ကြီးလိုလို၊ တောင်ပူစာကြီးလိုလိုရှိနေသော အောက်ခြေမှ အပေါက်ကြီးကို လှမ်းမြင်လိုက်သည်။ ထို့ကြောင့် အော်မိလိုက်ခြင်းပင်ဖြစ်သည်။ ကျောပေးလျက်အနေအထားနှင့် ပါသွားသော ကျော်ဇောကတော့ ထိုအပေါက်ကြီးကို မမြင်လိုက်ပါ။

စာဖြင့်ရေးပြီး ဖော်ပြသည်က ကြာသေးသည်။ တွင်းကြီးထဲက အားကောင်းသော အရာကြီးတစ်ခုက စတင်ပြီးစုပ်သွင်းလိုက်စဉ်ကပင် မည်သူမှရုန်းမထွက်နိုင်ကြတော့။ တစ်ချက်တည်းပါသွားခဲ့ကြသည်။ တွင်းပေါက်ကြီးထဲမှတစ်ဆင့် တောင်ပို့ကြီးထဲကို ရောက်သွားခဲ့ကြလေသတည်း။

''အား . . . အား''

www.burmeseclassic.com

www.burmeseclassic.com

# [၂]

## ကိုယ့်မျက်နှာနဲ့လူ

အောက်မြန်မာဒေသရှိ မြို့ကလေးတစ်မြို့။

ကေတစ်မတ်ခန့်ရှိ ခြံကျယ်ကြီးတစ်ခုအတွင်း တစ်ထပ်တိုက်ကလေးတစ်လုံးသည် သပ်ရပ်လှပစွာ ရှိနေလေသည်။ တိတ်ဆိတ်ငြိမ်သက်၍ နားအေးစွာနေနိုင်သောနေရာလေးတစ်ခုပင်။

ကိုချမ်းသာ၊ မဝင်းသီတို့သည် ခြောက်လသားငယ်ကလေး မောင်ရဲရင့်ကို ချစ်စနိုးဖြင့်ကျီစယ်နေကြလေသည်။

“သားလေးက ဝဝကစ်ကစ်လေးမို့ ချစ်စရာကောင်းတယ်၊ သီဖြင့် ဘယ်လိုပဲကြည့်ကြည့် ကြည့်လို့ကိုမဝနိုင်တော့ဘူး”

“ဟုတ်တယ် သီရဲ့ ... သားက ချစ်မွေးပါတယ်လို့ဆိုရမယ်၊ လူချစ်လူခင်လည်း များတယ်”

ဇနီးမောင်နှံနှစ်ဦးသည် သားကလေးကို ချစ်မဝနိုင်ကြပေ။ ချမ်းသာကြွယ်ဝကြသောသူများ ဖြစ်ကြသော်လည်း ကလေးထိန်းဖို့အတွက် အိမ်ဖော်မထား။ မဝင်းသီကိုယ်တိုင်ပင် ပြုစု



စောင့်ရှောက်သည်။

“ဟော့ သားလေးရေ ... ငါ့သားလေးက ဖအေတူလေးမို့ ဒါလောက်ချောနေတာလား”

“အမယ် ... သီနဲ့တူလို့ချောနေတာပါ မောင်ရဲ့ ... ခနော် သားရယ် ... ပြောလိုက်လေ ... မေမေနဲ့တူလို့ သားသားက ချောနေတာပါလို့ ... အဟင်း ဟင်း ဟင်း”

ကလေးကို ကလူကျီစယ်လျက်ရှိနေကြသည်။ ကလေးသည် ပြုံးရွှင်ကာ ရယ်မောနေလျက်ရှိသည်။

“ခစ် .. ခစ် .. ခစ် .. ခစ်”

ထိုစဉ်မှာပင် ရုတ်တရက်ဆိုသလို ကောက်ကာငင်ကာနှင့် ငိုကြွေးပါလေတော့သည်။

“အင်း .. အင်း .. ဝါး .. ဝါး .. ဝါး”

“ဟင် သားလေး ... အကောင်းကနေ ချက်ချင်း ဘာဖြစ်သွားပါလိမ့်”

“ဟုတ်ပါရဲ့ သီရယ်၊ သည်လိုပဲ ခဏခဏဖြစ်တယ်နော်”

ပြောရှိမှမဆုံးမီ ...

“ခစ် .. ခစ် .. ခစ်”

“ဟောတော့်”

ကလေးက ချက်ချင်းအငိုတိတ်သွားသည်။ တခစ်ခစ်နှင့်ရယ်နေပြန်လေသည်။ အကောင်းချည်းကနေ ရုတ်တရက်၊ ကောက်ကာငင်ကာ ဖျားချင်ဖျားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်ရဲရင့် ထိုသို့ မကြာခဏဖြစ်တတ်သည့်အတွက် တတ်ကျွမ်းသည့် သမားတော်များကို ပြသကြည့်ရသည်။

"ဘာမှစိတ်မပူကြပါနဲ့ . . . သည်အရွယ်ဟာ သည်လိုပဲ ဖြစ်တတ်ကြပါတယ်"

"ကျွန်မတို့က စိတ်မမှန်တဲ့ရောဂါမျိုးဖြစ်နေမှာ စိုးလို့ပါ"

"မဖြစ်နိုင်ပါဘူး . . . ကျုပ်ရဲရဲကြီး ပြောရဲပါတယ်၊ ဒါပေမဲ့ သည်လိုဖြစ်တဲ့ ကလေးမျိုးကရှားတယ်"

▣

မောင်ရဲရင့် ကျောင်းနေသောအရွယ်ကို ရောက်လာသည်။ ကလေးသည် မှတ်ဉာဏ်ကောင်းသည်။ စာတော်သည်၊ အတန်းထဲမှာ အမြဲတမ်း ပထမရသည်။ သူတစ်ပါးကို မတရား မလုပ်တတ်။ ကြောက်စိတ်ကလည်း မရှိ။

တစ်ခါက . . . ခွေးရူးတစ်ကောင် ကျောင်းဝင်းထဲကို ပြေးဝင်လာသည်။

"ဟင် . . . ခွေးရူး . . . ခွေးရူး"

ကလေးတွေမုန့်စားဆင်းချိန် ဖြစ်နေသည်။ ဆရာမတချို့က လန့်ပြီး ကလေးတွေကို လက်လှမ်းမီရာ ဆွဲခေါ်ကြသည်။

"စာသင်ခန်းထဲကို အမြန်ဝင်ကြ"

အော်ဟစ်ပြီးတော့ သတိပေးသည်။ ထိုအခါ ကျောင်းသူ



ကျောင်းသားများသည် စာသင်ခန်းများဆီသို့ ပြေးသွားကြသည်။ ခွေးရူးသည် ဆရာမတစ်ဦးဆီကို ပြေးဝင်လာခဲ့လေရာ . . .

"ဟဲ့ . . . အမယ်လေး"

ကျောင်းသူကျောင်းသားများက အထိတ်တလန့်ဖြင့် ပြေးလွှားနေကြသော်လည်း မောင်ရဲရင့်ကတော့ မပြေး။ တုတ် တစ်ချောင်းကို ကောက်ယူကာ ခွေးရူးကြီးရှိရာကို ပြေးသွားခဲ့လေတော့သည်။

"ဟဲ့ . . . ကလေး . . . ကလေး"

အချို့ ဆရာဆရာမများက မောင်ရဲရင့်ကို စိုးရိမ်စိတ်နှင့် ဟန့်တားလိုက်ကြလေသည်။ သို့သော် သူသည် ခွေးရူးကြီး၏အနီးကို ရောက်သွားခဲ့သည်။ ခေါင်းကို တုတ်နှင့် တစ်ချက်တည်းရိုက်ချလိုက်လေတော့သည်။ ခွေးရူးကြီးမှာ ပုံလျက်သား လဲကျသွားခဲ့လေတော့သည်။

ခွေးရူးမှာ ဆရာမနှင့်လက်တစ်ကမ်းအလိုလောက်မှာပင် လဲကျကာသေဆုံးသွားခဲ့သည်။

"အောင်မယ်လေး . . . မောင်ရဲရင့်ကြောင့်သာ . . . နို့မို့ဆို ဆရာမ ခွေးရူးအကိုက်ခံလိုက်ရပြီ"

ရင်တုန်ပန်းတုန်ဖြစ်နေသော ဆရာမသည် မောင်ရဲရင့်ကို ဖက်တွယ်ထားမိလိုက်လေတော့သည်။ စတုတ္ထတန်းကျောင်းသားမောင်ရဲရင့်၏သတင်းသည် တစ်ကျောင်းလုံး ပျံ့နှံ့သွားခဲ့ရသည်။

▣

www.burmeseclassic.com

www.burmeseclassic.com



မောင်ရဲရင့်၏ မူလစိတ်သည် နူးညံ့သိမ်မွေ့သည်။ စကားပြောဆိုရာတွင်လည်း အေးဆေးသည်။ သူ့ကို ခြေမြန်၊ လက်မြန်ရှိသော ကလေးတစ်ယောက်ဟု မည်သူကမှ မထင်ကြချေ။ သူသည် တစ်ခါတစ်ရံတွင် တွေဝေနေတတ်သည်။ ငေးငေးငိုင်ငိုင်နှင့်ရှိနေတတ်သည်။

"သား ... မျက်နှာလည်းမကောင်းပါလား၊ ကျောင်းမှာ ဘာဖြစ်လာသလဲ၊ တစ်ခုခုဖြစ်လာရင် မေမေ့ကို ပြောနော်"

"သား ဘာမှမဖြစ်ပါဘူး မေမေ၊ သည်လိုနေရတာကို သဘောကျလို့ပါ"

မဝင်းသီသည် ခင်ပွန်းဖြစ်သူကို တိုင်ပင်သည်။

"မောင် ... သားဟာ တစ်ခါတလေမှာ ငူငူကြီးထိုင်ပြီး ငေးငိုင်နေတတ်တယ်၊ ဘာဖြစ်တာလဲ မသိဘူး"

"သီရယ် သားကအေးအေးဆေးဆေး နေတတ်သူပဲ လေ၊ အပေါင်းအသင်းလည်း သိပ်ထားတတ်သူမှ မဟုတ်တာ၊ သူ့စိတ်ကူးနဲ့သူ တည်ငြိမ်မှုကို ပြနေတာပဲမဟုတ်လား၊ သီ မှတ်မိဦးမလားမသိဘူး ... သားငယ်ငယ်က ချက်ချင်းရယ်လိုက် ငိုလိုက်နဲ့ တစ်ခါတစ်ခါဖြစ်တတ်တာ၊ သမားတော်က ဘာပြောသလဲ၊ သူ့သဘာဝက သည်အတိုင်းပါပဲတဲ့"

မဝင်းသီသည် မောင်ရဲရင့်အတွက် ပူပန်စိတ်ကတော့ ရှိနေပါသေးသည်။

◼



တစ်ရက်တွင် မောင်ရဲရင့်သည် မိဘနှစ်ပါးကို စကား အဆန်းမေးသည်။

"အမေနဲ့အမေကို သားစကားတစ်ခွန်းမေးချင်တယ်"

"အမယ် ... သားက ကိုယ့်မိဘဆီက သိချင်တာရှိနေ တာကိုပဲ၊ စကားပလ္လင်ခံနေစရာ လိုသေးသလား၊ မေး ... မေး ... ဘာမေးမှာလဲ"

မဝင်းသီက ရဲရင့်ကို ဖက်တွယ်ထားကာ ပြန်ပြောလိုက် သည်။ သို့သော် မောင်ရဲရင့်သည် ရုတ်တရက်တန့်သွားပြန် သည်။ နှုတ်ဆိတ်သွားခဲ့လေ၍ ယင်းအမူအရာကို မဝင်းသီက မကြိုက်ပေ။

"ပြောလေသားရဲ့ ... သားက ဘာပြောချင်တာလဲ"

ကိုချမ်းသာက ထပ်ပြီးတော့လမ်းခင်းပေးလိုက်လေရာ၊

"မေမေတို့က သားကို တစ်ယောက်တည်း မွေးခဲ့တာ လားဟင်"

"ဟင် ... သား ... သား ဘယ်လိုမေးခွန်းမျိုး မေး လိုက်တာလဲ"

လင်မယားနှစ်ယောက်စလုံး တစ်ယောက်မျက်နှာတစ် ယောက်ကြည့်မိလိုက်ကြသည်။ မထင်မှတ်သောအမေးကြောင့် လည်း အံ့အားသင့်သွားခဲ့ကြရလေသည်။

"ဟုတ်ပါတယ် မေမေ၊ သား အဲ့သည်အတိုင်းပဲမေး လိုက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေ သားရယ်၊ သားကတစ်ဦးတည်းသော သားပါ၊ သားတစ်ယောက်တည်းကိုပဲ မေမေမွေးခဲ့တာပါ"

"သားက ဘာယ်လိုအကြောင်းကြောင့် သည်လိုမေးရတာလဲ"

အကျိုးအကြောင်းကို သိချင်နေသော ကိုချမ်းသာက မောင်ရဲရင့်၏ပခုံးကို ကိုင်ပြီးတော့ အေးဆေးစွာပင် မေးလိုက်သည်။ မဝင်းသီကတော့ ရင်တထိတ်ထိတ်နှင့် ရှိနေရသည်။

"သားရဲ့စိတ်ထဲမှာ အစ်ကိုတစ်ယောက်ရှိနေတယ်လို့ ထင်နေမိလို့ပါ"

"မဟုတ်တာသားရယ်၊ ဘာဖြစ်လို့ သည်လိုအတွေးမျိုးတွေ ရှိနေရတာလဲ"

မဝင်းသီက အံ့အားသင့်စွာနှင့်ပင် မေးလိုက်လေသည်။

"အင်း ...သားက အဲ့သည်လိုပဲထင်နေမိလို့ပါ"

မောင်ရဲရင့်က ထိုသို့ပြောပြီး ဘာမှမဖြစ်သလို အနားမှ ထွက်သွားခဲ့လေသည်။

"သားက တစ်မျိုးပဲနော်၊ ဘာဖြစ်လို့ သည်လိုမေးတာလဲ မသိဘူး၊ မောင်ကော ဘယ်လိုထင်သလဲဟင်"

"သားက တစ်ဦးတည်းသောသားဆိုတော့ ပျင်းတယ်နဲ့ တူပါတယ်၊ ကစားဖော်ကစားဖက် လိုချင်နေသလားမသိပါဘူး"

"မောင်နော် ...မောင် ...ဟွန့်"



ကလေးနှစ်ယောက်သည် ပင်လယ်ကမ်းခြေမှာ ပြေးလွှားဆော့ကစားနေကြသည်။ လှိုင်းတွေက အရှိန်နှင့် ပြေးလာနေကြပြီး ကမ်းခြေမှာအမောက်လုံသွားခဲ့သည်။ ကလေးတွေက လှိုင်းလုံးတွေကြားမှာ ပျော်ပျော်ရွှင်ရွှင်နှင့် ရှိနေကြသည်။

ကလေးများ၏ ထူးခြားချက်မှာ ရုပ်ချင်း၊ အရွယ်ချင်း တူနေကြသည်။ တစ်ယောက်ကိုတစ်ယောက်လည်း ကြင်ကြင်နာနာနှင့် ရှိနေကြသည်။

ကမ်းစပ်မှာ ရပ်နားထားသည့် လှေများပေါ်ကိုလည်း တက်ကြသည်။ ထို့နောက် ခုန်ချကြပြန်သည်။ တစ်ယောက်ကို တစ်ယောက် လိုက်ပြီးတော့ဖမ်းကြသည်။ ပျော်မဆုံးနှင့် ရှိနေကြသည်။ ပျော်ရွှင်ကောင်းနေစဉ်မှာပင် မြင်ကွင်းသည် ရုတ်တရက် ပျောက်ကွယ်သွားသည်။

ဤမှာပင်လျှင် အိပ်ပျော်နေရာက လန့်ပြီးတော့နိုးသွားခဲ့ရလေသည်။ မောင်ရဲရင့်သည် ဤကဲ့သို့သော အိပ်မက်မျိုးကို မကြာခဏမက်သည်။ မကြာခဏမက်လာသောအခါ အိပ်မက်ထဲမှ မိမိနှင့်တူသည့်သူ့ကို သံယောဇဉ်ဖြစ်လာမိရလေသည်။ ညီအစ်ကိုပမာ ခင်မင်လာမိသည်။ ထို့ကြောင့် မိခင်နှင့် ဖခင်ကို မေးမိခဲ့ခြင်းပင်။

(အိပ်မက်နှင့်ပတ်သက်ပြီးတော့ မိဘနှစ်ပါးအား မပြောပြမိ။ မည်သည့်အတွက် ပြောမပြသည်ကိုမသိပါ။)

"ငါ့မှာ နောက်ထပ်မွေးချင်းတစ်ယောက်မရှိတာ အမှန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပါ၊ ငါဟာ တစ်ဦးတည်းသောသားပဲ''

သို့တစေ ...

အသိအိမ်ထဲမှာ အမြဲတမ်းနားလည်ထားမိသည်ကတော့ မွေးချင်းတစ်ယောက်ရှိနေသေးသော ယုံကြည်ချက်ပင်တည်း။

■

မောင်ရဲရင့်သည် တစ်နှစ်တစ်တန်း မှန်မှန်အောင်လာခဲ့သည်။ ဒသမတန်းစာမေးပွဲကို ဂုဏ်ထူးများစွာနှင့် အောင်မြင်ခဲ့သည်။ နဂိုက ရည်မှန်းချက်ကြီးကြီးထားသူဖြစ်သည့်အတိုင်း ဆေးတက္ကသိုလ်တက်ရန် အဆင့်မီခဲ့လေသည်။

တစ်ညတွင် ...

မောင်ရဲရင့် နှစ်ခြိုက်စွာအိပ်ပျော်သွားစဉ်မှာ အိပ်မက်မက်သည်။ မြင်အာရုံထဲမှာ စက်လှေတစ်စီးက ပေါ်လာခဲ့သည်။ စက်လှေပေါ်မှာ လူငယ်တစ်ယောက်က မတ်တတ်ရပ်ပြီးတော့ ပါလာခဲ့သည်။ ထိုသူငယ်သည် ပါးမြိုင်းမွေးရေးရေးနှင့်တည်ကြည်ခန့်ညားသည်။ တောလိုက်ဦးထုပ်တစ်လုံးကိုလည်း ဆောင်းထားသည်။ အဖြူရောင်အကျီနှင့် ဘောင်းဘီကိုဝတ်ထားသည်။

သူသည် ရေပြင်ဘက်ဆီကို မျက်နှာမူကာငေးကြည့်နေသည်။ ထိုနောက်မျက်နှာကို တဖြည်းဖြည်းလှည့်လာသည်။

''ဟင်''



အိပ်မက်ထဲမှာပင်လျှင် ရဲရင့်အံ့အားသင့်သွားခဲ့ရသည်။ ထိုသူသည် မိမိမျက်နှာနှင့် တစ်ထေရာတည်းတူနေသောကြောင့် ပင်တည်း။

■

''ငါနဲ့တစ်ထေရာတည်းတူနေတဲ့ လူတစ်ယောက်ပါလား''

အိပ်ရာမှလန့်ပြီးတော့ နိုးလာစဉ်မှာပင် ထိုသူ၏ရုပ်သွင်ကို စွဲမြဲစွာ မြင်ယောင်နေသေးဆဲ။ ရေငတ်လွန်း၍ အိုးထဲမှရေကို ခပ်သောက်သည်။ ရင်ထဲမှာ အေးဆင်းသွားသော်လည်း ရေကိုသောက်ချင်နေဆဲ။ ဤကဲ့သို့သော အိပ်မက်မျိုးကို မက်ဘိုင်းမှာ ရင်ထဲမှာပူပြီးတော့ ကျန်ရစ်ခဲ့တတ်သည်။

ထိုအိပ်မက်မျိုးကို မက်ပြီးခဲ့လျှင် နောက်တစ်နေ့နံနက်မှာပင် မအောင်အီးနိုင်တော့ဘဲ မိဘများကို ဖွင့်ပြောမိသည်။ ထိုနေ့က မိဘနှစ်ပါးနှင့်အတူ မူမူလေးလည်း ရှိနေသည်။

မူမူလေးဆိုသည်ကား ရဲရင့်၏ချစ်သူပင်။ ဆေးကျောင်းဘက်လာခဲ့ကတည်းက ဖူးစာဆုံကာ ချစ်ကြိုးသွယ်လာခဲ့ကြခြင်းပင်။

ရဲရင့်သည် သူ ... ချစ်သူရှိကြောင်းကို မိဘများအားပွင့်လင်းစွာပြောခဲ့သည်။ ဒုတိယနှစ်ကိုရောက်မှ မူမူလေးသည်ကိုချမ်းသာနှင့် အလွန်ရင်းနှီးသော မိတ်ဆွေတစ်ဦး၏သမီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို သိလိုက်ရလေတော့သည်။ ထိုအခါ လူကြီးချင်း နားဖောက်ပြီးသား ဖြစ်သွားခဲ့လေ၏။

"သားနဲ့ ရုပ်ချင်းတူတဲ့ လူတစ်ယောက်ရှိနေတယ်လို့ ထင်နေမိတယ်"

ဟု အစချီကာ လှူငယ်ဘဝရောက်မှ မက်သောအိပ်မက်များအကြောင်းကို ပြောပြလိုက်လေသည်။

"သား ငယ်ငယ်ကလေးကတည်းက ရှိလာခဲ့တဲ့ အစွဲအလမ်းဟာ ခုထက်ထိမှိုနေဆဲပဲလားကွယ်"

"ဒါ အစွဲအလမ်းမဟုတ်ဘူး မေမေ၊ အိပ်မက်ကလည်း သူ့အလိုလိုမက်တာပါ၊ သား မေ့မေ့ပျောက်ပျောက်နဲ့နေတဲ့အချိန်က များပါတယ်၊ ဒါပေမဲ့ အိပ်မက်ကြောင့် ဘယ်လိုမှ စိတ်အနှောင့်အယှက်မဖြစ်မိပါဘူး။ သား အိပ်မက်မက်တိုင်းမှာ ပိုပြီးတော့တောင်မှ ကျေနပ်နေမိသေးတယ်"

"ဘာ ... သားကလည်း သည်လိုအိပ်မက်မျိုးကို မက်တိုင်းမှာ ကျေနပ်နေမိသေးတယ်လို့ ... သား စိတ်မပင်ပန်းဘူးလား"

"ဟင့်အင်း ... အဲသလိုမဖြစ်ပါဘူး၊ တစ်ခုခုကို ခံစားနေမိတာမျိုးပဲရှိတယ်၊ ဘာကိုထူးဆန်းနေမှန်းလည်း မသိဘူး"

"အိပ်မက်ဆိုတာ တစ်ခါ,နှစ်ခါမက်ရင် သဘာဝမို့ အကြောင်းမဟုတ်ပေမယ့် ကိုရဲ မကြာခဏမက်တာကတော့ ထူးခြားတယ်၊ ပြီးတော့ အသက်အရွယ်အလိုက် အိပ်မက်ထဲက လူလည်း ပြောင်းလဲလာတယ်"



မှုမှုလေးက ရဲရင့်ကို အကဲခတ်ကာကြည့်ရင်း ပြောလိုက်သည်။

"ဟုတ်တယ် ... မှုလေးပြောတဲ့အတိုင်းပဲ"

"တမလွန်လောက, ပရလောကနဲ့များ ဆက်သွယ်မှုရှိနေတာလား"

"မှုလေးက အဲဒါကိုယုံသလား"

"အင်း ... အတိတ်ဟောင်းက အဖြစ်အပျက်တွေဟာ ပစ္စုပ္ပန်မှာလည်း လာပြီးထင်ဟပ်နေတယ်၊ မှုလေးကြားဖူးနားရှိသလောက်ပြောရမယ်ဆိုရင် အဲ့သည်လူဟာ ကိုရဲရင့် အတိတ်ဘဝကလူပဲ ဖြစ်နေမလား"

"ဘာ ... ဘယ်လို ... ကိုယ့်ရဲ့ အတိတ်ဘဝကလူ ... ဟုတ်လား"

"ဟုတ်တယ် ... အတိတ်ဘဝကလူ၊ ဇာတိဿရဉာဏ်ရတဲ့လူဟာ ကိုယ့်ရဲ့ဘဝဟောင်းကို ပြန်ပြီးတော့သိတယ်တဲ့၊ အဲ့သည်အတိတ်ကာလကလည်း အဝေးကြီးမဟုတ်ဘူး ... နီးနီးလေး။ ဘဝတစ်ဆက်ခြားပဲ ဝေးမယ်"

ခေတ်မီနီးကလေး ဆရာဝန်တစ်ဦးက တမလွန် ဘဝဆက်ပြဿနာများကို ယုံကြည်လက်ခံနေမိသည်က ထူးဆန်းနေပေသည်။

"ကဲပါ ကိုရဲရယ် ... ဘယ်အရာမဆို သူ့အကြောင်းနဲ့သူ ဖြစ်လာခဲ့ရတာပါ၊ မှုလေးလဲ့လာထားလို့ ကြားသိရသမျှ ပြန်ပြီးတော့ ပြောပြတာပါ၊ စိတ်အနှောင့်အယှက်ဖြစ်သွားပါဦး

www.burmeseclassic.com



မယ်''

''စိတ်အနှောင့်အယှက် ဖြစ်နိုင်လောက်အောင်တော့ မခံစားရပါဘူး၊ မှုလေးက ဒါမျိုးတွေကို လေ့လာထားတော့ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် တွေးလို့ရတာပေါ့''

▣

တစ်ညတွင် ရဲရင့်သည် အိပ်ရာထဲသို့မဝင်မီ စာအုပ်တစ်အုပ်ကို ဖတ်ရှုလေ့လာလျက်ရှိသည်။ နိုင်ငံခြားမှ မှာယူထားသော ဆေးပညာနှင့်ပတ်သက်သည့် စာအုပ်တစ်အုပ်ပင်ဖြစ်သည်။

ထိုစဉ် ဗိုက်ထဲက အောင့်လာသလိုလို ရုတ်တရက်ခံစားလိုက်ရသည်။

''ငါ့ဗိုက်ထဲက တဖြည်းဖြည်းနဲ့အောင့်လာပါလား၊ ဘယ်လိုဖြစ်တာပါလိမ့်၊ အား ...ကျွတ် ကျွတ် ကျွတ်''

ရဲရင့်၏ ညည်းတွားသံကြောင့် မိဘနှစ်ပါးစလုံး အခန်းထဲကို ပြေးဝင်လာခဲ့ကြသည်။

''ဟဲ့ သား ...ဘာဖြစ်လို့လဲ''

မဝင်းသီက စိုးရိမ်တကြီးဖြင့် မေးလိုက်သည်။

''ဗိုက်ထဲကလိုလို၊ ရင်ခေါင်းထဲကလိုလို လေထိုးလေအောင့် ဖြစ်ချင်တယ်၊ ချက်ချင်း ကောက်ကာငင်ကာ ဖြစ်တာ''

ရဲရင့်သည် ဆရာဝန်ပီပီ မည်သည့်ဆေးကိုသောက်ရမည်ကို သိနေသည်။ အခြေအနေကို စောင့်ကြည့်နေခြင်းသာ။



''သား ဆေးသောက်လိုက်လေ၊ ဒါမှ သက်သာမှာပေါ့''

''သောက်မယ် ဖေဖေ ... အခြေအနေကို စောင့်ကြည့်နေတာ''

ဆေးသောက်မည်ပြုသောအခါ ဗိုက်အောင့်နေသော ဝေဒနာသည် ယူပစ်လိုက်သလို ချက်ချင်းပျောက်သွားသည်။

''ဟင် ... သား ဗိုက်မအောင့်တော့ဘူး၊ ပျောက်သွားပြီ''

''ဟင် ... ဟုတ်ရဲ့လား သားရယ်၊ သားက ပျောက်မယ့်ပျောက်တော့လည်း ချက်ချင်းပါပဲလား''

''ဟုတ်တယ်မေမေ၊ သား ဘာဝေဒနာမှ မခံစားရတော့ဘူး၊ ရှင်းရှင်းကြီးကို ပျောက်သွားပြီ''

ရဲရင့်သည် စောစောကလို ဝေဒနာခံစားနေရသည့် မျက်နှာမျိုးမဟုတ်တော့။ ထို့အပြင် ရဲရင့်သည် လေနာ၊ ဗိုက်အောင့်သည့်ဝေဒနာမျိုး မရှိဖူးခဲ့ပေ။ ချက်ချင်းဖြစ်လာပြီး မိနစ်ပိုင်းအတွင်းမှာ ဝေဒနာသက်သာသွားသည့်အတွက် အံ့အားသင့်ကြရသည်။ ထူးဆန်းနေသည်။ နားမလည်နိုင်ကြတော့။

ယခုလို လေဝေဒနာသည် တစ်ခါတည်းမဟုတ်။ လခြားပြီး သုံးလေးခါလောက် ဖြစ်ဖူးသည်။ သိပ်ကြာကြာလည်း မခံစားရ၊ မိနစ်ပိုင်းအတွင်းမှာပဲ ပျောက်သွားတတ်သည်။ ပျောက်သွားပုံကလည်း ယူပစ်လိုက်သလိုပင်။

▣

www.burmeseclassic.com

www.burmeseclassic.com



တစ်ညတွင် ရဲရင့်သည် အိပ်ပျော်နေရာက ကယောင်ကတမ်းတွေ လျှောက်ပြောနေသည်။

"မင်းတို့ ငါ့ကို လာကြောလို့မရဘူးကွ၊ ရန်ပိုင်ဆိုတဲ့ကောင်က ဒါမျိုးလုပ်လာရင် နည်းနည်းလေးမှ သည်းမခံတတ်ဘူး၊ သူများကိုလည်း မတရားမလုပ်ဘူး ... မှတ်ထား"

"ဟုတ်တယ် ... မင်းတို့က ငါ့ကို အများနဲ့တစ်ယောက် မယှဉ်နိုင်ဘူးဆိုပြီး ဗိုလ်ကျချင်ကြတာပေါ့ ... ဟုတ်လား၊ သတ္တိရှိတဲ့ကောင် ထွက်ခဲ့ ... တစ်ယောက်ချင်းယှဉ်မယ်"

ရဲရင့်၏အသံကြောင့် တစ်ဖက်ခန်းမှာအိပ်ပျော်နေကြသော ကိုချမ်းသာနှင့် မဝင်းသီတို့သည် လန့်ပြီးတော့ နိုးလာခဲ့ကြသည်။

"ဟော ... သားယောင်နေတယ်မောင် ... ကြားတယ်မဟုတ်လား၊ ရန်ပိုင်တဲ့ ... ဘယ်ကရန်ပိုင်လဲ၊ လေသံလည်းပြောင်းသွားတယ်၊ သားရဲ့အသံက ခက်ထန်ပြီးမာနေတယ်"

"ဟုတ်တယ် ... ကြားတယ်၊ ဝတ္ထုပဲဖတ်ထားလို့လား၊ ဇာတ်လမ်းကားတစ်ကားကား ကြည့်ထားလို့လား၊ အဲဒါတွေကို အိပ်မက်ပြန်မက်တာ ဖြစ်ရမယ်"

"အို ... မောင်ကလည်း သားက ဝတ္ထုလည်းမဖတ်ဘူး၊ ဇာတ်လမ်းကားတွေလည်း ကြည့်လေ့ကြည့်ထရှိတာမှ မဟုတ်တာ"

ရဲရင့်ဆီက အသံကထွက်ပေါ်လာပြန်သည်။



"အေး ... ဘယ်လိုလဲကွ ... ငြိမ်နေကြတယ်၊ တစ်ယောက်မှ ထွက်မလာကြပါလား၊ အပြစ်မရှိရင် ချိုထောင်မပြနဲ့၊ အမြီးလှုပ်မပြနဲ့ ... နောက်တစ်နေ့မနက်မှာ မျက်နှာသစ်စရာမရှိဘဲ ဖြစ်သွားမယ်၊ ရန်ပိုင်က လမ်းမှန်ပေါ်မှာ လျှောက်နေတဲ့ကောင် ... သဘောပေါက်"

"ဘယ်လိုလဲ မောင် ... သားက တော်တော်အပြောကြမ်းနေပါလား၊ နှိုးလိုက်ရင်ကောင်းမလား"

ကိုချမ်းသာက လက်ကာပြလိုက်သည်။ ရဲရင့်၏အသံက ဆက်ပြီးထွက်ပေါ်မလာတော့ ငြိမ်သွားသည်။ နောက်ထပ်လည်း မယောင်တော့။ အိပ်ပျော်နေဆဲပင်။ သူယောင်နေခဲ့သည်ကိုလည်း သိချင်မှသိလိမ့်မည်။ ကိုချမ်းသာနှင့် မဝင်းသီတို့သည်လည်း ပြန်ပြီးတော့ အိပ်ပျော်သွားခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



[၃]

## ဝန်တောင်က မရုဏာရှေ့

တောင်ခိုးတွေက ဝေနေလျက်ရှိသည်။ တောင်နံရံပတ်ပတ်လည်မှာ ရစ်ပတ်လျက်ရှိသော နဂါးငွေ့တန်းတွေက တ ရစ်ပြီးတစ်ရစ် အထပ်ထပ် ဆီးနှင်းနှင့်တောင်ခိုး ရောယှက် လိမ်နေ၍ ဖန်တောင်ကြီးသည် မှိုင်းရီဝေလျက်ရှိသည်။

သိပ်သည်းသော အအေးဓာတ်ကြောင့် သူတစ်ကိုယ် လုံး ကျုံ့ဝင်သွားပြီလားမှတ်ရသည်။ ထူထဲသော ဝံသားရေတစ် ထပ်၊ ယင်းအောက်က ဂျင်းဂျာကင်တစ်ထပ်ကို ဝတ်ဆင်ထား သော်လည်း အောက်ဆုံးမှာ ရှပ်အင်္ကျီတစ်ထပ်က ခံထားသေး သည်။ သူ့ကိုယ်ပေါ်မှာ ခါးပတ်ပြားကြီးတစ်ခုကို ပတ်ထားသည်။ ရှစ်လက်မ ဓားမြှောင်ကို ခါးပတ်ပြားမှာချိတ်ထားသည်။

မျက်နှာပြင်မှာ ပါးမြိုင်းမွေးရေးရေး တင်နေသည့်အ တွက် သူ့ရုပ်သွင်သည် ပိုပြီးတော့ ကြည့်ကောင်းနေသည်။ ဤ တော၊ ဤတောင်များ၏ သဘာဝဝန်းကျင်ထဲဝယ် ကြီးပြင်လာ ရသူဖြစ်၍ မည်သည့်နေရာကိုပဲ သွားသွား၊ ဒိုးလိုမွေ၊ ရေလို



နောက် နှံ့စပ်ကာ အားလုံးကိုသိနေသူ။

သူသည် တစ်ကိုယ်တည်းနေတတ်သည်။ အကြောင်းကိစ္စရှိ၍ ဆက်ဆံရသည့်သူတွေမှတစ်ပါး အခြားအချိန်များတွင် မိမိ၏ စိတ်လွတ်လပ်ခြင်းကို ရှာဖွေနေတတ်သူ။ သတ္တဝါများအပေါ်မှာ အကြင်နာတရားထားတတ်သူ၊ တစ်ချိန်တည်းမှာပင် မိမိအပေါ်မှာ တင်စီးလာကြပါက ဘီလူးတစ်ကောင်လို ရက်စက်ကြမ်းတမ်းကာ တုံ့ပြန်တတ်သူ။

ယုန်ကလေးတစ်ကောင်လို သိမ်မွေ့နေရာက ချက်ချင်းမှာပင် ရက်စက်ကြမ်းကြုတ်သော ကျားတစ်ကောင်အသွင်သို့ ပြောင်းလဲသွားတတ်သူ။

*မကြာမီ ...*

'ဖလပ် ..ဖလပ် ..ဖလပ်'

မြေဝပ်ငှက်တစ်ကောင်က ချုံကြားထဲမှ အလန့်တကြားနှင့် ပျံပြေးသွား၏။ သူ သတိနှင့်အသိတို့ ပြန်ပြီးတော့ စုစည်းမိလိုက်သည်။ သူရောက်နေသောနေရာကို သတိထားမိလိုက်သည်။ မအူတောဘက်ကို ကျွံလာခဲ့ပြီ။ ရှေ့နားက တောထူထူလေးကို လှမ်းမြင်လိုက်သည်။

သည်နေရာဟာ ...

အတွေးက ဖျတ်ခနဲဆိုဝင်လာသည်။ လူတစ်ယောက်သေဆုံးခဲ့သည့်နေရာ ဘာမှမကြာသေး၊ တစ်ပတ်ကျော်ကျော်လောက်ပဲရှိဦးမည်။ တောထဲဖက်ခူးရန် ထွက်လာရင်း မြေပိုင် ဝက်ဝံကြီးတစ်ကောင်၏ တိုက်ခိုက်မှုကို မမျှော်လင့်ဘဲ ခံလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ဘာမှမတတ်နိုင် လက်သည်းများဖြင့် ကုပ်ဖဲ့ခြင်းခံရပြီး ဗိုက်ပေါက်၊ အူပွင့်ကာသေဆုံးသွားခဲ့သည်။ ဝက်ဝံကြီးက အားရအောင်တိုက်ခိုက်အပြီးမှာ တောထဲကိုပြန်ဝင်သွား၏။

နောက်ရက်မှာ မုဆိုးတစ်ဦးက သတ္တိကောင်းသော ရွာသားသုံးယောက်ကိုခေါ်ကာ မြေထိုင်ဝက်ဝံကြီးကို တောနင်းကာလိုက်ရှာသည်။ ကြာကြာမရှာလိုက်ရပါ။ ဝက်ဝံကြီးက ဤနားတစ်ဝိုက်မှာပဲ ကျက်စားလျက်ရှိသည်။ ထိုသူများကို မြင်လိုက်သည်နှင့် တောထဲ့ပြေးထွက်လာသည်။ ရန်လိုနေသည်။ လူတစ်ယောက်အသက်ကို သတ်ဖူးထား၍ သွေးကြွနေသည်။

မုဆိုးသည် အေးဆေးသည်။ ဝက်ဝံကြီးက ရန်ရှာရန်မျက်နှာချင်းဆိုင်ပင် ပြေးလာခဲ့သေရာ ...

'ဂရူး ..ဂရူး ..ဂူး ..ဂူး'

ဒေါသတကြီးနှင့် အော်ဟစ်လိုက်သောအသံကြီးသည် ထူးဆန်းလှသည်။ တောရိုင်းတိရစ္ဆာန်ကောင်ကို တစ္ဆေပူးကပ်ကာ အော်ဟစ်လိုက်သော အသံမျိုးပင်ဖြစ်သည်။

'ဒိုင်း'

သေနတ်သံတစ်ချက် ထွက်ပေါ်လာသည်။ ဒေါသတကြီးနှင့် ပြေးလာသော မြေထိုင်ဝက်ဝံညိုကြီးသည် အရှိန်တဲ့သွားပြီး ဘိုင်းခနဲဆိုပစ်လဲကာ ကျသွားခဲ့သည်။ နဖူးကိုတည့်မတ်စွာထိမှန်သွားခြင်းပင်ဖြစ်သည်။ သေဆုံးသွားခဲ့သော ဝက်ဝံကြီးကို စစ်ဆေးကြည့်သည်။ ပေါင်မှာ ဒဏ်ရာတစ်ခုကိုတွေ့လိုက်ရသည်။ ယင်းဒဏ်ရာရထားသည်မှာ သိပ်မကြာသေး၊ သွေးစ



သွေးနများကို ခြောက်ကပ်လျက်တွေ့ရသည်။ မကျက်သေး သောအနာက အိုင်းအမာကြီးဖြစ်ကာ ယောင်ကိုင်းနေသည်။

အမွေးတစ်ဝိုက်တွင် မီးကျွမ်းနေသည်။ သေနတ်ဒဏ်ရာပင်တည်း။ မုဆိုးတစ်ယောက်ယောက်၏ လက်ချက်ပင်ဖြစ်သည်။ ဒဏ်ရာကြောင့် ဖြစ်ပေါ်လာသောဝေဒနာဖိစီးလျက်ရှိနေလေရာ ဒေါသကလည်း အစဉ်အမြဲထွက်နေလျက်ရှိသည်။ ထို့ကြောင့် တောထဲဝင်လာသော လူများကိုအငြိုးနှင့်လိုက်ပြီးရန်ရှာနေခြင်းမဝီ။ အခုတော့ မုဆိုးက သူ့ကိုသေရွာသို့ပို့ပေးလိုက်လေပြီ။

သူသည် နေရင်းထိုင်ရင်း ဗိုက်ကအောင့်လာသည်။

''အား''

ထို့ကြောင့် ဗိုက်ကိုလက်နှင့် ဖိကာမျက်နှာကြီးရှုံ့မဲ့နေသည်။ ထိုင်လိုက်လျှင် သက်သာလိမ့်မည်ဟု ထင်၍ ခပ်လှမ်းလှမ်းရှိ သစ်ပင်ကြီးတစ်ပင်ဆီကို လျှောက်သွားသည်။ ပင်ခြေမှာ ထိုင်ချလိုက်သည်။ ပင်စည်ကို ကျောမှီလိုက်သည်။ အင်္ကျီအိတ်ထောင်ထဲကို လက်နှိုက်လိုက်သည်။ ဆေးပုလင်းလေးတစ်လုံးပါလာ၏။ ဆေးတစ်လုံးယူပြီးတော့ သောက်လိုက်သည်။ မျှော်ချစရာရေက မရှိ။

တစ်ခဏအကြာတွင် သူ့အလိုလို သက်သာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ဤသို့ကောက်ကာငင်ကာဖြစ်တတ်သည်။ ဆေး ဆောင်ထားရသည်၊ နာကျင်သောဝေဒနာကို ခံစားလိုက်ရ၍ မျက်နှာမှာ ချွေးသီးချွေးပေါက်များပင် ကျလာခဲ့သည်။ ပဝါကို ယူပြီး သုတ်သည်။ သူမှိန်းနေစဉ် လေလေးက တဖြူးဖြူးနှင့် အအေးဓာတ်ကို သယ်ဆောင်လာသည်။

ခပ်လှမ်းလှမ်းတွင် ဝံတိုက်၍သေဆုံးသွားသော သူ၏ အလောင်းကို မြှုပ်နှံထားသည်။ သူသိသည် ကြောက်စိတ်က တော့ မဖြစ်ပေါ်မိ၊ သက်သောင့်သက်သာရှိနေ၍ မှိန်းနေမိသည်။ အအေးဓာတ်က ကိုယ်ပေါ်မှချွေးများကို စုပ်ယူသွားသည်။ အိပ် ချင်လာမိသည်။ အိပ်လို့ကလည်း မဖြစ်၊ အအေးဓာတ်က တဖြည်းဖြည်းနှင့် ပိုလာခဲ့ပြီဖြစ်သည်။ မိုက်နာတာက ပျောက် ကင်းသွားသည်။ ဝေဒနာမခံစားရတော့။

နေရာမှထမည်ပြုစဉ် ...

မျက်ခွံတွေက လေးလံလာသည်။ အလွန်အမင်း အိပ် ချင်လာမိသည်။ တစ်ချက်ငိုက်ခနဲဆို ဖြစ်သွားသည်။

◘

လူတစ်ယောက်သည်။ သူ့ရှေ့မှာ လာရပ်နေသည်။ အခွေလိုက်ရှိနေသော မြွေကြီးတစ်ကောင်ကို လက်နှစ်ဖက်နှင့် ပွေ့ပိုက်ထားသည်။ ထိုသူသည် အပေါ်ပိုင်းမှာ အကျႌမရှိ၊ ကျော ပြောင်ကြီးနှင့် ဖြစ်သည်။



"သည်မှာ နောင်ကြီး ...ဒါကြီးကို ချက်စားလိုက်၊ ကျွန် တော့်ကိုလည်းကျွေး"

ဟုဆိုကာ မြွေကြီးကိုသူ့ဆီပစ်ပေးလိုက်သည်။

"ဟင်"

သူ လန့်နိုးသွား၏၊ အနားမှာ မည်သူမှမရှိ၊ လက်စသတ် တော့ အိပ်မက်ကို ကြဲကြဲဖန်ဖန် သည်လိုအိပ်မက်မျိုးကိုမှ လာ ၍မက်ရသည်ဟု အဓိပ္ပါယ်မရှိ၊ ဗိုက်အောင့်သည် ဝေဒနာကို မခံစားရတော့ ကျန်းမာရေးက ပုံမှန်ပြန်ဖြစ်သွားသည်။

ပင်စည်ကို ခပ်လျောလျောလေး မှီနေရာက ထလိုက် လေသည်။ ချက်ချင်းပင် လာရာလမ်းအတိုင်းလှည့်ပြန်လာခဲ့ သည်။ မြွေကြီးကို ပိုက်ထားသောသူ၏ မျက်နှာ၊ ပုံပန်းသဏ္ဌာန် ကို မြင်ယောင်နေဆဲ။ နေထွက်လာသည်ကိုလည်း မမြင်ရ၊ နောင်သွားသည်ကိုလည်း မမြင်ရ၊ အမှောင်ရိပ်က တဖြည်းဖြည်း နှင့် စိုးမိုးလာသည်။ အအေးဓာတ်ကလည်း ပိုပြီးတော့သိပ်သည်း လာခဲ့လေသည်။

◘

"မင်းက ငါ့ကိုခဝ်လို့ လာလည်တာပဲ၊ ဒါပေမဲ့ ရွာက လူတကာက မင်းကိုအမြင်မကြည်လင်ကြဘူး ရန်ပိုင်"

"အဲဒါကို ငါလည်းသိပြီးသားပါ ရန်ပိုင်၊ ငါ မင်းဆီကို လာတာလည်း အခေါက်ပေါင်းမနည်းတော့ဘူး၊ ငါ့ကို ဘာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လို့ သဘောမကျကြတာလဲ၊ သည်လူတွေ ငါ့ကိုခုထက်ထိ သဘောမပေါက်ကြသေးဘူးလား''

''အေးကွာ . . . ငါလည်း နားမလည်နိုင်ဘူးဖြစ်နေတယ် ရန်ပိုင်''

''သာထူး . . . မင်းက လျှိုထားပြန်ပြီ၊ သည်လူတွေ ငါ့ကို ဘာဖြစ်လို့မကျေနပ်ကြတာလဲဆိုတာ မင်းသိပါတယ် . . . ဟုတ်တယ်မဟုတ်လား၊ သိလည်းသိပြီးသားပါ၊ သည်တော တောင်ရေမြေဟာ ငါနဲ့မဆိုင်ဘူးလား၊ ငါ့သဘောနဲ့ငါ လည်ပတ်ခွင့်မရနိုင်ဘူးလား၊ ငါလည်း ဘယ်သူ့ကိုမှ အနှောင့်အယှက်ပေးနေတာ မဟုတ်ဘူး''

''အေးလေ၊ ဒါတွေကို ငါလည်း သိသားပဲလေကွာ၊ မင်းဟာ သူငယ်ချင်းပါ၊ ကျောင်းနေဖက်တစ်ယောက်ပါ၊ ဓားပြတွေရဲ့ လက်ထဲက ကယ်တင်ထားတဲ့ အသက်သခင်ကျေးဇူးရှင်လည်းဖြစ်နေတယ်၊ ခင်လို့လာလည်နေတာပါလို့ ရှင်းပြပေမယ့်လည်း မယုံချင်ကြဘူးကွ''

''ဒါကတော့ အမြင်ကျဉ်းမြောင်းတာပါကွာ၊ ငါက အကြံသမားလည်းမဟုတ်ဘူး၊ သည်ရွာကို အကျိုးယုတ်အောင်လုပ်မယ့် လူလည်းမဟုတ်ဘူး၊ ငါ လာလာနေတာလည်း ဒါလောက်ကြာလှနေပြီပဲကွာ''

''ရန်ပိုင် မင်းလာလာလည်တာ ငါဝမ်းသာတယ်၊ ခဏခဏလာတာလည်း မဟုတ်ဘူး၊ ငါလည်း သည်ရွာကို ရောက်စတုန်းက အဲ့သလိုပဲ သူတို့ဆက်ဆံပုံက တစ်မျိုးပဲ၊ အကြောင်း



မဲ့မုန်းတီးနေတဲ့ မျက်နှာကြီးတွေနဲ့ ငါ့ကိုမလိုတမာကြည့်ကြတာ ငါက သည်ရွာသူနဲ့ အိမ်ထောင်ကျနေတာကိုး၊ အတတ်နိုင်ဆုံးတော့ သည်းခံရတာပေါ့၊ နှစ်ပေါင်းများစွာကြာတော့မှ ငါ့ကို သဘောပေါက်လာခဲ့ကြတာ''

''အဲ့သည်တော့''

''မင်းလည်း သည်ရွာသူတစ်ယောက်နဲ့ အိမ်ထောင်ပြုလိုက်ပေါ့ကွာ''

''မလုပ်ပါနဲ့ကွာ၊ သည်လူတွေရဲ့ မျက်နှာသာအပေးခံရဖို့အတွက် ငါက မိန်းမယူပြရဦးမယ်တဲ့လား၊ ခြေချုပ်အမိခံရမယ်၊ ကိစ္စမျိုးကို ငါမလုပ်ဖူးကွာ၊ ပြီးတော့ မိန်းကလေးတွေကိုလည်း ငါစိတ်မဝင်စားဘူး''

''အကြိုက်မတွေ့သေးလို့ သည်စကားမျိုးကိုပြောတာပါကွာ၊ စကားအကုန်မပြောပါနဲ့''

''မိန်းမကိစ္စကတော့ ထားလိုက်ကွာ၊ ငါကိုယ်တိုင်က ခံစားချက်မရှိလို့ မင်းကသွေးဆောင်လည်း အပိုပဲသာထူး၊ မင်းတို့ရွာကလူကြီးပိုင်းတွေကသာ ငါ့ကို ဒါလောက်ကြီး ခါးသီးနေကြတာ၊ လူငယ်ပိုင်းကတော့ ဒါလောက်မတင်းမာကြဘူး၊ လူကြီးတွေက သြဇာညောင်းတော့ သူတို့လည်း မခေါ်ရဲ့, မပြောရဲ ဖြစ်နေကြတာထင်တယ်''

''အေး . . . ဟုတ်တယ်၊ သည်ရွာမှာ လူကြီးသူမတွေ ဆရာမိဘတွေကို နှောင်းလူငယ်တွေက ရိုကျိုးကြတယ်ကွ၊ ဒါပေမဲ့ လူကြီးတွေကို အယူသီးစိတ်ခတ်မျိုးကတော့ သူတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မရှိကြဘူး၊ မင်းကိုလည်း ခေါ်ချင်ပြောချင်နေကြမှာပဲ၊ လူကြီးတွေကို ကြောက်နေကြလို့သာ''

''သာထူး . . . စောစောက မင်းပြောတဲ့စကားထဲမှာ အယူသီးဆိုတဲ့စကား ပါသွားတယ်၊ ဒါဆိုရင် သည်ရွာမှာ အယူသီးမှုတစ်ခုခုရှိနေရမယ်၊ အဲဒါ ဘာလဲ . . . မင်းသိတယ် ပြော''

ရန်ပိုင်သည် သာထူး၏စကားကို နင်းပြီးတော့ ပြန်မေးလိုက်လေ၏။ သာထူး ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားခဲ့ရလေသည်။ ထို့နောက် သက်ပြင်းတစ်ချက်ကို လေးပင်စွာပင် ချမိလိုက်သည်။

''မင်း သက်ပြင်းချတာကလည်း မသက်မသာကြီးပါလားကွ၊ လျှို့ဝှက်ချက်ကြီးတစ်ခုမို့ ပြောရခက်နေတာလား၊ ဒါဆိုရင်လည်း ပြောမနေပါနဲ့တော့ကွာ''

''မင်းကို ငါပြောပြပါ့မယ်ကွာ၊ သည်လူတွေက မျက်နှာစိမ်းတွေရောက်လာရင် ဘာကြောင့်မလိုလားနိုင်ကြသလဲဆိုတာ မင်းအခုသိရမှာပါ''

သာထူးသည် ဤရွာအကြောင်းကို အောက်ပါအတိုင်း ပြောပြလေသည်။

■

မိုးလုံးရွာကလေးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြသည်။ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများက နည်းပါးသည်။



...ားသောအားဖြင့် နတ်မိစ္ဆာများ မြေနဘ်၊ မီးနတ်များကို ကိုး...ွယ်ကြသည်။ စုန်း၊ တစ္ဆေ၊ ကဝေများကို ယုံကြည်ကြသည်။ ...ပြူစားခြင်းဆိုသည်ကို လက်ခံကြသည်။ အိမ်ခြေသုံးရာကျော်...ရှိသည်။

အရိုးစွဲအောင်လက်ခံထားကြသော အယူအဆတစ်ခုမှာ ...ွယ်လွန်သွားကြသူများသည် မိမိအိမ်၌ပင်လျှင် မိသားစုနှင့်အတူ သုံးနှစ်တိတိဆက်လက်၍ နေထိုင်ကြသည်ဟူ၍ပင် . . .

ပစ္စေဒက ကံနှင့်ကွယ်လွန်သွားခဲ့ကြသူများဆိုလျှင် ရွာ...ြင်ရှိသစ်ပင် (သို့မဟုတ်) တောတွင်းတစ်နေရာရှိ သစ်ပင်တစ်...ထဲတွင်နေစေကာ အစားအသောက်များကို သွား၍ကျွေးတတ်သည်။ ယင်းသုံးနှစ်အတွင်းမှာ သေသူအတွက် ဆုတောင်းပေး...ခြင်းမပြုလုပ်ကြ၊ စုန်း၊ ကဝေများက ပြူစားကြသည်ကို လက်...ခံကြသည်။

စုန်းဟု သတ်မှတ်ခံရသောသူများသည် ပေါ်ပေါ်ထင်...ထင်ပင် ခံယူကြသည်။ ရွာသူရွာသားများသည် ထိုသူများကို ...ထိုးလက်ဆောင်ပေးကြရသည်။ မဟုတ်လျှင် တစ်နည်းမဟုတ်...တစ်နည်းပြူစားတတ်ကြသည်ဟု ယုံကြည်ကြသည်။

''သည်ဘက်ခေတ်မှာတော့ လူငယ်တချို့ကတော့ ...သည်အယူအဆတွေကို ပယ်ကန်ကြပါပြီကွာ၊ အေး မင်းကိုအဓိ...ကကျတဲ့ အချက်ကိုငါပြောပြမယ်၊ မင်းတောထဲသွားလာနေတာ ...န်တောင်ကြီးကို မြင်ဖူးနေတယ်မဟုတ်လား''

''ငါ တောထဲ[illegible] ရာက်တိုင်း အဲသည်တောင်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ကြည်ကောင်းကောင်းနဲ့ အမြဲတမ်းကြည့်နေတာပဲ''

''အေး သည်ဘက်ကလူတွေဖြစ်နေကြတဲ့ အဓိကအကြောင်းရင်းကတော့ ဖန်တောင်ကြီးကြောင့်ပဲ''

''ဟင် ... ဖန်တောင်ကြီးနဲ့ ဘယ်လိုများပတ်သက်နေလို့လဲ''

''တိုတိုပဲပြောမယ်ကွာ ... အဲသည် ဖန်တောင်ကြီးနားတစ်ဝိုက်မှာ ရွှေထွက်တဲ့နေရာတွေရှိတယ်၊ ရွှေမှ တူးယူစရာတောင်မလိုဘူး၊ အကြောကြီးက မြေပေါ်မှာကို အလိုလိုပေါ်နေတာ''

ရန်ပိုင်စိတ်ဝင်စားသွားခဲ့ရသည်။

''ဒါလောက်တောင် လွယ်ရသလားကွ''

''မလွယ်ဘူးကွ၊ အဲသည့်နေရာကို ဘယ်သူမှသိတာမဟုတ်ဘူး၊ မတော်တဆ တွေ့မိချင်သာတွေ့မိမယ်၊ တမင်သွားရှာတဲ့ သူအဖို့ကတော့ ကံကြမ္မာဆိုးကို လက်ယပ်ခေါ်မိတာနဲ့အတူတူပဲ''

''ဘယ်လို ဘယ်လိုကံကြမ္မာဆိုး ဟုတ်လား''

''သည်လိုကွာ၊ အဲ့သည်နေရာကို ရောက်သွားတဲ့သူတွေဟာ ကံကောင်းလို့ ရောက်သွားကြတာမဟုတ်ဘူး၊ မကောင်းဆိုးရွားတွေက သွေးဆောင်ပြီးတော့ ခေါ်သွားကြတာတဲ့၊ တမင်မတွေ့တွေ့အောင်ကို လိုက်ပြတဲ့သဘောမျိုးရှိတယ်၊ နောက်တော့အဲသည်လူတွေဟာ တစ်ယောက်မှ ကိုယ့်နေရပ်ကို ပြန်ရောက်မလာကြတော့ဘူး၊ အားလုံး အစပျောက်ကုန်ကြတယ်၊ သူတို



တစ်တွေဟာ ဘယ်လိုကြမ္မာဆိုးနဲ့ ကြုံတွေ့သွားခဲ့ကြသလဲဆိုတာကိုလည်း ဘယ်သူမှမသိနိုင်ကြတော့ဘူး''

''ရွှေတွေများရသွားကြလို့လားကွာ၊ တိတ်တိတ်လေးလစ်ထွက်သွားတာလည်း ဖြစ်နိုင်တာပဲ''

''သည်လိုလည်း မဟုတ်သေးဘူးကွ၊ ငါသိရသလောက်ကတော့ အဲ့သည်လူတွေဟာ တကယ်ပဲ ပြန်မလာကြကုန်တာဆိုပဲ''

''ထားပါတော့ကွာ၊ ရွှေကြောကိစ္စနဲ့ ရွာသူရွာသားတွေအယူသီးကြတာ ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့ကွာ၊ အဲသည်ဖန်တောင်ကြီးဟာ သူတို့ကိုကောင်းကျိုးပြုတယ်၊ တောင်စောင့်နတ်တွေက စီးပွားရေးလုပ်ငန်းအတွက် အကူအညီပေးကြတယ်၊ အန္တရာယ်ကိုလည်းကာကွယ်ပေးတယ်လို့ ယူဆထားကြတယ်၊ ဒါကြောင့်မို့ ဖန်တောင်ကြီးရဲ့အနားတစ်ဝိုက်မှာ ရှိနေတဲ့ ရွှေကြောတွေကို ကာကွယ်ပေးဖို့ သူတို့မှာလည်း တာဝန်ရှိကြတယ်လို့ ယူဆထားကြတယ်၊ အဲသလိုမှ မလုပ်ရင် အဲသည်နတ်မိစ္ဆာ တန်ခိုးရှင်တွေက အပြစ်ပေးတယ်၊ ဆိုးရွားတဲ့ အပြစ်ဒဏ်မျိုးကို ခတ်ကြတယ်ဆိုပြီး ကြောက်နေခဲ့ကြတာကွ''

''ဒါလောက်တောင်ပဲလားကွာ''

''အေး .. တချို့ရွာတွေမှာ သည်ထက်ပိုပြီးတော့တောင်အယူသီးကြသေးတယ်၊ လူစိမ်းဆိုရင် ဘာမှမစစ်ဆေးဘဲ သတ်ပစ်တာ၊ ဒါပေမဲ့ အဲသည်လိုရွာမျိုးက တောထဲတောင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

ပျောက်နေတယ်၊ ကံဆိုးတဲ့သူတွေက ပက်ပင်းတိုးမှသာ ကြုံရတာ''

''မင်းဟာက စိတ်ဝင်စားစရာလည်းကောင်းတယ်၊ ယုတ္တိလည်း မတန်ဘူး၊ အေးပေါ့လေ ငါ့အတွက် ဗဟုသုတရတာပေါ့၊ သတိလည်းထားရမှာပေါ့''

ရန်ပိုင်သည် သာထူးကို ခပ်ပြုံးပြုံးပင်ပြောလိုက်လေသည်။

□ □ □

[၄]

**စကီးလေး**

ရန်ပိုင်သည် ရာဘာပင်တွေကြားထဲတွင် လျှောက်သွားနေသည်။ ဤအရပ်၊ ဤဒေသမှာ မိမိတစ်ဦးတည်းသာ ရာဘာပင်စိုက်ပျိုးဖြစ်ထွန်းသည်။ မည်သူကမှ မဖြစ်ထွန်းကြ၊ မိမိဖြစ်ထွန်းလာသောအခါ လိုက်ပြီးတော့ စိုက်ကြသည်။ မအောင်မြင်ကြ၊ ထပ်တလဲလဲနှင့် ကြိုးစားကြသည်။ နောက်တော့ လက်မြှောက်အရှုံးပေးလိုက်ကြရလေသည်။

ရန်ပိုင်စိုက်ပျိုးသောနေရာသည် သီးသန့်မဆန်သောမြေကြီးပင်ဖြစ်သော်လည်း ထူးခြားမှုရှိနေသည်ကတော့ အမှန်ပင်။ ရာဘာပင်များကို မစိုက်ပျိုးမီက မိမိပိုင်မြေကြီးပေါ်တွင် အနှံ့လျှောက်ကြည့်သည်။ အောက်အနိမ့်ပိုင်းအထိ ရောက်သည်။ ကမ်းပါးယံကြီးတစ်ခုနှင့် မလှမ်းမကမ်းတွင် ထူးဆန်းသောပုဂ္ဂိုလ်တစ်ဦးကို မမျှော်လင့်ဘဲတွေ့လိုက်ရလေသည်။

အောက်ပိုင်းတွင် သက်နီးကဲ့သို့ ဝါထိန်နေသော နံ့ယံပိုင်း တစ်ခုကိုပတ်ထားသည်။ ညစ်ထေးထေးပင်ဖြစ်သည်။ ကိုယ်

www.burmeseclassic.com



အထက်ပိုင်းက အဝတ်မဲ့နေသည်။ ဖဲကြိုးကို ပခုံးထက်မှ စလွယ် သိုင်းလွယ်ထားသည်။

လည်ပင်းမှစ၍ ရင်ဘတ်၊ ဗိုက်၊ ကျောပြင်များတွင် ထုံးဖြူများ၊ အနီရောင်ဆေးများကို ပတ်ပတ်လည်ဆွဲကာ ရေး ချယ်ထားသည်။

တောင်ကမ်းပါးရံကိုဖောက်ကာ ထွင်းထားသော လှုင်ယ် လေးတစ်စုကိုလည်း တွေ့ရသည်။ သဘာဝအလျောက်ဖြစ်နေ သော လှုင်ယ်လေးပင် ဤလိုနေရာမျိုးမှာ သူတော်စင်တစ်ဦး ကို မမျှော်လင့်ဘဲတွေ့လိုက်ရ၍ အံ့အားသင့်သွားမိရလေသည်။

"နောင်အခါတွင် ထိုပုဂ္ဂိုလ်သည် ဖကီးတစ်ယောက်ဟု သိရသည်။ ဖကီးဟူသည် မိမိကိုယ်ကို နှိမ်ချသောသူဟု အဓိပ္ပါယ် ရသည်"

ရန်ပိုင်သည် အေးဆေးတည်ငြိမ်သော ဖကီးကိုကြည့် ပြီး မတ်တတ်ကပင် လက်အုပ်ချီလိုက်လေသည်။ ဖကီးကား ခပ်ငယ်ငယ်ပင်ဖြစ်သည်။ ရန်ပိုင်ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ် နှင့် ရှိနေသည်။

"ဒါ ကျွန်တော့်ခြံပါ။ ဆရာကြီးက သည်မှာ သူတော် ကောင်းတရားကျင့်ကြံအားထုတ်နေတာလား၊ ဆက်ပြီးတော့ နေပါ။ လုပ်စရာရှိတာကိုသာလုပ်ပါ"

"ကောင်လေး၊ မင်းကဖယ်နိုင်းလည်း ငါကတောင်းပန် ရမှာပဲ၊ ငါ့အလုပ်မပြီးသေးလို့ သည်မှာပဲ ဆက်နေခွင့်ပေးပါ လို့ . . ."



"တောင်းပန်စရာမလိုပါဘူး၊ နေနိုင်သလောက်နေပါ။ တစ်သက်လုံးနေသွားလည်း ရပါတယ်၊ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့"

ရန်ပိုင်ကပင် ပြန်ပြီးတော့ အားနာနေမိလေသည်။ ထို အချိန်က ရန်ပိုင်သည် ခပ်ငယ်ငယ်ပင်ရှိသေးသည်။ ဖကီးလေး အတွက် နွားနို့များ၊ သစ်သီး၊ ဂျုံနှင့် ဆား၊ ပဲ၊ ဆန်များကို ကူညီထောက်ပံ့သည်။ ကြာသော် ရင်းနှီးလာခဲ့လေသည်။

တစ်ရက်တွင်

ဖကီးလေးသည် ရန်ပိုင်ကို ထူးဆန်းသောအကြည့်နှင့် ကြည့်ပြီး

"ကောင်လေး . . . မင်းမှာ ညီတစ်ယောက်ရှိတယ် မဟုတ်လား"

"ဟာ . . . ဖကီးလေးကလည်း ကျွန်တော်တစ်ယောက် တည်းပါ။ တစ်ဦးတည်းသောသားပါ"

ရန်ပိုင်က သူ့ကိုနောက်ပြောင်ပြီးတော့ ပြောနေသည် ဟု ထင်နေမိသည်။

"ရှိတယ်၊ ညီတစ်ယောက်ရှိတယ်၊ တစ်ချိန်ချိန်မှာ ပြန် ပြီတော့ ဆုံကြလိမ့်မယ်"

ရန်ပိုင်ကလည်း ဘာမှမပြောတော့ချေ။ ထိုစဉ်ကလည်း ဖကီးလေး၏ စကားကိုအလေးအနက်ထားရကောင်းမှန်းလည်း မသိခဲ့ပေ။ ဖကီးလေးသည် တစ်ခါတစ်ရံမှာ ဂူမှပျောက်သွား တတ်သည်။ တစ်ပတ်နှစ်ပတ်လောက်ကြမှ ပြန်ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ ထိုအခါ ...ရန်ပိုင်ကမေးလျှင်..

"ဖကီးလေး ဘယ်ကိုသွားနေတာလဲ"

"ဟိမဝန္တာကို ဂုရုကြီးတွေနဲ့ သွားတွေ့တာ၊ ပညာသွား ယူတာ"

ဟု အေးဆေးစွာပင် ပြန်ပြောတတ်သည်။ ဟိမဝန္တာ ဆိုတာက သည်ကနေဆို အဝေးကြီးအသွားအပြန် ဆယ့်လေး ငါးရက်တည်းနှင့် သည်ကို မည်ကဲ့သို့ပြန်ရောက်နိုင်မည်နည်း ထားတော့ ထိုစဉ်က ကျယ်ကျယ်ပြန့်ပြန့်မတွေးမိသေးပါ။

တစ်ရက်တွင် ...

ဖကီးလေးဆီကို သူကိုယ်တိုင်ရိက္ခာသွားအပို့မှာ ...

"ကောင်လေး မင်းခရီးထွက်မှာမဟုတ်လား၊ အတူ လိုက်မယ့်ခရီးသည်တွေကို သတိထား၊ မင်းအပေါ်မှာမရိုးသား ကြဘူး၊ သူတို့ယူလာတဲ့ ပစ္စည်းတွေကို စစ်ဆေးကြည့်ပါ"

ဖကီးလေး၏စကားကြောင့် အံ့အားသင့်သွားခဲ့ရလေ သည်။

"ဘာလဲ မင်းက ငါပြောတာကိုမယုံလို့လား"

"မယုံလို့မဟုတ်ပါဘူး၊ ကျွန်တော့်ကို အခုလိုသတိ ပေးတာကျေးဇူးတင်ပါတယ်"

ဖကီးလေးဆီမှ အပြန်တွင်လမ်းမှာ စဉ်းစားလာမိသည်။

"ငါ ဘာအလုပ်လုပ်တယ်ဆိုတာ၊ ဖကီးလေးမသိပါဘူး။ ဘယ်လိုကြောင့် သည်လိုသတိပေးရတာပါလိမ့်"

ထိုစဉ်က



ရန်ပိုင်သည် လူငယ်သာသာခန့်ပဲရှိသေးသည်။ စီးပွား ရေးကို နားလည်ကာ မိမိလုပ်ကိုင်သောလုပ်ငန်းများကို ဦး ဆောင်နိုင်စွမ်းရှိခဲ့လေပြီ။ စက်လှေတစ်ဦးကိုလည်း ပိုင်ဆိုင်ထား သည်။ ယင်းစက်လှေနှင့် မိမိ၏ကုန်ပစ္စည်းများကိုလည်း ပို့ သည်။ ကုန်သည်တို့၏ ကုန်ပစ္စည်းများကိုလည်း အခကြေးငွေ ယူကာ ပို့ဆောင်ပေးလေသည်။

■

မော်တော်တစ်စီးသည် ဆိပ်ကမ်းမှာ ရပ်နားထားသည်။ အခြားသောစက်လှေ၊ မော်တော်များကိုလည်း ဆိုက်ကပ်ထား သည်။ ဆိပ်ကမ်းသည် မလိခမြစ်၏ တစ်ခုသောမြစ်ခွဲတစ်ခု ပေါ်မှာ တည်ရှိသည်။ ယင်းနေရာလေးသည် ကုန်သည်တို့၏ စုရပ်ဖြစ်၍ တည်းခိုခန်းများ၊ ဆိုင်များဖြင့် စည်ကားလျက်ရှိနေ လေသည်။

ရန်ပိုင်ဟု အမည်ပေးထားသော မော်တော်တစ်စီးဆိပ် ကမ်းတစ်နေရာမှာ ရပ်ထားသည်။ ရန်ပိုင်သည် မော်တော်ပေါ် ကို အစောကြီးကတည်းကပင် ရောက်နေသည်။ သူရောက်လာ ပြီး မကြာမီမှာပင် မောင်းသူ ကိုဝဏ္ဏရောက်လာခဲ့သည်။

"ရန်ပိုင် ...မင်း အစောကြီးရောက်နေတာကိုး"

"ဟုတ်တယ် ...ကိုကြီးဝဏ္ဏမော်တော်ကို လာစစ်ဆေး တာပါ၊ ခရီးထွက်ရမယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတော်တော် စေ့စပ်သေချာတာပဲ၊ ငါတစ်ညလုံး စစ်ဆေးပြီးပါပြီကွ၊ အားလုံးအိုကေပါတယ်၊ စိတ်ချရပါတယ်"

"ဒါနဲ့ ဟို ကိုထင်ကြီးတို့ အုပ်စုမလာသေးဘူးလား"

"ခုမနက်မှ လာမယ်လို့ပြောတယ်၊ ပစ္စည်းတင်စရာရှိတာကိုး စောစောမလာဘူး၊ အချိန်နဲ့တွက်ရမှာကိုး"

"ဟော ပြောရင်းဆိုရင်းနဲ့ လာနေပါပြီ"

ထင်ကြီးနှင့် တစ်ယောက်သည် သေတ္တာအလတ်စားတစ်လုံးကို တစ်ဖက်တစ်ချက်စီကိုင်ကာ ဆွဲလာခဲ့ကြသည်။

"ဘာတွေလဲဗျ ကိုထင်ကြီး"

"ငွေရည်စိမ်ပစ္စည်းတွေပါကွာ"

ထင်ကြီးက ခပ်အေးအေးပင်ပြောလိုက်သည်။ အဖော်ပါလာသူက ရန်ပိုင်ကို မကျေမနပ်ဖြင့်ကြည့်လိုက်သည်။

"ငါတို့က ထင်နေကြပဲကွာ၊ မင်းက အပိုတွေလုပ်ပြီး လျှောက်မေးနေတယ်"

"သည်လိုလည်း ဘယ်ဟုတ်မလဲဗျာ၊ ကျွန်တော်က အလုပ်သဘောအရမေးရတာပဲ"

ရန်ပိုင်သည် အချင်းမများချင်၍ အေးဆေးစွာပင်ပြန်ပြောလိုက်သည်။

ထိုစဉ်မှာပင် ...

အခြားသောကုန်သည်များလည်း ရောက်လာကြ၍ ဆက်မပြောကြတော့။ သူတို့လည်း ကုန်ပစ္စည်းများကို တင်ကြသည်။ စုစုပေါင်းကုန်သည်လေးဦး၊ ရန်ပိုင့်ကို မချေမငံပြောသော



သူမှာ ထင်ကြီး၏တပည့် ကျားပေါက်ပင်။ ရန်ပိုင်သည် ထိုသေတ္တာကို စိတ်ထဲမှ အလိုလိုနေရင်းနှင့်ပင် သင်္ကာမကင်းဖြစ်နေမိသည်။ ဖကီးလေးပြောခဲ့သောစကားကို သတိရလာမိလေသည်။ စိတ်ထဲမှာလည်း လေးလံနေမိသည်။

"ဟော့ကောင် ကျားပေါက် ...မင်းကမူးလာပြီဆိုရင် တွေ့ရာလူကို ရန်ရှာချင်တယ်၊ ဆင်ခြင်ပါလို့ ငါပြောထားတယ်၊ ဩော် ...ရန်ပိုင်သည်းခံပါကွာ၊ ငါက တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူးဗျာ၊ ကိုထင်ကြီးရဲ့လူကိုသာ ဆုံးမထားပါ"

"အံမာ ...မင်းကလား ငါ့ကို ...မလောက်လေး မလောက်စားနဲ့"

"ဟော့ကောင် ကျားပေါက် ...မင်းကိုငါသတိပေးနေတယ်နော်၊ ထပ်မပြောနဲ့တော့ လမ်းမှာသည်အတိုင်းဆက်ပြီး လုပ်နေဦးမယ်ဆိုရင်တော့ မဖြစ်ဘူး၊ နေခဲ့တော့ ..."

"အံမာ ...နေခဲ့လို့ဖြစ်မလားဗျ၊ သည်ပစ္စည်းတွေက ဘယ်လောက်အထိအရေးကြီးတယ်ဆိုတာ ဆရာသိတယ်မဟုတ်လား၊ ဆရာတစ်ယောက်တည်း ဘယ်ဖြစ်ပါ့မလဲ"

"ဟော့ကောင် ...မင်း ...မင်း တော် ...တော်တော့ကွာ"

သည်လိုနှင့် အချိန်စေ့သော် စက်လှေက ဆိပ်ကမ်းမှ ထွက်လာခဲ့သည်။ ဖြစ်ခဲ့လေးအတိုင်း ထွက်လာခဲ့သည်။ လမ်းမှာ အနှောင့်အယှက်မရှိဘဲ အေးဆေးစွာပင် မောင်းလာခဲ့လေရာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းကွေ့လေးတစ်ခုအနီးသို့ အရောက်တွင် ထင်ကြီးက ဝဏ္ဏဆီကိုရောက်လာပြီး ...

"ကိုဝဏ္ဏ၊ ဘယက်နီဘက်ကို မောင်းဗျာ"

"ဘာဖြစ်လို့လဲဗျ၊ ခါတိုင်း သွားနေကျလမ်းအတိုင်း မဟုတ်ဘူးလား။ အဲသည်ဘက်ကို တမင်တကာ ပိုမိုထုံးစံမရှိဘူး"

စက်လှေမောင်းသူ ဝဏ္ဏကလည်းခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

"ငါက မောင်းဆိုမောင်းစမ်းပါကွ"

ထင်ကြီး၏ လေသံက ပိုပြီးတော့မာလာသည်။ သူ၏ ဝဏ္ဏနောက်ကျောမှာကပ်ပြီး ရပ်နေသည်။ ထို့နောက် ခေါင်းကို ငုံ့ကာ ဝဏ္ဏ၏နားမှာကပ်ပြီး ...

"ငါပြောတဲ့အတိုင်း အေးအေးဆေးဆေး လုပ်ပါကွာ၊ ထင်ကြီးအကြောင်း သိတယ်မဟုတ်လား၊ ငါသည့်ထက်ပိုပြီးတော့ စိတ်မထွက်ချင်ဘူး"

"မသွားနိုင်ဘူးဗျ၊ ရန်ပိုင်ကိုပြော၊ သူကသွားဆိုရင် သွားမယ်"

ပါလာသော ကုန်သည်သုံးလေးယောက်နှင့် ခရီးသည် တစ်ယောက်နှစ်ယောက်တို့သည် အံ့အားသင့်သွားခဲ့ကြလေသည်။

"ကိုကြီးဝဏ္ဏ ဘာဖြစ်နေတာလဲ"

ရန်ပိုင်က တစ်နေရာမှလှမ်းပြီး မေးလိုက်သည်။

"သည်မှာကွာ ကိုထင်ကြီးက ငါ့ကိုဘဟက်နီဘက်ကို



မောင်းခိုင်းနေလို့"

ဘဟက်နီသည် မှောင်နီလမ်းကြောင်းရှိသောနေရာပင် ဖြစ်သည်။ ထို့ကြောင့် ထင်ကြီးတို့အပေါ်မှာ သင်္ကာမကင်းရှိနေသည်များက ပိုပြီးတော့ ကြီးထွားလာခဲ့သည်။

"ဘဟက်နီဘက်ကို ဘာသွားလုပ်မှာလဲဗျ၊ ကိုထင်ကြီးကလည်း သွားရိုးသွားစဉ်ခရီးအတိုင်းသွားနေတဲ့ဟာကို"

ရန်ပိုင်သည် ထင်ကြီးဆီကို လျှောက်လာခဲ့စဉ် ပခုံးကို တစ်ယောက်က နောက်ဖက်မှနေ၍ ဆုပ်ကိုင်လိုက်သည်။

"မင်းမသွားနဲ့၊ ပြောတဲ့အတိုင်းသာလုပ်"

ကျားပေါက်က တားဆီးလိုက်ခြင်းပင် ...

"ခင်ဗျား ကျွန်တော့်ကိုယ်ကိုမထိနဲ့"

"ထိတော့ ဘာဖြစ်သလဲကွာ"

ရန်ပိုင်က ကိုယ်ကိုဆတ်ခနဲဆို့ တွန့်လိုက်ပြီး ...

'ခွပ်'

"အား"

ကျားပေါက်မထင်မှတ်သော တိုက်ကွက်တစ်ခု မေးရိုးတစ်ခုလုံးဖြုတ်ထွက်သွားပြီသား မှတ်ရသည်။ မျက်နှာပြင်တစ်ခုလုံး ပွခနဲဖြစ်သွားသည်။ နာကျင်သောဝေဒနာကို လတ်တလောချက်ချင်းပင်ခံစားလိုက်ရသည်။ ကျားပေါက်၏ မျက်နှာက လန်ထွက်သွားသည်။ အရှိက်ဆီကို နောက်ထပ်လက်သီးတစ်ချက်က ခပ်ဆတ်ဆတ်လေး တိုးဝင်လာခဲ့သည်။

'အွတ်'

www.burmeseclassic.com

www.burmeseclassic.com



ကျားပေါက် မျက်လုံးပြူးထွက်သွားကာ ခွေခနဲလဲကျသွားသည်။ လူငယ်သလောက် ဖျတ်လတ်သွက်လက်၍သော ရန်ပိုင်၏လှုပ်ရှားမှုကို အံ့အားတသင့်ဖြစ်သွားခဲ့ကြလေသည်။ ကျားပေါက်သည် ကြမ်းပြင်မှာ မျက်နှာကြီးရှုံ့မဲ့ပြီး လူးလှိမ့်နေသည်။

"ဟော့ကောင် . . . မင်းက ငါ့လူကိုဘာဖြစ်လို့ ကိုယ်ထိလက်ရောက် စော်ကားရတာလဲကွ"

ထင်ကြီးက ရှူးရှူးရှဲရှဲဖြစ်သွားသည်။

"မြင်တဲ့အတိုင်းပဲလေ၊ လက်ရောက်တာက ခင်ဗျားရဲ့ တပည့်သည်မှာ ကျွန်တော်ပြောမယ်၊ သေတ္တာထဲမှာ ဘာပစ္စည်းတွေလဲ"

"မင်းကို ငါပြောပြီးပြီပဲ၊ ထပ်ပြီးပြောနေရဦးမှာလား"

"အမှန်ကို သိချင်တယ်"

"အေး အမှန်ကလည်း စောစောက ငါပြောခဲ့တဲ့အတိုင်းပဲ"

"ခင်ဗျားက အဲ့သလိုဆက်ဆံမှတော့ ကျွန်တော်ကလည်း သေတ္တာကိုဖွင့်ပေးဖို့ တောင်းဆိုရမှာပဲ"

"ဟာ သေတ္တာကို ဖွင့်ပေးရမယ်ဟုတ်လား၊ ဒါတော့ မင်းက စည်းဖောက်တာပဲကွာ၊ ကုန်သည်ရဲ့ ပစ္စည်းကိုဖွင့်ဖောက်ပြရိုးထုံးစံရှိလို့လား"

"ထုံးစံမရှိဘူးဆိုပေမယ့် အခုလိုအပ်လို့ ခင်ဗျားတို့ကို မသင်္ကာလို့"

"ဘာကွ . . . ငါတို့ကို မသင်္ကာလို့ . . . ဟုတ်လား။ မင်းက စော်ကားလှချည်လား၊ ဖွင့်မပြောဘူးကွာ"

"ရပါတယ်၊ ဒါဆိုရင် ကျိန်းသေနေပြီ။ သည်သေတ္တာထဲကပစ္စည်းတွေဟာ မရိုးသားဘူး"

"ဘာလို့ မရိုးသားရမှာလဲကွ၊ ဒါ ငွေကုန်ပစ္စည်းအမှန်အကုန်ပဲ၊ အော်ဒါမှာထားလို့ သွားပို့မှာ"

"အမှန်အကန်ဆို ဖွင့်ပြလို့ပြောနေတယ်လေ"

သူတို့နှစ်ဦး၏ အခြေအနေကိုစောင့်ကြည့်နေကြသောသူများမှာ အသည်းတယားယားနှင့် ဖြစ်နေကြသည်။ ထင်ကြီး၏အကြောင်းကို သိနေသောကြောင့်ပင်၊ ထင်ကြီးက ဘောင်းဘီအိတ်ထဲမှ ပစ္စတိုသေနတ်တစ်လက်ကို ဆတ်ခနဲဆို ထုတ်ယူလိုက်သည်။ ပြီးတော့ ရန်ပိုင်ကို ချိန်ထားလိုက်သည်။

"ငါက အေးအေးဆေးဆေးနဲ့ ပြောနေတာကို မင်းက သဘောမပေါက်ဘူး။ သည်နည်းကို ငါလည်းမသုံးချင်ပါဘူးကွာ၊ ကဲ ဘယ်ဟက်နီဘယ်ဘက်ကို မောင်းစမ်း"

ထိုစဉ် . . .

ရန်ပိုင်က ထင်ကြီး၏ကျောဘက်ကို ကြည့်ပြီး . . .

"ဟာ . . . ဟိုမှာ လိုက်လာကြပြီ"

ထင်ကြီးသာမက အားလုံး၏အာရုံကပဲ ပိုင်းကိုကျော်ပြီး ရောက်သွားကြနိုက် . . .

ရန်ပိုင်သည် ထင်ကြီး၏လက်ထဲမှ သေနတ်ကို မြှောင့်လွှဲကာကန်ပစ်လိုက်သည်။ သေနတ်သည် လွင့်ပြီးရေအိုကိုကျ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့လေ၏။

ထင်ကြီးသည် သူအငိုက်မိသွားခဲ့ပြီကို သိလိုက်သည်။

''ဟင် ...မင်းက ငါ့ကို ...''

ထင်ကြီးဒေါသထွက်သွားသည်။ ရန်ပိုင်ကို ခုန်အုပ်လိုက်သည်။ သို့သော် ရန်ပိုင့်ကိုယ်က လေထဲကို မြောက်တက်သွားသည်။

'ဖြောင်း'

''အား''

မျက်ခွက်ကို ခြေဖမိုးနှင့်ပတ်ရိုက်မိသွားသည်။ ထင်ကြီးကိုယ်တစ်ပတ်လည်ထွက်သွားသည်။ မော်တော်ပေါ်မှ ထိုးကျသွားခဲ့လေ၏။

'ဘွမ်း'

ထိုစဉ် ...

ကျားပေါက်က သံတူရွင်းကြီးကိုကိုင်ကာ ပြေးဝင်လာခဲ့ပြန်သည်။

''သေပေတော့''

ရန်ပိုင်၏ခေါင်းခေါ်ကို တအားလွှဲကာရိုက်ချလိုက်လေသည်။ ရန်ပိုင်က ဖျတ်ခနဲဆို ဘေးကိုခုန်ရှောင်ကာထွက်သွားခဲ့သည်။ ရိုက်ချက်က လွဲသွားသည်။ ဘယ်ဒူးကို ကွေးညွှတ်ကာခြေကို ခပ်ဆတ်ဆတ်လေးကန်ထုတ်လိုက်သည်။ အရှိက်ကိုထိသွားသည်။

'အွတ်'



ဒုတိယအကြိမ်မြောက် ထိသွားခဲ့ရပြန်သည်။ ကျားပေါက် မရုန်းနိုင်မရိုက်နိုင် ဖြစ်သွားခဲ့ရသည်။ ပါးစပ်ထဲကလေတွေအန်ထွက်သွားသည်။ စောစောကထိထားသော ဒဏ်ကြောင့်ပိုပြီးထိသွားသည်။ သို့သော် ဒေါသကဖျစ်ညှစ်ကာထွက်သွားသည်။ ရန်ပိုင်ကို တိုက်ခိုက်ရန်ကြိုးစားသေးသည်။

''ကဲကွာ''

ရန်ပိုင်သည် ကျားပေါက်ကိုနောက်တစ်ကြိမ် ကန်ထည့်လိုက်ရာ ...

'ဖြောင်း'

''အား''

ကျားပေါက်သည် မော်တော်ပေါ်မှ အောက်ကို ပစ်ကျသွားခဲ့လေသည်။

'ဘွမ်း'

ဆရာတပည့်နှစ်ယောက်တို့သည် ရေထဲမှာ ကူးခတ်နေကြသည်။ သေတ္တာသည် ရေမျက်နှာပြင်ထက်မှာ တစ်ခဏသာပေါ်ပြီး ရေထဲကိုနစ်မြုပ်သွားခဲ့လေသည်။

▣

ရန်ပိုင်သည် နောက်ကြောင်းကိစ္စများကို ပြန်ပြီးတော့တွေးနေမိသည်။ ဥပဒေနှင့် မကင်းသောအလုပ်များကို မိမိ၏မော်တော်ပေါ်ကို တင်ရန်လက်မခံ၊ ထိုကဲ့သို့သောသူများနှင့်

www.burmeseclassic.com

www.burmeseclassic.com



လည်း မကြာခဏပင်ဆုံတွေ့ရတတ်သည်။ သို့သော် ကိုယ်တိုင် ပင်ဖြေရှင်းပစ်ခဲ့သည်ချည်းပင် ...။

လူငယ်သလောက်စွာသော၊ ထက်သော ရန်ပိုင်ကို အားလုံးက မဆန့်ကျင်ရဲကြတော့ပေ။

ရန်ပိုင်ရာဘာစိုက်ပျိုးသော မြေသည် နဂိုကအလုပ်ဖြစ် သည့် အမြေအမျိုးမဟုတ်ပေ။

"မင်းသည်နေရာကို စိုက်ပျိုးလို့မအောင်မြင်ဘူး၊ ဒါပေမဲ့ ငါဆုတောင်းပေးမယ်"

ဖကီးလေးက ရန်ပိုင်ကိုအားပေးသည်။ တစ်နှစ်အကြာမှာ ထိုမြေပေါ်တွင် မြစ်ကွန်းအောင်မြင်နေသော ရာဘာပင်များကို အများကတွေ့လိုက်ကြရသည်။ ဖကီးလေးအပေါ်မှာထားခဲ့သော စေတနာ၏ ရောင်ပြန်ဟပ်ခံရခြင်းပေလောဟု ထင်မိလေသည်။

■ ■ ■



[၅]

## ညှိုးနွမ်းနေသော ဖန်တောင်ကြီး

လူငယ်တစ်ဦးဖြစ်သော်လည်း မိမိကိုင်တွယ်သော လုပ်ငန်းအချို့ကို နိုင်နင်းစွာလုပ်ကိုင်နိုင်သည်။ လုပ်ငန်းနှင့် နီးသော နေရာတွင် အိမ်တစ်လုံးကိုဝယ်ထားသည်။ ထိုအိမ်မှာနေသည်။ ရန်ပိုင်၏ ဇာတိဇာစ်မြစ်ကိုတော့ မည်သူကမှမသိကြပေ။ အဖော်မရှာ၊ အိမ်မှာတစ်ယောက်တည်းနေသော်လည်း လူတစ်ယောက်ကတော့ မနက်၊ ည၊ ထမင်းချက်ပေးသည်။ အဝတ်အစားများကို လျှော်ဖွပ်ပေးသည်။ နေ့စဉ် မှန်မှန်လာသည်။ ညတော့မအိပ်။

ချွင်းချက်က ရန်ပိုင်ခရီးထွက်နေသောအချိန်များတွင် အိမ်မှာလာစောင့်အိပ်ပေးသည့် လက်ဆော့၊ ခြေဆော့မရှိ စာရိတ္တပိုင်းကို စိတ်ချရသည်။ မိဘကိုလုပ်ကျွေးနေသူဖြစ်၍ ရန်ပိုင်က အခအပြင် သီးခြားထောက်ပံ့ကြေးများလည်းပေးလေသည်။

တစ်ရက်တွင် ...

"ကိုငွေ ကျွန်တော်ခရီးထွက်မလို့၊ တစ်ပတ်လောက်



www.burmeseclassic.com

www.burmeseclassic.com

ကြာမယ်''

''ဟုတ်ကဲ့ . . . ကျွန်တော် အိမ်စောင့်လာပေးပါ့မယ်''

သို့နှုတ်ဆက်ပြီးသွားခဲ့လေသည်။ ရန်ပိုင်၊ အိမ်ကိုပြန်ရောက်လာသောအခါ ကိုဌေးသည် မိန်းကလေးတစ်ဦး ပမာပင် အိမ်ကိုကောင်းမွန်စွာ ရှင်းလင်းထားသည်။ သပ်ရပ်စွာပြုပြင်မွမ်းမံထားသည်ကို တွေ့လိုက်ရသည်။ ကိုဌေးသည် စကားလည်းသိပ်မပြောတတ်။

''ကျေးဇူးပဲဗျာ ကိုဌေးတို့ မိသားစုအတွက် ဟောသည်မှာ''

ဝယ်လာသော ငါးခြောက်ငါးခြမ်းများ၊ စည်သွပ်ဘူးများ မုန့်ပုံးများကိုပေးသည်။

''ဟာ ဆရာလေးကလည်း ဒါလောက်အများကြီး ကျွန်တော်မယူပါဘူး''

''မငြင်းပါနဲ့ဗျာ ကိုဌေးက ကျွန်တော့်အပေါ်မှာ စေတနာထားပြီးကူညီလုပ်ကိုင်ပေးတော့ ကျွန်တော်ကလည်းအပြန်အလှန်သဘောမျိုးထားတာပါဗျာ၊ ကိုဌေးလည်း ကျွန်တော်ခရီးထွက်နေတုန်းမှာ မိသားစုနဲ့ခွဲပြီးတော့ နေနေရတာ . . . သုံးရက်ခွင့်ပေးတယ်ဗျာ . . . မလာနဲ့''

''ဟာ . . . ဆရာလေးကလည်း သည်လိုဘယ်ဖြစ်မှာလဲ ကျွန်တော်လာရမှာပေါ့၊ ကျွန်တော့်ကို အားမနာပါနဲ့''

ကိုဌေးသည် နှုတ်ဆက်ပြီးတော့ ပြန်သွားခဲ့လေသည်။

ရန်ပိုင်လည်း မော်တော်ပေါ်တွင် ထင်ကြီးနှင့်ကတောက်



ဆဖြစ်ခဲ့သည့် ရန်ကြွေးသည် အေးလိမ့်မည်မဟုတ်ဟု ထင်နေသည်။ မိမိကိုယ်တိုင်က ဥပဒေဘောင်အတွင်းမှာသာ ကျင်ညှိကျက်စားလိုသည်။ ထိုကဲ့သို့သောသူများနှင့် မပတ်သက်ပေ။ သက်ဆိုင်ရာနှင့် ရှင်းရမည့်ကိစ္စမျိုးကိုလည်း မကြုံချင်ပေ။

ရန်ပိုင်သည် စိတ်ပန်းလူပန်းဖြစ်လာခဲ့၍ အိပ်ရာသို့ စောပင်ဝင်မိသည်။ မိမိအသက်အရွယ်နှင့် မလိုက်သောအတွေ့အကြုံများကို ကြိမ်ဖန်များစွာရရှိထား၍ ထုသားပေသားနေလေပြီ။ အိပ်ရာနိုးမှာ အတွေးအားလုံးကို ဖျောက်ပစ်လိုက်သည်။ ဤကား ပိုင်းဖြတ်နိုင်သော သူ၏စိတ်ပင်။ ထို့ကြောင့် ခဏချင်းမှာပင် နှစ်ခြိုက်စွာအိပ်ပျော်သွားခဲ့လေ၏။

■

မော်တော်သည် ရေပြင်ထက်မှာ တရိပ်ရိပ်နှင့်ပြေးနေသည်။ လူတစ်ယောက်သည် သူ့ကိုကျောပေးကာ ကုန်သေတ္တာပေါ်မှာ ထိုင်နေသည်။ သူ့ကိုမည်သူမှန်းမသိ။ ရန်ပိုင်က ကျောက်ခပ်လှမ်းလှမ်းနေရာမှာ ရပ်နေသည်။

''သည်လူ ဘယ်သူများပါလိမ့်''

စိတ်ဝင်စားသည်။ ထို့ကြောင့် အနားအထိရောက်အောင်တဖြည်းဖြည်းပင် လျှောက်သွားခဲ့သည်။ ထိုသူသည် လှိုင်းနေသော ရေပြင်ကျယ်ကြီးကိုငေးပြီးတော့ ကြည့်နေသည်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ရန်ပိုင်အနားသို့ရောက်လာသည်ကိုပင် မသိပေ။ ရ
ပိုင်က သူ့ပခုံးကိုပုတ်လိုက်ပြီး . . .

''ဟေ့လူ . . . ခင်ဗျားဘယ်သူလဲ၊ ကျွန်တော့်ခွင့်ပြုချက်
မရဘဲ ဘယ်လိုကြောင့် မော်တော်ပေါ်ကိုရောက်နေရတာလဲ''

ဟု မာဆတ်ဆတ်နှင့်မေးလိုက်လေ၏။ ထိုအခါ ထို
နေသူက နောက်ကိုလှည့်ကြည့်လိုက်လေရာ မျက်နှာချင်းဆိုင်
သည်နှင့်

''ဟင်''

ရန်ပိုင်အံ့အားသင့်သွားခဲ့ရလေသည်။ အကြောင်းမှာ
ထိုသူသည် မိမိမျက်နှာနှင့် တစ်ပုံစံတည်းတူနေသောကြော
ပင်တည်း။ ရည်မွန်သောမျက်နှာနှင့် ပြုံးပြီးတော့ကြည့်နေသော
သူသည် သူ့ကို ရင်းနှီးပြီးသောဆက်ဆံရေး ရှိထားသလိုပင်
ရန်ပိုင်ကလည်း ဤကဲ့သို့ပင်ခံစားချက်က တူနေလေသည်
ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားခဲ့ရသည်အထိ ခံစားသွားခဲ့ရလေ
သည်။

■

ရန်ပိုင် အိပ်ပျော်နေရာက ဖျတ်ခနဲဆိုလန့်ပြီးတော့
သွားခဲ့ရသည်။ ရင်ထဲမှာလည်း တလှပ်လှပ်နှင့်ဖြစ်ပေါ်ခံစားနေ
မိသည်။

''ငါ သည်လိုအိပ်မက်မျိုးကို မကြာခဏတာမက်တယ်



က်လိုက်တိုင်း သူပဲ၊ အဲသည် သူကလည်းငါပဲ၊ ဘာဖြစ်လို့
င့်ကိုယ်ငါပြန်ပြီးတော့ မက်နေရပါလိမ့်''

မိမိကိုယ် မိမိလည်းအံ့အားသင့်နေမိသည်။ တွေး၍မှု
ပင်မပေါ်အဖြေရှာ၍မရ၊ ယခုမှပင်မဟုတ် ငယ်စဉ်ကလေးဘဝ
ကပင် မကြာခဏမက်ခဲ့သည့် အိပ်မက်မျိုး။ သို့သော် . . .

ရန်ပိုင်သည် ဦးနှောက်အခြောက်ခံပြီး ကြာကြာမစဉ်း
စားခဲ့၊ မေ့လွယ်ပျောက်လွယ် သဘောမျိုးနှင့်သာနေခဲ့သည်။
ထိုကဲ့သို့သော အိပ်မက်မျိုးသည် လူငယ်ဘဝအထိ တောက်
လျှောက်မက်လာခဲ့သည်။ နောင်အခါကျမှသာ သတိထားမိစရာ၊
စဉ်းစားစရာဟု သိမှတ်ခံစားလာခဲ့ရလေသည်။

ကိုယ်တစ်ဦးတည်းသာ သိသောအကြောင်းအရာများ
ကို မြုံထားတတ်သော အကျင့်ရှိသူမို့ မည်သူ့ကိုမှ မတိုင်ပင်
ခဲ့၊ မဆွေးနွေးခဲ့ပါ။ ကြာသော် ထိုမကြာခဏမက်သည့် အိပ်
မက်ကိုပင် သဘောကျနှစ်ခြိုက်လာမိသလိုပင်။ တစ်ခါတစ်ရံ
မှာ တာရှည်သောလများကို ကျော်လွှားခဲ့သည်။ ထိုသူက အိပ်
မက်ထဲကို ရောက်မလာခဲ့၊ ထိုအခါမျိုးမှာ အိပ်မက်ကို တောင့်
တမိခဲ့လေသည်။

■

ရန်ပိုင်သည် ငယ်ငယ်ကအဖြစ်အပျက်များကို ပြန်ပြီး
တော့ တွေးနေခြင်းမျှသာ အခုတော့ သူသည် ၂၈ နှစ်ရှိသော

www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကိုရောက်လာခဲ့လေပြီ။ ဤအရွယ်အထိ စီးပွားရေး တောက်လျှောက်လုပ်လာခဲ့ရသူမို့ ဘဝအတွေ့အကြုံကမျာ သည်။ လူလတ်ပိုင်း မရှိတရှိမှာ ရင့်ကျက်လာခဲ့လေပြီ။

``တော်စမ်းပါကွာ၊ ငါ ဒါမျိုးတွေကို စိတ်မပင်စား ဘူးဆိုနေမ ဆိုရင် ယင်မတောင်မသန်းမခံဘူးကွ၊ ခြေမ၊ လက် တောင် မပယ်ကောင်းလို့သာ။ ပြီးတော့ သည်ရွာက လူအ ရဲ့ စရိုက်၊ သဘာဝနဲ့ ကိုးကွယ်မှုအလေ့အထကြီးကိုလည်း ငါ ကြိုက်ပါဘူးကွာ''

``ဟော့ ...ဟော့ ...မိန်းမတွေကိုစိတ်မဝင်စားဘူး ပြောရင်ရတယ် ...၊

တခြားဘာညာတွေ လျှောက်ပြောမနေနဲ့ကွာ၊ ကြ ကြားလေကြား ...အပျက်ပုံ့ကျ်နဲ့ နှာခေါင်းသွေးထွက်နေပြီ မယ် သူငယ်ချင်းရာ''

သာထူးက ရန်ပိုင့်ကို မျက်ကလဲဆံပျာလုမ်းပြီးတော် သတိပေးလိုက်လေသည်။ ရန်ပိုင်လည်း သူများရပ်ရွာဖြစ်နေ မိမိနှုတ်လွန်သွားခဲ့သည်ကို သတိရသွားမိသည်။ ဆက်မပြေ တော့ ...

မိုးလုံးရွာကလေးတွင် ရန်ပိုင်ရောက်နေစဉ် သာထူး တရိစ္ဆာန်ထွက်ပစ္စည်းများဖြစ်ကြသော ကျားသားရေနှင့် ပင



သက်သော ကိုယ်အင်္ဂါအစိတ်အပိုင်းများ အခြားသောတရိစ္ဆာန် သားရေများနှင့် သက်ဆိုင်သော အစိတ်အပိုင်းများ။ ဆေးပင်၊ ဆေးမြစ်များကို ဝယ်ယူစုဆောင်းပေးသည်။ ရန်ပိုင်က အရင်း အနှီးပေးထား၍ ကြံ့လျှင်ကြံ့သလို ဝယ်ယူစုဆောင်းပေးထား သည်လည်းရှိသည်။ ဤအတွက် ရန်ပိုင်က သာထူးကို ကော်မ ရှင်ခပေးလေသည်။

ဤသို့တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိနေသည့်အတွက် သာထူးတို့၏ မိသားစုမှာ အဆင်ပြေနေကြသည်။ သာထူး၏ ဇနီး မကောင်းပုံကလည်း ရန်ပိုင်အပေါ်မှာ ဖော်ရွေကြည်ဖြူ လေသည်။ ညီ့သည်လို့ သဘောမထားဘဲ၊ သွေးသားအရင်း အချာပမာ သဘောထားလေသည်။

ကုန်ပစ္စည်းများစုဆောင်းရရှိပြီး မပြန်မီတစ်ရက်တွင် ရန်ပိုင်နှင့် သာထူးတို့သည် ရွာပတ်ဝန်းကျင်အနီးအနား တစ် ဝိုက်ကို လေ့လာရန်စီစဉ်ကြသည်။ ရန်ပိုင်၏ ဆန္ဒအရပင် ဖြစ်သည်။

မနက်အဆာပြေ စားသောက်ပြီးမှ သွားကြရန်မကောင်း ပုံက စီစဉ်ပေးလေသည်။

``ကဲ ...စားသောက်ပြီးမှသွားကြပေါ့၊ အထူးသတိပေး ချင်တာက လမ်းမှာ ဘယ်သူတွေ ဘာတွေလုပ်နေကြတာပဲ တွေ့တွေ့ မမေးမမြန်းပါနဲ့၊ သူတို့က မကြိုက်ကြဘူး၊ သည်ရွာက လူတွေအကြောင်းကို သိတယ်မဟုတ်လား''

မကောင်းပုံက ပွင့်လင်းစွာသတိပေးသည်။ စိတ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်၊ စိတ်ထားဖြူစင်သည်ဖြစ်သော်လည်း စကား
ပြောကပြတ်သည်။ သူမ၏ရွာမှ လူတွေနှင့်ပတ်သက်ပြီး သူမသာ
အသိဆုံးပင်ဖြစ်သည်။

"စိတ်ချပါဗျာ၊ ကျွန်တော်က သည်လူတွေရဲ့အကြောင်း
ကို သိထားပြီးသားမို့ သူတို့ဘာကိုပဲ လုပ်နေနေ မစပ်စုပါဘူး"

"ကောင်းပုံကလည်းကွာ စကားမပြောဘဲ၊ အမြဲတမ်း
မြုံစေ့စေ့နေတတ်တဲ့ ရန်ပိုင်အကြောင်းကို သိသားနဲ့၊ သူကို
သည်ရွာကလူတွေက ဘယ်တုန်းက အရောတဝင်လာလုပ်ဖူး
သေးလို့လဲ"

"ဟုတ်ပါတယ်၊ ကျွန်မသိတာပေါ့၊ ဒါပေမဲ့လည်း စိတ်
လွတ်ကိုယ်လွတ်ဖြစ်မှာစိုးလို့ ထပ်ပြီးသတိပေးတာပါ"

"ဟုတ်ပါ့တယ်၊ ခုလိုသတိပေးတဲ့အတွက် မကောင်း
ပုံကိုကျေးဇူးတင်ပါတယ်"

ရန်ပိုင်ကပြုံးပြီးတော့ ပြောသည်။ ဝမ်းဖြည့်ပြီးကြသော
အခါ အိမ်မှထွက်လာခဲ့ကြသည်။ ရွာလမ်းမကြီးအတိုင်းလျှောက်
လာခဲ့ကြသည်။ သက်ကြီးရွာအိုအချို့သည် ရန်ပိုင်ကို အကြည့်
တစ်မျိုးနှင့်ကြည့်ကြသည်။ မလိုလားသော အကြည့်မျိုး။

နှောင်းခေတ်လူငယ်တွေကတော့ တချို့က မသိကျိုးကျွံ
တချို့က နှစ်လိုသောအပြုံးများနှင့် ကြည့်သွားကြသည်။ ရန်ပိုင်၏
ယောက်ျားပီသသော မျက်နှာနှင့်တောင့်တင်းကြံ့ခိုင်သော ကိုယ်
ယံ ုးကို ယ် ပေါ က် က ဆွဲ ဆော င် မှု အပြည့် ရှိ နေ သည်။
မိန်းကလေးများဆိုလျှင် စိတ်ဝင်စားသောအကြည့်များနှင့် လမ်း



သွားရင်းကြည့်သွားခဲ့ကြသည်။ သို့သော် ...

ဤရွာမှ လူကြီးများ၏ လူစိမ်းများနှင့်မဆက်ဆံရဟု
သော စည်းကမ်းကလံနားကြီးက ထိန်းချုပ်ထားသည်။ မိတ်ဖွဲ့
လိုသော်လည်း နှုတ်ကမစရဲကြ။ အကြည့်များဖြင့်သာ မျက်ဝန်း
စကားပြောသွားခဲ့ကြသည်။

"ငါ သည်ရွာကလူတွေနဲ့ မိတ်ဆွေဖြစ်ချင်ပေမယ့်
အခြေအနေက မပေးလို့သာကွာ"

"အေးကွာ၊ သူတို့ရဲ့ အရိုးစွဲနေကြတဲ့ အယူအဆတွေ
ဟာ တစ်နေ့ကျရင် ပျောက်ကွယ်သွားပါစေလို့ ဆုတောင်းရမှာပဲ"

ညွှေသည်ကို အိမ်ရှင်ကမလိုလားသော အခြေအနေ
သည် ဆိုးဝါးလှသည်။ ဘာတတ်နိုင်ကြမှာနည်း။

သည်လိုနှင့် ရွာပြင်ကိုရောက်လာခဲ့ကြသည်။ တော
တောင်သဘာဝအရသာကို ပြည့်ဝစွာပင်ခံစားလိုက်ရလေသည်။
ထို့နောက် ဆက်ပြီးတော့လျှောက်လာခဲ့ကြသည်။ ရွာနှင့်ဝေး
သထက်ဝေးလာခဲ့သည်။ မကြာမီမအူတောဘက်သို့ ရောက်လာ
ခဲ့ကြသည်။ ရန်ပိုင်နှင့် သာထူးတို့သည် ထိုနေရာနှင့် ပတ်သက်
ပြီး ခေါင်းထဲတွင်အလိုလိုဝင်လာခဲ့သည်က လူတစ်ယောက်ဝံ
ကိုက်ခံရပြီး သေဆုံးခဲ့သည့်နေရာဟူ၍။

တောထူထူထဲကို ဆက်ပြီးတော့ ဝင်လာခဲ့ကြသည်။
ထိုသို့ကို မြုပ်နှံထားသောနေရာတွင် လူတစ်စုကို မမျှော်လင့်
ဘဲတွေ့လိုက်ရသည်။ အမျိုးသမီးကြီးနှစ်ယောက်၊ ဆယ်ကျော်
သက်အရွယ်ယောက်ျားလေးတစ်ဦးနှင့် မိန်းကလေးနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးကြီးလူကြီးတစ်ဦးနှင့် ရင်လျားကာဆံပင်ဖားလျားလျားချထားသော အဘွားအိုတစ်ဦး။

သေဆုံးသူ၏မြေပုံမို့မို့ပေါ်တွင် အစားအစာ၊ ထမင်းဟင်းများကို ငှက်ပျောဖက်ခံကာ တင်ထားသည်။ ထို့နောက် ထဘီရင်လျားနှင့် မျက်နှာပေါက်ဆိုးဆိုးအဘွားအိုက လက်နှစ်ဖက်ကို မိုးပေါ်သို့မြှောက်က နှုတ်ကလည်းဆိမန်းမန်းသလို တလှုပ်လှုပ်တရွရွနှင့် ရှိနေသည်။

မိသားစုဖြစ်ဟန်တူသော ထိုသူတစ်စုက မြေပုံပေါ်သို့ ဝမ်းလျားမှောက်ချလာကြသည်။ ငြိမ်သက်နေကြသည်။ ရန်ပိုင်တို့က မမြင်ချင်ယောင်ဆောင်ပြီး ခပ်လှမ်းလှမ်းမှ လျှောက်သွားခဲ့ကြသည်။ ထိုနေရာနှင့် ဝေးလာခဲ့ပြီးမှ . . .

"ဘာလုပ်နေကြတာလဲကွ"

"သေသူဝိညာဉ်ကို အစားကျွေးတာ။ ပြီးတော့ အိမ်ကို ခေါ်ထားဖို့ နတ်ဝင်သည်ကိုခေါ်ပြီး အစီအရင်တွေလုပ်နေတာ"

သာထူးက စိတ်မသက်မသာနှင့် ပြောလိုက်သည်။ ဤကဲ့သို့သော ဓလေ့စရိုက်မျိုးကို သူလည်းပဲသဘောမကျ။

"မင်း သည်အရပ်မှာမနေသင့်တော့ဘူး၊ ငါဆိုရင် ကိုယ်နဲ့ ဓလေ့ထုံးစံ၊ စရိုက်မတူညီတဲ့နေရာမျိုးမှာ မနေတော့ဘူး၊ ပြီးတော့ မင်းက သည်မှာရရစားစားနဲ့ လုပ်ကိုင်စားသောက်နေရတာ၊ ငါ့မှာ အလုပ်အတွက် လူလိုနေတယ်၊ မင်းလို သူငယ်ချင်းမျိုးသာရမယ်ဆိုရင် ငါ့အတွက်လည်းအဆင်ပြေမယ်၊ မင်းတို့လည်း အဆင်ပြေမယ်"



"ငါက မင်းလိုစိတ်ကူးမျိုးရှိပြီးသားပါကွ၊ ဒါပေမဲ့ ငါ့မိန်းမက ဒေသစွဲရှိတယ်၊ သည်နေရာက ခွာချင်တာမဟုတ်ဘူးကွ၊ ငါတောင် သူ့သံယောဇဉ်နဲ့ သူ့နောက်ကိုလိုက်လာခဲ့ရတာကိုသာ ကြည့်"

သာထူးက စိတ်မသက်သာစွာပင် ပြောလိုက်သည်။ စည်းရုံး၍မရမှန်းသိ၍ ဆက်မပြောတော့။ တစ်နေရာကိုရောက်သောအခါ ခြေလှမ်းတွေကို ရပ်လိုက်ကြသည်။

ဟိုးအဝေးမှာ ဖန်တောင်ကြီးက မှိုင်းပျပျ၊ တပြိုးပြိုးတပြောင်ပြောင်ရှိနေပြီး ရန်ပိုင်ကို ညှို့ယူကာခေါ်ဆောင်နေသလို၊ ရန်ပိုင်ကလည်း ဖန်တောင်ကိုကြည့်မိလိုက်လျှင် မျက်လုံးတွေကို တော်တော်နှင့်မခွာချင်။

"ဖန်တောင်ဟာ ဘယ်ကနေပဲကြည့်ကြည့် ပြိုးပြိုးပြောင်းပြောင်းနဲ့ သိသာထင်ရှားတယ်၊ တစ်ဦးတစ်ယောက်က အဲ့သည်နေရာကို ရောက်သွားခဲ့ရင်တော့ ဖန်တောင်ကို အလွယ်တကူရှာလို့မတွေ့နိုင်တော့ဘူး၊ တွေ့နိုင်ဖို့ခဲယဉ်းတယ်"

"ဟင် . . . ဟုတ်လား၊ ဘယ်လိုအကြောင်းကြောင့်လဲကွာ"

"မပြောတတ်ဘူးကွ၊ ငါကတော့ ကိုယ်တွေ့ပဲ"

"သည်လိုဖြစ်ပါလိမ့်မယ်ကွာ၊ ငါတို့ အခုကြည့်နေကြတာက အမြင့်ပိုင်းက၊ ဒါပေမဲ့ ဖန်တောင်ရှိတဲ့နေရာကို ရောက်သွားတော့ အနိမ့်ပိုင်းဖြစ်နေတယ်၊ ရှေ့မှာ တောအုပ်တွေ၊ တောင်ပူစာပေ့ါက ကာဆီးနေတော့ ဖန်တောင်ကို မမြင်ရတာပဲ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လိမ့်မယ်''

သာထူးက ရန်ပိုင်၏စကားကို မထောက်ခံ။ နှုတ်ဆိတ်နေသည်။ သူ့ထင်မြင်ချက်က တစ်မျိုးဖြစ်နေသလားဟူ၍ ...

''မင်းက ဘယ်လိုထင်လို့လဲ''

ရန်ပိုင်သည် သာထူး၏ထင်မြင်ချက်ကို လိုချင်နေသည်။ သာထူးက ခေါင်းကိုခါယမ်းလိုက်ပြီး ...

''အမှန်မှာ ဖန်တောင်ဆိုတာ တကယ်မရှိတာလား၊ ရှိလျက်သားနဲ့ အနီးကိုရောက်မှ ရှာလို့မတွေ့တာလား၊ ဘယ်သူမှမသိနိုင်ဘူးကွ''

''ဟင်''

ရန်ပိုင် တွေဝေသွားခဲ့ရသည်။ သာထူးသည်လည်း ဤကဲ့သို့သော မအပ်မရာအတွေးမျိုးဝင်နေခဲ့ပြီလားဟု သို့ရှိနေစဉ်မှာပင် လူတစ်စုက သူတို့နှင့်မလှမ်းမကမ်းဆီသို့ ရောက်လာသည်။ အဘိုးကြီးနှစ်ယောက်နှင့် နတ်ဝင်သည့် မိန်းမကြီးပင် လှည့်ကြည့်လိုက်ရာ ရန်ပိုင်နှင့်သာထူးတို့ကို ရူးရူးရှားရှားနှင့် ဝါးစားတော့မလို စိုက်ကြည့်နေကြသည်ကို မြင်လိုက်ကြရလေသတည်း။

▣ ▣ ▣

[၆]

## ဝါနဲ့တူတဲ့လူ

ရန်ပိုင်သည် အခြားအလုပ်များကို ကိုဝဏ္ဏနှင့်လွှဲပေးထားခဲ့ပြီး မိမိ၏ရာဘာခြံဆီကို ပြန်လာခဲ့သည်။ ကုန်ပစ္စည်းတင်ပို့မည့် ကိစ္စအတွက်ကိုဝဏ္ဏက စိတ်ချရသောလူတစ်ယောက်ကို ခေါ်၍သူ့ဘာသာသူ လုပ်ဆောင်ပေလိမ့်မည်။ ကိုဝဏ္ဏသည် သွေးသားရင်းချာပမာ အစစအရာရာ အားကိုးစိတ်ချရသူပါတည်း။

ရာဘာခြံတာဝန်ခံနှင့်တွေ့ပြီး လိုအပ်သည့်စကားများကိုပြောဆိုကာ တစ်နေရာကို ထွက်လာခဲ့သည်။ အောက်ချိုက်အနိမ့်ပိုင်းကို ဆင်းလာခဲ့သည်။ ဖကီးလေးနေထိုင်ခဲ့သော တောင်ကုန်းလေးဆီကို ရောက်လာခဲ့သည်။ ဤနေရာတွင် ဖကီးလေးမရှိတော့သည်မှာ နှစ်အတန်ကြာခဲ့လေပြီ။ သူ့ကိုနှုတ်မဆက်ဘဲ ထွက်သွားခဲ့သည်။

မည်သည့်နေရာကို ထွက်သွားမှန်းပင်မသိ။ သူပြောပြောနေသည့် ဟိဝမန္တာအရပ်ဆီကိုပဲလား မပြောတော့ပါ။ ဖကီး

www.burmeseclassic.com

www.burmeseclassic.com



လေးသုံးသည့် အသုံးအဆောင်ပစ္စည်းများကတော့ သည်အတိုင်းပင် ကျန်ရစ်ခဲ့လေသည်။ မိမိ ရာဘာပင်တောဆီကိုရောက်တိုင်းမှာ ဖကီးလေးနေသွားသည့် နေရာဆီကိုမလာဘဲ မနေနိုင်၊ စိတ်ထဲမှာ ပြန်ရောက်နေလိမ့်မည်ဟု ထင်နေမိသည်။ ယခုလို မတွေ့ရသောအခါ ရင်မောသွားခဲ့ရလေသည်။

ထိုနေရာမှ ပြန်အလှည့်တွင် ခေါင်းထဲမှာမိုက်ခနဲဖြစ်သွားခဲ့ရလေ၏။ မျက်လုံးထဲမှာလည်း ဘာမှမမြင်ရသလိုဖြစ်သွားခဲ့ရသည်။

ထို့ကြောင့်

အနီးရှိ သစ်ပင်ကြီးတစ်ပင်ကို လက်နှင့်ထောက်ရင်း ထိုင်ချလိုက်ရသည်။ ပင်စည်ကို ကျောမှီထားလိုက်လေသည်။ သတိလစ်ချက်လစ်သလိုဖြစ်သွားသည်။ မျက်လုံးထဲမှာ ပြန်ပြီးတော့ ကြည်လင်လာသည်။ သူ တွေ့လိုက်ရသည်ကား လူငယ်တစ်ယောက် ဂျူတီကုတ်နှင့် နားကြပ်ကိုလည်မှာဆွဲထားသည်။ ကုတင်တစ်လုံးရှိ လူနာတစ်ဦးကို မေးမြန်းနေသည်။ နားကြပ်နှင့်လည်း စမ်းသပ်နေသည်။ သူ့ဘေးမှာ သူနာပြုဆရာမတစ်ယောက်ကရှိနေသည်။ ထိုလူငယ်ဆရာဝန်သည် သူနှင့်တစ်ပုံစံတည်းတူနေသည်။ မျက်နှာပေါ်မှာ ပါးမြင်းမွေးပါးနှင့် နှုတ်ခမ်းမွေးတို့မရှိသည်ကလွဲ၍ သူနှင့်တစ်ပုံတည်းပင်။

ထို့နောက် ...

မြင်ကွင်းသည် တရေးရေးနှင့်ပျောက်ကွယ်သွားခဲ့သည်။ ဝန်းကျင်ပတ်ကန်းကို ပုံမှန်အတိုင်းပင် ပြန်ပြီးတော့မြင်လာခဲ့



နေလေသည်။

"ငါ ... ငါ ဘယ်လိုဖြစ်သွားတာပါလိမ့်"

ယခုလို မိမိဖြစ်သွားသည်က ထူးဆန်းနေသည်။ အိပ်ပျော်နေစဉ် အိပ်မက်မက်သည်။ အခြေအနေမျိုးမဟုတ်၊ စက္ကန့်ပိုင်းမျှသတိလစ်သွားပြီးမှ မြင်ကွင်းတစ်ခုက အာရုံထဲမှာပေါ်လာခဲ့ခြင်းပင်။

သည့်နောက်ပိုင်းမှာ အတွေးတစ်ခုကပေါ်လာခဲ့သည်။

"တစ်နေရာရာမှာ ငါနဲ့တစ်ပုံစံတည်းတူနေတဲ့ လူတစ်ယောက်များရှိနေလို့လား တကယ်လို့ရှိနေတယ်ဆိုရင် အဲသည်လူဟာငါနဲ့ဘယ်လိုများ ပတ်သက်နေသလဲ"

ယခင်ကတော့ ဤလိုသံသယမျိုးတွေမဝင်၊ ယခုတော့ ဝင်လာခဲ့ရလေပြီ။ ထူးဆန်း၍ မှုပ်ကွယ်နေသော အခြေအနေတစ်ခုကို မိမိရင်ဆိုင်နေရပြီဟု ထင်မိသည်။ အဖြေကမရှိ။

"အင်း ငါ့ရဲ့အရင်ဘဝက အကြောင်းတွေကိုများ ပြန်ပြီးတော့ တွေ့မြင်နေရတာလား။ စိတ်တန်နိုးစွမ်းအင်များရနေတာလား။ ဒါပေမဲ့ တခြားအကြောင်းတွေကို မမြင်ဘဲ သည်လူကိုပဲ မကြာမကြာ မြင်မြင်နေတာ။ သူတစ်ယောက်တည်းနဲ့ပဲ ပတ်သက်နေလို့လား"

မည်သည့်အခါမှ နက်နဲသောအတွေးမျိုးကို မတွေးတတ်သည့် ရန်ပိုင် ယခုတော့ တွေးတတ်လာခဲ့ရလေပြီ။

"သည်လူဟာ အတိတ်ဘဝက ငါမဟုတ်ခဲ့ရင်တောင် အခုအချိန်မှာ တစ်နေရာရာမှာရှိကောင်း ရှိနေနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



လွှန်ကဲသောအတွေးတစ်ခုက ဝင်လာခဲ့လေသည်။ သူ နှင့်တူသော လူတစ်ယောက်သည် ဤကမ္ဘာပေါ်တွင် မလွဲကေန် ရှိနေလိမ့်မည်ဟု ထင်လာမိခဲ့လေသည်။ ရန်ပိုင်သည် ရာဘာ လုပ်ငန်းကိစ္စများကို ဆောင်ရွက်ပြီးသောအခါ တစ်နေရာကို ခရီးထွက်သွားခဲ့ပြန်လေသည်။ မည်သည့်နေရာသို့ ထွက်သွားခဲ့ သည်ကို မည်သူမှမသိနိုင်ချေ။

▣

မိုးလုံးရွာကို ရန်ပိုင်ပြန်ရောက်လာခဲ့သည်။ သည်တစ် ခါတော့ ရက်အတန်ကြာပြီးမှ ပြန်ရောက်လာခဲ့လေသည်။

''မင်းလည်း ပျောက်ချက်သားကောင်းလှချည်းလား ရန် ပိုင်။ မင်းကိုငါက မိန်းမရနေပြီလို့တောင် ထင်နေမိတာ''

''လာပြန်ပြီလား။ သည်မိန်းမ မင်းကငါ့ကိုတော်တော် အိမ်ထောင်ကျစေချင်တယ် ထင်တယ်''

''ဟုတ်တယ်၊ ရန်ပိုင်။ မင်းကို ငါကအထိန်းအကွပ်ရှိ စေချင်တဲ့ သဘောမျိုးပါ။ တစ်ယောက်တည်းသွားလာနေတာ စိတ်မချနိုင်လို့ကွ၊ ကိုယ့်လူကို ပြီးတော့ မင်းကမိန်းကလေးတွေ နဲ့ အတွေ့အကြုံမရှိဘူးမဟုတ်လား။ မသင့်တော်တာတွေနဲ့လည်း ဖြစ်သွားမှာစိုးလို့''

သာထူး၏စကားကြောင့် ရန်ပိုင်က ဟက်ပက်စွာပင် ရယ်မိလိုက်လေသည်။ ရန်ပိုင်က ဤသို့ရယ်ခဲ့သည်။



''ငါ အခုစီးပွားရေးလုပ်နေတာ ဒါမျိုးတွေကို စိတ်မဝင် စားသေးပါဘူးကွာ၊ အဲ့သည်စိတ်တွေဝင်မလာတာကိုပဲ ကောင်း သေးတယ်လို့ဆိုရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ စီးပွားရေးမှာ ပစ်ဟင်းသွားလိမ့်မယ်ကွာ''

''မင်းလို လူငယ်မျိုးကတော့ ရှားပါတယ်ကွာ၊ လုပ် ငန်းပေါင်းစုံလုပ်ပြီး စီးပွားရှာတတ်တယ်၊ မင်းကိုရတဲ့ မိန်းမ ကတော့ကွာ ကံကောင်းတယ်လို့ ဆိုရမယ်ပေါ့''

''လာပြန်ပြီ သည်မိန်းမစကား၊ တော်တော့ကွာ တခြား အကြောင်းကိုပဲ ပြောကြစို့''

သည်တစ်ခါ သာထူးကဟက်ပက်စွာပင် ရယ်ပစ်လိုက် လေသည်။

▣

မိုးလင်းစမှာပင်လျှင် နှစ်ဦးအတူမိုးလုံးရွာမှ ထွက်လာ ခဲ့ကြသည်။ သာထူးက ဒူးလေးကိုလွယ်ထား၏။ ကျည်တောက် ထဲမှာတော့ မြားတံကအချောင်းနှစ်ဆယ်လောက် ပါလာသည်။ ရန်ပိုင်သည် လက်နက်မကိုင်၊ နှီပေမင့် သားရေအိတ်အကောင်း စားနှင့် ထည့်ထားသော ရှင်လက်မဓားမြောင်တစ်ချောင်းကို တော့ ခါးပတ်မှာချိတ်ထား၏။

ရာသီဥတုက အေးသည်။ ထူကဲသောအနွေးထည်အင်္ကျီ များကို နှစ်ထပ်စီဝတ်ထားကြသည်။ ရွာမှထွက်စတွင် နောက်

www.burmeseclassic.com

မှလိုက်လာသောလူတစ်ယောက်က ရှိနေသည်။ သူတို့မသိကြ ဆံပင်ကုပ်ထောက်နေသော လူကြီးကခက်ထန်သလောက် မျက်လုံးတွေကလည်း အေးစက်မာကျောလျက်ရှိနေသည်။ သူသည် ရန်ပိုင်၏ကျောပြင်ကိုသာ စူးစိုက်ပြီးတော့ ကြည့်လျက်ရှိနေ သည် ကျေနပ်မှုမရှိသောမျက်နှာ။

"သည်ကောင် ဖန်တောင်ဆီကိုသွားမလို့ သာထူးကို အဖော်ခေါ်သွားတာလား"

ထိုလူကြီးသည် အခြားသူမဟုတ် မိုးလုံးရွာမှနတ်ဆရာကြီး အိန္ဒုပင်တည်း ထိုနတ်ဆရာကြီးသည် ရန်ပိုင်ကို တစ်ချိန်လုံးပင် သံသယဝင်နေလျက်ရှိသည်။ သက်ာမကင်းဖြစ်နေလျက်ရှိသည်။

"သင်းတို့ ဖန်တောင်ဆီကို မရောက်စေရဘူး"

အကြောင်းမဲ့ စွပ်စွဲချက်များနှင့် ဒုက္ခရောက်စေရန် ကြံစည်လျက်ရှိနေလေသည်။ သူ၏နှုတ်က ဂါထာမန္တန်တစ်ခုကို တစ်တွတ်တွတ်နှင့် ရွတ်ဆိုလျက်ရှိနေလေသည်။ မျက်နှာကြီးကလည်း တပြည်းပြည်းနှင့် ပိုပြီးတော့ တင်းမာခက်ထန်လာနေသည်။ မျက်လုံးတွေထဲကလည်း အခိုးအလျှံများထွက်လာတော့မလိုပင်။

ရန်ပိုင်နှင့်သာထူးတို့ကတော့ သူတို့ကို နတ်ဆရာကြီး



နှုက မကောင်းကြံစည်လျက်ရှိနေသည်ကို မသိကြ။

"ငါတစ်ယောက်တည်းသွားပါ့မယ်ဆိုတာ မင်းကလိုက်ာတာကိုး။ အိမ်အလုပ်တွေရှိနေတယ် မဟုတ်လား"

"အိမ်အလုပ်တွေမရှိပါဘူးကွာ၊ ငါ့အလုပ်နဲ့ ငါလည်းး်နေပါပြီ။ သည့်တောသည့်တောင်ထဲကို မင်းတစ်ယောက်ာည်းလွှတ်လိုက်ဖို့ ငါကစိတ်ချရမှာလားကွ၊ တောမကျွမ်းရင်က်စိလည်လမ်းမှားမယ်၊ ထွက်ပေါက်ရှာမရဘဲ ပိတ်နေမယ်"

သူတို့ထွက်လာခဲ့သည့် ရည်ရွယ်ချက်ကား သစ်ခွပန်းာရန်ပင်။ အဖိုးတန်သစ်ခွပန်းများသည် တောတောင်များထဲာပင် ရှိတတ်ကြသည်မဟုတ်ပါလား။

ဆီးနှင်းများက ထူထဲစွာပင်ကျနေကြသည်။ ရှေ့ဆယ်ိုက်ထက်ကျော်ကာ ဘာကိုမှမမြင်နိုင်။ တစ်စတစ်စနှင့် နှင်းာမွလာကြီးကို ထိုးဖောက်ကျော်နင်းပြီးတော့ တိုးဝင်သွားခဲ့ကြသည်။

တစ်နေရာကိုအရောက်တွင် ...

သစ်ပင်ကြီးတစ်ပင်အောက်မှာ ကျောက်တုံးကျောက်ခဲား မို့မို့မောက်မောက်နှင့် ပုံထားသောနေရာကို မြင်လိုက်ကြသည်။

"ဒါ ဘာလဲကွ"

"လူတစ်ယောက်ရဲ့ မြေပုံကွ၊ မုဆိုးတစ်ယောက်ကအဝေးကနေလှမ်းပစ်လိုက်တာ၊ သားကောင်နဲ့မှားသွားတယ်ထင်ပါရဲ့၊ သူ့ကို ဒဏ်ရာနဲ့လဲကျနေတာကို တွေ့လိုက်ကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရွာကလဲ မသိဘူး၊ မသေခင်တော့ အကျိုးအကြောင်းပြော ပြနိုင်သွားသေးတယ်၊ ရွာကိုပြန်ခေါ်မယ်ဆို အလုပ်မှာ သည်နေရာ မှာတင် သေသွားခဲ့တယ်၊ ဒါကြောင့်မို့ သည်သစ်ပင်အောက်မှာ ပဲ သင်္ဂြိုဟ်လိုက်ရတယ်''

မြေပုံဘေးနားတွင် သစ်ကိုင်းသစ်ခက်များနှင့် ဖြစ်သလို ပြုလုပ်ထားသော စင်ကလေးတစ်စင်။ စင်ပေါ်မှာတစ်ဝက် တစ်ပျက်သာကျန်တော့သော အစားအစာများ၊ အရက်ပုလင်း တစ်ပုလင်းကို တွေ့ရသည်။

ထိုသူ့ဝိညာဉ်ကိုလည်း အိမ်သို့ပြန်ခေါ်သွားပြီဟု ထင် သည်။ ယင်းတစ်ဦးတည်းနေသော သုသာန်ကို ကျောခိုင်းကာ ထွက်လာခဲ့ကြသည်။ လမ်းသည် ဘေးမှာသစ်ပင်ကြီးငယ်တို့ ရံထားသောကြောင့် မှုန်ဝါးဝါးဖြစ်နေသည်။ သစ်ပင်များပေါ်မှ ကျလာသောနှင်းပွင့်၊ နှင်းဖတ်များက ဖုံးလွှမ်းနေလျက်ရှိကြသည်။

ထိုစဉ် ...

မိမိတို့၏ နောက်ကျောဘက်မှ အသံလိုလိုကြားလိုက်ရ သည်။

'ဖရဲ ..ရဲ ..ရဲ'

သစ်ကိုင်းများကိုတိုး၍ သစ်ရွက်များလှုပ်ခတ်သွားကြ သောအသံ၊ ထို့ကြောင့် နောက်ကိုလှည့်ကြည့်မိလိုက်ကြသည်။ အသံကတိတ်သွားသည်။ သားကောင်လား၊ ဘာလား ထို့ နောက် ဘာမှမဟုတ်သလိုအလေးအနက်မထားကြဘဲ ဆက် လျှောက်သွားခဲ့ကြသည်။ သိပ်မကြာလိုက်ပါ အသံထွက်ပေါ်လာ



ခဲ့ပြန်သည်။

'ရှား ..ရှား ..ရှား ..ရှား''

နောက်ကို လှည့်ကြည့်မိလိုက်ကြပြန်သည်။ မြေပြင်မှာ ဖုံးလွှမ်းနေသော နှင်းများပေါ်မှ ဖြတ်လျှောက်လာသည့်ခြေသံ။ သူတို့ရပ်လိုက်ကြသည်နှင့် အသံကလည်းရပ်သွားခဲ့ပြန်သည်။ သင်္ကာမကင်းဖြစ်လာခဲ့ကြသည်။ အန္တရာယ်ပေးနိုင်သည့် သား ကောင်တစ်ကောင်ကောင်များလား၊ ဝံ၊ ကျား၊ တစ်ကောင် ကောင်ဖြစ်နိုင်သည်။ သို့သော် သာထူးကအကဲခတ်ကြည့်လိုက် ရာ အန္တရာယ်ပေးနိုင်သော သတ္တဝါတို့၏ အရိပ်အယောင်ကို သော်မှ မမြင်ရပါ။ သာထူး သံသယတော့ အနည်းငယ်ဝင်သွား ခဲ့ရသည်။ လူမဟုတ်ဘူး၊ သားကောင်မဟုတ်ဘူးဆိုလျှင် ဘာ ဖြစ်နိုင်မည်လဲ။

''နတ်ဆရာတွေဟာ သေသူ့ဝိညာဉ်တွေကို စေလွှတ် ပြီး သူမကျေနပ်တဲ့ သူတွေကိုဒုက္ခပေးတတ်ကြတယ်၊ ရှေ့က နေ နောက်ကနေအယောင်ပြပြီး လှည့်စားတတ်ကြတယ်၊ တစ် နေရာကို သွေးဆောင်ပြီးတော့ ခေါ်သွားတတ်ကြတယ်၊ အဲသည် သူဟာ တောထဲမှာ မျက်စိလည်လမ်းမှားပြီး ဒုက္ခရောက်တော့ ဘာပဲ၊ ပြန်လမ်းရှာမတွေ့တော့ပဲ၊ အစာငတ်ရေငတ်ဖြစ်ပြီး သေဆုံးသွားခဲ့ကြရတယ်၊ ဒါမှမဟုတ် သားကောင်တွေရဲ့ရန်မှု ခံရပြီး မရှုမလှနဲ့ဘဝဆုံးကြရတယ်၊

ဤကား သာထူးကြားသိထားသည့်အကြောင်းများပင် သို့သော် သူကမယုံကြည်၊ နတ်ဆရာဆိုသောသူများသည် လူ

www.burmeseclassic.com

www.burmeseclassic.com



သာမန်တို့၏ စိတ်ကိုချောက်ချားစေရန် ပရလောကသားများနှ တမင်ခြိမ်းခြောက်လျက်ရှိသည်။ စိတ်ငယ်သူက ကြောက်လ ပြီး ယုံလွယ်သွားတတ်ကြသည်။ ဤသို့ဖြင့် ညာဝါးစားသော ကြသည်။ အပြောကောင်း၊ အဟောကောင်းနှင့် လူတွေ၏မနေ ကို ချုပ်ကိုင်ထားကြသည်။ ထိုစဉ် ...

အတွေးက ရုတ်တရက် ပြတ်တောက်သွားခဲ့သည်။ အ ကြောင်းမှာ လူတစ်ယောက်က ရိပ်ခနဲဆို မလှမ်းမကမ်းကနေ ဖြတ်ပြေးသွားသောကြောင့်ပင် ....

"ဟာ ... ရှေ့မှာ"

ရန်ပိုင်က အသံထွက်သွားသည်။ သာထူးသည် ရန်ပိုင် ကိုလက်ညှိုးထောင်ပြလိုက်ကာ တိတ်တိတ်နေရန်အချက်ပြလိုက် သည်။ ရှေ့မှ လူကိုဘေးတစ်စောင်းအနေအထားကျောဘက်မှ အနေအထားများနှင့် ဖျတ်ခနဲ ဖျတ်ခနဲသာမြင်လိုက်ရသည်။ မြန်လိုက်သည့်ဖြစ်ခြင်း၊ နောက်မှ အပြေးတစ်ပိုင်းလိုက်နေကြ သူများသည်ပင် မမှီချင်။

"ငါတို့နောက်က လိုက်နေတဲ့ လူပဲဖြစ်မှာပဲကွ၊ သူ့ကို မိရင် အကျိုးအကြောင်းသိရမှာပဲ"

သာထူးက ထိုသူ့ကို မိရန်သာပင်စိတ်စောကြီးနေသည်။ ရန်ပိုင်သေချာစွာ သတိထားမိသည်။ ရှေ့ကလူပြေးသွားနေပုံ သည် တစ်မျိုးပင်။ ဖျတ်ခနဲ ဖျတ်ခနဲနှင့် တစ်နေရာမှတစ်နေ ရာကို ခုန်ကူးသွားခဲ့သလိုပင်။

နောက်ကနေ လိုက်နေကြသည်က အကြောင်းမရှိ အ

www.burmeseclassic.com



ကြောင်းရှာနေကြသည်ဟု မတွေးတောမိကြ၊ သစ်ပင်ကြိုသစ် ပင်ကြား၊ ချုံ ကမူတွေကြားမှာ လိုက်ကြရင်းက ရှေ့ကလူသည် ပျောက်သွားလေတော့၏။ အရိပ်အယောင်ကိုသော်မှ မတွေ့ရ တော့ပါ။

"ဟင် ... ပျောက်သွားပြီ၊ ဘယ်ရောက်သွားပါလိမ့်"

အံ့အားသင့်စရာကောင်းလှသည်။ နှစ်ယောက်သား ဟို နား၊ သည်နားလှည့်ပတ်ပြီးတော့ ရှာနေမိကြသည်။ မတွေ့ရ တော့သည့်အဆုံးမှာ မိမိတို့ရောက်နေကြသည်။ ပတ်ဝန်းကျင် အနေအထားကို အကဲခတ်ရန်သတိရမိကြလေတော့သည်။

တောင်ကုန်းတွေ၊ ကမူတွေက ခြုံများနှင့် ရောယှက်နေ ကြသည်။ အကျစိမ့်လျက်ရှိသော ဆီးနှင်းများက သစ်ပင်၊ တောင်ကုန်း၊ ကမူတွေအားလုံးကို ဖုံးလွှမ်းလျက်ရှိနေကြလေ သည်။ သစ်ပင်တွေဆီကို အကြည့်တွေကရောက်သွားခဲ့ကြသည်။ အချို့သစ်ပင်များမှာ ရိုးတံပြိုင်းပြိုင်း၊ ခါးကိုင်းကိုင်းနှင့် အရွယ် လွန်အဘိုးအိုကြီး၏ အရိုးခြောက်အတိုင်းပင် ...

အချို့တောင်ကုန်း၊ မြေကမူကြီးများကား မြေပြင်မှာ လေးဖက်ထောက်ကာ ဝပ်နေကြသော အမနုဿကြီးများအ တိုင်းပင်။ မျက်စိပသာဒမရှိကြ၊ အကြည့်ရ ရုပ်ဆိုးလှသည်။

"ဘယ်လိုတွေလဲဟ ... ငါ သည်နေရာကို ခုတစ်ခါပဲ ရောက်ဖူးသေးတယ် ရန်ပိုင် ... အကြည့်ရဆိုးလိုက်ကြတာကွ"

"အေးကွာ ... ငါ့စိတ်ထဲမှာလည်း အလိုလိုနေရင်းနဲ့ မသတီသလိုဖြစ်နေတယ်၊ သာထူး ... လာကွာ ... သွားကြရ

www.burmeseclassic.com

www.burmeseclassic.com

အောင်''

လာရာလမ်းအတိုင်း ပြန်လှည့်ကြသည်။ သို့သော် လမ်း စပျောက်နေလေပြီ။ မိမိတို့လျှောက်လာခဲ့သည့် လမ်းကိုရှာမတွေ့ ကြတော့။

''လာကွာ ... သည်လမ်းပဲဖြစ်လိမ့်မယ်''

လမ်းတစ်လမ်းကို ပြန်တွေ့သည်။ ရန်ပိုင်ကလည်း ထို လမ်းကိုမှတ်မိသွားသည်။

''ဟုတ်တယ် ... ဒါ ငါတို့လျှောက်လာခဲ့တဲ့လမ်းပဲ''

အားတက်သွားသည်။ နှင်းဖွေးဖွေးပေါ်မှာ သူတို့၏ ခြေ ရာတွေက အတိုင်းသား။ ကြည့်နေရင်းမှာပင် လေတစ်ချက်တိုက် လိုက်သည်။ ခြေရာတွေကို လွှင့်လာသောနှင်းဖတ်များက ချက် ချင်းပင်ဖုံးလွှမ်းသွားခဲ့လေတော့သည်။

''ဟင်''

လေတိုက်ခတ်လိုက်ပုံက ထူးဆန်းလှသည်။ တစ်နေရာ တည်းကို ကွက်ပြီးတော့ တိုက်ခတ်သွားသလိုပင်။ သို့သော် ထိုလမ်းအတိုင်းပင် ဆက်ပြီးတော့ လျှောက်သွားခဲ့ကြသည်။ တော်တော်ကလေးကြာသည်အထိ မူလလမ်းကို ရှာ၍မတွေ့။ နောက်တော့မှ အတွေးထဲတွင် ဝင်လာခဲ့သည်က ...

''ဒါ ငါတို့လျှောက်ခဲ့တဲ့ လမ်းမဟုတ်ဘူးကွ၊ လမ်းအတု ကြီး''

''ဘာ .. ဘယ်လိုပြောလိုက်တယ် သာထူး၊ လမ်းအတု ကြီးဟုတ်လား''





သာထူးက ခေါင်းညိတ်လိုက်လေသည်။ ရန်ပိုင်က အဓိပ္ပါယ်ကိုနားမလည်မိ။

''ငါတို့ဖြတ်လာတဲ့လမ်းလို့ ထင်အောင်တမင်လုပ်ထား တာကွ''

''ဘယ်သူတွေက လုပ်ထားကြတာလဲ''

ရန်ပိုင်၏အမေးကို သာထူးဖြေချိန်မရလိုက်ပါ။ အဘယ် ကြောင့်ဆိုသော် ဓား၊ လှံ၊ လက်နက်မျိုးစုံကို ကိုင်ဆောင်ထား ကြသူတစ်စုသည် တဖွဲဖွဲနှင့်ကျဆင်းလျက်ရှိသော နှင်းတွေကြား မှ ထွက်လာကြသည်ကို တွေ့လိုက်ကြရသောကြောင့်ပင်တည်း။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com

## [၇]

### မိုးရွာယောင်ချောက်

ထိုသူများသည် အသားကြမ်းသောအဝတ်များကို ဝတ် ထားကြသည်။ ဆံပင်တွေကလည်း ပွရောင်းရှုပ်ထွေးနေကြ သည်။ ခါးအောက်ပိုင်းကို နံငယ်ပိုင်းများနှင့် ပတ်ထားကြသည်။ လည်ပင်းမှာ တိရိစ္ဆာန်တို့၏ လက်သည်းများအစွယ်များကို ပုတီး သဖွယ်သီကုံးကာ ဆွဲထားကြသည်။ ကိုယ်အထက်ပိုင်းကတော့ ဗလာနတ္ထိ၊

"ဘာလူမျိုးလဲဟ ... တစ်ခါမှ မမြင်ဖူးဘူး"

သာထူး၏နှုတ်မှ လွှတ်ခနဲဆိုထွက်သွားခဲ့လေသည်။ ထို သူတို့၏မျက်လုံးတွေက ဖော်ရွေမှုမရှိ၊ ရန်လိုနေကြသည်။ ရက် စက်ကြမ်းကြုတ်ကြသည်။ စရိုက်များကို မျက်နှာတွေက ဖော် ပြနေကြသည်။ အားလုံးခေါင်းဆယ်ယောက်လောက်ရှိကြသည်။ ရန်ပိုင်က ရေတွက်ကြည့်ရာ ကိုးယောက်ဖြစ်လိုက်၊ ဆယ် ယောက်လောက်ဖြစ်သွားလိုက်၊ တစ်ခါတစ်ရံ ရှစ်ယောက်ဖြစ် လိုက်နှင့် ရေတွက်လို့မရသည်က ထူးဆန်းနေသည်။



ထိုသူတစ်စုသည် ဖျတ်ခနဲဆို သူတို့ဆီကိုပြေးလာကြ ပြီး ဝိုင်းထားလိုက်ကြလေသည်။ ပြေးလာကြသည်ဟုဆိုသော် လည်း ဖျတ်ခနဲ ဖျတ်ခနဲဆိုရောက်လာခဲ့ကြခြင်းသာဖြစ်သည်။ လှုပ်ရှားမှုတွေက တစ်မျိုးပင်။

"မင်းတို့ဘယ်ကလဲ၊ ငါတို့နေရာကို ကျူးကျော်ဝင် ရောက်လာတဲ့အတွက် ဖမ်းတယ်"

"ကျွန်တော်တို့က ကျူးကျော်ဝင်ရောက်လာကြတဲ့ သူ တွေမဟုတ်ပါဘူး။ မျက်စိလည်လမ်းမှားပြီးတော့ ရောက်လာခဲ့ ကြတာပါ"

"မယုံဘူး ... လိုက်ခဲ့ကြ"

ထိုသူတွေထဲတွင် အကျည်းတန်ဆုံး မျက်နှာအခက်ထန် ဆုံးလူက ခေါင်းဆောင်ဖြစ်ဟန်တူသည်။ လတ်တလော အခြေ အနေမျိုးမှာ ရှင်းပြလည်းရမှာမဟုတ်ကြ၍ သူတို့ခေါ်ဆောင်ရာဆီ ကို အေးဆေးစွာပင်လိုက်သွားခဲ့ကြလေသည်။

ရန်ပိုင်က လမ်းမှာ ခပ်တိုးတိုးပင်ပြောလိုက်သည်က...

"မီးစင်ကြည့်ကကြတာပေါ့ကွာ"

နှင်းများက အကျစိပ်လျက်ရှိသောကြောင့် မြင်ကွင်း သည် ဝါးတားတားဖြစ်နေသည်။ မိမိတို့ကို ဖမ်းခေါ်လာကြ သည့် သူများကို ကြည့်ရသည်မှာအကြင်နာတရားရှိကြမည့်ပုံ များမဟုတ်ကြ၊ ထိုသူတို့၏ ကိုယ်မှထွက်လာသော အနံ့အသက် များသည်လည်းမကောင်း၊ ပုပ်အက်အက်နှင့်။ မကြာမီ ...

လူနေတဲ့အိမ်များကို ဝိုးတဝါးနှင်းကမ္ဘာကြားမှာ တွေ့

www.burmeseclassic.com



လိုက်ကြရသည်။ ထို့အတူ ရွာသားအချို့ကိုလည်း သွားလာလှုပ်
ရှားလျက်ရှိနေကြသည်ကို မြင်လိုက်ကြရသည်။ ကလေးသူငယ်
များသည် ရန်ပိုင်တို့ကိုမြင်လိုက်ကြရသောအခါ ပြေးလွှားကစား
နေကြရာမှ ရပ်တံ့လိုက်ကြလေသည်။ မိန်းမသားများ မိန်းမငယ်
များသည်လည်း နေရာမှာရပ်ကာ သူတို့ကိုခပ်စိမ်းစိမ်းပင် ကြည့်
နေကြသည်။ သို့သော် သူတို့၏မျက်နှာကို ထင်ရှားပီပြင်စွာမမြင်
ရသလို မှုန်ဝါးဝါးနှင့်ရှိနေကြသည်။

ထိုသူများသည် ရန်ပိုင်တို့ကို တဲကြီးတစ်လုံးဆီကိုခေါ်
သွားခဲ့ကြသည်။ တဲဆီကို မရောက်မီမှာပင်လျှင် လူကြီးတစ်
ယောက်က တဲထဲမှထွက်လာခဲ့သည်။ ထိုလူကြီးကို မြင်လိုက်
သည့်အခါ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားခဲ့ကြရလေသည်။

အကြောင်းမှာ ထိုလူကြီးသည် စောစောက လူများထက်
ပိုပြီးတော့ အကြင်နာတရားကင်းမဲ့နေသော ရုပ်သွင်ဖြစ်နေသော
ကြောင့်ပင်တည်း။ ပို၍ဆိုးသည်က မျက်လုံးတစ်လုံးပျက်နေခြင်း
ပင်။ မျက်လုံးနေရာတွင် ဟောက်ပက်ကြီးဖြစ်နေသည်က
အကြည့်ရ ဆိုးလှပေသည်။

"သူတို့ကို မသင်္ကာလို့ခေါ်လာခဲ့တာပါ သခင်ကြီး"

စောစောက လူကပင် အကျိုးအကြောင်းကိုအတိုချုံ
ပြီးတော့ ပြောပြလိုက်သည်။ သခင်ကြီးဆိုသူ၏ မျက်နှာသည်
လည်း တစ်ချက်၊ တစ်ချက်မှာ မှုန်ဝါးဝါးဖြစ်သွားသည်။ ထိုသ
ကိုသာလျှင်မဟုတ်၊ ဤရွာမှာရှိနေကြသောသူအားလုံးကို ကြည့်
လိုက်တိုင်းမှာ ထိုကဲ့သို့ ဖြစ်ဖြစ်သွားခဲ့သည်က စဉ်းစား၍မရ



ရအောက်မှ လူသည်ရေမျက်နှာပြင်ပေါ်ကို လှမ်းပြီးတော့ကြည့်
နေသကဲ့သို့ပင်တည်း။ သိပ်သည်းသော အအေးလှိုင်းတစ်ခုက
ဖြတ်နေသောကြောင့် ထိုကဲ့သို့ဖြစ်နေရသည်လား၊ သေချာတိကျ
စွာ မပြောနိုင်ကြ။

"နင်တို့နှစ်ယောက်ဟာ ဖန်တောင်ဘက်ကို သွားကြမ
လို့မဟုတ်လား၊ အထွတ်အမြတ်ရွှေကို သွားရှာကြမလို့မဟုတ်
လား ... မှန်မှန်ပြောကြစမ်း"

ထိုလူကြီးက ရန်ပိုင်နှင့်သာထူးကို လက်ညှိုးငေါက်
ငေါက်ထိုးကာ စူးအက်သောအသံကြီးနှင့် မေးလိုက်လေသည်။
အံ့သြစရာကောင်းသည်က သူတို့ပြောသောစကားကို ကောင်း
စွာပင် နားလည်ကြသောကြောင့်ပင်။

"မဟုတ်ပါဘူး၊ ကျွန်တော်တို့ကို စွပ်စွဲတာများနေပါ
တယ်၊ ဖန်တောင်ကြီးဆီကို သွားဖို့စိတ်ကူးမရှိပါဘူး၊ တောထဲ
မှာ သစ်ခွပန်းလာရှာရင်း သည်နေရာကိုမျက်စိလည်လမ်းမှား
ပြီးတော့ ရောက်လာခဲ့တာပါ"

ရန်ပိုင်က အေးဆေးစွာပင်ရှင်းပြလိုက်သည်။

"ငါမယုံဘူး၊ နင်တို့ ညာပြောတာ၊ အဲ့သည်အတွက်
ထိုက်တန်တဲ့အပြစ်ဒဏ်ကို ခံစားကြရမယ်၊ ဟေ့ ... သူတို့ကို
ထုံးစံအတိုင်းစီရင်လိုက်"

"ဟာ ... ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့ သည်လို
ဆင်မခြင်အမိန့်ချရတာလဲ၊ အမှန်ကိုပြောတာ ဘာဖြစ်လို့မယုံရ
တာလဲ၊ ခင်ဗျားပြောတဲ့ ရွှေတွေဆိုတာကိုလည်း မမက်မောဘူး၊

www.burmeseclassic.com



ဖန်တောင်မှာ အဲ့သည်ရွှေတွေရှိနေတယ်ဆိုတာကိုလည်း မသိဘူး၊ ယုံလည်း မယုံဘူး''

''ဟော့ ...မင်း အပိုတွေပြောမနေနဲ့၊ မင်းတို့ကကော အမှန်အတိုင်းဝန်ခံကြမတဲ့လား၊ ကိုယ့်အသက်ဘေးက လွတ်ကင်းအောင် သည်လိုပဲပြောကြတာပဲ၊ မင်းတို့ရှေ့က လူတွေလည်း သည်လိုပဲပြောကြတာပဲ၊ ဒါပေမဲ့ သူတို့လည်းပဲ ငါစီရင်သလို လည်စင်းပြီးတော့ ခံသွားကြတာပဲ ... ဟား ဟား ဟား ဟား''

ထိုလူကြီးက သူ့လက်များကို ဝှေ့ယမ်းကာအချက်ပေးလိုက်သည်။ ဘာလူမျိုးမှန်းမသိကြသူများက ရန်ပိုင်နှင့်သာထူးတို့ကို အတင်းချုပ်နှောင်ပြီးတော့ ခေါ်သွားကြလေသည်။

''အား ...အပျက်ပျက်နဲ့ ဒုက္ခရောက်မယ့်ကိန်းတော့ ကြုံကြရပြီထင်တယ် ရန်ပိုင်ရေ''

''စိတ်ကိုငြိမ်ငြိမ်ထားစမ်းပါ သာထူးရာ၊ ငါတို့ပိုးစိုးပက်စက်မဖြစ်နိုင်ပါဘူး၊ အခြေအနေကို စောင့်ကြည့်ကြတာပေါ့''

''စီရင်ချက်ချတာကလည်း မြန်လိုက်တာကွာ၊ အယူခံတောင်ဝင်ခွင့်မရှိပါလား ရန်ပိုင်''

''အေးကွာ ...မင်းမဲ့တိုင်းပြည်များ မှတ်နေသလား မသိဘူး''

စိတ်ပျက်လက်ပျက်ဖြစ်သွားခဲ့ကြသည်။ သူတို့ကို ချုပ်နှောင်ပြီး အနီးကပ်ပါလာခဲ့ကြသူများ၏ ကိုယ်မှ ပုပ်စော်နံနေကြသည်။ ထိုသူတွေက လူကိုကိုင်တွယ်ချုပ်နှောင်ထားကြသည်မှာ မသတီစရာပင်ကောင်းနေတော့သည်။



''ကျွန်တော်တို့ကို ဘယ်ခေါ်သွားကြမလို့လဲ''

''မင်းတို့ကို သေမင်းဆီကို ပို့ပေးမလို့''

''စကားမများနဲ့ လိုက်ခဲ့ကြ''

သူတို့၏ ပါးစပ်ထဲမှ မကောင်းသောအနံ့အသက်များ ထွက်လာခဲ့ကြသည်။ အသက်ရှူများမတတ်ဖြစ်သွားခဲ့ကြသည်။ နှာခေါင်းရှုံ့မိလိုက်ကြ၏။ ယင်းအနံ့အသက်များကြောင့် မအီမလည်ဖြစ်ပြီး သေဆုံးသွားနိုင်သည်။ ရင်ထဲမှာတော့ ထိတ်စပြုလာခဲ့ကြသည်။ တစ်ယူသန်စိတ်များကြောင့် မိမိတို့ကို အသက်ဆုံးသည့်တိုင် ဒုက္ခပေးကြတော့မည်ဟု ထင်၏။

မကြာမီ ...

သစ်ပင်ကြီးတစ်ပင်ဆီကို ရောက်လာခဲ့ကြသည်။ ကြီးမား၍ မြင့်မားသောသစ်ပင်ကြီးသည် ပုံပန်းမကျဟုထင်မိသည်။

သစ်ပင်ကြီး၏အောက်မှ နှစ်ယောက်စလုံး မြင်လိုက်ရသည်ကား ပြန့်ကြဲနေကြသော လူအရိုးများပင်ဖြစ်ကြသည်။

''သည်နေရာမှာ ငါတို့ကို အဆုံးစီရင်ကြတော့မလို့လား''

ဟု စဉ်းစားမိလိုက်ကြကာ အနည်းငယ်တော့ တုန်လှုပ်သွားခဲ့ကြသည်။ ထို့ကြောင့် အကြောက်အကန်ပင် ရုန်းကန်ကြသည်။ မရပါ။ ထိုသူတို့သည် လွန်ကဲစွာပင် အားကောင်းနေကြသည်။ အတင်းအဓမ္မချုပ်နှောင်ပြီး ဆွဲခေါ်သွားရာ တရွတ်တိုက်ပင်ပါသွားခဲ့ကြလေသည်။

နှစ်ယောက်စလုံးကို ခြေရောလက်ပါ ကြိုးများနှင့်တုပ်နှောင်ကြသည်။ သစ်ပင်ပေါ်ကို တက်သူကတက်သည်။ ချည်

www.burmeseclassic.com

www.burmeseclassic.com



နှောင်ထားသော ကြိုးစရှည်များကို အောက်မှပစ်ပေးလိုက်ကြ သည်။ ချက်ချင်းမှာပင်လျှင် တစ်ယောက်ဆယ်ပေစီလောက် ခြားပြီး လေထဲမှာ တန်းလန်းကြီးဖြစ်သွားခဲ့ကြလေသည်။

"ဟား ဟား ဟား ဟား ... သိပ်မကြာပါဘူးကွ ... နင်တို့ကို ကောင်းကောင်းပြုစုမယ့်သူ ရောက်လာကြမှာပ စိတ်ရှည်လက်ရှည်သာ စောင့်ကြ၊ ကောင်းကျိုးချမ်းသာရကြ လိမ့်မယ်ဟေ့"

တစ်ယောက်က ရယ်မောလိုက်သည်နှင့် အားလုံးက ပါလိုက်ပြီးတော့ ရယ်မောလိုက်ကြသည်။ အောက်ထိုးအနေအ ထားရှိနေကြသော ရန်ပိုင်နှင့် သာထူးတို့၏မျက်လုံးထဲများ တွင် သူတို့အားလုံး၏ မျက်နှာများသည် ဝါးတားတားနှင့်ရှိနေကြ သည်။ အားပါးတရနှင့် လှောင်ပြောင်ကာရယ်မောပြီးကြသော အခါ ထိုနေရာမှထွက်သွားခဲ့ကြလေသည်။

"တောက် ... တစ်သက်လုံးရေမှ ချိုးဖူးကြရဲ့လားမသ ပါဘူး၊ ပုပ်အုက်နံစော်နေကြတာပဲ ... ထွီ"

သာထူးက ရွံရှာမုန်းတီးစွာနှင့် ပြောလိုက်လေသည်။

"ဘယ်လိုရည်ရွယ်ချက်နဲ့ ငါတို့ကို လုပ်သွားကြသလ မသိပါဘူးကွာ၊ တော်တော့်ကို လူစိတ်ကင်းမဲ့ကြတဲ့သူတွေ"

ရန်ပိုင်လည်း မကျေမနပ်ဖြစ်သွားခဲ့ရလေသည်။ ဖ ... ကိုယ်ပေါ်မှ မှာဖြစ်လာမည့် ကံကြမ္မာက ဘာမှန်းမသိသေး။ ကိုယ်ပေါ်မှ ဆောင်ထားသည့် ဓားမြှောင်များကိုလည်း သိမ်းဆည်းသွား ကြပြီဖြစ်သည်။ ဒူးလေး၊ ဓားမြှောင်များရှိကြသည့်တိုင် ဘာ



တတ်နိုင်ကြမှာ မဟုတ်ကြ၊ တစ်ကိုယ်လုံးမလှုပ်နိုင်အောင် ခြေ၊ လက်များကို တင်းကျပ်စွာချည်နှောင်ထားကြသောကြောင့်ပင် တည်း။

မိုးကချုပ်လာခဲ့လေပြီ။ ချက်ချင်းမှာပင် အမှောင်က ငိုးမိုးလာခဲ့သည်။ မှောင်သွားသည်မှာ မြန်ဆန်လွန်းလှသည်ဟု ထင်မိသည်။ အအေးဓာတ်ကလည်း ပို၍သိပ်သည်းစွာပင်ကျ လာခဲ့သည်။ ထူးထူးခြားခြားမခံမရပ်နိုင်အောင်ပင် အေးလာခဲ့ သည်။

"သာထူးရေ ... ငါတို့ သည်အတိုင်းသာ ဆက်ပြီးနေ ကြရင် သေးခဲပြီးသေသွားနိုင်တယ်ကွ"

"ဟုတ်တယ် ... ဘာလုပ်ကြရင်ကောင်းမလဲ ရန်ပိုင်"

"သွေးပူလာအောင် ကိုယ်ကိုတဖြည်းဖြည်းနဲ့ ရအောင် လွှဲယူကွာ"

"အေး ... ဟုတ်တယ်၊ သည်နည်းပဲရှိတော့တယ်"

ထို့ကြောင့် ကြိုးစားပြီး ကိုယ်ကိုလှုပ်ယူကြသည်။ တစ် ကိုယ်လုံးယမ်းခါကာ လွှဲယူကြသည်။ ခဲယဉ်းစွာကြံဆောင်ကြရ သည်။ မကြာမီမှာပင် ဒန်းစီးသလို လေထဲမှာလွှဲနေကြလေပြီ။

"ပိုပြီးအေးတယ်ကွ၊ မခံနိုင်ဘူး၊ မြန်မြန်သေးခဲပြီး ကြွ သွားကြလိမ့်မယ်ထင်တယ် ရန်ပိုင်"

"အစမို့ပါ ... နောက်တော့ သွေးပူလာလိမ့်မယ်"

သူတို့နှစ်ယောက်သည် လေထဲမှာ အသွားအပြန်လွှဲ နေကြသည်။ တစ်နေရာစီချည်နှောင်ထားသည်ဖြစ်၍ တစ်

www.burmeseclassic.com

www.burmeseclassic.com

ယောက်နှင့်တစ်ယောက်မတိုက်မိကြ၊ ကြာလာသောအခါ ...သွေးများက ပူနွေးလာကြသည်။ ချွေးများပင် စို့လာခဲ့ကြလေ သည်။

သို့သော် မကြာမီမှာပင် ပို၍ချွေးပြန်စေနိုင်သော အခြေ အနေတစ်ခုက မလွဲမသွေပင်ရောက်လာခဲ့လေသတည်း။

''အူး ... ဝါး ... အူး''

ထူးဆန်းသောအသံများကို မမျှော်လင့်ဘဲ ကြားလိုက် ကြရသည်။ တအူးအူး၊ တဝါးဝါးနှင့် ဆူညံလျက်ရှိနေကြသည် ပင်။ ဘာကြောင့်ရယ်မသိ၊ ယင်းအသံများကို ကြားလိုက်ကြရ သည်နှင့်ပင် ကြက်သီးဖျန်းဖျန်း ထသွားခဲ့ကြရလေသည်။

''ဘာသံတွေများပါလိမ့်''

''သာထူး၊ ဘာမှစဉ်းစားမနေနဲ့။ ကောင်းကျိုးပေးမယ့် ဟာတွေတော့ မဖြစ်နိုင်ဘူး၊ ကိုယ်ကိုရပ်မသွားနဲ့၊ ဆက်ပြီး တော့ လွှဲနေ''

ထို့ကြောင့် ကိုယ်ကို ခါတိုင်းထက်ပိုပြီးတော့ ယမ်းကာ ဆက်လွှဲနေကြသည်။ တစီးစီးနှင့်ပင် မြည်နေကြလေသည်။

'အူး .. အူး .. ဝါး .. ဝါး''

အသံတွေက ပိုပြီးတော့ ကျယ်လောင်လာခဲ့ကြသည်။ ...နီးကပ်လာကြသောကြောင့်ပင် ညမိုးချုပ်ကာလမှာ နှင်းတွေက ပိုပြီးတော့ ကျလာခဲ့ကြသည်။ နှင်းပွင့်များက အဖက်လိုက် အဆုပ်လိုက်များပင်၊ မကြာမီနှင်းကမ္ဘာကြီးထဲမှာ မထင်မ... ရှား သဏ္ဍာန်ကြီးများကို ရိပ်ခနဲ၊ ရိပ်ခနဲနှင့်တွေ့လိုက်ကြရ...



...ခဲ့လေသည်။ ထိုသဏ္ဍာန်ကြီးများသည် မြင့်မားထွားကျိုင်းလှ သည်။ ထင်ရှားစွာမြင်လာကြရသောအခါ လှုဝံကြီးတွေလိုလို၊ နှင်းလူကြီးတွေလိုလို ထင်ကြရသည်။ အစွယ်ကြီးတွေဖြူးဖြူး နှင့် ရှည်လျားသော လက်သည်းကြီးတွေကလည်း အသည်း ...သားစရာကောင်းလှသည်။

ထိုသတ္တဝါကြီးများ၏ မျက်လုံးကြီးများက ကြီးမားဝိုင်း ...က်လျက်ရှိနေကြပြီး ဝင်းဝင်းတောက်နေကြသည်။ ရှည်လျား သော ဆံပင်များက ကုပ်ထောက်နေကြသည်။ အချို့သည် ကျော ...ပြင်ပေါ်မှာဖြန့်ဝဲပြီးတော့ ကျနေကြလေသည်။ တစ်ကိုယ်လုံး ...ထွဲသောအမွေးအမြင်များနှင့် ဖုံးအုပ်လျက်ရှိနေကြသည်။

တကယ်တော့ လှုဝံ၊ မျောက်ဝံလည်းမဟုတ်၊ နှင်းလူ ...သည်ကလည်း ရှားပါးသည်။ သတ္တဝါသာ၍မဖြစ်နိုင်၊ မည် ...ည့်အကောင်ဟုပြောရမှာလည်း ခက်လှသည်။

''သာထူးရေ ... ကြည့်ရတာမဟုတ်ဘူး၊ သည်ကောင် ...ကြီးတွေရဲ့ လက်ချက်မိရင် ငါတို့တစ်ကိုယ်လုံး စုတ်ပြတ်ထွက် ...သွားနိုင်တယ်ကွ၊ အရိုးတခြား အသားတခြား ဖြစ်သွားလောက် ...တယ်၊ ကိုယ်ကိုယ်သာမြန်မြန်လွှဲပေတော့၊ သူတို့သာ ငါတို့ကိုမိသွား ...ကြရင် မလွယ်ဘူး''

''အေး ... ကောင်းရာသုဂတိလားမှ မဟုတ်တာတော့ ...သချာတယ်''

ထို့ကြောင့် အရှိန်ကောင်းတုန်း ပို၍အားစိုက်ကာလွှဲ ...ကြရသည်။ သစ်ကိုင်းကြီးများပေါ်တွင် တက်၍ချိတ်ကြတော့

www.burmeseclassic.com

www.burmeseclassic.com



မလားပင်မှတ်ကြရသည်။ ချိတ်မိကြလျှင်လည်း ကောင်း၏ အကောင်ကြီးများသည် သူတို့ဆီကို လျင်မြန်စွာပင်ရောက်လာ ခဲ့ကြကာ ....

"အူး ... အူး"

အမိဖမ်းရန်ကြိုးစားကြလေတော့ ခုန်၍၊ မုန်၍ဆွဲကြ သည်။ တန်းလန်းဆွဲထားသောကြိုးက မြင့်နေသည်။ သူတို့ ခန္ဓာကိုယ်ကြီးတွေကလည်း လေးလံနေကြ၍ ခပ်မြင့်မြင့် မခု နိုင်ကြ။ တစ်ကြိမ်တွင် သတ္တဝါတစ်ကောင်က ခုန်၍လက်ဝါ ကြိုးနှင့် ပိတ်ရိုက်ထဲ့လိုက်ရာ ရန်ပိုင်၏မျက်နှာနှင့် သိသိလေ ဖြစ်သွားသည်။ ပွတ်ထွက်သွားခဲ့လေသည်။ ချွန်မြည့်ရှည်လျား သော လက်သည်းကြီးများနှင့်သာ မိတ်ဆက်ခဲ့လျှင် မျက်နှာ တစ်ပြင်လုံး စုတ်ပြတ်သွားနိုင်သည်။

"ရန်ပိုင်ရေ မလွယ်ဘူး၊ ကြိုးသာမခိုင်လို့ကတော့ ပြတ် ကျသွားခဲ့ရင် မတွေးဝံ့တော့ဘူး"

သာထူးက စိတ်လှုပ်ရှားသော အသံကြီးနှင့်ပြောလိုက် လေသည်။ အောက်မှ သတ္တဝါကြီးများကလည်း လက်လှမ်းမ ကြသော နေရာဖြစ်နေကြ၍ ဒေါသထွက်လာကြသည်။ ပိုမို အားစိုက်ကာ ခုန်ဆွဲလာကြသည်။ ရန်ပိုင်တို့ကလည်း ဘုရာ တကြတာ၊ မချိမဆံ့အားစိုက်ပြီး ကိုယ်ကိုလွှဲနေကြရသည် ရင်ထဲမှာ တလှပ်လှပ်နှင့် ချွေးစေးများပင် ပျံလျက်ရှိနေကြသည် အချို့သတ္တဝါကြီးများသည် သစ်ပင်ကြီးပေါ်ကို ကုတ်တက်ပြီးတော တက်ရန်ကြိုးစားကြသည်။ မကြာခဏပြုတ်ကျ ကျသည်။ သ

ပင်ပေါ်ကို တက်၍မရကြ၊ မတက်တတ်ကြ။ ထို့ကြောင့် ရန်ပိုင် တို့စိတ်သက်သာရာ ရသွားခဲ့ကြလေသည်။

"ငါတို့ဘယ်လောက်ကြာကြာ တောင်းခံနိုင်ကြမှာလဲ။ ခေါင်းထဲမှာလည်း မူးနောက်လာပြီကွာ"

သာထူးထံမှ အသံကထွက်လာနဲ့သည်။ အားစိုက်ရဖန် များတော့ ကြာကြာမဟန်နိုင်ကြတော့ပြီ။ ရန်ပိုင်သည်လည်း ခေါင်းထဲမှာ မူးဝေလာသောဝေဒနာကို ခံစားလာခဲ့ရလေသည်။

ထိုစဉ် ...

"ဟော့ နင်တို့သည်နေရာကနေ ထွက်သွားခဲ့ကြစမ်း"

အမိန့်ပေးသံကို မမျှော်လင့်ဘဲ ကြားလိုက်ကြရသည်။ နင်းတွေတဖွဲဖွဲနှင့်ကျနေသည်။ အထဲက ထွက်လာခဲ့သူတစ်ဦး ထိုသူသည် အပေါ်ပိုင်းက ဝါရွှေသောမွေးပွစောင်ကြီးတစ်ထည် ကို ပတ်ထားသည် အောက်ပိုင်းကလည်း ဝါရွှေသောဒိုတီကိုပင် ဝတ်ဆင်ထားလေသည်၊ လက်ထဲမှာ တောင်ဝှေးနှင့်တူသော သစ်သားချောင်းတစ်ခုကို ကိုင်ဆောင်ထားသည်။ ထိပ်ပိုင်းသည် ပါးပျဉ်ထောင်နေသော မြွေတစ်ကောင်၏ ခေါင်းပိုင်းသဏ္ဍာန် ဖြစ်သည်။ တမင်တကာ ထုလုပ်ထားခြင်းမဟုတ်ဘဲ။ သဘာဝ အလျောက်ဖြစ်ပေါ်နေသော မြွေခေါင်းပိုင်းပင်၊ တောင်ဝှေးကိုယ် ထည်ကြီးကလည်း မြွေတစ်ကောင်၏ ကိုယ်ထည်အတိုင်းပင် တည်း။

ပုံပန်းမကျသော သတ္တဝါကြီးများသည် ထိုအသံကို မမျှော်လင့်ဘဲကြားလိုက်ရသည်နှင့် ကျင်စက်နှင့်အတို့ခံလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည့်အလား၊ ဆတ်ခနဲဆိုဖြစ်သွားခဲ့ကြသည်။ တစ်ကိုယ်လုံး တုန်လှုပ်သွားခဲ့ကြလေသည်။ ထို့နောက် ...

'အူး ..ဟူး ..အူး'

ညည်းညူသံကြီးတွေ ထွက်ပေါ်လာခဲ့ကြပြီး နေရာမှ နောက်ဆုတ်၊ နောက်ဆုတ်နှင့် ထွက်သွားကြလေတော့သည်။ နှင်းတောထဲသို့ တဖြည်းဖြည်းနှင့် တိုးဝင်ပြီး ပျောက်ကွယ်သွား ခဲ့ကြသည်။

ရန်ပိုင်နှင့်သာထူးတို့သည် ရုတ်တရက်ပြောင်းလဲသွား ခဲ့သော အခြေအနေကြောင့် အံ့အားသင့်သွားခဲ့ကြသည်။ မိမိ တို့၏ ဆိုးရွားသော ကံကြမ္မာကို တားဆီးလိုက်သူကား မည် သူများပေလဲ သိချင်နေမိကြသည်။

မကြာလိုက်ပါ။ ထိုသူသည် သစ်ပင်ကြီး၏ အောက်ကို တစ်လှမ်းချင်းပင်လျှောက်လာခဲ့သည်။ နှင်းပွင့်များကို ရောင်ပြန် ဟပ်လျက်ရှိသော အလင်းအောက်မှာ တွေ့လိုက်ရသည်က။

"ဟင် ... ဖကီးလေး"

ရန်ပိုင်၏နှုတ်မှလွှတ်ခနဲဆို ထွက်သွားခဲ့ရသည်။ ဖကီး လေးသည် ရန်ပိုင်ကိုမော့ပြီးတော့ ကြည့်နေသည်။

"ကံကြမ္မာဆိုးက လွတ်မြောက်သွားကြပါပြီ။ ဘာမှမ ပူကြပါနဲ့တော့"

"ကျေးဇူးပါပဲ ဖကီးလေးရယ်"

ရန်ပိုင်က ဟန်မဆောင်နိုင်တော့ဘဲ လိုက်လုံစွာပင် ပြောလိုက်လေသည်။ သာထူးလည်း ဖောက်ထိုးအနေအထားက



နေ ဖကီးလေးကို အံ့အားသင့်စွာနှင့်ကြည့်နေမိသည်။ သူ ဘစ်ကြိမ်တစ်ခါမှ မမြင်ဖူးသေးသောသူ ...။

"ဖကီးလေး ...ကျွန်တော်တို့ကို လုပ်ပါဦး"

"မပူပါနဲ့ ...ကြိုးကပြတ်ကျလာတော့မှာပါ"

ဖကီးလေးပြောလိုက်၍ မကြာမီမှာပင် ...

'ထောက် ..ထောက်'

ချည်နှောင်ထားသော ကြိုးများသည်။ ရုတ်တရက် ပြတ် ထောက်သွားခဲ့ပြီး အောက်ကို တစ်ယောက်ပြီးတစ်ယောက် ပြုတ် ကျလာခဲ့လေတော့သည်။

သတိထားနေကြ၍သာ အကျတော်သွားကြသည်။ ကံ ကောင်းလျှင်ဖက်ကျိုး သွားနိုင်ကြသည်။ ပစ်ကျလာသောအ ရှိန်နှင့် မြေပြင်မှာ တလိမ့်ခေါက်ကွေးဖြစ်သွားခဲ့ကြသည်။

ရန်ပိုင်သည် ဖကီးလေးကို ပြေးဖက်လိုက်သည်။

"ဖကီးလေး ပျောက်နေတာကြာပြီ။ ဘယ်ကိုသွားနေ တာလဲ။ ခု ဘယ်လိုကြောင့် သည်ကိုရောက်နေတာလဲ"

"ကဲ ...လာ ...သည်မှာ ကြာကြာနေလို့ မကောင်း ဘူး။ လမ်းကျမှ ပြောမယ်"

ထိုအခါကျမှ အခြေအနေကို သတိရသွားခဲ့ကြသည်။ ဖကီးလေး ခေါ်ဆောင်ရာကို လိုက်သွားခဲ့ကြလေသည်။ ထူထဲ စွာကျနေသော နှင်းတောထဲကို တိုးဝင်သွားခဲ့ကြသည်။ သူတို့ နှစ်ယောက်လည်း မည်သည့်နေရာကို ရောက်နေကြမှန်းမသိ။ ဖကီးလေး၏နောက်ကသာ လိုက်လာခဲ့ကြသည်။ တစ်နေရာကို

www.burmeseclassic.com

www.burmeseclassic.com

အရောက်တွင်း ရပ်တံ့လိုက်ကြသည်။

"ကဲ ... ဟိုသတ္တဝါတွေရဲ့ လက်ထဲကလွတ်မြောက်ပါပြီ၊ ငါလည်း မင်းကိုသတိရပါတယ်၊ ဒါပေမဲ့ ငါ့ရဲ့အလုပ်ကို လုပ်နေရသေးတယ်၊ မင်းဆီကို ငါမလာနိုင်သေးဘူး၊ မင်းတို့ သစ်ခွပန်းလာရှာကြတာ မပြန်လမ်းကိုမြန်းကြတော့မလို့၊ ငါနဲ့တွေ့တာ ကံကောင်းတယ်မှတ်၊ မိစ္ဆာထောင်ချောက်ထဲကို မင်းတို့ ဝင်တိုးမိကြတာကို၊ ကဲ ... ကဲ ... ဟောသည်လမ်းအတိုင်း သွားကြပေတော့"

"ဖ ... ဖကီးလေးနဲ့ ဘယ်တော့ဆုံနိုင်ဦးမှာလဲ"

"ငါတို့ ပြန်ဆုံကြဦးမှာပါကွာ"

ဖကီးလေးက ပြုံးပြီးတော့ပြောလိုက်သည်။ ထို့နောက် ဖကီးလေး ညွှန်ပြသည့်လမ်းအတိုင်း လျှောက်လာခဲ့ကြလေသည်။ ဖကီးလေးသည် နောက်မှကျန်ရစ်ခဲ့သည်။

"နေပါဦးကွ ... သူက ဘယ်သူလဲရန်ပိုင်"

"ငါ့ရဲ့အသိပါကွာ"

"ငါတို့သစ်ခွပန်းအရှာထွက်တာ သူ ဘယ်လိုသိနေသလဲ မပြောတတ်ဘူး၊ မင်းပြောထားလို့လား"

"ကြုံကြုံဖန်ဖန်ကွာ၊ သူနဲ့ငါမတွေ့တာ နှစ်နှစ်ကျော်ပြီ"

"ဟင် ... ဟုတ်လား"

သာထူးမှာ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားခဲ့ရလေသည်။ ဖကီးလေးညွှန်ပြသည့် လမ်းမှလျှောက်သာလျှောက်ခဲ့ကြရသည်။ မည်သည့်နေရာကို ရောက်နေမှန်းမသိကြ။



"ရန်ပိုင် ငါတို့ဘယ်ကိုသွားနေကြတာလဲ"

"ဖကီးလေးညွှန်ပြတဲ့ လမ်းအတိုင်းလေကွာ၊ ငါလည်း ဘယ်သိပါ့မလဲ"

သွားရင်းက မိမိတို့၏နောက်ကို ဟိုသတ္တဝါတွေများ လိုက်လာကြလေမလားဟု မကြာခဏပင် လှည့်ကြည့်နေမိကြသည်။ တစ်ခဏအကြာတွင် ...

နှင်းများသည် မီးခိုးများသဖွယ် ဟိုသည်ဝေ့ကာ လွင့်ပြယ်သွားခဲ့ကြသည်။ ထိုအခါ ထူးဆန်းမှုများကို ကြုံတွေ့လိုက်ကြရလေသည်။ အမှောင်သည် လွင့်ပြယ်သွားကာ နေ့အလင်းရောင်က ပကတိပေါ်လာခဲ့သောကြောင့်ပင်တည်း။

"ဟင် ... ဘယ်လိုဖြစ်တာလဲ၊ နေ့လယ်ဘက်ကြီးဖြစ်နေပါလား"

သာထူးက အံ့အားတသင့်နှင့် အော်မိလိုက်လေသည်။

"နဂိုကတည်းက နေ့ပဲလေကွာ၊ ငါတို့က အမှောင်ကမ္ဘာထဲကိုရောက်သွားကြတာဖြစ်မှာပေါ့"

"မင်းပြောတာ ငါမရှင်းဘူး ရန်ပိုင်"

"အေး ... မရှင်းတာတွေအသာထား၊ ငါလည်းမရှင်းဘူး၊ ဟိုမှာကြည့်စမ်း"

ရန်ပိုင်က သစ်ပင်မြင့်ကြီးတစ်ပင်ပေါ်ကို လက်ညှိုးထိုးလိုက်သည်။ ရှားပါးလှသော သစ်ခွနက်များကိုတွေ့လိုက်ကြလေသည်။

"ဟာ ... သစ်ခွနက်တွေ"

www.burmeseclassic.com



"ဖကီးလေးက ငါတို့ကို ကူညီလိုက်ပြန်ပြီကွ၊ မင်း[illegible] ငါ အကျိုးတူပေါ့ကွာ"

သာထူးသည် ဆန်းကြယ်လှသော ကံကြမ္မာကို အံ[illegible] အားတသင့် ဖြစ်နေမိပါတော့သည်။

■ ■ ■

## (၈)

## ဆိုးရွားသောအကြံအစည်

"သာထူးရေ ငါတို့သည်အတိုင်းသာဆက်ပြီး နေကြရင်း သွေးခဲပြီး သေသွားနိုင်တယ်ကွ"

"သာထူး ဘာမှစဉ်းစားမနေနဲ့ ကောင်းကျိုးပေးမယ့်ဟာတွေတော့ မဖြစ်နိုင်ဘူး။ ကိုယ်ကိုရပ်မသွားနဲ့ ဆက်ပြီးတော့ လှုပ်နေ"

"သာထူးရေ ကြည့်ရတာမဟာန်ဘူး၊ သည်ကောင်ကြီးတွေရဲ့ လက်ချက်မိသွားရင် ငါတို့တစ်ကိုယ်လုံး စုတ်ပြတ်သွားနိုင်တယ်ကွ"

"ဖကီးလေးပျောက်နေတာ ကြာပြီ၊ ဘယ်ကိုသွားနေတာလဲ၊ ခု ဘယ်လိုကြောင့် သည်ကိုရောက်နေရတာလဲ"

"အေး . . . မရှင်းတာတွေ အသာထား၊ ငါလည်းမရှင်းဘူး၊ ဟိုမှာ ကြည့်စမ်း"

စာကြည့်ခန်းထဲ ဒရင်းဘက်ပေါ်၌ အိပ်ပျော်နေသော ရဲရင့်ဆီက ယောင်ယမ်းပြီးတော့ ပြောနေသောအသံ။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ယောင်ခါစကပင်လျှင် အပြင်မှာရှိနေကြသည့် မိဘနှစ်ပါးနှင့် မှုမှုလေးတို့သည် ပြေးဝင်လာခဲ့ကြသည်။ ထို့နောက် ...

ကိုချမ်းသာက တိတ်တိတ်နေရန် အသံမပြုရန် မျက်နှာအမူအရာပြလိုက်သည်။ အားလုံးဘေးမှာရပ်ပြီး ငြိမ်သက်စွာ ပင် စောင့်ကြည့်နေကြသည်။ ရဲရင့်သည် မျက်လုံးတွေမပွင့်ဘဲ စကားတွေကို တွင်တွင်ပြောနေသည်။ မျက်နှာအမူအရာက လည်း ထိတ်လန့်၊ စိုးရိမ်မှုတွေဖြင့် စိတ်လှုပ်ရှားမှုတွေဖြင့် တစ်မျိုး ပြီး တစ်မျိုးပြောင်းလဲနေသည်။ အိပ်မက်ထဲမှာ တွေ့သမျှကို နှုတ်က ထုတ်ပြီးတော့ပြောနေခြင်းပင်။

မဝင်းသီကတော့ သား၏မျက်နှာကို စိုးထိတ်စွာနှင့် ကြည့်နေမိသည်။ နှိုးလိုက်ရကောင်းမည်လားဟု လက်က ရဲရင့် ၏ကိုယ်ပေါ်ကို ရောက်သွားမည်ပြုစဉ်မှာ ကိုချမ်းသာက ဟန့် တားလိုက်သည်။

''အေး ... မရှင်းတာတွေအသာထား၊ ငါလည်း မရှင်း ဘူး၊ ဟိုမှာကြည့်စမ်း''

ရဲရင့်ထံမှ နောက်ဆုံးထွက်လာသောစကား။ ထို့နောက် ဘာမှထပ်မပြောတော့ ငြိမ်သက်သွားသည်။ အသက်မှန်မှန်ရှ ကာ ပြန်ပြီးတော့ အိပ်ပျော်သွားခဲ့လေသည်။ ဦးချမ်းသာက သူတို့နှစ်ယောက်ကိုခေါ်ပြီး အခန်းအပြင်ကိုပြန်ထွက်လာခဲ့ကြ သည်။ ဧည့်ခန်းထဲမှာ ထိုင်လိုက်ကြသည်။

''သားက မိုးလင်းခါနီးမှ ဆေးရုံကပြန်ရောက်လာ ခဲ့တာ၊ အရေးပေါ်လူနာတွေကများတော့ တစ်ညလုံး ပင်ပန်းခဲ့



တယ်ထင်ပါရဲ့၊ ဒါတောင် သည်ကနေ့ဂျူတီအော့ဖ်ပေမယ့် ပြန် မအိပ်ဘူး၊ မနက်စာ စားသောက်ပြီးမှ တကြည့်ခန်းထဲမှာ အိပ် ပျော်သွားခဲ့တာ၊ သမီးကြားရတဲ့အတိုင်းပဲ ... ဘာတွေကို အိပ် မက် မက်ပြီး ယောင်ယောင်ပြောနေသလဲမသိဘူး''

မဝင်းသီက မှုမှုလေးကို စိုးထိတ်သောမျက်နှာနှင့် ပြော ပြလိုက်လေသည်။ ကိုချမ်းသာကလည်း ...

''သား အိပ်မက်မက်တိုင်းမှာ ရန်ပိုင်ဆိုတဲ့ နာမည်ကို ခေါ်ပြောနေတတ်တာ မကြာခဏ ကြားနေရတတ်တယ်၊ အဲ သည်လူက ဘယ်သူလဲ၊ သည်နာမည်နဲ့ ဘာကြောင့်အကျွမ်း တဝင်ဖြစ်နေတာလဲဆိုတာကို မသိရဘူး၊ သား တစ်ခါပြောဖူး တာကတော့ သူနဲ့တူတဲ့ လူတစ်ယောက်တဲ့''

''ခက်တော့နေပြီ၊ သားအခုလိုဖြစ်နေတာ ငယ်ငယ် ကလေးတည်းကပဲ ဘယ်လိုအကြောင်းကြောင့် သည်လိုဖြစ်နေ သလဲဆိုတာကိုတော့ မသိတော့ပါဘူး''

မဝင်းသီသည် သားအတွက် ရဟက်မအေးနိုင်အောင် ပင်ရှိနေရသည်။

''သမီးက သူ့ကို စိတ်နဲ့ပတ်သက်တဲ့သမားတော်တစ် ဦးဦးဆီကိုပြဖို့ တိုက်တွန်းမိပါတယ်၊ ဒါပေမဲ့ ကိုရဲကလက်မခံ ဘူးလေ၊ သူက ဆရာဝန်တစ်ယောက်ဆိုတော့လည်း ပိုပြီး တော့ ခက်တာပေါ့၊ ပြီးတော့ သူက သမီးကိုအိပ်မက်အတွေ့အကြုံ ပြန်ပြီးတော့ ပြောပြတိုင်းမှာ ခံစားမှုကရှိနေတယ်၊ သည့်ပို အတွေ့အကြုံမျိုးကို နှစ်သက်နေသလိုပဲ''

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ...ဘုရား သားဟာရိုးမှရိုးရဲ့လား၊ ပယော ဂဆရာတစ်ယောက်ယောက်ကို ပြကြည့်ရင် ကောင်းမလား"

"အို သီကလည်း အဲသည်အထိမလိုပါဘူးလေ၊ သား က အမြဲတမ်းဖြစ်နေတာမှ မဟုတ်တာ၊ တစ်ခါတစ်ခါမှ ဖြစ်တာ ပဲ ဒါပေမဲ့ ကျန်တဲ့အချိန်မှာတော့ သူလိုကိုယ်လိုပဲနေနေတာ မဟုတ်လား၊ မိသားစုအပေါ် အလုပ်တာဝန်အတွက်လည်း လစ် ဟင်းတာမှမဟုတ်တာ၊ ဒါ ပယောဂမှမဟုတ်တာ၊ အတွေးသိပ် ချော်သွားရင် မကောင်းဘူး၊ သားကိုစောင့်ကြည့်နေကြရမှာပဲ"

ကိုချမ်းသာက တားမြစ်သည်။ အားလုံး မသိမသာပင် သက်ပြင်းချမိလိုက်ကြလေတော့၏။

▣

ရန်ပိုင်နှင့်သာထူးတို့သည် ရွာထဲကို ပြန်ရောက်လာခဲ့ ကြသည်။ လွှန်စွာမှ ရှားပါးသောသစ်ခွနက်များသည်လည်း ပါ လာခဲ့ကြလေသည်။ သူတို့နှစ်ယောက်သည် လမ်းမှာကြိုတင်ပြီး တော့ ညှိထားခဲ့ကြသည်။ မိမိတို့ကြုံတွေ့ခဲ့ကြသည်များကို မည် သူ့ကိုမှ ဖွင့်မပြောကြရန်ပင်ဖြစ်သည်။

ရန်ပိုင်သည် သာထူးနှင့်အတူ မြစ်ကြီးနားဘက်ကို တက်သွားသည်။ သူဌေးတစ်ဦးအား သစ်ခွနက်များကို ရောင်းချ ခဲ့လေသည်။ ထိုသူဌေးသည်လည်း ရန်ပိုင်က ရှားပါးသောသစ်ခွ နက်များကို မရရအောင်ရှာပေးနိုင်ခဲ့သည့်အတွက် စွမ်းဆောင် ...ကို အံ့အားသင့်သွားခဲ့ရသလို ကျေးဇူးလည်းတင်သွားခဲ့သည်။



ရန်ပိုင်သည် သစ်ခွပန်းရောင်းရငွေအားလုံးကို သာထူး အားပေးလိုက်လေရာ။

"ရော့ သာထူး ...မင်းပဲ ယူလိုက်တော့"

"ဟာ ...မဟုတ်တာကွာ၊ ငါတစ်ယောက်တည်း မယူ ပါဘူး ...မင်းနဲ့လည်းဆိုင်တာပဲ၊ ငါ့ကို နည်းနည်းပဲပေးပါ"

"ငါပေးတာကို လက်ခံသာထူး၊ မင်းမိသားစုအတွက် ငါက စေတနာနဲ့ပေးတာ၊ အဲသည်ညက ကံကောင်းလို့ ငါတို့ မသေဖြစ်ခဲ့ကြတာ။ ငါ့ကြောင့် မင်းပါအချောင်ကြွတော့မလို့၊ ငါ့အတွက် ငွေများများစားစား မလိုအပ်ပါဘူးကွာ၊ မင်းထပ်ပြီး ငြင်းမနေနဲ့တော့"

"ကျေးဇူးပါပဲကွာ ...မင်းက တော်တော်ကိုရက်ရော တာပဲ"

သာထူးမှာ ဝမ်းသာလျက်ရှိနေလေသည်။

▣

မိုးလုံးရွာမှာ နတ်ဆရာကြီးအိန္ဒြ ...

ရန်ပိုင်နှင့်သာထူးတို့ မသေမပျောက်ပြန်ပြီးတော့ ရောက် လာခဲ့သည့်အတွက် လွန်မင်းစွာပင် အံ့အားသင့်သွားခဲ့ရသည်။

"အံ့ဩဖို့ကောင်းတယ်၊ သည်ကောင်တွေ သေတွင်း ထဲက လွတ်လာကြတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒြသည် သူတို့နှစ်ယောက် သေတွင်းထဲသို့ရောက်သွားခဲ့ကြသည်ကို မည်သို့သိရှိနေပါသလဲ။ ခုလည်းပဲ မကျေမနပ်ဖြစ်နေခဲ့လေသည်။

''ငါတော့ အိန္ဒြဆိုတဲ့ လူကြီးကိုသိပ်ပြီးတော့ သဘောမကျချင်ဘူးကွ၊ မင်းကိုကြည့်တဲ့အကြည့်က မရိုးသားဘူး၊ သည်လူကြီးဟာ လူတကာကိုလည်း ဒုက္ခပေးတတ်တယ်ကွ၊ ကိုယ့်ရွာသားအချင်းချင်းလည်း ညှာတာမဟုတ်ဘူး၊ လူတစ်ယောက်ကံကြမ္မာဆိုးဝင်အောင် သူဖန်တီးနိုင်တယ်ကွ''

''သာထူးရာ မင်းမလည်း သည်လူကြီးအကြောင်းမဲ့ကြီးကြောက်နေပြန်ပြီ။ သူတို့ကိုယ်သူတို့ အောက်လမ်းယောင်ယောင်၊ မှော်ယောင်ယောင်နဲ့ ကြောက်တတ်တဲ့သူတွေကိုခြောက်လှန့်ပြီး လာဘ်လာဘကယူ၊ မတရားညှစ်ယူနေကြတာကွ၊ သူတို့အလုပ်က ဒါပဲရှိတာ''

''[illegible] သည်လိုကိစ္စမျိုးတွေကို ယုံလို့ပြောတာမဟုတ်ပါဘူးကွာ၊ ငါလည်း သည်လူကြီးကို မင်းပြောသလိုပဲ သဘောပေါက်ပြီးသားပါ''

''အသက်ကြီးနေပါပြီကွာ၊ ငါတို့ကို ဘယ်လိုရန်ရှာနိုင်မှာလဲ။ သည်လိုစိတ်ထားမျိုးလည်း ရှိချင်မှရှိမှာ၊ သက်သက်ငရဲအကြီးခံပြီးတော့ လူကြီးကို မကောင်းထင်နေမိတာမျိုး ဖြစ်နေပါဦးမယ်''

''ရန်ပိုင် ...ရန်ပိုင် ...မင်းသည်လူကြီးကို လျှော့တွက်လွန်းတယ်၊ ငါက သည်ရွာမှာနေလာတာကြာပြီ၊ သူ



အကြောင်း ကောင်းကောင်းကြီးသိတယ်''

ရန်ပိုင်သည် ခေါင်းကိုခါယမ်းမိလိုက်သည်။ တောမှာအနေကြာလာသော သာထူးသည် ကျဉ်းမြောင်းသောအယူအဆမျိုးကို လက်ခံတတ်လာပြီလားဟူ၍ ...။

ညဦးနက်လာလေလေ အအေးဓာတ်က သိပ်သည်းလာလေလေပင်။ မိုးလုံးရွာတစ်ရွာလုံး အိပ်မောကျနေကြသည်။ အဝေးဆီက တောခွေးအူသံများကို တစ်ချက်တစ်ချက်မှာ ကြားနေရသည်။ ရန်ပိုင်သည် သာထူးနှင့် စကားကောင်းနေ၍ ညဦးနက်မှ စကားဝိုင်းကို ရပ်လိုက်ရသည်။

သာထူး၏ ဇနီးမကောင်းပုံကတော့ စောစီးစွာပင် အိပ်ရာဝင်သွားခဲ့သည်။ သူမသည် ရှမ်းမြန်မာကပြားဖြစ်သည်။ စကားပြောနည်းသူတစ်ဦး၊ တောင်ယာလုပ်ငန်းကို မကောင်းပုံပဲ ဦးစီးပြီးတော့ လုပ်ကိုင်သည်။ ကျန်းမာရေးကောင်းသည်။ ခန္ဓာကိုယ်တောင့်တင်းကြံ့ခိုင်သည်။

ရန်ပိုင် ခြင်ထောင်ထဲကိုဝင်ပြီး မကြာမီမှာလျှင်အိပ်မောကျသွားခဲ့လေသည်။ ရွာထဲမှာ အသွားအလာမရှိတော့သော်လည်း ထိုအခြေအနေမျိုးကို စောင့်နေသောလူတစ်ဦးကတော့ ကွန့်နေလေသည်။ လူတစ်ယောက်သည် အေးခဲနေသောအချိန်မျိုးမှာပင် အမှောင်ရိပ်ကို ခိုကာတိတ်တဆိတ်ပင် လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လာနေသည်။

သာထူးတို့၏ ခြံရှေ့ကိုရောက်သောအခါ တစ်ထွာ
ရှည်သော သစ်ရွက်ခြောက်လေးရွက်လောက်ကို လက်ထဲမှ
ပင်စုပြီး မီးရှို့လိုက်လေသည်။ ထို့နောက် ခြံထဲကိုပစ်သွင်းလိုက်
သည်။ မီးလောင်နေကြသော သစ်ရွက်ခြောက်များက တစ်နေရာ
စီပြန့်ကြဲသွားခဲ့ကြလေသည်။

လောင်မြိုက်ပြီး မီးခိုးများက အူထွက်လာခဲ့ကြလေ
သည်။ ထူးဆန်းစွာပင် မီးခိုးငွေ့များက စုပေါင်းသွားခဲ့ကြသည်
သေးငယ်သော ထရံပေါက်လေးများထဲမှ စိမ့်ပြီးတော့ဝင်သွား
ခဲ့ကြလေသည်။

▣

အိမ်ထဲသို့ဝင်သွားခဲ့ကြသည်။ မီးခိုးငွေ့များသည်
တစ်ကောင်ပမာ တွန့်လိမ်ကာ ရန်ပိုင်၏ခြင်ထောင်ဆီကို တ
ပြီးတော့သွားနေသည်။ ရန်ပိုင်သည် အိပ်ပျော်နေသော်လည်
ထူးခြားသော အနံ့အသက်ကိုရနေသည်။ စိမ်းရွှေရွှေအနံ့ကြီး
ဖြစ်သည်။ အသက်ရှူကျပ်လာသလို ခံစားနေရသည်။ အသက်
ရှူရသည်မှာ ခဲယဉ်းလာသည်။ လည်ပင်းကို လက်ဖဝါးနှင့်ပွတ်
သပ်လာခဲ့ရသည်အထိ အာခေါင်ခြောက်လာပြီး အဆုပ်ကြီးတစ်
ခုလုံး ပေါက်ကွဲထွက်သွားတော့ မတတ်ခံစားလာခဲ့ရသည်။

"ဟင်"



သည့်ထက်ပိုပြီးတော့ မခံမရပ်နိုင်ဖြစ်လာခဲ့ရသောအ
ခါ လန့်နိုးသွားခဲ့ရသည်။ သို့သော် အိပ်ရာထဲမှ လူးလဲပြီးတော့
ထရန်ကြိုးစားသော်လည်းမရ။

"ငါ ...ငါ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

သတိကိုကြိုးစားထားနေသည်။ အသက်ရှူရပ်သွားတော့
လားဟုပင် အလွန်အမင်းခံစားလာခဲ့ရသည်။ ခြင်ထောင်အ
ပြင်ဘက်ကို ရုန်းကန်ပြီးတော့ ထွက်လိုက်သည်။ ကြမ်းပြင်က
သံမြည်သွားသည်။

အနံ့အသက်တစ်မျိုးကို သိသာစွာပင်ရှူရှိုက်မိသည်။
င်းအနံ့ကြောင့်ပင် ယခုလိုခံစားနေရသည်ကို သိလာမိသည်။

စိတ်ကမပါဘဲနှင့် ခြေလှမ်းတွေက တံခါးဆီကိုအလို
ပင်သွားနေမိသည်။ ရန်ပိုင်သည် သတိကတော့ မြဲမြဲနေသည်။
သော် မိမိစိတ်ကိုမနိုင်။ တစ်ဦးတစ်ယောက်က အမိန့်ပေး
ခိုင်းခံရသလို လိုက်နာနေမိသည်။ သည်လိုနှင့် အိမ်အပြင်
ရောက်သွားခဲ့သည်။

ခြံစည်းရိုးတံခါးကိုဖွင့်ကာ ခြံအပြင်ကိုရောက်သွားခဲ့
သည်။ လမ်းပေါ်မှာ လူရှင်းနေသည်။ ခွေးတစ်ကောင်ကိုသော်
မတွေ့ရ။ ရန်ပိုင်တစ်ဦးတည်းရှိနေသည်။ ခြေလှမ်းတွေက
မှောင်ထဲကို ဦးတည်ကာသွားနေသည်။ သည်လိုနှင့် လူနေ
မ်များနှင့်ဝေးသောနေရာအထိ ရောက်လာခဲ့သည်။ သစ်ပင်
ီးတစ်ပင်အောက်မှာ ရပ်နေသူတစ်ယောက်၊ နတ်ဆရာကြီး
နှုပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒုသည် ရန်ပိုင်လျှောက်လာနေသည်ကို စောင့်ကြည့်နေသည်။ သစ်ပင်ကြီး၏အောက်မှ အပြင်ကိုထွက်သွားခဲ့ပြီး ကိုယ်ယောင်ပြလိုက်ပြန်သည်။ ရန်ပိုင်သည် သူ့ဆီကိုတန်းတန်းမတ်မတ်ဝင်လျှောက်လာနေသည်။ အိန္ဒုက ကောက်ကျစ်စဉ်းလဲသောအပြုံးနှင့် ရှေ့ကိုဆက်လျှောက်သွားခဲ့သည်။ ရန်ပိုင်ကဘာမှမသိသလို အိန္ဒု၏ နောက်မှလိုက်သွားခဲ့သည်။

ရွာနှင့်ဝေးလာခဲ့သည်။ နှင်းတွေက ဟူထပ်စွာနှင့်ကျနေကြသည်။ သူတို့ကိုယ်ပေါ်မှာ နှင်းဖတ်တွေက ဖုံးလွှမ်းနေကြသည်။

တစ်နေရာအရောက်တွင် အိန္ဒုသည် ဆက်မလျှောက်တော့ဘဲ ခြေလှမ်းတွေကို ရပ်တံ့လိုက်လေသည်။ သစ်ပင်ကြီးတစ်ပင်နှင့် ငါးပေသာသာခန့် အကွာအဝေးတွင် တွင်းကြီးတစ်တွင်းကို ထူးထားသည်။ ရန်ပိုင်သည် အိပ်မက်လမ်းလျှောက်နေသူပမာ ဆက်ပြီးတော့လျှောက်သွားသည်။ တွင်းကြီး၏အနားကိုရောက်သွားခဲ့လေသည်။ အိန္ဒုသည် ရန်ပိုင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

သူ၏ခါးကြားထဲမှာ ဓားကောက်ကြီးတစ်လက်က လက်ခနဲဆိုဖြစ်သွားခဲ့သည်။ အိန္ဒုသည် ဓားကောက်ကြီးကို ဆတ်ခနဲဆို ဆွဲထုတ်လိုက်လေသည်။

"ရန်ပိုင် ...မင်းကိုသတ်တော့မယ် ...သတိထား"

ထိုစဉ် နားထဲကို တစ်စုံတစ်ယောက်၏အသံက ရုတ်တရက် ဝင်လာခဲ့သည်။ ထိုအခါ အိပ်မောကျနေသလိုဖြစ်နေသော ရန်ပိုင်သည် ဖျတ်ခနဲဆို လန့်နိုးသွားခဲ့ရသည်။ ထိုစဉ်မှာပင်လျှင် အိန္ဒုသည် ဓားကောက်ကြီးကိုမြှောက်ကာ ရန်ပိုင်၏လည်ပင်းကို ပိုင်းချလိုက်သည်။





"ဟင်"

သတိဝင်သွားခဲ့သော ရန်ပိုင်သည် သူ့အပေါ်ကျလာခဲ့သောဓားချက်ကို အချိန်မီတိမ်းရှောင်လိုက်နိုင်သည်။ ဓားသွားသည်လည်ပင်းမှ ပွတ်ကာသီကာလွဲချော်သွားခဲ့လေသည်။ အိန္ဒုက နောက်ထပ်တစ်ကြိမ် လက်ကိုလွှဲကာ ပိုင်းချလိုက်ပြန်သည်။

'ဝှစ်'

ရန်ပိုင်သည် နောက်ကိုခြေတစ်လှမ်းလည်း အဆုတ်၊ ခေါင်းကိုလည်းအငုံ့ ...ဓားချက်က သူ့ခေါင်းပေါ်ကကျော်ထွက်သွားခဲ့သည်။ အိန္ဒု၏ ဓားကိုင်လက်ကောက်ဝတ်ကို ဆတ်ခနဲဆို ဖမ်းဆုပ်ကိုင်ကာ လိမ်ချိုးလိုက်သည်။

"အား"

လက်ထဲမှာ ကိုင်ထားသောဓားကောက်ကြီးသည် လွတ်ကျသွားခဲ့ရလေသည်။ အိန္ဒု၏ ရင်ဝဆီကို ပင့်ဒူးတစ်ချက်က ဆောင့်ဝင်လာခဲ့သည်။

"အင့်"

အိန္ဒု မချိမဆံ့ ဖြစ်သွားသည်။ ခံစားလိုက်ရသည်။ မျက်လုံးအစုံက ပြူးထွက်သွားခဲ့သည်။ လက်သီးတစ်လုံးက မေးအောက်မှ ခတ်ဆတ်ဆတ်လေး ဝင်လာခဲ့သည်။

'ခွပ်'



www.burmeseclassic.com

www.burmeseclassic.com



''အား''

အိန္ဒြေ၏ ခေါင်းကနောက်ကို လန်ထွက်သွားခဲ့သည်။ ထို့နောက် မဟန်နိုင်တော့ဘဲ သူတူးထားသော တွင်းကြီးထဲကို ပစ်ကျသွားခဲ့လေတော့သည်။ ရန်ပိုင်သည် ဓားကောက်ကြီးကို ကောက်ယူလိုက်သည်။

ထိုစဉ်မှာပင် လူတစ်ယောက်က သူ့ဆီကို အပြေးပင် ရောက်လာသည်။ သာထူးပင်။

''ရန်ပိုင် ... ရန်ပိုင် ... မင်းဘယ်လိုဖြစ်တာလဲ''

သာထူးသည် ရန်ပိုင်ကို အမောတကောနှင့် မေးလိုက်လေသည်။ ရန်ပိုင်က အဖြေမပေးမီမှာ တွင်းထဲမှာကျနေသော အိန္ဒြေကို မြင်တွေ့လိုက်ရလေသည်။

''ဟင်''

''အိန္ဒြေပါလား ဒါ ... ဒါ ဘယ်လိုကြောင့်''

''ငါ အိပ်ပျော်နေတုန်းမှာ စိမ်းရွှေရွှေအနံ့တစ်မျိုးကို ရလိုက်တယ်၊ အဲသည်နောက်ပိုင်းမှာ လုံးဝသတိလစ်သွားခဲ့သလို ဘာမှမသိတော့ဘူး။ ငါ အပြင်ကိုရောက်သွားတာကိုလည်း မသိတော့ဘူး၊ ငါ့နားထဲမှာ တစ်ယောက်ယောက်က သတိပေးလိုက်သံမျိုးလို ကြားလိုက်ရတယ်၊ အဲသည်အချိန်မှာ ငါလန့်ပြီးတော့ နိုးလာခဲ့တယ်''

ရန်ပိုင်သည် သူတွေကြုံခဲ့ရသောအဖြစ်အပျက်များကို ဆက်ပြီးတော့ ရှင်းပြလိုက်လေသည်။

''မယုံကြည်နိုင်လောက်အောင်ပဲကွာ၊ မင်းကို အပြင် ချောက်အောင်ခေါ်ထုတ်နိုင်ခဲ့တယ်၊ အသေသတ်ဖို့ ကြံစည်တာ ကွ၊ ကံကောင်းတယ်၊ မင်းဘာမှမဖြစ်လို့။ ဒါနဲ့ သူ သူသေသွား ပြီလား''

''မသေနိုင်ပါဘူးကွာ၊ သတိလစ်နေတာပါ''

သာထူးသည် ရန်ပိုင်လက်ထဲက ဓားကောက်ကြီးကို ဆွဲယူလိုက်သည်။ တွင်းထဲကို ခုန်ဆင်းရန်ပြင်လိုက်သည်။

''ဟေ့ ... ဟေ့ မင်း ဘာလုပ်မလို့လဲ''

''ငါရှင်းပစ်လိုက်ချင်တယ်ကွာ၊ မဟုတ်ရင် ရှေ့ဆက် ပြီး ဒုက္ခပေးနေဦးမယ်''

''သာထူး စိတ်လိုက်မာန်ပါမလုပ်နဲ့။ သူ့လမ်းသူ သွား ပါစေမယ်''

သာထူးက ဓားကောက်ကြီးကို တွင်းထဲသို့ပစ်ချလိုက် သည်။ ထို့နောက် နှစ်ယောက်အတူ ထိုနေရာမှ လှည့်ထွက် လာခဲ့ကြသည်။

''ငါတို့လင်မယားလည်း အိပ်ရာထဲမှာ စိမ်းရွှေရွှေ အနံ့တစ်မျိုးကိုရလိုက်တယ်ကွ၊ မင်းထွက်သွားတာကိုလည်း ငါသိလိုက်တယ်၊ ဒါပေမဲ့ ချက်ချင်းထလိုက်လာလို့ မရဘူး၊ တစ်ကိုယ်လုံး အကြောတွေဆိုင်းနေသလို ခံစားနေရတယ်၊ နောက်တော့မှ အနှောင်အဖွဲ့က ရုန်းထွက်နိုင်လိုက်သလို ထွက် လာနိုင်ခဲ့တာ။ ဒါ သက်သက်မဲ့မကောင်းကြံစည်တာကွ''

သာထူးက မကျေမနပ်နှင့်ပြောလာခဲ့လေသည်။

▣



www.burmeseclassic.com

www.burmeseclassic.com



ယင်းအခြေအနေမတိုင်မီ ... ရန်ကုန်တွင် ...

အိပ်ရာထဲတွင် အိပ်ပျော်နေသော ရဲရင့်၊ ရုတ်တရက်
အသက်ရှုကျပ်လာသလိုလို ခံစားလာခဲ့ရသည်။ မျက်လုံးက
ပိတ်ထားသော်လည်း လူတစ်ယောက်၏ ပုံပန်းသဏ္ဌာန်ကို မြင်
လာခဲ့သည်။ ထိုသူသည် ညဘက်ကြီးတွင် ရှာနင့်တူသော လမ်း
မကြီးအတိုင်းလျှောက်သွားနေခဲ့သည်။

တစ်နေရာကို အရောက်တွင်

လွန်စွာမှ ခက်ထန်ကြမ်းတမ်းသောမျက်နှာရှိသည့် လူ
ကြီးတစ်ယောက်က သူ့ကိုစောင့်နေသည်။ ထိုသူသည် ထိုလူ
ကြီး၏အနီးကို ရောက်သွားခဲ့သည်။ မျက်နှာပေါက်ဆိုးဆိုးနှင့်
လူကြီးက ဓားကောက်ကြီးကိုမြှောက်ကာ လည်တိုင်ကိုခုတ်
တော့မလို ပြုလိုက်သည်နှင့် ...

"ရန်ပိုင် ... မင်းကိုသတ်တော့မယ် ... သတိထား"

ဟု နှုတ်မှအော်ပြီးတော့ သတိပေးလိုက်မိသည်။ အသံ
လည်းထွက်သွားခဲ့သည်။ သည်နောက် ထိုမြင်ကွင်းသည်လည်း
တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားခဲ့လေသည်။

◘ ◘ ◘



[၉]

## ဘဝပြန်မလာစဲကြီး

ရန်ပိုင်မော်တော်ပေါ်တွင် ရန်ပိုင်နှင့်အတူ ကိုဝဏ္ဏတို့
သည် ဆွေးနွေးတိုင်ပင်လျက်ရှိနေကြသည်။ အကူခေါ်ထားသော
အလုပ်သမားလေး မောင်ခွေးသည် ကုန်ပစ္စည်းသေတ္တာအချို့
ကို နေရာချလျက်ရှိနေသည်။

"ကျွန်တော်ရောက်မလာတဲ့ ရက်တွေမှာ အဆင်ပြေ
တယ်မဟုတ်လား ကိုကြီးဝဏ္ဏ"

"အေး ... အဆင်ပြေပါတယ်ကွာ၊ မောင်ခွေးပါရှိနေ
တော့ ငါ့အတွက် အထောက်အကူပိုပြီးတော့ ရတာပေါ့ကွာ၊
မောင်ခွေးက စကားအကြောင်းလည်း နည်းနည်းပါးပါးနားလည်
တယ်ကွ"

"ဟုတ်လား ... မောင်ခွေးက ဘယ်ဆိုးလို့လဲ"

စကားနည်းသော မောင်ခွေးက သူ့ကိုချီးမွမ်းရင်း ပြုံး
ပြလိုက်သည်။ သူ့အသက်က ၁၆ နှစ်လောက်ပဲရှိလိမ့်ဦးမည်။
မိမိအလုပ်ကဲ့သို့ပင် စိတ်ပါဝင်စားစွာနှင့် တရိုတသေသုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုဝဏ္ဏစက်ပစ္စည်းအစိတ်အပိုင်းများကို တိုက်ရိုက် ဆေးကြောရာ၌လည်း အငြိမ်မနေတတ်၊ ဝင်ပြီးတော့ ကူညီ သည်။ မောင်ခွေးကို ကိုဝဏ္ဏက ခေါ်လာခဲ့ခြင်းပင်။

ရန်ပိုင်သည် သူတို့နှစ်ယောက်အတွက် လက်ဆောင် ပစ္စည်းများကို ဝယ်ယူလာခဲ့သည်။ အဝတ်အထည်၊ အစားအ သောက်ကမှအစ လခအပြင်အပိုထောက်ပံ့ကြေးငွေများကို စာ အိတ်နှင့်ထည့်ယူလာသည်။

"ရော့ ... ဒါက ကိုကြီးဝဏ္ဏနဲ့မိသားစုအတွက်"

ရန်ပိုင်ရာ မင်း ငါ့ကိုထောက်ပံ့တာတွေက လခထက် တောင်များနေသေးတယ်ကွာ၊ ဒါလောက်ကြီးပေးဖို့မလိုအပ်ပါ ဘူး၊ အားနာပါတယ်ကွာ"

"မဟုတ်တာပဲ ကိုကြီးဝဏ္ဏရာ။ ကျွန်တော်တို့ဟာ ကျွန်း ကိုင်းမှီ ကိုင်းကျွန်းမှီတွေပါ၊ ဒါလောက်ကတော့ ကျွန်တော်လည်း ကျေးဇူးပြုရမှာပေါ့"

ကိုဝဏ္ဏက မော်တော်ထွက်တိုင်း ရရှိသည့် ကုန်ပစ္စည်း တင်ဆောင်ခငွေကြေးများကို ရန်ပိုင်အား စာရင်းဇယားနှင့် တိကျစွာအပ်နှံသည်။

မောင်ခွေးကိုလည်းခေါ်ပြီးတော့ အဝတ်အစား၊ အသုံး အဆောင်ပစ္စည်းများနှင့် ဆုကြေးငွေများကို ပေးအပ်သည်။

"ကျွန်တော်အလုပ်ဝင်တာ ဘာမှမကြာသေးဘူး၊ အစ် ကိုက ထောက်ပံ့မှုတွေပေးနေတယ်"

"မင်းအလုပ်ကြိုးစားလို့ ငါက ချီးမြှင့်တာပါကွာ၊ ယူပါ"



မောင်ခွေးက အားနာပြီးတော့ယူရလေသည်။ ထို့ နောက် ကိုယ့်အလုပ်ကိုယ် သွား၍လုပ်ကိုင်နေလေသည်။

"ဪ ... ရန်ပိုင် မင်းကိုပြောစရာရှိတယ်"

"ဘာများလဲ ကိုကြီးဝဏ္ဏ"

"မင်းကို ထင်ကြီးတို့ဆရာတပည့်နှစ်ယောက်က လိုက် ရှာနေကြတယ်၊ ဟိုတလောက ကိစ္စအတွက် အခဲမကျေကြဘူး ထင်ပါရဲ့။ ငါ့ဆီကိုလည်း တစ်ခေါက်ရောက်လာကြသေးတယ်၊ သူတို့ပစ္စည်းတွေ ဆုံးရှုံးသွားတာကို အကြောင်းပြုပြီး ရန်ရှာမ ည့်နေမှာပေါ့"

"သူတို့ပစ္စည်းဆိုတာက ဘာလဲဗျာ၊ ဥပဒေနဲ့ မလွတ် ကင်းတဲ့ပစ္စည်းတွေပဲမဟုတ်လား၊ သည်ကောင်တွေ ရဲလည်းမ တိုင်ရဲပါဘူး"

"အေးလေ၊ ရဲတော့ဘယ်တိုင်ရဲပါ့မလဲ၊ ဒါပေမဲ့ လူကို ဒုက္ခပေးနိုင်တယ်လေ၊ ငါနဲ့ မောင်ခွေးလည်း ညဘက်ကျရင် မော်တော်မှာ စောင့်အိပ်ကြရတယ်၊ တော်ကြာ လူကိုမလုပ်ရ ည့် မော်တော်ကို တစ်စုံတစ်ခုလုပ်သွားခဲ့ရင် မခက်လား"

"ကျွန်တော် သတိထားရမှာပေါ့ဗျာ"

"ငါကတော့ ပစ္စည်းထက် လူကိုပိုပြီးတော့ စိုးရိမ်တယ်၊ နိုင်၊ သည်ကောင်တွေက မိုက်ရူးရဲတဖောက်ကန်းတွေကွ၊ ထင်ရာမြင်ရာကို လုပ်သွားနိုင်တယ်၊ သူတို့ဘာကို ကြံစည်နေ န်းမသိပေမယ့် မကောင်းတာကို ကြံစည်နေတယ်ဆိုတာကို တော့ သိနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုဝဏ္ဏ၏ စကားကိုအလေးအနက် မထား၍မရပေ ထင်ကြီးတို့က မိမိကိုလုံးဝအခဲကြေကြမှာမဟုတ်။ ဆင်ကြ နေကြပေလိမ့်မည်။

■

ကုန်ပစ္စည်းအပြည့်တင်ဆောင်လာသော ရန်ပိုင်မော် တော်သည် ရေပြင်ပေါ်မှာ တရိပ်ရိပ်နှင့်ပြေးနေလျက်ရှိသည် သည်တစ်ခါတော့ ကုန်ပစ္စည်းတန်ဖိုးအများဆုံးပင် ဖြစ်သည် သို့သော် ရန်ပိုင်မော်တော်က ကြံ့ခိုင်မှုရှိပါသည်။

ကုန်သည်များမှာ ယူထားသောပစ္စည်းများကို ဆိပ်ကမ်း တစ်ခုပြီးတစ်ခု ချပေးခဲ့ရမည်ဖြစ်သည်။ ရန်ပိုင်မော်တော်က အလုပ်နှင့် ပတ်သက်လာလျှင် ဇာကျသေချာ၍ အလုပ်ရှင်မျာ က ကျေနပ်စွာပင် အပ်နှံကြလေသည်။

ဆိပ်ကမ်းတစ်ခု၌ ကုန်ပစ္စည်းတစ်မျိုးကို ချပေးခဲ့အပြ တစ်နာရီခန့်သာ နားသည်။ ကမ်းမှခွာခဲ့လေသည်။

မကြာမီ ...

မော်တော်ဘုတ်လေး တစ်စီးသည် ကျွန်းကွေ့တစ်ခု အမှတ်မထင်ထွက်လာခဲ့သည်။ ယင်းမော်တော်ကို ရန်ပိုင်တို့ သတိပြုမိလိုက်ကြလေသည်။

"ရန်ပိုင် မော်တော်တစ်စီး ရုတ်တရက်ထွက်လာတယ် ကွ"



"မြင်တယ် ... ကိုကြီးဝဏ္ဏ"

ရန်ပိုင်သည် ချက်ချင်းပင် မှန်ပြောင်းနှင့်ကြည့်လိုက် သည်။ အားကောင်းသော နှစ်လုံးပြူးမှန်ပြောင်းက မော်တော် နှင့် မော်တော်ပေါ်မှ လူများကိုအနီးကပ်မြင်ကွင်းအဖြစ် ဖန် တီးလိုက်သည်။

"ဟင်"

"ဘာလဲကွ၊ ဘယ်သူတွေလဲ"

"ဟိုလူတွေ ထင်ကြီးနဲ့ကျားပေါက် တခြားနှစ်ယောက် ထည်းပါလာကြသေးတယ်"

ကိုဝဏ္ဏနောက်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။

"မသင်္ကာစရာပဲ၊ ငါတို့နောက်က တန်းပြီးတော့လိုက် လာတယ်ကွ"

"အသာနေကိုကြီးဝဏ္ဏ မော်တော်ကို မှန်မှန်သာ မောင်း"

ဤနေရာက လူပြတ်တတ်သည်။ စက်လှေ၊ မော်တော် များကို ဓားပြတိုက်တတ်သည်။ ယခု ထင်ကြီးနှင့်သူ့လူများသည် မည်သည့်အကြံအစည်များရှိကြပါသနည်း။ သူလမ်းသူ သွားနေ ကြသည်ပဲလား၊ မော်တော်ပေါ်မှာ မိမိတို့သုံးဦးတည်းသာ ဥပဒေ ဘောင်အပြင်ဘက်မှ ကိုင်ဆောင်သော သေနတ်၊ အစရှိသော လက်နက်မျိုးက ပါမလာ။ ဆောင်လည်းဆောင်မထားကြ။

ရန်ပိုင်ကတော့ ထင်ကြီးတို့၏ မော်တော်ကိုအကဲခတ် ကာ ကြည့်နေဆဲ။ နောက်မှနေလိုက်လာနေသည်ဖြစ်သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း အလှမ်းဝေးနေသေးသည်။ သူ့ကိုစွန့်သူလာနေတာ လည်း ဖြစ်နိုင်သည်။ သို့သော် သည်လိုလူမျိုးကို လျှော့တွက် ၍မရ၊ မကောင်းကြံစည်မှုတစ်ခုခုလည်း ရှိနိုင်သည်။ မော်တော် ကို အရှိန်တင်ခြင်းမရှိသေး။

"ကိုကြီးဝဏ္ဏ မော်တော်ဟာ နောက်ကနေမှန်မှန်ပဲ လိုက်နေတယ်ဗျ"

"အေး ဒါပေမဲ့ ငါတို့နောက်ကနေ တမင်လိုက်နေတာ တော့ အမှန်ပဲကွ၊ သူ့လမ်းသူ ကိစ္စရှိလို့သွားရင် ငါတို့မော် တော်ကို ကျော်သွားမှာပေါ့ကွ၊ ခုဟာက ..."

သင်္ကာမကင်းဖြစ်ရလည်း အမှန်ပင်။ မောင်ခွေးသည် ပင် သူတို့ပြောနေကြသည့် စကားများကြောင့် သတိထားလာ ခဲ့သည်။

ရာသီဥတုကလည်း အအေးပိုင်းဒေသဖြစ်၍ ကိုယ်ပေါ် မှာ ထူထဲသောအဝတ်အစားများကို ဝတ်စားကြရသည်။ ကိုဝဏ္ဏ သည် မော်တော်ကို အရှိန်အနည်းငယ်မြှင့်လိုက်သည်။ အရှိန် တင်လိုက်၍ အေးစက်သောလေ၏အတွေ့အထိက မျက်နှာတစ် ပြင်လုံးကို ရိုက်ခတ်လာခဲ့လေသည်။

နောက်ကလိုက်လာသော မော်တော်သည် အရှိန်အ နည်းငယ်တင်လိုက်သည်။ သေချာသည်။ ရန်ပိုင်မော်တော်က အရှိန်တင်လိုက်သည်ဖြစ်၍ လိုက်ပြီးတင်လိုက်ခြင်းပင်။ ယင်းအ ရှိန်သည် တိုး၍တိုး၍လာကာ ရန်ပိုင်မော်တော်၏ နောက်ကို တရကြမ်းပင်လိုက်လာခဲ့လေသည်။



'ဝူး ..ဝေါ ..ဝေါ ..ဝေါ'

"သေချာတယ်ဗျို့။ ကျွန်တော်တို့နောက်ကို လိုက်လာ တာအမှန်ပဲ"

ပြော၍မှမဆုံးမီ ထင်ကြီးက မော်တော်မှနေ၍ သေနတ် နှင့်လှမ်းပစ်လိုက်သည်"

'ဒိုင်း'

"ဟာ ...ပစ်ပြီ"

ရန်ပိုင်နှင့်မောင်ခွေးတို့သည် ဝပ်ချလိုက်ကြရသည်။ ထင် ကြီးနှင့်အတူပါလာခဲ့ကြသော ကျားပေါက်နှင့် အခြားလူတွေက ပါ ဝိုင်းပစ်ကြလေသည်။

'ဒိုင်း ..ဒိုင်း'

ကျည်ဆန်တွေက ပစ်မှတ်ကိုမထိ။ လေထဲမှာ ဝီခေါပြီး တော့ ထွက်သွားခဲ့ကြသည်။ ကိုဝဏ္ဏကို ထိမှန်မှာစိုးရသည်။

ရှေ့မှာ မြစ်ချိုးကွေ့တစ်ခု ...

"ကိုကြီးဝဏ္ဏ သည်အတိုင်းဆက်သွားနေရင် အားလုံး ကို ထိကုန်တော့မယ်၊ ညာဘက်ကိုချိုးဗျာ၊ ကမ်းကပ်ပြီး သည် လူတွေကို တစ်နည်းနည်းနဲ့ တုံ့ပြန်ရမယ်"

"အေး၊ ငါလည်း အဲသည်လိုပဲ စိတ်ကူးမိတယ်၊ ဒါပေ မဲ့ အဲသည်ဘက်မှာ ဝဲပေါတယ်ကွ၊ ဘဝပြန်မလာဝဲကြီးကလည်း အချိန်မရွေးထနေတာ ဖြစ်ပါ့မလား"

"ကျွန်တော်တို့ အဲသည်နေရာအထိ သွားကြမှာမှ တ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ...ငါသဘောပေါက်ပြီ"

ကိုဝဏ္ဏသည် မော်တော်ကို ထပ်ပြီးတော့ အရှိန်တင် လိုက်သည်။ အင်ဂျင်နှစ်လုံးတပ်၊ အထူးဆင်ထားသော မော် တော်ဖြစ်သည်။

ထို့ကြောင့် အင်ဂျင်အားကောင်းသည်။ မော်တော်သည် မြစ်ချိုးကွေ့ဆီကို ဦးတည်ပြီးတော့ မောင်းသွားသည်။ ထို နောက် တဖြည်းဖြည်းနှင့် ကွေ့ကာဝင်သွားခဲ့လေသည်။ နောက် မှ မော်တော်ကလည်း ခပ်လှမ်းလှမ်းမှနေ၍ လိုက်ကွေ့ပြီးတော့ ဝင်လာခဲ့သည်။

အတော်ခပ်လှမ်းလှမ်းမှာ ရေဝဲကြီးနှစ်ခုသုံးခုက ရှိနေ ကြသည်။ စက်လှေ၊ မော်တော်များသည် ယင်းရေဝဲကြီးများကို ကြောက်ကြသည်။ မလွဲမရှောင်သာသော ကိစ္စမျိုးရှိမှသာ စွန့် စားပြီးတော့ ဖြတ်ကျော်ကြသည်။ ကျွမ်းကျင်သော ပဲ့ကိုင်သမား များသည်ပင် အထူးဂရုစိုက်ကြရသည်။ မပေါ့ဆရဲကြ။ ဖြတ် လမ်းဖြစ်၍ ခရီးကိုချုံ့ပြီးသားဖြစ်သည်။ အချိန်ကုန်သက်သာ သည်။

တချို့ကတော့ ဖြတ်လမ်းဖြစ်သော်လည်း မကျော်ဖြတ် ရဲကြဝေးချင်ဝေးပါစေ သွားနေကြ၊ လာနေကျလမ်းကပဲ သွာ ကြသည်။ ဝဲလှည့်နေကြသော အသံများကို အဝေးကပင်ကြာ နေကြရသည်။

'ဟီး ..ဟီး ..ဟီး ..'

တဟီးဟီးနှင့် ထွက်ပေါ်နေသော အသံများက လူမမာ



ညည်းညူနေသလိုလို၊ မကောင်းဆိုးရွားများ ခြောက်လှန့်နေကြ သလိုမျိုးဖြစ်သည်။ ကြားရသည်မှာ ချောက်ချားစရာကောင်းလှ သည်။

မော်တော်သည် နောက်ကိုပြန်လှည့်ဖို့ အခွင့်အရေးက မပေး၊ ထင်ကြီးတို့၏ မော်တော်သည် မျက်ခြည်မပြတ်လိုက်လာ သောကြောင့်ပင် ဖြစ်သည်။

'ဒိုင်း ..ဒိုင်း'

သေနတ်နှင့်လည်း ဆက်တိုက်ပစ်လာကြသည်။ ကမ်း ကပ်ဖို့ပင် အခွင့်အရေးကမရနိုင်။

"ဘယ်လိုလုပ်မလဲ ရန်ပိုင်"

ကိုဝဏ္ဏက လှမ်းပြီးတော့မေးသည်။ ရန်ပိုင်သည် ရုတ် တရက် မဆုံးဖြတ်တတ်အောင်ဖြစ်နေရသည်။

"မော်တော်ကမ်းကပ်တဲ့ အချိန်နဲ့ ဟိုလူတွေနောက်က ရောကြမ်းလိုက်လာပြီး ပစ်ခတ်နေမှာနဲ့ မလွယ်ဘူးထင်တယ်"

"သည်လိုဆိုရင် တောက်လျှောက်မောင်းနေရမလား"

"ရှေ့မှာဝဲတွေက ရှိနေတယ်လေ"

ကိုဝဏ္ဏသည် စက္ကန့်ပိုင်းလောက်အထိ ဦးနှောက်ကို အလုပ်ပေးလိုက်လေသည်။

"ငါ သည်ဝဲတွေကို ရှောင်ပြီးသွားနိုင်ပါတယ်ကွ"

ကိုဝဏ္ဏက အတွေ့အကြုံရှိပြီးသားဖြစ်သည်။ သူ့ကိုယ် သူလည်း ယုံကြည်ထားသည်။

"ဒါဖြင့် သွားဗျာ၊ သည်လူတွေလိုက်လာရဲရင် လိုက်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြပေါ့''

ကိုဝဏ္ဏသည် စက်ရှိန်ကိုပိုပိုပြီးတော့ တိုးမြှင့်လိုက်သည်။

'ဂူး ..ဝေါ ..ဝေါ'

ကုန်အပြည့်တင်ထားသော မော်တော်ပေမယ့်လည်း ရေပြင်ပေါ်မှာ တည်ငြိမ်စွာနှင့် ပြေးနေသည်။ နောက်မှ လိုက်လာသောမော်တော်ကလည်း ပြန်ပြီးတော့ ဆုတ်ခွာသွားခြင်းမရှိ။ တောက်လျှောက်ပင်လိုက်လာသည်။

''မောင်ခွေးရေ မင်းဝပ်နေ''

အတင့်ရဲ၍ အကြံပက်စက်လှသော ထင်ကြီးတို့အုပ်စုက မဆင်မခြင်ပင် ပစ်ခတ်နေကြသည်။ ထို့ကြောင့် မောင်ခွေးကို ဝပ်ခိုင်းလိုက်ရသည်။

''သည်ကောင်တွေ တော်တော့်ကို စွန့်စားနေကြပါလား။ ရှေ့မှာ ဘာတွေရှိနေသလဲဆိုတာ မသိဘူးနဲ့တူတယ်''

''မသိတာလည်း ဖြစ်နိုင်တယ်၊ ကျွန်တော်တို့ကို ဒုက္ခပေးလိုဇောနဲ့ အန္တရာယ်ကိုတောင် ဂရုမစိုက်နိုင်ကြတော့လည်း မျက်ကန်းတစ္ဆေမကြောက်လိုက်လာကြတာမျိုးလည်း ပြောလို့ရတယ်''

ဝဲထူသောနေရာဖြစ်သည်။ သေမင်းတမန် ဝဲကြီးတစ်ခုကလည်း အားလုံးထဲမှာအထင်ရှားဆုံး။ ယင်းဝဲကြီးထဲကို ရောက်သွားကြသော စက်လှေ၊ မော်တော်မှန်သမျှ ပျက်စီးဆုံးရှုံးကြရသည်။ လူ၊ တိရစ္ဆာန်များသည်ပင် အသက်ရှင်လျက်နှင့်



န်ထွက်မလာကြ။ ဘဝကိုနောက်တစ်ခေါက် ပြန်မလာကြ၍။ ာဝပြန်မလာဝဲကြီးဟု အမည်ပေးထားကြလေသည်။ ယင်းဝဲ ီးသည် ပေါ်ချင်သည့်အချိန်မှ ပေါ်လာတတ်သည်။ ပျောက် င်လည်း ချက်ချင်းလိုလိုပင် ပျောက်ကွယ်သွားတတ်သည်။

ကိုဝဏ္ဏသည် သိပ်အရေးမကြီးသော ဝဲအချို့ကို လှမ်း င်နေရလေပြီ။ ဘဝပြန်ဝဲကြီးရှိတတ်သောနေရာတွင် သာမန် ိုင်းဂယက်များသာရှိနေကြသည်။ ဝဲများသည် စုပ်ဝဲများသာ ကြပြီး တဟဲဟဲနှင့်အော်မြည်နေကြသည်။ စားတော့မလို၊ ာတော့မလို ခေါ်နေကြသလိုပင်။

မော်တော်သည် ဝဲကြီးတစ်ခု၏ မလှမ်းမကမ်းမှနေ၍ ှိန်တင်ကာ ဖြတ်ကျော်နေသည်။ တဟီးဟီးတဟဲဟဲနှင့် အော် ည်နေကြသော ဝဲလှည့်သံများကို အနီးကပ်ကြားလိုက်ကြရ ာသည်။ မော်တော်သည် ဝဲကြီးနှစ်ခုအကြားမှ ထွက်သွားခဲ့ ည်။

ထိုနေရာအတွင်း ...

ရေပြင်သည် အငြိမ်မနေ။ လှိုင်းဂယက်များနှင့် ထကြွ က်ရှိနေသည်။ ဝဲကြီးများ၏လှုပ်ရှားနေကြမှုကြောင့် ဖြစ်သည်။ ာက်ကမော်တော်သည်လည်း မဆင်မခြင် တစ်ရှိန်ထိုးလိုက် ာနေဆဲ။

''တောက် ... တော်တော့်ကို ဖွဲကောင်းနေကြပါလား''

ကိုဝဏ္ဏက နောက်ကိုတစ်ချက်လှည့်ကြည့်လိုက်ပြီး ပြော ်သည်။ ရန်ပိုင်သည် ကိုဝဏ္ဏ၏အနားမှာ ...

www.burmeseclassic.com

www.burmeseclassic.com



"သည်လူတွေ ကျွန်တော့်မော်တော်ကို ဝဲမိပြီးနှစ်ပ ချင်နေကြတာဗျ၊ ခုလိုမဆင်မခြင်လိုက်လာကြတာ ကိုယ့် အန္တရာယ်ကိုတောင် မမြင်နိုင်ကြတော့ပါလား ကိုကြီးဝဏ္ဏ"

"အေး . . . သင်းတို့သည်နေရာကို ကျော်နိုင်ကြရင် လည်း ကျော်ကြပေ့စေပေါ့ကွာ၊ သတ္တဝါခဲ့တွေကို"

ကိုဝဏ္ဏသည် မော်တော်ယာဉ်ကို ဂရုတစိုက်နှင့် မောင် နေရသည်။

လှိုင်းပုတ်သံတွေကလည်း ဆူညံနေလျက်ရှိကြသည် ကမ်းစပ်မှာ ဝဲယာကျောက်ဆောင်အချို့က ရှိနေကြသည်။ လှိုင် များက ကျောက်ဆောင်တွေကို တဝုန်းဝုန်းနှင့်လာပြီးတော့ ပုတ် ခတ်နေကြသည်။ ရန်ပိုင်မော်တော်သည် ကျောက်ဆောင်များ ကြားမှလွတ်အောင် ဝေါခနဲဆို ကျော်ဖြတ်သွားသည်။

ဝဲများအားလုံးကြားမှ လွတ်မြောက်သွားခဲ့ပြီဖြစ်သည် သို့သော် မထင်မှတ်သောအခြေအနေတစ်ခုက ရုတ်တရက် ပေါ် လာခဲ့လေသည်။

'ဟီး . . ဟီး . . ဟီး . . ဟီး'

တဟီးဟီးနှင့် အော်မြည်သံကြီးကို မထင်မှတ်ဘဲကြား လာခဲ့ရသည်။ ယင်းအော်မြည်သံကြီးသည် မည်သည့်အသံနှ မှမတူ ကြားရသူ၏ရင်ထဲမှာ အော်ဂလီဆန်လာသည်။ ရိုးတွင် ချဉ်ဆီအထိ စိမ့်တက်သွားအောင် ကြောက်လန့်မှုတွေက ဖြစ် ပေါ်သွားစေခဲ့သည်။ ရှေ့ကိုင်နှစ်ဆယ်လောက်တွင် ရေပြင်သည် သာမန်လှိုင်းများနှင့် ငြိမ်သက်နေရာက ထူးဆန်းစွာပင် လှု



ရှားထကြွလာခဲ့လေသည်။ တစ်နေရာတည်းမှာပင် ဝဲလှည့်နေ သည်။

ရေဝဲအသေးစားတစ်ခု ဖြစ်ပေါ်လာသည်။ ထို့နောက် တဖြည်းဖြည်းနှင့် ချဲ့လာကာ ဝဲကြီးအသွင်သို့ကူးပြောင်းသွား ခဲ့လေတော့သည်။ အပြောင်းအလဲက ချက်ချင်းလိုလိုပင် မြန် ဆံသွားခဲ့သည်။ ရေမဝဲကြီးတစ်ခုအသွင်သို့ ပြောင်းလဲသွား သည်ကား ပဉ္စလက်ပညာနှင့် လှည့်စားသလိုပင်။

"ဟာ . . . ကိုကြီးဝဏ္ဏ ဒါ . . . ဒါဟာ"

"ဟုတ်တယ် . . . ဘဝပြန်မလာဝဲကြီးပဲ ရန်ပိုင်"

ကိုဝဏ္ဏက တည်ငြိမ်စွာနှင့် ပြန်ပြီးတော့အဖြေပေးလိုက် သည်။ ရုတ်တရက်ပေါ်လာသော ဝဲကြီးကြောင့် ကိုဝဏ္ဏသည် ပင် စိတ်လှုပ်ရှားသွားခဲ့ရလေသည်။ သို့သော် စိတ်ကိုအတည် ငြိမ်ဆုံးပြန်ထားလိုက်သည်။ မော်တော်ကို ဝဲကြီး၏ညာဘက်မှ ဖြတ်ကျော်သွားစေခဲ့သည်။

'ဝေါ'

မကောင်းဆိုးရွားများ စုပေါင်းပြီး အော်ဟစ်ခြောက် လှန့်နေကြသလိုပင်တည်း။ ရန်ပိုင်နှင့် မောင်ခွေးတို့သည် ဘဝ ပြန်မလာဝဲကြီးကို အနီးကပ်တွေ့လိုက်ရသည့် ဖြစ်ရကား အံ့ အားသင့်ခြင်း၊ ထိတ်လန့်ခြင်းတို့နှင့် ထိုဝဲကြီးကို မှင်တက်မိ ကာကြည့်နေပါကြသည်။ တခဏတော့ ကျောက်ရုပ်များပမာဖြစ် သွားခဲ့ကြရလေသည်။

ထိုစဉ်မှာပင် . . .

www.burmeseclassic.com

www.burmeseclassic.com

နောက်မှ လိုက်လာသောမော်တော်သည် ရန်ပိုင်မော်တော်ကြီးနှင့် ဘေးချင်းယှဉ်လာမိသည်နှင့် . . .

'ဒိုင်း'

ထင်ကြီးသည် မော်တော်ပေါ်မှနေ၍ ရန်ပိုင်ကို သေနတ်နှင့်ပစ်ထည့်လိုက်သည်။ ရန်ပိုင်လည်း ရိပ်ခနဲဆို မြင်လိုက်၍ ကိုယ်ကိုတိမ်းကာ ရှောင်မိလိုက်သည်။ သို့သော် ကျည်ဆန်က လက်မောင်းကိုပွတ်ကာ ထိသွားခဲ့လေသည်။ ထိုစဉ်မှာပင် မော်တော်သည် စုပ်ဝဲကြီး၏ အဖျားခတ်ကာ စုပ်ယူလိုက်ခြင်းကြောင့် တုံ့ခနဲဖြစ်သွားခဲ့သည်။

ထိုအခါ . . .

ရန်ပိုင်သည် ကိုယ်ကိုမထိမ်းနိုင်တော့ဘဲ ဆွဲရမ်းခါလိုက်သလိုခံစားလိုက်ရသည်။ မော်တော်ပေါ်မှ ထိုးပြီးတော့ကျသွားခဲ့လေတော့သည်။

''အား''

''ဟာ . . . အစ်ကို''

''ရန်ပိုင်''

မောင်ခွေးသည် ရန်ပိုင် မော်တော်ပေါ်မှ ကျသွားသည်ကို မြင်လိုက်ရ၍ အလန့်တကြားပင် အော်မိလိုက်လေသည်။ ကိုဝဏ္ဏလည်း နောက်မှာရပ်နေသော ရန်ပိုင် . . . မော်တော်ပေါ်မှ ကျသွားခဲ့သည်ကို သိလိုက်သည်။ သူလည်း အထိတ်တလန့်နှင့် အော်မိလိုက်လေ၏။ မော်တော်သည် ဝဲကြီး၏ဆွဲယူချက်မှ လုံးဝ လွတ်မြောက်သွားခဲ့လေသည်။



နောက်မှ တစ်ရှိန်ထိုးလိုက်လာသော မော်တော်ဘုတ်ကလေးသည် မဆင်မခြင်မောင်းနှင်ခဲ့သည်ဖြစ်၍ ဘ၀ပြန်မလာစုပ်ဝဲကြီးထဲသို့ တစ်ရှိန်ထိုးပင် ကျသွားခဲ့လေတော့သည်။

''အား''

''အား''

ထင်ကြီး ကျားပေါက်နှင့်မော်တော်ပေါ်ပါ လူအားလုံး၏ အလန့်တကြားနှင့် အော်လိုက်ကြသောအသံများက ဝဲကြီး၏ မာန်ဖီအော်ဟစ်နေသံများကို မဖုံးလွှမ်းနိုင်ကြပါ။ မော်တော်သည် ချာချာလည်လျက်ရှိသော ဝဲကြီးထဲမှာ တစ်ရစ်ပြီးတစ်ရစ်လှည့်ပတ်ရင်း ပါသွားခဲ့လေတော့သည်။

ကိုဝဏ္ဏနှင့် မောင်ခွေးတို့သည် ရန်ပိုင်၏အဖြစ်ကို သော်လည်းကောင်း ထင်ကြီးတို့၏မော်တော်အခြေအနေကိုသော်လည်း မျက်ဝါးထင်ထင်မြင်တွေ့လိုက်ကြရလေသည်။

''ဟင် . . . ရန်ပိုင် . . . ရန်ပိုင် . . . ဝဲကြီးထဲကိုကျသွားပြီ၊ ဘယ်လိုလုပ်ရပါ့မလဲ''

ကိုဝဏ္ဏသည် စိတ်နှလုံးပူပန်စိတ်ပြင်းထန်သွားသည်။ ဘစ်ကိုယ်လုံးရှိသွေးများက သွေးကြောထဲကို မလျှောက်ကြတော့ပဲ၊ ရပ်တန့်သွားကြသလို ခံစားလိုက်ရလေသည်။

''အစ်ကိုကြီး . . . အစ်ကိုကြီး . . . အစ်ကို ကျန်ရစ်ခဲ့ပြီဗျ . . . ကျန်ရစ်ခဲ့ပြီ''

''မောင်ခွေး . . . မင်းလျှောက်ပြောမနေနဲ့ . . . ငြိမ်ငြိမ်နေစမ်း''

www.burmeseclassic.com

www.burmeseclassic.com



ကိုဝဏ္ဏက အော်ဟစ်ငေါက်ငမ်းပြီးတော့ သတိမေ
လိုက်ရသည်။ ထို့နောက် မော်တော်ကို ဆက်၍မောင်းတော့
ဝဲများနှင့်ဝေးရာကို မောင်းသွားခဲ့သည်။ ကျောက်ဆောင်များ
ရှိသော အဆင်အပြေဆုံးနေရာမှာ ရပ်နားလိုက်လေတော့သည်

▣

ရန်ပိုင်၏ လက်မောင်းကိုကျည်ဆန်က ရုပ်ပြီးတော့
မှန်သွားသည်။ အသားပြင်ပေါ်မှာ ပူခနဲဆို ခံစားလိုက်ရသည်
သူ ရေထဲကိုကျသွားပြီကို သိလိုက်သည်။ သတိကိုကြိုးစားထားကာ
တစ်ချက်တော့ အသက်ဝဝရှူလိုက်မိသည်။ အဆုတ်ထဲကို လေ
က အပြည့်ဝင်သွား၏။ ရန်ပိုင်သည် နာမည်ကြီးဝဲကြီး၏အတွင်း
ကို တစ်ရှိန်ထိုးပင် ကျသွားခဲ့လေသည်။

ဂျင်လည်နေသကဲ့သို့ လည်ပတ်နေသော ဝဲကြီး၏အ
ချင်းမှာ ပေတစ်ရာနီးပါးခန့်ရှိပေလိမ့်မည်။ ရန်ပိုင်သည် ဝဲကြီး
၏နံရံတွင် အိမ်မြှောင်လေးတစ်ကောင်ပမာ ကပ်ငြိကာ လည်
ပတ်လျက်ရှိနေလေသည်။

''ငါမသေရဘူး၊ မသေရဘူး၊ သည်ဝဲကြီးထဲက ငါမှ
လွတ်မြောက်ရမယ်''

အားတင်းလိုက်ရသည်။ သတိလစ်မသွားစေရန် အံကို
တင်းတင်းပင် ကြိတ်ထားမိလိုက်သည်။ တစ်ပြိုင်တည်းမှာပင်
ဝဲကြီး၏အလည်တည့်တည့်ဆီကို အရာဝတ္ထုတစ်ခုက ရိုပ်ခနဲဆို





ဝင်ကျလာခဲ့သည်။ မော်တော်ငယ်တစ်စီးပင်တည်း။ ထိုမော်
တော်သည် အလယ်ဗဟိုကိုကျသွားခဲ့သည်ဖြစ်၍ အမှိုက်လေး
တစ်စပမာလုစ်ခနဲဆို ပျောက်ကွယ်သွားခဲ့လေသည်။

ရန်ပိုင်၏နားထဲမှာ ဝဲကြီး၏အော်မြည်သံက ဆူညံလျက်
ရှိသည်။ ပိတုန်းအကောင်များ ထောင်ပေါင်းများစွာ စုပြီးတစ်
ပြိုင်တည်းအော်မြည်တမ်းနေကြသလိုပင်တည်း။ ရန်ပိုင်သည်
ဝဲကြီး၏နံရံမှာကပ်ငြိကာ တစ်ရစ်ပြီးတစ်ရစ် လည်ပတ်ရင်း
အောက်ကိုတဖြည်းဖြည်းနှင့် နိမ့်ဆင်းသွားခဲ့လေသည်။

ထို့နောက် ...

ရေအောက်ကို စုံးစုံးနစ်မြုပ်သွားခဲ့လေတော့၏။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

## သေကံမရောက်

ရေအောက်တွင် မြင်ကွင်းအားလုံးက အမြင်အာရုံ
ကို စုပြုံပြီးတော့ဝင်လာခဲ့သည်။ မော်တော်ပျက်များ၊ စက်လှေ
ပျက်များကို တွေ့လိုက်ရသည်။ ရန်ပိုင်သည် အပေါ်ကိုပြန်တက်
ရန် ကြိုးစားသည်မရ။ မိမိကို အားအင်ကြီးမားသောအရာများ
က ဆွဲထားသလိုဖြစ်နေသည်။ အပေါ်ကိုတက်နိုင်ရန် အင်အား
တစ်ရပ်က ဟန့်တားထားကြသည့်အတိုင်း ရုန်းမထွက်နိုင်။

သည်အတိုင်းဆိုလျှင် မိမိသေရပေလိမ့်မည်။ ခေါင်း
မှာ ကျပ်ခဲနေသောဝေဒနာမျိုးကို ခံစားနေရသည်။ အဆုတ်တ
ခုလုံးပေါက်ကွဲပြီး ထွက်သွားတော့မလားမှတ်နေသည်။ ခေါင်း
ကြီးလည်း ပွင့်ထွက်သွားတော့မလို နာကျင်မှုတွေက စုပြုံ
ပြီး ရောက်ရှိနေကြသည်။

အသက်ရှူရခက်ခဲလာသည်။ နားထဲမှာ မရဏဝဲ
၏ အော်မြည်သံများက သေမင်းခေါ်နေသလိုပင်။ မိမိတွေ့လိုက်
ရသော မော်တော်ပျက်များ၊ စက်လှေပျက်များသည် အမှ



တကယ်မှဟုတ်ရဲ့လား။ သေခါနီးမို့ စိတ်တွေပြားပြီး မြင်ချင်
ရာကို မြင်နေသည်ပဲလား။

မိမိသည် ရေပြင်ပေါ်ကိုတက်ရန်ကြိုးစားသည်။ သည်
ဝဲဩဃကြီးထဲမှာပဲ မိမိရှိနေသေးဆဲပဲလား။ အသက်ကိုအောင့်
ထားလာခဲ့ရသည်မှာကြာပြီ။ မျက်လုံးတွေပြာဝေလာခဲ့ရပြီ။ သည်
အတိုင်းဆိုလျှင် မိမိခံနိုင်ရည်ရှိပါတော့မလား။

အသက်အောင့်ထားခဲ့ရသည်မှာ ကြာပြီ။ သူ ခံနိုင်ရည်
မရှိတော့။ ထိုစဉ် ရေများက နှာခေါင်းပေါက်ထဲမှသော်လည်း
ကောင်း၊ ပါးစပ်ပေါက်ထဲမှသော်လည်းကောင်း ဝင်သွားခဲ့ကြလေ
သည်။ မိမိအတွက် ဆိုးရွားသောအခြေအနေမျိုးကို ရောက်နေ
ခဲ့လေပြီ။ မျက်လုံးထဲမှာ ဘာမှမမြင်နိုင်တော့လောက်အောင်ပင်
မှိုင်းလာခဲ့ရသည်။ သတိလစ်ချင်လာသည်။ ထိုစဉ် . . .

"ကောင်လေး . . . ဒါကိုမြဲမြဲကိုင်ထားစမ်း"

နားထဲမှာ တစ်ဦးတစ်ယောက်၏အသံကို ကြားလိုက်
သည်။ သို့သော် အသံတွေက လုံးထွေးနေသည်။ ယင်းလုံး
ထွေးနေသောအသံများကြားထဲမှာ ပီသစွာဝင်လာသောအသံ။
အာရုံထဲမှာ ဖကီးလေး၏မျက်နှာကို မြင်နေရသည်။ သူ့ကို
တောင်ဝေးလိုလို ပစ္စည်းတစ်ခုခုကို အပေါ်ကနေ လှမ်း၍ပေးနေ
သည်။

တကယ်လား။ အာရုံထဲမှာ ထင်လာမိသည်ပဲလား။
ဘယ်လိုပဲဖြစ်ဖြစ် မိမိ၏အသက်အတွက် ကောက်ရိုးတစ်မျှင်
ကိုလည်း အားကိုးဘကြီးနှင့် တွယ်သင့်က တွယ်ရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

လှမ်းပေးလာသောတောင်ဝှေးကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်လိုက်သည်။

ထိုအခါ မိမိ၏ကိုယ်သည် လေထဲသို့မြောက်တက်သွားသလို ထင်လိုက်ရသည်။ မိမိကိုဆွဲထားသော အနှောင်အဖွဲ့များမှ လွတ်မြောက်သွားခဲ့သည်။

▣

ကိုဝဏ္ဏနှင့် မေအောင်ခွေးတို့သည် ကမ်းစပ်တစ်လျှောက်တွင် ဂနာမငြိမ်သောစိတ်များဖြင့် ဟိုသည်လျှောက်ပြီးတော့ ပြေးနေကြသည်။ ရေဝဲကြီးများက တဟီးဟီး တဟဲဟဲနှင့် အော်မြည်နေကြသည်။ ထိုအထဲတွင် ဘဝပြန်မလာဝဲကြီးသည် အဆိုးရွားဆုံးသောအသံကြီးနှင့် အော်မြည်လျက်ရှိနေသည်။ ဝဲကြီးက ကြီးမားလှသည်၊ နက်ရှိုင်းလှသည်။ တစ်ပြီးတစ်ရစ်၊ တစ်ထစ်ပြီးတစ်ထစ်လည်ပတ်ကာ ကန်တော့ပုံစံအတိုင်း အောက်ခြေအထိဆင်းသွားသည်။

''သွားပါပြီ၊ ရန်ပိုင်ရေ . . . ရန်ပိုင်၊ မင်း သည်ဝဲကြီးနဲ့မှ လာပြီးတိုးရတယ်ကွာ၊ ကံဆိုးလှချည်ရဲ့ ငါ့သိုရယ်''

ကိုဝဏ္ဏသည် ဟန်မဆောင်နိုင်တော့ဘဲ ငိုကြွေးမိလိုက်သည်။ ရန်ပိုင်ကို ညီအရင်းကဲ့သို့ သံယောဇဉ်ကြီးခဲ့ရသူ မဟုတ်ပါလား၊ မောင်ခွေးလည်း ကံကြမ္မာဆိုးနှင့်တိုးမိသော ရန်ပိုင်ကိုသနားနေမိကာ တရှုပ်ရှုပ်နှင့် ငိုနေမိလေသည်။



ထိုစဉ် အားပါးတရလည်ပတ်နေသော ဘဝပြန်မရဏာဝဲကြီးသည် အသံပြောင်းသွားသည်။

'အီး . . အီး . . အစ် . . အစ် . . အီး'

ထူးဆန်းသောအသံတစ်မျိုးနှင့် မြည်ဟည်းလာသည်။ ငိုကြွေးသံလိုလို၊ ညှစ်ထုတ်သံမျိုးလိုလို ထွက်ပေါ်လာသည်။ ဝဲကြီး၏လည်ပတ်နှုန်းကလည်း တဖြည်းဖြည်းနှင့် လျော့ပါးလာခဲ့သည်။ ထိုစဉ် . . .

'ဖူး'

လူတစ်ယောက်ပါး၏စပ်ထဲက မှုတ်ထုတ်လိုက်သလို အရာတစ်ခုက ဝဲကြီး၏အလယ်တည့်တည့်မှ ကန်ထွက်လာခဲ့လေသည်။ ကိုဝဏ္ဏနှင့်မောင်ခွေးတို့လည်း အမှတ်မထင်မြင်တွေ့လိုက်ကြလေသည်။

''ဟင် . . . ဘာလဲ''

အံ့အားသင့်ပြီးတော့ ကြည့်နေမိကြသည်။ ထိုအရာသည် သူတို့နှင့်မလှမ်းမကမ်းရှိရေထဲကို လာပြီးကျလာသည်။

'ဗွမ်း'

လူတစ်ယောက်ပင်ဖြစ်သည်။ နှစ်ယောက်စလုံး ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားခဲ့ကြသည်။ အခြားသူမဟုတ်၊ ရန်ပိုင်ပင်တည်း။ ဝဲကြီးကမှုတ်ထုတ်လိုက်၍ လွင့်တက်လာခဲ့ခြင်းပင်။

ရန်ပိုင်သည် ရေစီးကြောင်းထဲမှာ မျောပါစပြုနေလေပြီ။

''အစ်ကိုဗျ . . . အစ်ကို . . . ဘာကြည့်နေတာလဲ''

မောင်ခွေးသည် နှုတ်မှလွှတ်ခနဲဆို အော်ပြီးတော့ပြော

www.burmeseclassic.com

www.burmeseclassic.com



မိလိုက်သည်။ နှစ်ယောက်သလုံး မင်တက်မိကာ ငေးကြည့်နေမိကြသောကြောင့်ပင်။

''ဟင် . . . ဟုတ်တာယ်၊ ရန်ပိုင် . . . ရန်ပိုင်''

ကိုဝဏ္ဏသည် ချက်ချင်းပင်သတိရသွားသည်။ အိပ်မက်ဆိုးမက်နေရာက လန့်ပြီးတော့နိုးလာသောသူလိုပင်။ ထိုအချိန်တွင် မောင်ခွေးသည် နေရာမှပြေးထွက်သွားခဲ့လေပြီ။

''မောင်ခွေး . . . မောင်ခွေး''

ကိုဝဏ္ဏက လှမ်းအော်ခေါ်လိုက်သော်လည်း မောင်ခွေးကား မကြားတော့။ ရေထဲကိုခုန်ချလိုက်ကာ ရန်ပိုင်ဆီကိုကားသွားခဲ့သည်။ ရေစီးကြောင်းမှာမျောပါသွားသော ရန်ပိုင်သည် ကျောက်ဆောင်တစ်ခုဆီကို ဦးတည်ပြီးတော့သွားနေသည်။ အမီလိုက်သွားနိုင်ခဲ့သောမောင်ခွေးသည် ရန်ပိုင်ကိုဖမ်းဆွဲထားနိုင်ခဲ့သည်။ ကိုဝဏ္ဏသည်လည်း အပြေးလိုက်လာသည်။ ကမ်းစပ်ဆီကိုကူးလာခဲ့သော မောင်ခွေး၏လက်ထဲက ရန်ပိုင်ကိုဆွဲယူလိုက်သည်။ နှစ်ယောက်အတူ သယ်ယူလာနိုင်ခဲ့လေသည်။

''အသက်မှရှိသေးရဲ့လားမသိဘူး''

''ရေတွေကို အရင်ဆုံးအန်အောင်လုပ်ရမယ်''

မောင်ခွေးသည်ပင် ရန်ပိုင်ကို ပခုံးထက်မှာထမ်းကာ ခေါက်တုံ့ခေါက်ပြန်လျှောက်ပြေးနေသည်။ ရန်ပိုင့်ပါးစပ်ထဲမှ ရေတွေက တဝေါဝေါနှင့် အန်ကျလာသည်။ ဗိုက်ထဲမှာ ရေတွေကုန်သလောက်ရှိသွားသောအခါ မြေပြင်ပေါ်မှာ ပက်လက်အနေအထားနှင့် ချထားလိုက်သည်။



ကိုဝဏ္ဏသည် မလှုပ်မယှက်နှင့်ရှိနေသော ရန်ပိုင့်ကိုကြည့်ကာ မျှော်လင့်ချက်ကင်းမဲ့သွားခဲ့လေပြီဟု စိတ်ဒုံးဒုံးချမိလိုက်သည်။ ရင်ဘတ်ကို နားနှင့်ကပ်ပြီးတော့ နားထောင်နေမိသည်။ ခဏအကြာတွင် . . .

ရင်ခုန်သံကို ကြားလာရသလိုလိုပင်။ သူ့မျက်နှာပေါ်မှာ အပြောင်းအလဲလည်း ဖြစ်သွားခဲ့လေသည်။

''မောင်ခွေး . . . မင်း လာနားထောင်ကြည့်စမ်း''

ကိုဝဏ္ဏက နေရာဖယ်ပေးလိုက်သည်။ မောင်ခွေးသည် ရင်ဘတ်ကို နားနှင့်ကပ်ပြီးတော့ နားထောင်၏။ မကျိုးနုံးသေသေးချာ အာရုံစိုက်ကာ နားထောင်သည်။ ဖိုးခွေး၏ မျက်နှာသည်။ ဖြည်းဖြည်းနှင့် ကြည်လင်လာခဲ့လေသည်။

''အစ်ကိုကြီး နှလုံးခုန်နေတယ်ဗျ၊ အစ်ကို မသေနိုင်တော့ဘူး''

''အေး . . ဟုတ်တယ်၊ ငါလည်း သိတယ်၊ ပိုပြီးသေချာအောင်လို့ မေးရတာ''

ကိုဝဏ္ဏကလည်း ဝမ်းသာသွားခဲ့လေသည်။ သိပ်မကြာလိုက်ပါ။

''အင်း . . . အင်း''

ရန်ပိုင်ဆီက ညည်းညူသံလိုလို ထွက်လာခဲ့လေသည်။ ခြေလက်လည်း လွန့်လူးလာခဲ့သည်။

''သတိရလာပြီ သတိရလာပြီ အစ်ကိုကြီး''

''ရန်ပိုင် ရန်ပိုင်''

www.burmeseclassic.com

www.burmeseclassic.com



ရန်ပိုင်၏ မျက်ခွံများက တဖြည်းဖြည်းနှင့်ပွင့်လာခဲ့ကြသည်။ ကိုဝဏ္ဏနှင့် မောင်ခွေးတို့သည်လည်း အားတက်သွားခဲ့ကြသည်။

"မင်း ... မင်း ... သတိရလာပြီနော် ရန်ပိုင်"

ရန်ပိုင်က ခေါင်းညိတ်ပြလိုက်လေသည်။ သူ ဘာဖြစ်ခဲ့သလဲဆိုသည်ကိုလည်း အလုံးစုံမှတ်မိနေခဲ့သည်။ ပြန်ပြီးတော့ ပြောစရာပင် မလိုချေ။

"ဝမ်းသာလိုက်ဘာ ငါ့ညီရာ၊ မင်း ပိုးစိုးပက်စက် ဖြစ်သွားပြီလို့ ငါတို့တစ်ထစ်ချလက်ခံထားခဲ့ကြတာကွ၊ တော်ပါသေးရဲ့ကွာ ...၊

သည်ဘဝပြန်မလာဝဲကြီးက မော်တော်တွေ, သင်္ဘောတွေ, စက်လှေတွေကိုသာ စားပစ်ဝါးပစ်နေကြတာ ... သူ့ရဲ့တွင်းထဲက ပြန်ပြီးတော့ အံထွက်ရိုးထုံးစံမရှိခဲ့ဘူးကွ၊ မင်းကိုမြိုအံပြီးတော့ ထုတ်လိုက်တာ မယုံနိုင်စရာပဲဟေ့၊ ကံကြီးပေလို့သာပေါ့ကွာ၊ အင်း ... ဟိုကောင်တွေကတော့ မော်တော်ပါတာပြုံလုံး ပါသွားကြပြီ၊ ဝဲကြီးက ဝါးမျိုပစ်လိုက်ပြီကွ၊ မိုက်လိုက်တဲ့ကောင်တွေကွာ"

ကိုဝဏ္ဏက ယူကျုံးမရသလို တက်တခေါက်ခေါက်နှင့်ဖြစ်နေလေသည်။ ဝဲကြီး၏အာခံတွင်းထဲမှာ ပျောက်ကွယ်သွားမတတ်ဖြစ်နေပြီးမှ ပြန်လည်၍ လွတ်မြောက်လာသော ရန်ပိုင်ဒဏ်ပြင်းခဲ့၍ ပင်ပန်းနွမ်းနယ်လျက်ရှိနေလေသည်။ သို့သော်အနည်းငယ်မျှလောက်သော ခံစားမှုသာ ။



"မင်း လမ်းလျှောက်နိုင်ရဲ့လား"

"လျှောက်နိုင်ပါတယ်၊ ဒါလောက်ကြီးမဟုတ်ပါဘူး"

အံ့သြစရာကောင်းလှသည်မှာ ရန်ပိုင့်ကို တွဲစရာပင်မလိုဘဲ မော်တော်ဆီကို ခြေလှမ်းမှန်မှန်ဖြင့်လျှောက်သွားခဲ့လေသည်။

နောင်အခါတွင် ရန်ပိုင်သည် ဝဲကြီးထဲမှာကြုံတွေ့ခဲ့ရသည်များကို ကိုဝဏ္ဏနှင့် မောင်ခွေးတို့အား ပြန်ပြောပြခဲ့သည်။ ထိုအခါ အံ့အားသင့်၍ မဆုံးနိုင်အောင်ရှိခဲ့ကြလေသည်။

ရဲရင့်သည် မူမူလေးနှင့်အတူ ရွှေတိဂုံဘုရားမှအပြန်ကားကို ကိုယ်တိုင်မောင်းလာခဲ့သည်။ တောင်ဘက်မုခ်မှ ထွက်လာခဲ့ပြီး ကန်တော်မင်ပန်းခြံဘက်သို့ အရောက်တွင် သတိတစ်ချက်လစ်သလို ဖြစ်သွားခဲ့ရသည်။ ထို့ကြောင့် ...

ကားကိုလမ်းဘေးသို့ ထိုးရပ်လိုက်ရလေသည်။

"ဟင် ... ကိုရဲ ဘာဖြစ်သွားတာလဲ"

မူမူလေးက စိုးရိမ်တကြီးနှင့် မေးလိုက်လေသည်။ ရဲရင့်က နှုတ်မှမဖြေဘဲ လက်ကာပြလိုက်သည်။ ကျောပြင်ကိုထိုင်ခုံနောက်မှီနှင့် ကပ်ထားလိုက်သည်။ မျက်လုံးတွေကို မှိတ်ထားမိလိုက်သည်။ အာရုံထဲမှာ ပေါ်လာသည်က ရေပြင်ကြီးတစ်ခု။ ကြီးမားသောရေဝဲကြီးက ရေပြင်ထက်မှာ တဟီးဟီး၊ ဝေါဟာနှင့် လှုပ်ရှားနေလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းဝဲကြီးထဲမှာ လူတစ်ယောက်က နစ်မြုပ်နေသည်၊ သူသည် အသက်ရှင်နိုင်ရန်အတွက် လွန့်လူးရုန်းကန်လျက်ရှိနေလေသည်။ ဖျတ်ခနဲမြင်လိုက်ရသည်ကား မိမိမျက်နှာနှင့်တူသော လူတစ်ယောက်ပင်တည်း။ ထိုသူသည် သေဘေးနှင့်ကြုံတွေ့နေရသည်မှာ ယောချာနေလေသည်။

ထို့နောက် . . . မြင်ကွင်းသည် မှုန်ဝါးလာကာ တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားခဲ့လေသည်။ ခေါင်းထဲမှာလည်း ကြည်လင်လာသည်။ အမှောင်ဖုံးနေသော မြင်ကွင်းသည်လည်း ပုံမှန်အတိုင်းပြန်၍ ဖြစ်လာခဲ့လေသည်။ ထိုအခါ ရဲရင့်သည် သက်ပြင်းတစ်ချက်ကို ချမိလိုက်လေသည်။

''ကိုရဲ . . . ကိုရဲ''

မူမူလေးက ရဲရင့်၏လက်မောင်းကို ဆုပ်ကိုင်ကာ အိုးရိုင်တကြီးနှင့်ခေါ်လိုက်သည်။ ရဲရင့်သည် မူမူလေးကို ဖျတ်ခနဲကြည့်လိုက်သည်။ သူ့မျက်နှာပေါ်မှာ စိုးရိမ်ကြီးမှုနှင့် ချောက်ချားနေမှုက ပေါ်လွင်နေလျက်ရှိသည်။

''ကိုရဲ ဘာဖြစ်သွားတာလဲ၊ ဘာကြောင့် ကားကို လမ်းဘေးမှာ ထိုးရပ်လိုက်ရတာလဲ''

ရဲရင့်သည် ခေါင်းကိုခါယမ်းလိုက်ပြီး . . .

''ကိုယ့်ရှင်ထဲမှာ ရုတ်တရက်လှုပ်ရှားသွားတယ်၊ ခေါင်းထဲလည်း မိုက်ခနဲဖြစ်သွားတယ်၊ မြင်ကွင်းတွေကလည်း အမှောင်ဖုံးသွားတယ်၊ အဲသည်နောက်မှာ လူတစ်ယောက်ကို မြင်လိုက်ရတယ်၊ သူဟာ ကြီးမားတဲ့ဝဲကြီးထဲကို ရောက်နေတယ်



ကယ်မယ့်သူမရှိဘဲ ဖြစ်နေတယ်၊ ဒုက္ခရောက်နေတာကတော့ အမှန်ပဲ''

''အဲသည် နောက်တော့ဟင် ဘာဆက်ဖြစ်သေးသလဲ''

''ဘာ ဆက်ဖြစ်သေးသလဲ . . . ဟုတ်လား၊ မသိတော့ဘူး . . . မြင်ကွင်းထဲမှာ ပျောက်သွားတယ်၊ အဲ . . . အဲသည်လူဟာ ကိုယ်နဲ့ မျက်နှာတစ်ပုံစံတည်းတူတဲ့လူပဲ မူလေး''

''ဟင် . . . ကိုရဲ မကြာခဏ အဲသလိုဖြစ်တတ်တယ်နော်၊ တော်တော့်ကို ဆန်းကြယ်တာပဲ''

''ကြာပြီလေ၊ သည်လိုဖြစ်တာ မူလေးကကော ဘယ်လိုအဓိပ္ပါယ်ဖွင့်ဆုံးဖြတ်ချက်ပေးနိုင်မလဲ''

''မထင်တတ်တော့ဘူး . . . ကိုရဲကကောဟင်''

''တစ်နေရာရာမှာ ကိုယ်နဲ့တူတဲ့ လူတစ်ယောက်ကတော့ အမှန်ရှိနေပြီလို့ ထင်တယ်''

''ဟင်''

မူမူလေးသည် ရဲရင့်ကိုအံ့အားသင့်စွာနှင့် ကြည့်မိလိုက်သတော့၏။

■

''မင်း တော်တော် ကံကောင်းတာပဲ ရန်ပိုင်၊ သည်လိုဝဲကြီးမျိုးက အပြင်ကိုပြန်ပြီးတော့ မှုတ်ထုတ်တာမျိုးမရှိဘူး၊ ဝဲကသာ ပြန်ပြီးတော့ မှုတ်ထုတ်တတ်တာ၊ ဒါပေမဲ့ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုပဲဖြစ်ဖြစ်ကွာ . . . ဝဲကြီးထဲကို ကျသွားတဲ့ ငှူ, သက်ရှိသတ္တဝါတွေမှန်သမျှ အသက်ရှင်နိုင်ဖို့ဆိုတာ အင်မတန်မှခဲယဉ်းလှပါတယ်''

သာထူးသည် ရန်ပိုင်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ကြားသိလိုက်ရသောအခါ အံ့အားသင့်သွားခဲ့ရလေသည်။

''ငါ သည်လို အသက်ရှင်ခွင့်ရခဲ့တာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးလည်းပါတယ်၊ ပြီးတော့ ရေအောက်မှာ ငါ သတိလစ်ခါနီးဆဲဆဲ အာရုံထဲကိုရောက်လာတဲ့ ဖကီးလေးကလည်း ကူညီလိုက်တယ်လို့ ထင်တယ်ကွာ''

''အင်း . . . သူတော်ကောင်းကို ပေါင်းမိတဲ့အကျိုးကျေးဇူးပေါ့ကွာ၊ သေကံမရောက်ခဲ့တာကိုက ကုသိုလ်ထူးတာပဲ''

''အင်း . . . ငါ အကုသိုလ်မလုပ်တာတောင် ဝဋ်ကြွေးက ပါလာပြီး သည်လောက်ပဲခံခဲ့ရတာ၊ မကောင်းမှုများလုပ်မိခဲ့မယ်ဆိုရင် မတွေးမိရဲအောင်ပဲကွာ''

''အေးပေါ့ကွာ . . . မင်းကိုလိုက်ပြီး နှောင့်ယှက်ကြတဲ့ ဟို ထင်ကြီးဆိုတဲ့လူနဲ့ သူ့အပေါင်းပါတွေကတော့ အကုသိုလ်ကံ မီးသွားခဲ့ကြတယ်၊ သူတစ်ပါးရဲ့ ပျက်စီးရာပျက်စီးကြောင်းကို ကြံရင်ကိုပဲ ပျက်စီးဆုံးရှုံးရစမြဲပဲ . . . သင်ခန်းစာပေါ့ကွာ''

''ငါတို့ကို တောထဲမှာ ကယ်တင်ခဲ့တဲ့ ဖကီးလေးနဲ့ ပြန်ပြီးတော့ ဆုံတွေ့သေးသလားရန်ပိုင်''

''နောက်ထပ် မဆုံဖြစ်တော့ဘူးကွ၊ သူလည်း အကြောင်းကိစ္စတစ်ခုကြောင့် တစ်နေရာမှာ ရောက်နေပြီနဲ့ တူ



ပါတယ်ကွာ၊ ဒါပေမဲ့ တစ်ချိန်ချိန်မှာ ပြန်ပြီးတော့ ဆုံတွေ့ရလိမ့်ဦးမယ်လို့တော့ မျှော်လင့်မိတယ်ကွာ''

''ဪ . . ဒါနဲ့ ငါ မင်းကိုပြောစရာရှိသေးတယ်ရန်ပိုင်''

''ဘာများလဲကွာ''

''နတ်ဆရာအိန္ဒြေပေါ့ကွာ၊ သူ့အကြံအစည် မအောင်မြင်လို့ ဂနာမငြိမ်ဖြစ်နေတာတော့ ကျိန်းသေတယ်ကွ၊ ဒါပေမဲ့ ငါနဲ့တစ်ရက်မှာ မျက်နှာချင်းဆိုင်မိတာ သူကပြုံးပြသွားတယ်၊ သူ့အပြုံးက လုပ်ယူရတဲ့အပြုံးဆိုတာ သိသာတယ်၊ သူ့မျက်လုံးထဲမှာ ကောက်ကျစ်စဉ်းလဲမှုတွေပါနေတယ်''

''အင်း . . . ငါ့ကြောင့် မင်းဘို့မိသားစုပါ ထိခိုက်တော့မယ်၊ ရန်ငြိုးထားလိမ့်မယ်ကွ၊ မင်းကို ငါပြောသားပဲ . . . ငါ့စီးပွားကို လိုက်လုပ်ပါလို့၊ မင်းတို့ကို ငါက အလုပ်သမားလို့ သဘောမထားဘူး၊ အလုပ်ကို တစ်ပေါင်းတစ်စည်းတည်း ဝိုင်းလုပ်ရင် ထိုက်သင့်တဲ့ အကျိုးကိုခံစားခွင့်ပေးမှာ''

''ငါလည်း မင်းကိုသဘောပေါက်ပြီးသားပါ ရန်ပိုင်ရာ၊ ခုလည်း ငါ့မိန်းမက အိန္ဒြေရဲ့ရန်ကိုကြောက်လို့ သည်ကနေပြောင်းဖို့တောင်စဉ်းစားနေတာ''

''အေး . . ဆုံးဖြတ်ချက်ပိုင်ပိုင်ချနိုင်ရင်တော့ ကောင်းတာပေါ့ကွာ၊ မင်းမိန်းမက မနေအပ်တဲ့အရပ်မှာ တွယ်နေတာကိုး''

သာထူးသည် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်မိလိုက်လေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ပညာနဲ့ ကာကွယ်စောင့်ရှောက်ရမှာပဲ၊ အမေတို့က ကိုယ့်အတွေ့နဲ့ကိုယ် သားကိုမခွဲနိုင်လို့သည့် စကားမျိုးပြောမိရတာပါကွယ်''

ရဲရင့် နယ်ကိုပြောင်းရွှေ့ရမည့် ကိစ္စအတွက် မိဘနှစ်ပါးမှာ မသွားမီကပင်လျှင် ကြိုပြီးတော့ လွမ်းဆွတ်နေကြရသည်။ သူတို့၏စိတ်ထဲမှာ ရဲရင့်ကို နို့နံ့မစင်သေးသော ကလေးလေးတစ်ဦးပမာပင် အထင်ရှိနေကြသေးသည်။

မူမူလေးနှင့် ဆုံတွေ့သောအခါတွင် . . .

''မူလေးက ခုအတိုင်းဆိုရင် ရန်ကုန်မှာပဲရှိနေလိမ့်ဦးမယ်၊ ပို့စ်တင်က ဘယ်လိုကျမလဲမပြောတတ်ဘူး၊ ခုအချိန်အသိတော့ အခြေအနေက မသိရသေးဘူးလေ''

''ကိုယ် နယ်ကိုရောက်သွားခဲ့ရင် အိမ်ကိုတော့ မကြာမကြာလာကြည့်ပေးပါနော်''

''ပြောစရာလိုသေးသလား ကိုရဲရယ်။ မူလေး အမြဲရောက်နေမှာပါ။ ဦးနဲ့ဒေါ်ဒေါ်တို့ရဲ့ ကျန်းမာရေးကိုလည်း ဂရုစိုက်ပေးနေမှာပါ''

''ကိုယ်မပြောလည်း မူလေးက ဂရုစိုက်မယ်ဆိုတာ သိပြီးသားပါ''

''ဒါနဲ့များ ကိုရဲက မူလေးကို တိုက်တွန်းနေသေးတယ် . . . ဟွန်း''

ချစ်သူနှစ်ဦးမှာ မခွဲခွာသေးမီ ရတုန်းရခိုက် အချိန်လေးမှာ စကားတွေကို အတိုးချပြီးတော့ပြောနေကြလေသည်။

■



[၁၁]

## သန်းခေါင်ယံအိပ်မက်

ရဲရင့်သည် ကချင်ပြည်နယ်ဘက်သို့ တာဝန်ထမ်းဆောင်ရန် စေလွှတ်ခြင်းခံရသည်။

''သားရဲ့ ဝါသနာအရသာ ဆရာဝန်ဘဝကိုရောက်အောင် အမေတို့က အားပေးခဲ့ရတာ။ ဝေးဝေးမှာ တာဝန်ကျတော့ လွမ်းနေရမှာပေါ့ကွယ်၊ သားကိုခွဲချင်ကြတာ မဟုတ်ဘူး''

''ဟုတ်တယ် သားရဲ့။ အဖေတို့က သားကိုမျက်စိအောက်က အပျောက်ခံချင်ကြတာမဟုတ်ဘူး''

''ဪ . . . သားလည်း သည်မိဘနှစ်ပါးနဲ့ ဘယ်ခွဲချင်ပါ့မလဲ။ ဒါပေမဲ့ သည်ပညာကိုသင်ထားတာ လူမမာတွေကို ဆေးကုသဖို့ ပြုစုစောင့်ရှောက်ပေးဖို့ပဲ မဟုတ်လား၊ နိုင်ငံတော်က အကုန်အကျခံပြီးတော့ သင်ပေးထားတာ။ ကိုယ်ကလည်း တစ်ပြန်တစ်လဲပြန်ပြီးတော့ တာဝန်ကျေရမယ်လေ''

''အင်း . . . သားပြောတာမှန်ပါတယ်လေ၊ လူ့အသိုင်းအဝိုင်းထဲမှာနေရင် လူတွေအတွက် ကောင်းကျိုးကို ကိုယ်တတ်



www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . ငါ့ညီထင်ကြီးသေရတာ သည်ကောင်ကြောင့်၊ ရန်ပိုင်ဆိုတဲ့ကောင်ကို ငါ အမှုန့်ကြိတ်ပစ်လိုက်ချင်တယ်ကွာ"

'ဒုန်း'

စားသောက်ဆိုင်တစ်ဆိုင်တွင် လူတစ်ယောက်က ဒေါသထွက်နေလျက်ရှိသည်။ စားပွဲကိုလည်း လက်သီးနှင့် မညှာမတာပင် ထုတ်လိုက်သည်။ ထောင်ထားသော ပုလင်းလွတ်တစ်လုံးက ယိမ်းယိုင်သွားခဲ့သည်။ ဘေးမှတစ်ယောက်က ဖမ်း၍ထိန်းနိုင်၍သာ အောက်ကိုကျပြီး ကွဲမသွားခြင်းပင်ဖြစ်သည်။

"ဆရာ ထင်ကြီးက သူ့ဘာသာသူ ဘဝပြန်မလာဝဲကြီးကိုကျသွားပြီး သေသွားခဲ့ရတာမဟုတ်လား"

"ဘာကွ . . . ငါ့ညီသေတာ သည် . . . ရန်ပိုင်ပယောဂမကင်းဘူးလေ၊ ဒါကို ငါကထပ်ပြီးတော့ ပြောပြရဦးမှာလား"

ခင်ကြီးက မပြောသေးသောဒေါသဖြင့် ရစ်နေသေးသဲ။ မျက်နှာကြီးကော မျက်လုံးတွေပါ နီမြန်းလျက်ရှိသည်။ ရန်ပိုင်နှင့် ကိုဝဏ္ဏတို့က ဖြစ်ပျက်ပုံအလုံးစုံကို သက်ဆိုင်ရာကို အသိပေးအကြောင်းကြားခဲ့သည်။ အခင်းဖြစ်ပွားသောနေ့က ပတ်ဝန်းကျင်တွင် ခရီးသွားမျက်မြင်သက်သေ အချို့ကလည်း အခြေအနေကို မြင်လိုက်ကြသေးသည်။ တိုင်းရင်းသားလူမျိုး ထိုခရီးသွားများကလည်း မျက်မြင်သက်သေလိုက်ခဲ့ကြသေးသည်။ တကယ်တော့ ခင်ကြီးသည် ညီဟူသောဇောနှင့် အပြစ်မဆို





သင့်သည်ကို တမင်ပြောနေခြင်းပင်ဖြစ်သည်။ ဘဝပြန်မလာဝဲကြီးထဲသို့ ကျသွားကြသောသူများအားလုံး (ရန်ပိုင်မှအပ) အစအနပျောက်သွားခဲ့ကြလေသည်။

"ဟေ့ ကျော်မင်း သည်ကောင်ရန်ပိုင်ကို မင်းတွေ့အောင်ရှာ။ ငါလည်းရှာမယ်၊ တွေ့ရင် ငါ့ကိုချက်ချင်းအကြောင်းကြား။ သည်ကောင်ရှိတတ်မယ့် နေရာကိုလိုက်ပြီးတော့ရှာ"

"ဟုတ်ကဲ့ ဆရာ . . . ကျွန်တော်လိုက်ရှာပါ့မယ်၊ ဒါပေမဲ့"

"ဒါပေမဲ့က ဘာကြောင့်ပါလာခဲ့ရတာလဲ။ ငါ ခိုင်းတဲ့အတိုင်းလုပ်။ စောဒကတက်တဲ့စကားမျိုး ငါမကြားချင်ဘူး"

"ဟုတ်ကဲ့ ဆရာ"

တပည့်ဖြစ်သူ ကျော်မင်းစိတ်ပျက်သွားခဲ့ရသည်။ ခုတလောမှာ ရန်ပိုင်သည် ပျောက်ချက်သားကောင်းနေသည်။ မော်တော်ကိုတော့ ပြင်ဆင်လျက်ရှိသည်ဟု သတင်းရသည်။ မော်တော်မောင်းသမား ဝဏ္ဏကိုလည်း မတွေ့။ တစ်ခါတစ်ရံမှာမော်တော်ဆီကို မောင်ဒွေးလာတတ်သည်။ ကျော်မင်းက မမေး။ မေးမိလျှင် ရန်ပိုင်ကို လိုက်ရှာနေမှန်းသိသွားပေလိမ့်မည်။

"တောက် တော်တော်ဒုက္ခပေးတဲ့ ရန်ပိုင်းပါလား"

ကျော်မင်းသည် ရန်ပိုင်ကိုမတွေ့၍ ဒေါကန်လျက်ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် ...

လူတစ်ယောက်သည် ကမ်းစပ်တစ်နေရာတွင် ရပ်က ဟိုးအဝေးမှ တောင်တန်းပြာကြီးများကို ငေးမောပြီးတော့ ကြ နေသည်။ မြေမှထွက်သော မြူများနှင့်နှင်းမြူများသည် ေ တွေးကာ ယှက်လိမ်လျက်ရှိနေကြသည်။

ထိုသူသည် မြစ်ရေပြင်ကိုသော်လည်းကောင်း၊ နှင်းေ များဖုံးလွှမ်းလျက်ရှိသော တောင်တန်းကြီးများကိုသော်လည် ကောင်း ကြည့်နေသောအကြည့်က လွမ်းရိပ်ဆွေးရိပ်သန်းေ သည်။ သူရပ်နေသော နေရာလေးနှင့် မလှမ်းမကမ်းတွင် ေ တပ်လှေ၊ မော်တော်အချို့နှင့် ကုန်တင်မော်တော်အချို့တို့ ရပ်နားထားကြသည်။ လူအချို့လည်း ရှိနေကြလေသည်။

ထိုစဉ် ...

အဝေးမှ လျှောက်လာနေသော လူတစ်ယောက်သ ကမ်းစပ်မှာရပ်နေသော သူကို သတိထားကာကြည့်နေမိသည် လျှောက်လာနေရင်းကပင် မျက်နှာကို ဘေးဘီသို့ပင် မလှ တဖြည်းဖြည်းနှင့် အံ့အားသင့်လာမိလေသည်။

"သည်လူဟာ ..."

စိတ်ထဲမှာ တစ်ယောက်ယောက်နှင့် တူနေသလိုခံ နေမိသည်။ ထို့ကြောင့် မြစ်ချင်ရာဖြစ်ဆိုကာ ရဲတင်းစွာ ရှေ့ကဖြတ်လျှောက်သွားခဲ့လေသည်။ ထိုသူ့ရှေ့ကို ရောက်ေ မျက်နှာကို ခပ်စိန်းစိန်းပင်ကြည့်လိုက်သည်။ ယဉ်ကျေးမှုမ



ရိုင်းပျသောအကြည့်ပင်ဖြစ်သည်။ အကြည့်ခံလိုက်ရသူကတော့ သတိမထားမိ။ ကြည့်လိုက်သောသူ၏ မျက်နှာပေါ်မှာတော့ အံ့အားသင့်သွားသော အမူအရာများဖြစ်ပေါ်သွားခဲ့ရလေသည်။ ထိုသူသည် ရှေ့ကိုလွန်သွားပြီးမှ တစ်ဖန်ပြန်၍ လျှောက်လာခဲ့သည်။

"ဟော့ကောင် ရန်ပိုင် ... မင်းကို ကိုခင်ကြီးက မိုးအဆုံးမြေအနှံ့လိုက်ပြီးတော့ ရှာနေတယ်၊ လာက်စသက်တော့ မင်းကသည်ကိုရောက်နေတာကိုး"

ရဲရင့်သည် မျက်နှာကိုစေ့စေ့ကြည့်ပြီးတော့ အပြောခံလိုက်ရသည့်အတွက် အံ့အားတသင့်ဖြစ်သွားခဲ့ရလေသည်။

"ခင်ဗျားကို ကျွန်တော်မသိပါဘူး၊ နောင်ကြီး လူမှားနေပြီနဲ့တူတယ်"

ရဲရင့်ကလည်း ရည်မွန်စွာနှင့်ပြန်ပြီးတော့ ပြောလိုက်လေသည်။

"ဟော့ကောင် ရန်ပိုင် ... မင်းက ငါ့ကိုခပ်တည်တည်နဲ့ လာပြီးတော့ ဖိန့်နေပြန်ပြီ၊ ငါ ကျော်မင်းလေကွာ၊ မင်းမသိတော့ဘူးလား၊ တော်တော်ဟန်ဆောင်ကောင်းတဲ့လူပဲ၊ ဆရာခင်ကြီးက သူ့ညီအတွက် မင်းကို မကျေနိုင်မချမ်းနိုင်ဖြစ်နေကယ်၊ ငါ့ကိုလည်း လိုက်ရှာခိုင်းနေတယ်၊ အေး ... ငါကတော့ မင်းကိုဘယ်မှာတွေ့ခဲ့တယ်ဆိုတာ ပြန်ပြီးတော့ပြောရမှာပဲ၊ သတိသာသားပြီးနေပေတော့"

ကျော်မင်းက ရဲရင့်၏ပခုံးကို ပုတ်ပြီးတော့ ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရဲရင့်သည် သူ့ကိုတို့လား။ ထိလားပြောလာသည့်အတွက်
သည်အထိလက်မခံ။ ကျော်မင်း၏လက်ကို ပြန်ပြီးတော့ ပုတ်
ချလိုက်သည်။

"ခင်ဗျားပြောတဲ့ ခင်ကြီးကော, ထင်ကြီးကော မသိဘူး
ကျွန်တော့်မှာ ဘာပြဿနာအရှုပ်အရှင်းမှလည်း မရှိဘူး ...
နားလည်ထားပါ"

ရဲရင့်သည် စကားကိုခတ်ဆတ်ဆတ်ပြောပြီး နောက်
နေရာမှ ထွက်သွားခဲ့လေသည်။

"ဟော့ကောင် ... ရန်ပိုင် ရန်ပိုင်"

ရဲရင့်ကား လှည့်မကြည့်ပါလေတော့။

◘

မီးလင်းဖိုမှ အပူဓာတ်သည် အိမ်ထဲမှာနွေးထွေးသော
သက်သာမှုကို ပေးလျက်ရှိသည်။ ရဲရင့်သည် ဤဒေသ၏အအေး
ဒဏ်ကို အလေ့အကျင့်မရသေး၍ နည်းနည်းတော့ အနေရခက်
နေလေသည်။ အိပ်ရာထက်မှာ ဘယ်ညာလူးလိမ့်လျက်ရှိနေ
သည်။ ညနေက ကမ်းစပ်တွင် တွေ့ကြုံခဲ့ရသည့်အဖြစ်ကို ပြန်
ပြီးတော့ စဉ်းစားနေမိသည်။

"လူမှားတာဆိုပေမယ့် အသေအချာကြီးကို ပြောနေ
တာ၊ ဘာတဲ့ ... အဲသည်နာမည်က ရန်ပိုင် ... ရန်ပိုင်ဆိုလား"

ပထမတော့ ထိုနာမည်ကိုအမှုမဲ့ အမှတ်တမဲ့ပင် နောက်



တော့မှ ချက်ချင်းပင်စိတ်ထဲမှာ လှုပ်ရှားသွားခဲ့ရလေသည်။

"ဟာ ... သည်နာမည်ဟာ အိပ်မက်လည်း ငါ့အာရုံထဲ
မှာ မကြာခဏပေါ်ပေါ်လာခဲ့တဲ့လူ၊ ငါ့ကိုလူမှားပြီးတော့ ပြော
နေတာ အကြောင်းမဲ့ မဖြစ်နိုင်ဘူး၊ အဓိပ္ပါယ်တစ်ခုခုတော့ ရှိ
နေမယ်"

တက်ကြွသောစိတ်က ရုတ်တရက်ဖြစ်ပေါ်လာပြီးမှ ...

"တကယ်တော့ တိုက်ဆိုင်မှုသက်သက်လည်း ဖြစ်နိုင်
တာပါပဲလေ"

ဟု စိတ်ကိုပြန်ပြီးတော့ လျှော့ချမိလိုက်ပြန်လေသည်။

◘

"ဘာ ... မင်း ရန်ပိုင်ကို တွေ့ခဲ့တယ် ... ဟုတ်လား၊
ဘယ်မှာတွေ့ခဲ့တာလဲ ... ငါ့ကိုမြန်မြန်ပြောစမ်း"

"ခမုံမြစ်ဆိပ်မှာပါ၊ ကျွန်တော်က သူ့ကိုဆရာထင်ကြီး
ကလိုက်ရှာနေတယ်လို့ ပြောတော့ သူ ရန်ပိုင်မဟုတ်ဘူးလို့
ငြင်းတယ်"

"တောက် ... သည်ကောင်က မင်းကို ပြောင်ဘူးကွယ်
လိုက်တာ၊ ငါ့ကို တမင်ရှောင်နေတာ"

"သူ့အပြောကတော့ အေးအေးဆေးဆေးပဲ ဆရာ ...
မှင်သေတယ်"

"ရန်ပိုင်ကော ဟုတ်ရဲ့လားကွ"

www.burmeseclassic.com

www.burmeseclassic.com



"သူမှသူ အစစ်ပါဆရာ၊ သူ့မျက်နှာကို မမှတ်မိနိုင်စရာ အကြောင်းမရှိပါဘူး"

"မင်းကွာ . . . တစ်ခါတည်း အပိုင်ချုပ်ပြီးတော့ ခေါ်လာခဲ့ရင်ပြီးရော"

"ဟာဗျာ . . . သည်ကောင့်ကို လွယ်လွယ်နဲ့ကိုင်ဖို့ဆိုတာ မလွယ်ဘူးလေ . . . ဆရာလည်း သိသားနဲ့"

"အေး . . . သည်ကောင် ဘယ်မှာနေတယ်, ဘာလုပ်နေသလဲဆိုတာ ရအောင်စုံစမ်း၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ် . . . မင်းနဲ့ဆုံပြီးပြီဆိုတော့ သည်ကောင် အဲသည်မှာရှိတော့မှာ မဟုတ်ဘူး၊ တစ်နေရာကို လစ်ထွက်သွားလောက်ပြီ၊ ငါက သူ့ကိုသဲကြီးမဲကြီးနဲ့ လိုက်ရှာနေတယ်လို့ပြောလိုက်တော့ သည်ကောင်လည်း ကြောက်ပြီး ခြေရာဖျောက်သွားလောက်ပြီပေါ့ကွာ"

"ကျွန်တော်လည်း မခံချင်စိတ်နဲ့ လွှတ်ခနဲထွက်သွားတာပါဆရာ၊ နောက်တော့မှ ဆန္ဒစောပြီးပြောမိလိုက်မှန်း နောင်တရမိသွားတယ်၊ ကျွန်တော့် အမှားပါဆရာ"

"ဘယ်တတ်နိုင်မလဲကွာ၊ မင်းရဲ့ အမှားလို့ပြောမရပါဘူး၊ သည်ကောင် ငါ့လက်ကမလွတ်နိုင်ပါဘူး၊ တစ်ကွေ့ကွေ့တော့ တွေ့ဦးမှာပေါ့"

ခင်ကြီးသည် လက်ဝါးကိုလက်သီးဆုပ်နှင့် ထုကာ၊ ထုကာနှင့် မျက်နှာကြီးက တင်းမာနေလျက်ရှိနေလေသည်။

◘



ရဲရင့်သည့် ဒေသခံမိတ်ဆွေတစ်ဦး၏ စီစဉ်ပေးချက် ...ရ လုံးချင်းအိမ်ကလေးတစ်လုံးတွင် နေထိုင်သည်။ လခ ...သည်းသက်သာသည်။ အသက်လေးဆယ်ကျော် လင်မယားနှစ် ...ယောက်က နံနက်၊ ညလာရောက်ကာ စားရေးသောက်ရေး ...တွေများကို စီစဉ်ပေးသည်။ ညဦးပိုင်းလောက်ကျမှ ပြန်သွားခဲ့ ...လေသည်။

မိမိကို လူမှားပြီးခေါ်သည့်အတွေ့အကြုံကို ရံဖန်ရံခါ ...ဘိရနေဆဲပင်။ ထိုအဖြစ်အပျက်ကို နေ့စဉ်မှတ်တမ်းထဲမှာ ...င် မှတ်သားထားခဲ့သည်။ အိမ်နှင့်ဆေးရုံက သိပ်မဝေးလှပါ။

တစ်ရက်တွင် . . .

"ဦးလေး . . . သည်မြို့မှာ ရန်ပိုင်ဆိုတဲ့လူနေသလား"

မိမိအတွက် စားရေးသောက်ရေးကို စီစဉ်ပေးသော ...လွမ်းခေါင်ကို မေးမိလိုက်သည်။ ဦးလွမ်းခေါင်သည် မျက် ...ာင်တစ်ချက်ကြုတ်သွားခဲ့သည်။

တစ်ခဏအကြာမှ . . .

"ကျွန်တော်တော့ သည်နာမည်ကို မကြားဖူးဘူး၊ ...ါက်တာ ဘာကြောင့်မေးပါလဲ"

"သည်လိုဦးရဲ့ . . . ဟိုတစ်ရက်က ကျွန်တော့် ကမ်းနား ...က်ကို ရောက်သွားတယ်၊ လူတစ်ယောက်က ကျွန်တော့်ကို ...န်ပိုင်ဆိုပြီးတော့ ခေါ်တယ်၊ လူမှားနေတယ်လို့ပြောတာလည်း ...ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏ ပုံပန်းသဏ္ဍာန်နှင့် အပြောအဆို၊ အပြုအမူ များကိုပါ ပြန်ပြောပြလိုက်သည်။ ဦးလွှမ်းခေါင်သည် ခေါင်းကို ခါယမ်းလိုက်ပြီး ...

''အဲသည်လူကိုလည်း ကျွန်တော်မသိဘူးဆရာ၊ သူ ပြောတဲ့ထင်ကြီးဆိုတာကိုလည်း မသိဘူး၊ သည်နာမည်တွေကို လည်း မကြားဖူးဘူး၊ သည်ဘက်က ဟုတ်ဟန်မတူဘူး၊ သည် မြို့က လူဦးရေသိပ်များတာမှ မဟုတ်တာ၊ လူချင်းမရင်းနှီး တာတောင် အမြင်ချင်းကတော့ ရင်းနှီးနေကြတာ ဒေါက်တာ မြို့ကလူတွေကို အလွယ်တကူသိနိုင်တာပဲ''

ထို့နောက် ဦးလွှမ်းခေါင်က ထင်မြင်ချက်တစ်ခုကို ပေး လိုက်သည်။

''ကျော်မင်းဆိုတဲ့လူ ပြောပုံအရဆိုရင် သူတို့အချင်း ချင်း မကောနပ်စရာရှိနေကြပုံရတယ်၊ ဒုစရိုက်လောကသားတွေ များဖြစ်နေ[...]လား''

''မပြောတတ်တော့ပါဘူးဗျာ၊ ကျွန်တော်လည်း သည် ကိစ္စကို ခေါင်းထဲမထည့်တော့ပါဘူး''

ရဲရင့်သည် လူများခြင်းသည် အလေးအနက်ထားစရာ မဟုတ်တွေးမိသော်လည်း ရန်ပိုင်နာမည်ကိုတော့ နှလုံးသား ထဲမှာ ထာဝရစွဲကျန်နေခဲ့လေသည်။



''ညီလေး ...မင်းကို ထင်ကြီးရဲ့အစ်ကိုခင်ကြီးက လိုက်ရှာနေတယ်''

''ဘာကိစ္စတဲ့လဲ ကိုကြီးဝဏ္ဏ''

''ဒါနဲ့တော့ မတွေ့ဘူး၊ မောင်ခွေးက ပြောလို့သိရတာ''

''ဟုတ်လား မောင်ခွေး''

စက်ပစ္စည်းအစိတ်အပိုင်းများကို ဆေးကြောနေသော မောင်ခွေးက နေရာမှထလာပြီး ...

''ဟုတ်တယ်၊ လာရှာကြတဲ့လူက နှစ်ယောက်မင်း သရာရန်ပိုင်ဘယ်သွားသလဲလို့ မေးတယ်၊ ကျွန်တော်က မသိ ဘူးလို့ပြောလိုက်တော့ မကျေမနပ်နဲ့ကြည့်ပြီးတော့ ပြန်ထွက် သွားခဲ့ကြတယ်၊ ရုပ်ရည်တွေက သိပ်အချိုးမကျကြဘူး၊ လူ ကောင်းတွေတော့ မဖြစ်နိုင်ဘူး''

''အင်း ...ကိုကြီးဝဏ္ဏကော ဘယ်လိုထင်သလဲ''

''မောင်ခွေးပြောတဲ့အတိုင်းဆိုရင် ထင်ကြီးရဲ့အစ်ကို ပဲ၊ သည်ပုတ်ထဲကသည်ပဲ.ပဲ ဖြစ်ရမှာပေါ့၊ သူ့ညီထင်ကြီးသေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မကျေမနပ်ဖြစ်နေတယ်ထင်တယ်''

''အဲသလိုဖြစ်တယ်ဆိုရင်တော့ အဓိပ္ပါယ်မရှိဘူး၊ ကို ကြီးဝဏ္ဏ ဒါသူ့အကြောင်းနဲ့သူဖန်လာတဲ့ အကုသိုလ်တရားပဲ၊ ကျွန်တော့်ပယောဂပါနေတာမှ မဟုတ်ဘဲ''

''ကိုယ့်ဘက်ကတော့ မှန်နေတာပဲလေ၊ သူ့ဘက်က အမြင်မှာတော့ သူ့ညီသေရတာ မင်းကြောင့်လို့ တစ်ထစ်ကျ ယုံကြည်ထားလို့ပေါ့၊ အဓိပ္ပါယ်ကတော့ မဲ့တယ်၊ ဘာပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သတိကတော့ထားရမှာပဲ ငါ့ညီ''

''ဟုတ်ပါတယ်လေ၊ သည်လိုလူမျိုးတွေကိုရှင်းပြလည်း အပိုပါပဲ၊ သူတို့က ကိုယ့်ကိုဘာလုပ်နိုင်ကြမှာလဲ စောင့်ကြည့်ကြသေးတာပေါ့''

▣

ညက အမှောင်ကို စိုးမိုးထားသည်။ ညဥ့်ပိုးကောင်လေးများ၏ အော်သံကိုပင်မကြားရ။ ချောက်ချားစရာကောင်းလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။ ထိုစဥ့်မှာပင် လေပြင်းတစ်ချက်က တိုက်ခတ်လာသည်။

'ဖရဲ ..ရှဲ ..ရှဲ'

အိမ်အမိုးပေါ်ကို ကျနေကြသော သစ်ရွက်များက လွင့်သွားခဲ့ကြလေသည်။ တိုက်ခတ်လာသော လေပြင်းသည် အဝေးရှိသစ်ပင်များကိုပါ ရိုက်ခတ်သွားခဲ့သည်။

ဒုန်းဒိုက် ...

တစ်ကိုယ်လုံး နှင်းများဖုံးလွှမ်းလျက်ရှိသော ကျားကြီးတစ်ကောင် ရွာလည်လမ်းအတိုင်း ရဲတင်းစွာနှင့်လျှောက်လာလျက်ရှိသည်။ အမှောင်ရိပ်ကို နိုကာတိတ်တဆိတ် လာနေသောကျားကြီးသည် မြကျယ်ကြီးတစ်ခုထဲသို့ ခုန်ကျော်ကာဝင်သွားခဲ့လေသည်။

▣



အခန်းထဲမှာ အိပ်မောကျနေသူက ရန်ပိုင်။ သူ့အနား ... တဖြည်းဖြည်းချဉ်းကပ်လာသော လူကြီးတစ်ယောက်။ လက်...တွင် ဓားကောက်ရှည်ကြီးတစ်လက်ကို ကိုင်ဆောင်ထားသည်။ ...သူ၏မျက်နှာကြီးသည် ကြောက်မက်ဖွယ်ကောင်းလောက်...အောင် ခက်ထန်နေသည်။ ရှည်လျားသော ဆံပင်များက နား...များကိုပင် ဖုံးအုပ်ကာ ပခုံးလက်မှာကျနေကြသည်။

နှာခေါင်းပေါက်ဝနှစ်ခုကလည်း မြွေတွန်သံကဲ့သို့ အသံ...က ထွက်နေကြလေသည်။ သူသည် ကောက်ကျစ်စဉ်းလဲ...သော မျက်လုံးတွေနှင့် ရန်ပိုင့်ကိုကြည့်နေကာ အံကိုတင်းတင်း...တ်လိုက်သည်။ ထို့နောက် လက်ထဲမှဓားကောက်ကြီးကို ...ာက်ကာ တအားခုတ်ချလိုက်လေသည်။ သို့သော် ...

အတားအဆီးတစ်ခုက မမျှော်လင့်ဘဲပေါ်လာခဲ့သည်။ ...ဆရာကြီးအိန္ဒြေ၏ လက်ကိုတစ်စုံတစ်ယောက်က ဖမ်း၍...ကိုင်လိုက်သည်။ ထို့နောက် ဓားသည်ထိုလူ၏လက်ထဲကို ...ာက်သွားခဲ့လေသည်။ ထိုသူသည် သူလုယူလိုက်သောဓား... အိန္ဒြေကို ကအားခုတ်ချလိုက်သည်။ အိန္ဒြေက ရှောင်လိုက်သော်...ည်း လက်မောင်းကို ထိသွားသည်။

''အား''

အသားနာသွား၍ ဒေါသထွက်သွားခဲ့ရသည်။ ထိုအခါ...ာ်နှာကြီးက ပိုပြီးတော့ ခက်ထန်ကြမ်းတမ်းလာခဲ့သည်။ ဆိုး...းသောအနံ့အသက်များ ထွက်လာသည်။ ပုပ်အက်အက်အနံ့

www.burmeseclassic.com

www.burmeseclassic.com



ဆိုးတစ်မျိုးပင် အော်ဂလီဆန်စရာကောင်းလှသည်။ အိန္ဒြသ
သူ၏ဓားကိုပြန်၍ လုသည်။ မရပါ။ ထို့ကြောင့် အမှောင်ထဲ
ထွက်ပြေးသွားသည်။ ခြံစည်းရိုးကို ခုန်ကျော်ကာထွက်သွ
သည်။ မကြာမီ အဝေးမှကျားတစ်ကောင်၏ ဟိန်းဟောက်သံ
ထွက်ပေါ်လာခဲ့လေသည်။

ရန်ပိုင်လည်း နိုးလာခဲ့သည်။ အမှောင်ထဲမှာ လူ
ယောက်တိုက်ခိုက်နေသည်ကို မြင်တွေ့လိုက်ရသည်။ မှော
ရီထဲမှာပင် ထိုသူတွေကို စိတ်ထဲကအလိုလိုပင်သိနေသည
အိန္ဒြသည် မိမိကိုလုပ်ကြံရန်ရောက်လာခဲ့သည်ပါလား။ အ
မောကျနေစဉ်မှာ နားထဲတွင်ကြားနေမိခဲ့သည်က ကျားဟိန်း
ကိုပင်ဖြစ်သည်။

လူတစ်ယောက် အခန်းထဲကိုရောက်နေသည်။ အိန္ဒြ
အသေအလဲပင်တိုက်ခိုက်နေသည်။ အိန္ဒြသူ့ဓားနှင့် သူပြန်မိသ
သည်။ ထွက်ပြေးရပြီ။ မကြာမီ အဝေးမှထွက်ပေါ်လာသေ
ကျားဟိန်းသံကို ခပ်သဲ့သဲ့မျှကြားလိုက်ရလေသည်။

အခန်းထဲမှာ ထိုသူတစ်ဦးတည်းသာ ကျန်ရစ်ခဲ့သည
မိမိရှိရာကို လျှောက်လာသည်။ အနားကိုရောက်လာသောအ
ပြုံးပြနေသည်ကို ဝိုးတဝါးအမှောင်ထဲမှာပင် မျက်မြင်ထင်ထ
မြင်လိုက်ရသည်။

''ဟင် ... သူ ... သူဟာ ငါနဲ့တူတဲ့လူပါလား''

▣ ▣ ▣



(၁၂)

## မဒ္ဒရိယဂိုဏ်းသားများ

''အိပ်မက်ထဲကလူနဲ့ ပတ်သက်ပြီး ငါအမြဲလိုလိုခံစား
ရတယ်၊ သူဟာ တစ်ချိန်ချိန် ငါ့ရဲ့အမှတ်သညာထဲကို
က်လာတတ်တယ်၊ ငါမေ့နေတဲ့အချိန်မှာလည်း မမျှော်လင့်
ဝင်လာတတ်တယ်၊ အဲသည်လူဟာ ငါနဲ့တစ်ထေရာတည်း
တူနေတယ်၊ ငါပဲလို့လည်း ပြောလို့ရတယ်၊ ငါ့ကိုယ်ပွား
လည်း လက်ခံလို့ရတယ်၊ သာထူး၊ မင်းကို ငါအခုကျမှဖွင့်
တာ''

သာထူးသည် ရန်ပိုင်၏စကားကို အစမှသည်အဆုံး
သိ နားထောင်ပြီးသော် အံ့အားသင့်နေမိခဲ့လေသည်။

''အေးကွာ မင်းပြောပြမှပဲ ငါသိရတော့တယ်၊ မင်းနဲ့
တဲ့လူတစ်ယောက်အတွက် အမြဲတမ်းခံစားနေရတယ်ဆိုတော့
ဆန်းတဲ့စိတ်ပဲကွ၊ အဲသည်လူဟာ တကယ်ပဲအပြင်မှာရှိ
သလားဆိုပြီး ထင်ယောင်ထင်မှားမဖြစ်နေရတဲ့အထိဆိုတော့
နက်တဲ့ ခံစားချက်ပဲကွ''

www.burmeseclassic.com


''မင်းရဲ့ကိုယ်စောင့်နတ်ကပဲ မင်းယောင်ဆောင်ပြီ သတိပေးနေတာလား၊ ကူညီနေတာလား၊ ဒါမှမဟုတ် မင်းနဲ့တူ တဲ့ လူတစ်ယောက်က အပြင်မှာပဲတကယ်ရှိနေသလား''

''မပြောတတ်ပါဘူး သာထူးရာ။ ငါ့အိပ်မက်ထဲမှာ တော အာရုံထဲမှာရော မကြာခဏမြင်နေရတဲ့ သည်လူရဲ့ ရု ရည်ဟာငါနဲ့တူတယ်ဆိုပေမယ့် သူကပိုပြီးတော့ သန့်ပြန့်တ ကွ၊ ဆရာဝန်လိုလို၊ အင်ဂျင်နီယာတစ်ယောက်လိုလိုနဲ့ ပည တတ်တစ်ယောက်ရဲ့ ရုပ်ရည်မျိုးကွ၊ အိပ်မက်က အမှောင် မှာပေမယ့်လည်း သူ့မျက်နှာကို ပြက်ပြက်ထင်ထင်ကို မြင်န ရတယ်ကွ''

''အေးကွာ ... မင်းပြောတာနဲ့ ငါတောင်စိတ်ဝင်စ လာပြီ၊ မင်းအမေကလည်း တစ်ယောက်တည်းပဲ မွေးထားတ ဆိုတော့ စဉ်းစားရခက်သားလားကွာ''

''အဲဒါတွေထားဦး ... မင်း သည်ရွာကနေ ပြောင်းရွှေ့ ဖို့ကိစ္စ ဆုံးဖြတ်ချက်ချပြီးပြီလား သာထူး''

''အေး ငါ့မိန်းမကလည်း သဘောတူတယ်ကွ၊ ဒါ မဲ့ ခြံမြေကိစ္စရောင်းထုတ်ဖို့ တစ်လလောက်တော့ ကြာလိ ဦးမယ်ကွ''

''သည်အတိုင်းထားပစ်ခဲ့စမ်းပါကွာ၊ ကဲ ... ငါဝယ် ကွာ''

''ဟာကွာ ... မလုပ်ပါနဲ့ သည်တစ်ချက်တော့ ခွင့်ပြ ကွာ၊ ငါ့မိန်းမရဲ့ဆန္ဒကို နောက်ဆုံးလိုက်ရောတဲ့အနေနဲ့''

ရွှေစာကြည့်တိုက်

''ငါ့မိန်းမ ငါ့မိန်းမနဲ့ ပါးစပ်ထဲကကို မချဘူး၊ ငါမင်း ကိုမြင်ပြင်းကတ်လာပြီနော် သာထူး''

''ငါ့ကို မြင်ပြင်းအကတ်ခံချင်ရင် မင်းလည်း မိန်းမ တစ်ယောက်လောက်ယူလိုက်ပါလား ရန်ပိုင်''

''ဟင် ... မင်း တော်တော့်ကွာ ... တော်တော့''

''ဟဲ .. ဟဲ .. ဟဲ''

BURMESE CLASSIC .com

လပြည့်ည ...

ကောင်းကင်ထက်တွင် ဝိုင်းဝိုင်းစက်စက် လမင်းကြီးက သိန့်ထိန့်သာလျက်ရှိနေသည်။ ဘိမ်မြို့တွေ ကင်းစင်နေသလို ကြယ်စင်များကလည်း တလက်လက်နှင့် စုံညီလျက်ရှိနေကြ သည်။

နှင်းများက ယခုညမှာမှ ပိုပြီးတော့ အကျစိပ်လာခဲ့ကြ သည်။ မြေပြင်ပေါ်မှာ ဖွေးဖွေးတနေကြသည်။ သစ်ပင်၊ ချုံ ဘောင်၊ ကမူများ၏အပေါ်မှာလည်း နှင်းပတ်တွေက ဖုံးအုပ်ထား ကြသည်။

တစ်လောကလုံး တိတ်ဆိတ်နေကြပေမယ့် လူတစ်စုက တော့ လှုပ်ရှားသွားလာမှုက ရှိနေကြသည်။

သူတို့သည် ခေါင်းစွပ်နှင့်တစ်ဆက်တည်းရှိသော အင်္ကျီ သီကြီးများကို ဝတ်ဆင်ထားကြသည်။ ခေါင်းစွပ်ကြောင့် မျက်

ရွှေစာကြည့်တိုက်
www.burmeseclassic.com

www.burmeseclassic.com



နှာတွေကို ကောင်းစွာမမြင်ရနိုင်။ ပြည်းညင်းသာသော ခြေလှမ်းများနှင့် တရွေ့ရွေ့သွားနေကြသည်။ ဝန်းကျင်သည် ပကာတိမှောင်မိုက်မနေဘဲ ဆွတ်ဆွတ်ဖြူသော အလင်းရောင်ပြန့်များက ရှိနေကြသည်။ ထိုသူများသည် မြန်မြန်ဆန်ဆန်ကြီးသွားနေကြသည်မဟုတ်ကြ။ ပြည်းပြည်းနှင့် မှန်မှန်ခြေလှမ်းများကိုသာ အသုံးပြုနေကြသည်။ တစ်နည်းဆိုရလျှင် အာရုံစူးစိုက်မှု၏ ညှို့ချက်စက်ကွင်းထဲမှာ အမိခံနေရသလိုပင်။

ထိုသူတို့၏ နောက်မှနောက်ယောင်ခံ၍ လိုက်နေကြသူနှစ်ဦး။ အတော်ခပ်လှမ်းလှမ်းမှ ခွာပြီးတော့လိုက်နေကြသည်။ ရန်ပိုင်နှင့်သာထူးတို့နှစ်ဦးပင်။ စကားမပြောကြဘဲ နှုတ်ဆိတ်စွာနှင့် မျက်ခြည်မပြတ်လိုက်နေကြသည်။ မည်သည့်အကြောင်းကြောင့်ပါလဲ။

တစ်နေရာကို ရောက်ကြသောအခါ အခြားတစ်ဖက်မှ လာကြသော လူတစ်စုကို တွေ့လိုက်ကြရပြန်သည်။ သူတို့သည်လည်း ခေါင်းစွပ်ရှည်ရှည်ကြီးများကို စွပ်ထားကြသည်။ ရှည်လျားသော ကိုယ်ရုံကြီးများကို ဝတ်ဆင်ထားကြသည်။ အဖွဲ့နှစ်ဖွဲ့ ပေါင်းမိသွားခဲ့ကြလေသည်။ ထို့နောက် တစ်ပေါင်းတစ်စည်းတည်း စီတန်းကာဆက်လက်ပြီးတော့ လျှောက်သွားခဲ့ကြသည်။

တောကြိုတောင်ကြားမှ ဖြတ်သန်းသွားနေကြရာမှ လွင်ပြင်ကြီးတစ်ခုဆီကို ရောက်လာခဲ့ကြလေသည်။ မြေပြင်ကို မမြင်ရ။ နှင်းများကဖုံးလွှမ်းလျက်ရှိနေကြသည်။ မည်မျှဝေးဝေးရောက်လာကြပြီလဲမသိ။ သာထူးနှင့် ရန်ပိုင်ကတော့ လမ်းကိုသေချာ



ပင် မှတ်သားလာခဲ့ကြသည်။ ထူးထူးခြားခြား မြင်နေရသော ကို တိမ်ကကွယ်သွားခဲ့လေပြီ။ သို့သော် တိမ်ကိုဖောက်ပြီး းလာသော လ၏အလင်းရောင်ကြောင့် လမ်းကိုမြင်နေနိုင်သေးသည်။

(အလင်းအားတော့ အနည်းငယ်လျော့ပါးသွားသည်)

ရှေ့ကသွားနေကြသော သူများသည် လမ်းတွင်တစ်ဖွဲ့ ပြီးတစ်ဖွဲ့ ပေါင်းသွားခဲ့ကြသည်။ တိုးပွားလာကြသော အဖွဲ့များ သည်။

မည်သည့်အရပ်က ရောက်လာခဲ့ကြမှန်း မသိနိုင်ကြ အင်အားက သုံးဆယ်လောက်အထိကို ဖြစ်လာခဲ့ကြလေသည်။ ထိုသူတို့သည် စကားတစ်ခွန်းမှမပြောကြဘဲ ငြိမ်သက်စွာနှင့် လျှောက်သွားနေကြသည်။

နောက်ထပ်လွင်ပြင်တစ်ခုကို ဖြတ်သန်းကြအပြီး ထင်းပင်များ ဝန်းရံပြီးပေါက်လျက်ရှိနေကြသော နေရာကိုရောက်လာခဲ့ကြလေသည်။ ကြီးမားသော ကျောက်ဂူကြီးတစ်လုံးရှေ့တွင် သူတို့ကို စောင့်နေကြသောလူတစ်စု၊ နတ်ဆရာကြီးအိန္ဒြအပါအဝင် အခြားသောနတ်ဆရာအချို့ကိုလည်းတွေ့လိုက်ကြရသည်။

''သူတို့က သည်နေရာမှာလာစုပြီး ဘာလုပ်ကြမလို့လဲမသိဘူး''

''သည်လိုပဲကွ၊ သုံးနှစ်တစ်ခါ တွေ့ဆုံကြတဲ့ပွဲပဲ၊ မိစ္ဆာအယူကိုယူကြတဲ့သူတွေဟာ ဘာတွေလျှောက်လုပ်ကြမလဲ စောင့်ကြည့်ကြရုံပဲ''

www.burmeseclassic.com

www.burmeseclassic.com



လေသံမျှနှင့် ပြောနေကြသည်။ ဆက်ပြီးတော့လည်း မပြောရဲကြ။ တစ်နည်းနည်းနှင့် ကြားသွားကြမှာကို စိုးရိမ်နေကြသည်။ နတ်ဆရာအိန္ဒြတို့ တိုးတိုးတိတ်တိတ်နှင့် ပြောနေကြသောအကြံအစည်ကို ကြားသိကြပြီး ဤသို့နောက်ယောင်ခံကာ လိုက်လာခဲ့ကြခြင်းပင်။

လူအယောက်သုံးဆယ်ကျော်လောက်သည် နတ်ဆရာများကို အလယ်မှာထားကာ ဝိုင်းရံထားလိုက်ကြသည်။ သူတို့အထဲတွင် အသက်အကြီးဆုံးသော နတ်ဆရာကြီးတစ်ဦးက အားလုံး၏အလယ်ကို ထွက်ကာရပ်လိုက်သည်။

ထိုနတ်ဆရာကြီးသည် လွန်စွာမှအိုမင်းပျက်ရှိနေလေပြီ။ ခါးကလည်းကိုင်းနေ၍ တောင်ဝှေးကိုအထောက်အကူ ပြုနေရသည်။ သို့သော် မျက်လုံးတွေကတော့ စူးလက်တောက်ပနေကြသည်။

"ငါတို့အဖွဲ့သားတွေ မစုံလင်ကြတော့ဘူး၊ တစ်ကြိမ်ထက်တစ်ကြိမ် နည်းသထက်နည်းလာခဲ့ကြပြီ၊ အဝေးကိုရောက်နေကြတဲ့သူတွေလည်း အကြောင်းကြောင်းကြောင့် ရောက်မလာနိုင်ကြတော့ဘူး"

နတ်ဆရာကြီး၏အသံကား မတင်မှတ်နိုင်လောက်အောင်ပင် မာနေသေးသည်။ တက်ကြွသောစိတ်ဓာတ်က ရှိနေသေးသည်။ သို့သော် စကားကိုရှည်ကြာစွာပြောနိုင်ရန် အားအင်က မရှိတော့။

"ငါတို့အတွက်အမြတ်ထားတဲ့ ဖန်တောင်ကြီးနား ရွှေတွေကို လိုချင်မက်မောနေကြတဲ့သူတွေ ရောက်ရောက်လာတတ်ကြတယ်၊ အဲသည်နေရာကို သွားဖို့အကြံအစည်ရှိကြတဲ့ သူတွေကိုလည်း ငါတို့ရဲ့လူတချို့က ခေါ်ဆောင်ပြီး တမင်ပဲခေါ်သွားကြတယ်မဟုတ်လား၊ အဲသည်လောဘသားတွေကို ပြန်လမ်းမရှိတဲ့ အဆုံးစွန်သောခရီးကို အပြီးပဲပို့ပေးလိုက်ကြတယ် မဟုတ်လား ...၊

အေး ... အခုလည်းပဲ သည်လိုကြံစည်နေကြတဲ့သူတွေ သည်းရှိနေကြသေးတယ်၊ အဲသည်ကိစ္စနဲ့ ပတ်သက်ပြီးတော့ ငါ့ရဲ့လက်ထောက် အိန္ဒြကထပ်ပြီးတော့ ပြောပြပါလိမ့်မယ်၊

အိုမင်းနေသော နတ်ဆရာကြီးသည် စကားကိုအဆုံးသတ်လိုက်ကာ ...

သူ့အတွက်ထားထားသော ကျောက်ကုလားထိုင်ကြီးတစ်လုံးဆီကို လျှောက်သွားခဲ့လေသည်။ နတ်ဆရာ အိန္ဒြကထွက်လာပြီး ခေါင်းဆောင်နတ်ဆရာကြီး စောစောကရပ်နေသော နေရာတွင် ရပ်လိုက်ကာ ...

"အခု ကျုပ်ပြောမယ့် စကားကတော့ ခေါင်းဆောင်နတ်ဆရာကြီးပြောခဲ့တဲ့အတိုင်းပါပဲ၊ သိပ်မထူးခြားလှပါဘူး၊ လောဘသားတွေဟာ အဲသည်နေရာကိုသွားရောက်ပြီး ငါတို့အတွက်အမြတ်ထားတဲ့ ရွှေတွေကို ယူဖို့ကြံစည်နေကြဆဲပါပဲ၊ ဒါပေမဲ့ ဘယ်သူမှ မအောင်မြင်ခဲ့ကြပါဘူး၊ ဘယ်သူမှလည်း အသက်နဲ့ကိုယ်မြဲပြီးတော့ ပြန်မလာနိုင်ကြပါဘူး ...၊

အဲသလို ပြန်မလာနိုင်ကြအောင် ဖန်တီးထားတဲ့လျှို့

www.burmeseclassic.com

www.burmeseclassic.com



ဝှက်ချက်ကို သူတို့မသိကြဖို့သာဖြစ်တယ်၊ ငါ အခုပြောချင်တဲ့ စကားက ကိုယ့်ဆီကိုရောက်လာခဲ့ကြတဲ့ လူစိမ်းမှန်သမျှသတိ ထားကြဖို့ပါပဲ၊ သင်းတို့ရဲ့ အကြံအစည်ကိုသိအောင်ကြိုးစားကြ ဖန်တောင်ကြီးဘက်ကို သွားကြမယ့်သူတွေဆိုတာ မှန်ရင် ဟိုကို အရောက်မခံဘဲ ကိုယ့်နည်း ငိုယ့်ဟန်နဲ့ ရှင်းပစ်ကြ . . . ဒါပဲ''

''ကောင်းပါပြီ . . . ကျွန်တော်တို့ မှတ်သားထားပါ့မယ်''

အသံများက အားလုံး တညီတညွတ်တည်း ထွက်ပေါ် လာခဲ့ကြလေသည်။

သူတို့ပြောဆိုနေကြသည့် စကားများကို ရန်ပိုင်တို့က ပြတ်သားတိကျစွာပင် ကြားနေကြရလေသည်။ ထို့နောက် အား လုံးသည် ကောင်းကင်ကြီးပေါ်ကို လက်နှစ်ဖက်ဆန့်တန်းကာ မော့လိုက်ကြသည်။ နှုတ်တွေကလည်း ရွတ်ဆိုလိုက်ကြသော ဂါထာမန္တန်လိုလို အသံများကတစ်ပြိုင်တည်းလိုလိုပင် ထွက်ပေါ် လာခဲ့ကြလေသည်။

''ထိုဂါထာမန္တန်များ၏ အဓိပ္ပာယ်ကို ကာယကံရှင်များ မှ လွဲပြီး မည်သူမှနားမလည်နိုင်ကြပါ''

ထိုအရပ်တွင် နေကိုမြင်ရခဲသည်။ လကိုမြင်ရခဲသည် ကံအားလျော်စွာပင် ထိုသူတို့ မန္တန်ရွတ်နေကြစဉ်မှာ လက တိမ်ကြားထဲမှပြန်ပြီးတော့ ထွက်လာခဲ့လေသည်။

''ဟေး . . . ဟေး ဟေး''

ထိုစဉ်မှာပင် . . .

အားလုံးသည် တက်ကြွသောအသံကြီးများနှင့် အား



ဝမ်းသာစွာပင် အော်ဟစ်လိုက်ကြသည်။ တစ်နေရာတွင် မီးပုံ ကြီးတစ်ပုံသည် ဟုန်းခနဲဆိုတောက်လောင်လာခဲ့သည်။ အထက် သို့ ဆယ်ပေအမြင့်လောက်အထိ မီးညွန့်မီးလျှံများက တက်သွား ခဲ့ကြလေသည်။ မီးပုံကြီးကို ပတ်ပတ်ရံကာ နတ်ဆရာများမှလွဲ ၍ ကကြသည်၊ ခုန်ကြသည်။

ခေါင်းစွပ်များနှင့် မိန်းကလေးတစ်စုသည် ဂူထဲမှထွက် လာကြသည်။ လင်ပန်းများနှင့် အစားအစာများကို ထည့်ကာ ယူလာခဲ့ကြသည်။ ဝက်၊ ဆိတ်၊ ကြက် အစရှိသည့် အသား ကင်ကြီးများလည်း ပါလာခဲ့ကြလေသည်။ ထိုအခါ . . .

အကကို ရပ်လိုက်ကြသည်။ မြက်ခြောက်ဖျာများပေါ် တွင် ဝိုင်းဖွဲ့ကာထိုင်လိုက်ကြပြီး အစားအစာများကို စားသောက် ကြလေသည်။ မိန်းကလေးများက ဝါးဆစ်ခွက်များထဲကို အရက် များထည့်ကာ တစ်ဦးစီလိုက်ပြီးတော့ ဝေငှကြသည်။ စားလိုက်၊ သောက်လိုက်ကြနှင့် ညဥ့်က နက်သထက်နက်လာခဲ့သည်။

ထိုကဲ့သို့သော ပွဲမျိုးကိုမည်သည့်အကြောင်းကြောင့် ကျင်းပရသလဲ မသိနိုင်ပါ။ မကြာမီမှာပင် အဖြေကပေါ်လာခဲ့ လေသည်။ သူတို့အပျော်ကျူးနေကြစဉ်မှာ . . .

'ဖြောင်း . . ဝုန်း'

ကျယ်လောင်သောအသံကြီးများကို မမျှော်လင့်ဘဲကြား လိုက်ကြရလေသည်။ ထိုအခါ အားလုံးသည် လှုပ်ရှားမှုများကို ရပ်တန့်လိုက်ကြသည်။

''သာထူး . . . ဘာသံလဲကွ''

www.burmeseclassic.com

www.burmeseclassic.com



"တောကောင်တစ်ကောင်ကောင်ထင်တယ်၊ ဆင်ရိုင်းများလား မသိဘူး"

သို့သော် . . . ထိုသူတစ်စုဆီကို လှမ်းပြီးတော့ကြည့်မိလိုက်သောအခါ ပျာယာခတ်နေကြခြင်းမရှိ။ အသံထွက်ပေါ်လာရာဆီကိုပင် မျှော်လင့်သလိုကြည့်နေကြသည်ကို တွေ့လိုက်ကြရသည်။ တဟုန်းဟုန်း တခြောင်းခြောင်းနှင့်အသံများက တဖြည်းဖြည်းနှင့် နီးကပ်လာခဲ့ကြလေသည်။

ထိုစဉ် . . . လူတင်ယောက်က ဂူထဲမှတောင်ဆိတ်တစ်ကောင်ကို ကြိုးနှင့်ဆွဲထုတ်လာခဲ့သည်။ တောင်ဆိတ်ကို မည်သို့ပြုလုပ်ထားသလဲမသိ။ အော်လည်းမအော်ဘဲ အေးဆေးစွာပင် လိုက်ပါ လာခဲ့လေသည်။ သို့ရှိခိုက် ဝန်းကျင်တွင် သစ်ပင်ချုံနွယ်များမှာ လေဖြင့်အစုပ်ခံလိုက်ရသလို တစ်ဖက်ကို ဆွဲပြီးတော့ပါသွားခဲ့ကြသည်။ သေးငယ်သောအပင်လေးများက အပြင်မှကျွတ်ထွက်သွားခဲ့ကြလေသည်။ ဂူရှေ့ကွက်လပ်ပေါ်တွင် ရှိနေကြသောသူများသည် အကြောင်းတစ်ခုခုကြောင့် ဂူထဲကိုပြေးဝင်သွားခဲ့ကြသည်။

ရုံဖန်ရံခါတွင် မြေပြင်ပေါ်မှာ ဖုံးလွှမ်းလျက်ရှိနေကြသောနှင်းပွင့်၊ နှင်းဖတ်များသည် ဖုန်ထသလို လွင့်ပျံသွားခဲ့ကြသည်။ လေနှင့်မှုတ်ထုတ်လိုက်သလိုပင် မြေပြင်ထက်မှ သေးငယ်သောအရာမှန်သမျှ လေထဲမှာလွင့်ပျံလျက်ရှိနေကြသည်။

မည်သည့်အကြောင်းကြောင့် ဤသို့ဖြစ်ရသလဲဆိုသည်ကို မသိနိုင်ကြ။ ရန်ပိုင်နှင့်သာသူးတို့သည် အခြေအနေကို စိတ်



ပါးစွာနှင့် ကြည့်နေကြလေသည်။ ကျောက်ဂူကြီးနှင့် မလှမ်းမကမ်းဆီကို မသဲကွဲသောသဏ္ဍာန်တစ်ခုက ရောက်လာခဲ့သည်။ တောင်ပို့ငယ်များနှင့် ချုံများက ကာဆီးလျက်ရှိနေကြသောကြောင့် ထိုသဏ္ဍာန်ကိုမမြင်ကြရ။

တောင်ပို့ကြီးနှစ်ခုကြားမှ လင်းခနဲ၊ လက်ခနဲနှင့်ဖြစ်ပွားသောအရာနှစ်ခု မီးလုံးသဏ္ဍာန်လောက်ပင် ရှိလိမ့်မည်။ ...ခါတစ်ရံ အနီရောင်သန်းလာခဲ့သည်။ မျက်လုံးကြီးတွေ များ...မပြောတတ်ပေ။ မျက်လုံးကြီးတွေဆိုလျှင် ကြီးမားသော...တ္တဝါကြီးတစ်ကောင်သာ ဖြစ်ပေလိမ့်မည်။ ယင်းသတ္တဝါကြီး...သည် ရှေ့ကိုတိုးမလာဘဲ အကာအကွယ်နောက်မှာသာရှိနေ...သည်။ အမှောင်ရိပ်အနည်းငယ် ကျနေသောကြောင့် ဘာကောင်...မှန်းဆိုသည်ကို ခန့်မှန်း၍မရနိုင်ပေ။

တောက်ပနေသော အလုံးကြီးနှစ်လုံးသည် မြေပြင်အ...ခြောက်ပေလောက်မှာ ရှိနေကြသည်။ တစ်ချက်တစ်ချက်...ဟိုသည်ရွေ့လျားလျက်ရှိနေလေသည်။ ထိုသူသည် တောင်...တ်ကို ကြိုးဖြည်ကာ လွှတ်ပေးလိုက်သည်။

တောင်ဆိတ်သည် လေးပင်သောခြေလှမ်းများနှင့် လေးငယ်လှမ်းခန့် လျှောက်သွားနေသေးသည်။ နောက်တော့...ကောင်းသောအရာတစ်ခုက ဆောင့်ဆွဲလိုက်သလို ရှေ့ကို...တ်တိုက်ပင်ပါသွားမဲ့လေသည်။ တောင်ဆိတ်သည် အော်...ည်းမအော်နိုင်။ လေထဲကို မြောက်ပြီးတော့ပါသွားသည်။

တောင်ပို့ကြီးနှစ်ခုကြားထဲကို တစ်မုဟုတ်ချင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားခဲ့သည်။ အမှောင်ထဲမှာပျောက်ကွယ်သွားခဲ့ေ
သည်။ အခြေအနေသည် တစ်ခဏငြိမ်သက်သွားခဲ့သည်။ သည
နောက်မှာတော့ . . .

'ဖြောင်း . . ဝုန်း . . ဖျော . . ဖျော . . ဖျော'

အသံများက ထွက်ပေါ်လာခဲ့ပြန်သည်။ မြေပြင်မ
လျှောတိုက်ပြီးတော့ ပြေးလွှားသံလိုမျိုး၊ သစ်ပင်များ၊ ကမူမ
ကို ပွတ်တိုက်ပြီးထွက်သွားသလိုမျိုး၊ အသံသည် တဖြည်းဖြည
နှင့်ဝေးသွားခဲ့သည်။ နောက်ဆုံးမှာတော့ ပျောက်ကွယ်သွာ
လေသည်။

ရန်ပိုင်တို့သည် မြင်လိုက်ရသည့် အခြေအနေကို
အားတသင့်နှင့်ကြည့်နေကြသည်။ တောင်ဆိတ်ကလေးသ
လည်း ပြန်မလာတော့။

"သတ္တဝါတစ်ကောင်ကောင်ကို အစာကျွေးလိုက်တ
တူတယ်"

"အေးကွာ ဘယ်လောက်တောင်ကြီးတဲ့ သားရိုင်းသ
ဝါကြီးလဲတော့ မသိဘူး၊ ဟိုအလုံးကြီးနှစ်လုံးဟာ မျက်လုံးေ
သာဖြစ်ရင် တော်တော်ကြီးမားတဲ့ အကောင်ကြီးပဲဖြစ်မှာပဲ၊ သ
ထူး၊ ကျားလည်းမဖြစ်နိုင်ဘူး၊ ဆင်လည်းမဖြစ်နိုင်ဘူး"

"သင်းတို့က တော်တော် အယူသီးကြတဲ့သူတေ
ရန်ပိုင်၊ လူတွေကို သွေးဆောင်ဖြားယောင်းပြီးတော့လည
အန္တရာယ်ရှိတဲ့နေရာကို ခေါ်သွားတတ်တယ်၊ သူတို့ပြောတ
တွေကို မင်းကြားလိုက်တယ်မဟုတ်လား"



ထိုစဉ် . . . အိုမင်းသော နတ်ဆရာကြီးသည် ကွက်လပ်
လယ်တွင် ဆတ်ခနဲဆိုမှောက်ချလိုက်သည်။ မြေပြင်ကို တရှုပ်
ရှုပ်နှင့် ကုန်းနမ်းနေပါတော့သည်။ ထိုအပြုအမူကို ရန်ပိုင်နှင့်
ထူးလည်း မြင်လိုက်ကြရသည်။

"ဟာ . . . ဘာလုပ်နေတာပါလိမ့်"

ထိုအပြုအမူကို အံ့အားတသင့်နှင့် ရှိနေဆဲမှာပင် နတ်
ဆရာအိုကြီးသည် ချက်ချင်းပင် မတ်တတ်ထရပ်လိုက်ပြီး လေထဲ
နှာခေါင်းတရှုပ်ရှုပ်နှင့် ရှိနေလိုက်ပြန်ကာ . . .

"လူစိမ်းအနံ့ရတယ်၊ ဟောသည်အနားမှာ ရှိနေတယ်၊
ကိုအလုပ်လုပ်တာကို လာချောင်းနေတယ်၊ နင်တို့မသိကြ
လား၊ သူတို့ကို မြန်မြန်ရှာပြီးသုတ်သင်ပစ်ကြ"

နတ်ဆရာအိုကြီး၏ စကားကြောင့် အားလုံးလှုပ်လှုပ်
ရှားရှားဖြစ်သွားခဲ့ကြရလေသည်။ လက်နက်များကိုလည်း
ကောက်ကိုင်လိုက်ကြသည်။

"မဟန်တော့ဘူး ရန်ပိုင်ရေ . . . ငါတို့လစ်ကြစို့ရဲ့"

"အေးကွာ . . . တော်တော် အနံ့ခံကောင်းတဲ့လူကြီးပဲ"

အံ့သြ၍ မဆုံးနိုင်အောင်ပင် ဖြစ်သွားခဲ့ကြရသည်။ ၎
ရာမှာ ကြာကြာနေ၍မကောင်းတော့၍ အမြန်ဆုံးပင် ထွက်
ခဲ့ကြလေသည်။

သို့သော် ထိုသူများသည် မိမိတို့ကို ရှာဖွေရန်ထွက်လာ
ကြပြီတည်း။

"ဘယ်ကောင်တွေလဲကွ၊ ငါတို့ရဲ့ နေရာအထိလိုက်လာ

www.burmeseclassic.com

www.burmeseclassic.com

ဝံ့တာ။ မတွေ့တွေ့အောင်ရှာကြ''

နဘ်ဆရာ အိန္ဒုအသံပင်။ ရန်ပိုင်တို့မှာ ပြဿနာမဖြ ချင်၍ နေရာမှလှည့်ကာထွက်လာခဲ့ကြသော်လည်း တစ်ပွဲ လမ်းတော့ အကဲစမ်းလိုက်ကြချင်သေးသည်။ သူတို့အထဲမှ အချို့သည် သံချွန်း၊ မှိန်း၊ ဓားကောက်ကြီးများကို ကိုင်ဆော ကာပြေးလိုက်လာခဲ့ကြသည်။ သို့သော် ဦးတည်ရာကိုသာ လိ နေကြခြင်းသာ။

''လာဟေ့ ...သူတို့ ဟိုဘက်ကိုထွက်သွားကြတ ငါတို့ မြန်မြန်လစ်ကြမယ်''

သာထူးသည် လာရာလမ်းအတိုင်းမဟုတ်ဘဲ အခြ သော လမ်းတစ်ဖက်မှ ဦးဆောင်ပြီးတော့ နှစ်ယောက်အ ထွက်လာခဲ့ကြသည်။ နတ်ဆရာ အိန္ဒုတို့၏လူ့ဝက်ချက်ကို လိုက်ကြရ၍ ကျေနပ်နေမိကြသည်။ ထိုသူတို့သည် မလျော်က သော အခွဲအလမ်းကြီးတစ်ခုကိုထားပြီး နှယ်ကျွံလာကြသေ လူစိမ်းမှန်သမျှ သတ်မကောင်းဖြစ်နေကြသူများပါတကား။

ထိုလူစိမ်းများကို ဖြားယောင်းသွေးဆောင်ပြီး မရော လမ်းသို့ ပို့ပေးနေကြသူများပင်တည်း။

သူတို့ကို လိုက်ရှာနေကြသော မဇ္ဈိမဂိုဏ်းသားမှ သည် ပြေးရာတခြား၊ လိုက်သည့်တာခြားဖြစ်ကြကာ တစ်နေ စီဖြစ်သွားခဲ့ကြလေသည်။

■ ■ ■



(၁၃)

## မြွေကျွန်း

နတ်ဆရာကြီး အိန္ဒုသည် မိမိတို့ မဇ္ဈိမဂိုဏ်းသား လူ့ဝက်ချက်ကို သိသွားကြသူအချို့ရှိနေပြီဟု သိသွားခဲ့ သည်၊ သူ မသင်္ကာသည်က မိုးလုံးရွာမှ သာထူးနှင့်ညီသည် ဖြစ်မကြာခဏ လာလာနေတတ်သော ရန်ပိုင်ကိုပင်။

သည်ကောင်တွေနှစ်ကောင်ပဲ ဖြစ်မှာပဲ၊ တခြားဘယ် မှ မဖြစ်နိုင်ဘူး၊

ဟိုလူစိမ်းက သာထူးကို ဖန်တောင်ကြီးနားက ရွှေ ကြာကြီးနဲ့ပတ်သက်ပြီး သွေးဆောင်နေတာ။ သင်းတို့ အဲသည် သွားကြလိမ့်မယ်၊ ငါတို့ရဲ့ အထွတ်အမြတ်ပစ္စည်းကို ရယူ ကြိုးစားကြလိမ့်မယ်၊

အိန္ဒုသည် ရန်ပိုင်တို့၏အသွားအလာကို မျက်ခြည် ပြတ်ပင် စောင့်ကြည့်လျက်ရှိသည်။ ရန်ပိုင်ကလည်း ဤရွာကို ခဲ့တမ်းမလာပါ။ သာထူးကိုတော့ မှာထားသည်။ အိန္ဒုသည် ခြည်မှုတစ်ခုခုကတော့ ရှိနေလိမ့်မည်။ သတိထားရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



''သည်လူကြီးက ငါ့ကိုတော်တော် သက်ာမကင်းဖြစ်နေတာကွ၊ မင်းတို့ မိသားစုပါ ငါနဲ့ပတ်သက်ပြီး အဆစ်ပါသွားလိမ့်မယ် သတိထားပေ့၊ ဟိုတစ်ခါက ငါတို့သူ့ကို တိုက်ခိုက်ပြီးတွင်းကြီးထဲကို ပစ်ချခဲ့တာ၊ အခဲကျေမှာမဟုတ်ဘူးကွ၊ ဟိုတစ်နေ့က သူတို့ရဲ့ ပူဇော်ပွဲမှာလည်း ငါတို့ကိုပဲ သက်ာမကင်းဖြစ်မှာပဲ''

''သင်းတို့ဂိုဏ်းသားတွေက လူနည်းစုပါကွာ၊ ပြီးတော့ သည်ဘက်မှာလည်း ရပ်ရွာစည်းကမ်းနဲ့ တရားဥပဒေစိုးမိုးထားပါတယ်၊ သင်းက တရားမဲ့ ထင်တိုင်းလုပ်လို့ မရပါဘူးလေ ငါတို့ကိုယ်ငါတို့ ကာကွယ်နိုင်ပါတယ်၊ မင်းရဲ့အလုပ်ကိုသာ စိတ်ဖြောင့်ဖြောင့်လုပ်ပါ၊ ခြံမြေလည်း ရောင်းဝယ်ခါနီးပါပြီ၊ ပြောင်းဖြစ်ကြတော့မှာပါ''

''အေး အဲသည်စပ်ကူးမတ်ကူးကာလကို သတိထားလို့ လိုတယ်၊ သူတို့က လူနည်းစုဆိုပေမယ့် အကောက်ကြံရင် ကိုယ် ပဲထိမှာ''

ရန်ပိုင်ကတော့ သာထူးတို့လင်မယားအတွက် အစိုး ကြီးကာ သတိပေးမိလေသည်။

ရဲရင့်သည် ဆေးရုံတွင် တာဝန်ကျ၍ တစ်နေ့လုံး ပင်ပန်းခဲ့သည်။ ခွဲစိတ်ခန်းထဲကို ဝင်ရသည်။ အရေးကြီးသော လူမ



ာ်ဦး၏အသက်ကို သမားတော်များနှင့်အတူ လုယူရသည်။ နေ့လယ်ဘက်မှာ အိမ်ကိုပြန်ရောက်လာခဲ့သည်။ တစ်ရေးအိပ် းသောအခါ နိုးလာချိန်တွင် အားအင်များက ပြန်ပြီးတော့ ည်လာခဲ့လေသည်။

ဤဒေသ၏ အအေးဓာတ်ကြောင့် အိမ်ထဲရှိရေချိုးခန်း ထဲမှာပင်လျှင် ရေနွေးစပ်၍ ရေချိုးရသည်။ ထို့နောက် ခမုံမြစ် ပ်ကို သွားချင်စိတ်ကဖြစ်ပေါ်လာခဲ့လေရာ။

''ဒေါ်ဒေါ် ကျွန်တော်ခမုံဘက်ကို ခဏသွားလိုက်ဦး ယ်''

''ချက်ပြုတ်လို့ပြီးနေပြီကွယ်၊ ထမင်းစားပြီးမှ သွားပါ ားကွယ်''

''မဆာသေးလို့ပါ ဒေါ်ဒေါ်၊ ပြန်လာမှပဲ စားတော့မယ်''

''ဟိုတစ်ခါက ဒေါက်တာ့ကို လူမှားပြီးတော့ခေါ်တဲ့ ရှိခဲ့တယ်ဆို၊ သည်လူနဲ့ မတော်တဆတွေ့ရင် ရန်ပြုပြန်ပါ ယ်ကွယ်''

''လူမှားတာပါ ဒေါ်ဒေါ်၊ ရန်ရှာမလို့ဟုတ်မယ် မထင်ပါ မစိုးရိမ်ပါနဲ့''

''သိပ်တော့ မကြာစေနဲ့ကွယ်''

ဒေါ်ကြင်ဥက စိုးရိမ်စိတ်နှင့် သတိပေးသည်။ ရဲရင့် ည် ဆိုင်ကယ်ဖြင့် ခမုန်ဘက်ကိုထွက်လာခဲ့လေသည်။ ဆိုင် ယ်ကို ဤရောက်မှဝယ်လိုက်ခြင်းပင်ဖြစ်သည်။ ဆေးရုံက နည်းငယ်လှမ်းနေ၍သွားလာမှု အထောက်အကူပစ္စည်းကလို

www.burmeseclassic.com

www.burmeseclassic.com



သည်။

နာရီဝက်ပင် မကြာလိုက်ပါ။ ခမုန်ဆိပ်ကို ရောက်သ
ခဲ့လေသည်။ ကမ်းခြေကကျယ်ပြန့်သည့် ရေပြင်ကလည်း
ပြန့်တပြောကြီးပင်ဖြစ်သည်။ စက်တပ်လှေ၊ မော်တော်အ
သည် ကမ်းစပ်မှာ ဆိုက်ကပ်ထားကြသည်။ အလုပ်နှင့်ပတ်
သက်သည့်လူအချို့က ရှိနေကြသည်။ ရဲရင့်သည် ဆိုင်ကယ်
သစ်ပင်ကြီးတစ်ပင်အောက်မှာရပ်ထားလိုက်ပြီး လမ်းလျှော
ထွက်လာခဲ့သည်။

အအေးဓာတ်ကရှိနေသော်လည်း ဝက်ဝံမွေးလိုင်နာ
ထားသော သားရေဂျာကင်ကို ဝတ်ဆင်ထားသည်။ အော
ပိုင်းကလည်း မွေးပွတောင်းဘီရှည်ကို ဝတ်ထားသည်။ ရော
လာခါစထက် အအေးဒဏ်ကိုပိုပြီးတော့ ခံနိုင်ရည်ရှိလာခဲ့သည်

"ဦးဦးရန်ပိုင် ဘယ်သွားမလို့လဲဗျ၊ တယ်ပြီးတော့ သ
နားနေပါလား"

လမ်းတွင် အသက်ဆယ်ငါးနှစ်အရွယ်ကလေးတ
ယောက်က ရဲရင့်ကိုနှုတ်ဆက်လိုက်သည်။ ရဲရင့်သည် တစ်
တော့ကြောင်တက်တက်ဖြစ်သွားခဲ့ရလေ၏။ ထိုလူငယ်လေး
စူးစမ်းသောအကြည့်ဖြင့် ကြည့်နေမိရင်းက ...

"မင်း လူမှားနေပြီ၊ ငါက မင်းထင်တဲ့ ရန်ပိုင်မဟု
ပါဘူးကွယ်"

"ဟာ ... ဦးဦးရန်ပိုင်ကလည်း ကျွန်တော့်ကို နော
နေပြန်ပြီ၊ .အရင်က သည်လို မနောက်ပြောင်ဖူးပါဘူး"



"တကယ်ပါကွာ ... ငါက မင်းရဲ့ရန်ပိုင်မဟုတ်တာ
မှန်ပါ"

ရဲရင့်သည် ကောင်လေး၏ ပခုံးကိုပုတ်ကာ ပြုံး၍အ-
မှထွက်သွားခဲ့လေသည်။ ကောင်လေးက ကြောင်တောင်
ောင်ဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။

"အင်း ... ငါ့ကို လူမှားပြီးခေါ်ပြောနေကြပါလား၊ ငါနဲ့
တူတစ်ယောက်ရှိနေတာတော့ အမှန်ပဲ"

ထို့ကြောင့် ...

စိတ်ထဲမှာ မရှင်းမရှင်းနှင့် ဖြစ်လာခဲ့ရလေသည်။
ာကတွင် နာမည်တူ၊ လူတူရှိနေကြသည်မှာ မထူးဆန်း
ော်လည်း မိမိ၏မနောစိတ်ထဲမှ သိထားသော နာမည်ရှင်နှင့်
မှားပြီးဆက်ဆံကြသဖြင့် ပိုပြီးတော့ ထူးဆန်းနေမိရလေသည်။

အတွေးစိတ်နှင့် လျှောက်လာနေစဉ်မှာပင်

"ဒေါက်တာ"

တစ်ဦးတစ်ယောက်က လှမ်းခေါ်လိုက်သဖြင့် လှည့်
ကြည့်လိုက်ရာ

"ဟင် ဦးလေး"

ဦးလွမ်းခေါင်ဖြစ်နေသည်။ သူသည် ဖျော်ငါးကြင်းကြီး
တစ်ကောင်ကို ပါးဟက်မှနေ၍ ကြိုးနှင့်ဆွဲကာကိုင်ထားသည်။

"ကျွန်တော် ဆရာလေးအတွက် သည်ဘက်မှာငါးစ
ရှာတာ ဆရာလေးက သည်ကိုရောက်နေတာကိုး"

"ဟုတ်ကဲ့၊ စိတ်ထဲမှာ ငြီးစီစီဖြစ်လာတာနဲ့ သည်

www.burmeseclassic.com

www.burmeseclassic.com



ကိုထွက်လာခဲ့တာပါ''

''တခြားနေရာကို သွားပါလားဒေါက်တာရယ်၊ ဟို

ခါလို လူမှားပြီး ရန်ရှာခံနေရဦးမယ်''

''နောက်တစ်ခါ ဆုံပြီးမှားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး

လေး''

သို့ရှိခိုက် ...

မည်သို့မှ မထင်မှတ်သောအချိန်တွင် လူသုံးယောက်

ရဲရင့်အနားကို ရောက်လာခဲ့ကြလေသည်။

''ဟောကောင် ရန်ပိုင် ... မင်း သည်မှာရှိနေတယ်ဆို

ငါလိုက်လာတာ၊ ဟောကောင် ကျော်မင်း ... မင်းပြောတာ

ငါ ယုံသွားပြီကွ''

''ဆရာ့ကို ကျွန်တော်ပြောသားပဲ ... ရန်ပိုင် သည်

နေပါတယ်လို့၊ ဆရာက ယုံမှမယုံဘဲ''

ရဲရင့်သည် ရုတ်တရက် အနားကိုရောက်လာကြသော

လူသုံးယောက်ကို အံ့အားတသင့်နှင့် ကြည့်နေမိသည်။

ယောက်ကိုတော့ မှတ်မိသည်။ ဟိုတစ်ခါက ဤနေရာမှာ

သူနှင့်ဆုံခဲ့ဖူးသော ကျော်မင်းဆိုသူပင်။ ကျန်နှစ်ယောက်ကို

မသိ။

''ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ကျွန်တော်လည်း

ပါလား၊ ဟိုတစ်ရက်တုန်းကလည်း သည်လူက ကျွန်တော့်

အခုလိုပဲ စွပ်စွဲပြီးပြီ၊ ကျွန်တော် ရန်ပိုင်မဟုတ်ဘူး ... ဒေါက်

ရဲရင့်ပါ''



''ဟား ဟား ဟား ဟား ... မင်းက ဒေါက်တာရဲရင့်

... ဟုတ်လား ... ရယ်ရတယ်ကွာ၊ ငါ့ကိုလိမ်ရင်လည်း ပိရိပါ

စေကွာ၊ ဟောကောင် ... ခင်ကြီးတဲ့ ... မင်းမျက်နှာကို ခွေးချီ

သွားတာတောင် ငါမှတ်မိတယ်၊ ငါ့ညီထင်ကြီး မင်းကြောင့်သေခဲ့

ပြီးကတည်းက မင်းကိုအမုန်းကြီးတ်ပစ်ချင်နေတာ၊ ငါ့စိတ်ကိုသိလို့

မင်းက ရှောင်နေတယ်၊ မင်း ဘယ်လောက်အထိ ရှောင်နေနိုင်မှာ

လဲ၊ ခုတော့ မင်း ... ကျားရှေ့မှောက်လျက်လဲပြီ မဟုတ်လား''

''ခက်တော့တာပါပဲဗျာ၊ ကျွန်တော် ခင်ဗျားတို့ပြော

တဲ့ ရန်ပိုင်မဟုတ်ပါဘူးလို့ ဘယ်နှစ်ခါပြောရမလဲ၊ ကျွန်တော်

ပြောတာကို ဘာဖြစ်လို့မယုံကြတာလဲ''

ရဲရင့်သည် တော်ဟော်လေးကို စိတ်ပျက်သွားခဲ့ရလေ

သည်။ ဤနေရာကို နောက်တစ်ခေါက်ထပ်ပြီးတော့ လာမိသည်

ကိုက သူ့အမှား။ ထိုအခါ ဦးလွှမ်းခေါင်က မနေသာတော့၍ ..

''မင်းတို့က ဘယ်ကလဲ၊ ဘယ်သူတွေလဲ၊ ဒါ ဒေါက်

တာရဲရင့်ကွ၊ သည်နယ်ကိုတာဝန်နဲ့ ရောက်လာတာ မကြာသေး

ဘူး။ မင်းတို့လူမှားနေကြတာ ကျိန်းသေပါတယ်၊ အနှောင့်အ

ယှက်မပေးကြပါနဲ့ကွာ''

''ဟာ ... ခင်ဗျားကြီးကပါ ဝင်ပြီးတော့လိမ်နေပြန်ပြီ၊

သူက ရန်ပိုင်မှ ရန်ပိုင်အစစ်၊ ရုပ်ဖျက်ထားတာ မပိရိလို့ ကြာ

တယ် ... မင်းနဲ့ စာရင်းရှင်းရမယ် ... ငါတို့နဲ့ လိုက်ခဲ့''

''ဟာ ... ကျွန်တော်က ဘယ်ကိုလိုက်ရမှာလဲ၊ မလိုက်

ဘူး ... ရှုပ်ရှင်ယှက်ယှက်တွေ''

www.burmeseclassic.com

www.burmeseclassic.com



ကျော်မင်းနှင့် ပါလာသောအဖော်က ရဲရင့်ကို ဆွဲခေါ်မည်ပြုသည်။ သို့သော် ရဲရင့်သည် လူပျော့လူညံ့တစ်ယောက်မဟုတ်။ ပင်ကိုက သတ္တိကောင်းသူဖြစ်သည်။ သူ့ကို ဆွဲခေါ်မည့်သူများ၏ လက်ထဲကို အရောက်မခံ။ ကြမ်းတမ်းစွာပင် ပြန်ပြီးတော့ တိုက်ခိုက်လေတော့သည်။

'ခွပ်'

''အား''

ဦးလွှမ်းခေါင်ကလည်း မနေသာတော့ဘဲ ရဲရင့်ဘက်မှ ဝင်ပြီးတော့ တိုက်ခိုက်လေတော့သည်။

''မင်းတို့ကကွာ ဒါလောက်တောင်ပြောနေတဲ့ အထဲက ဘာကောင်တွေလဲကွ ... ကဲကွာ''

'ခွပ်'

''အား''

ကျော်မင်းနှင့် အခြားတစ်ယောက်မှာ အငိုက်မိသွားခဲ့ကြသည်။ သို့ရှိစဉ်မှာပင် ... ဝဏ္ဏသည် ထိုနေရာကို မမျှော်လင့်ဘဲရောက်လာခဲ့လေရာ ...

''ဟိုမှာ ရန်ပွဲဖြစ်နေပါလား၊ ဟင် ... ရန်ပိုင်ပဲ၊ ဘယ်လိုဖြစ်ပြီး ရန်ပိုင်က သည်ကိုရောက်နေတာလဲ၊ ဟိုကောင်တွေက ခင်ကြီးနဲ့ ကျော်မင်းတို့ပဲ၊ ဟုတ်ပြီ ... သူတို့ဟာ ရန်ပိုင့်ကိုဝင်ပြီး ဖမ်းကြတာဖြစ်မယ်''

ဝဏ္ဏသည် ရဲရင့်ကိုရန်ပိုင်ဟု ထင်သွားသည်။ ထိုနေရာဆီကိုပြေးသွားခဲ့သည်။ ကျော်မင်းက လဲကျသွားရာက ကုန်း



ထလိုက်သည်။ ဝါးဆစ်ပိုင်းတစ်ခုကို တွေ့သည်နှင့်ကောက်ယူလိုက်ပြီး ဦးလွှမ်းခေါင်၏ ခေါင်းကိုရိုက်ချလိုက်လေသည်။

'ခွပ်'

''အား''

''ဟော့ကောင် ကျော်မင်း ... မင်း လက်လွန်လိမ့်မယ်၊ သည်လူကြီးက အရေးမကြီးဘူး၊ သည်ကောင့်ကိုသာ ငါတို့သစ်သားပင်စခန်းကို ခေါ်သွားရမယ်၊ ကဲ ... ဟောသည်မှာမြင်လား ရန်ပိုင်၊ မင်း ဘစ်ချက်လုပ်တာနဲ့ ကျည်ဆန်တွေက မင်းဗိုက်ထဲကို အပြုံလိုက်ကြီး ဝင်သွားမယ်၊ မင်း အေးအေးဆေးဆေးသာ လိုက်ပေတော့''

ရဲရင့်သည် ခင်ကြီး၏လက်ထဲမှ သေနတ်ကြောင့် မိုက်ရူးရဲမဆန်ရဲတော့။ အားမတန် မာန်လျှော့လိုက်ရသည်။ ထိုစဉ် မော်တော်တစ်စီးသည် ကမ်းစပ်ကိုဆိုက်ကပ်လာခဲ့သည်။

''ကဲ ... ဟိုမော်တော်ပေါ်ကို တက်စမ်း''

ရဲရင့်ကို ဝိုင်းချုပ်ပြီးခေါ်သွားခဲ့ကြသည်။ ဝဏ္ဏသည် အပြေးရောက်လာခဲ့သော်လည်း နောက်ကျသွားခဲ့လေပြီ။ ခင်ကြီးတို့က ရဲရင့်ကို မော်တော်ပေါ်တင်ကာ ထွက်သွားခဲ့ကြပြီဖြစ်သည်။

'ဂူး .. ဝေါ .. ဝေါ'

''ဟာ ရန်ပိုင်ကို ဘယ်ခေါ်သွားကြမလို့လဲမသိဘူး''

ဝဏ္ဏသည် စိတ်မောပြီးကျန်ရစ်ခဲ့သည်။ လဲကျနေသော ဦးလွှမ်းခေါင်သည် တအင်းအင်းနှင့် ညည်းကာနေရာမှ ထမည်ပြုသည်။ ဝဏ္ဏပြေးလာပြီး ထူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သက်သာရဲ့လားဦး"

"အား ... ကျွတ်ကျွတ် ... ကျုပ်ဘာမှမဖြစ်ဘူး၊ ဟိုမှာ ဒေါက်တာ့ကို ဖမ်းခေါ်သွားကြပြီ၊ ကူညီပေးကြပါ၊ လိုက်ကြပါဦး"

"ဗျာ ... ဒေါက်တာ ... ဟုတ်လား၊ ဒေါက်တာဆို တာက ..."

"ဒေါက်တာရဲရင့်ကို ပြောတာ၊ လူဆိုးတွေက သူ့ကို ရန်ပိုင်ဆိုတဲ့လူနဲ့ မှားပြီးတော့ ဖမ်းသွားခဲ့တာ"

"ဟင် ... ရန်ပိုင်နဲ့မှားပြီးတော့ ဖမ်းသွားခဲ့တာ၊ ဒေါက်တာရဲရင့် ... ဟုတ်လား"

ဝဏ္ဏသည် ဦးလွမ်းခေါင်ဆီက မမျှော်လင့်ဘဲကြားလိုက်ရသော စကားကြောင့် အံ့အားသင့်သွားခဲ့ရလေသည်။

"ဘယ် ... ဘယ်ကိုဖမ်းသွားတာလဲ ... ဦးလေး သိလိုက်သလား"

"သစ်ယားပင်စခန်းတဲ့ကွာ၊ သူတို့ သတိလစ်ပြီး လွှတ်ခနဲပြောလိုက်တာပဲ၊ ဘယ်နားမှာလဲ ငါလည်းမသိဘူး"

"ကဲ ... ကဲ ... ဦးလေးဘယ်မှာနေသလဲ၊ ကျွန်တော် လိုက်ပို့ပေးမယ်"

"နေ ... နေ ... ငါကအရေးမကြီးဘူး ... မောင်ရင် တတ်နိုင်မယ်ဆိုရင် ဒေါက်တာ့နောက်ကို အမြန်လိုက်ဖို့ကြိုးစားပါ၊ အခြားသူတွေကို အကူအညီတောင်းပါ"

"ဟုတ် ... ဟုတ်ကဲ့၊ ကျွန်တော် အခုချက်ချင်းပဲ စီစဉ်လိုက်ပါ့မယ်"





ဝဏ္ဏသည် ဦးလွမ်းခေါင်ကို ထားခဲ့ကာ နေရာမှပြေးထွက်သွားခဲ့သည်။ အခင်းဖြစ်ပွားရာနေရာတွင် လူစုစုက တစ်ယောက်တစ်ပေါက်စီ ပြောနေကြရင်းက ကျန်ရစ်ခဲ့ကြလေသည်။

▣

"အဲဒါပဲ ရန်ပိုင်၊ ငါကြုံခဲ့ရတဲ့ အဖြစ်အပျက်က ဒေါက်တာရဲရင့်ဆိုတဲ့လူကို ခင်ကြီးတို့က ငါ့ရှေ့မှာပဲ ဖမ်းသွားခဲ့ကြတာကွ၊ သည်လူဟာ မင်းနဲ့တူတာမှ တစ်ပုံစံတည်းပဲကွာ၊ ငါဖြင့် မင်းကိုဖမ်းသွားတာလို့ ထင်မိလိုက်သေးတာ"

"ဟင် ... ဟုတ်လား၊ ကိုကြီးဝဏ္ဏသေသေချာချာကို မြင်လိုက်ရတယ်ပေါ့"

"အေးပါဆိုနေမှကွာ မင်းကလဲ"

"ကျွန်တော် သူ့ကို မမြင်ဖူးပေမယ့် စိတ်ဝင်စားနေတာ။ မြင်ဖူးချင်လိုက်တာဗျာ"

"ဒါဆိုရင် ငါတို့လိုက်သွားကြရင် ကောင်းမလား။ သစ်ယားပင်စခန်းကို မင်းသိသလား"

"အတိအကျတော့ မသိဘူး၊ စုံစမ်းပြီးတော့ သွားမယ်ဗျာ၊ အဲဒါ သည်ကောင်တွေရဲ့ မှောင်ခိုစခန်းပဲ၊ ကျွန်တော် ကြားဖူးထားတယ်၊ ကဲဗျာ အခုချက်ချင်းလိုက်သွားကြမယ်၊ စီစဉ်လိုက်ဦးမယ်ဗျာ"

▣



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရဲရင့်ကို ဖမ်းဆီးကာခေါ်ဆောင်သွားခဲ့သော မော်တော်သည် ရေပြင်ပေါ်မှာ တရိပ်ရိပ်နှင့်ပြေးနေလျက်ရှိသည်။

''ဟော့ကောင် ရန်ပိုင် ... မင်းက နေရာတကာမှာ မွှေဟောက်လိုပါးပျဉ်းထောင်ပြနေတာ၊ ခုတော့ ရေမွှေလောက်တောင် မာန်မရှိတော့ပါလားကွ၊ ဘယ်လိုလဲ ... မင်း ငါ့ကို ကြောက်နေပြီလား''

ခင်ကြီးသည် မော်တော်ပေါ်မှာ အေးဆေးစွာထိုင်ပြီးတော့ လိုက်လာသော ရဲရင့်ကိုရိလိုက်သည်။

''ကျွန်တော် ခင်ဗျားပြောတဲ့ ရန်ပိုင်မဟုတ်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ''

''ဘာ .. မင်းက အခုထက်ထိငြင်းနေသေးတယ်၊ မင်းမျက်နှာကြီးကို ငါက မမှတ်မိနိုင်လို့လားကွ ... တယ်လေ''

ခင်ကြီးသည် ရဲရင့်ကိုရိုက်ရန်လက်မြှောက်လိုက်သည်။

''ကျွန်တော့်အသားကို ထိရဲထိကြည့်စမ်း''

''မင်းက ငါ့ကိုခုထက်ထိ လှည့်စားတုန်းပဲလားကွ တော်တော်ရှုးနှမ်းတဲ့ကောင်ပဲ၊ မင်းကိုယ်မင်းဒေါက်တာရဲရင့် လေးဘာလေးနဲ့ သည်လိုအယောင်ဆောင်ထားလို့ကောရမယ်တဲ့ လားကွ၊ မင်းငါ့ညီကို သေတွင်းထဲပို့ပစ်ခဲ့တာ ငါကခွင့်လွှတ်လိမ့်မယ်ထင်သလား၊ မင်း ငါ့ညီသေတာထက် ပိုပြီးတော့ ဆိုးသွားတာကို ခံစားစေရမယ်မှတ်''

ခင်ကြီးကတော့ ရဲရင့်ကို ကြိမ်းဝါးပြီးရင်းကြိမ်းဝါးနေ



လေတော့သည်။

''ခင်ဗျားကို ကျွန်တော်က ရန်ပိုင်မဟုတ်ပါဘူးလို့ ပြောတာကို မယုံကြလည်းမတတ်နိုင်ဘူး၊ ကျွန်တော် ခင်ဗျားကိုခုမှမြင်ဖူးတာ''

''အေးပါ ... မင်း ဟိုကိုရောက်တော့မှ ရန်ပိုင်ဆိုတာကို အမှန်အတိုင်းပဲ ဝန်ခံလာရစေမယ်''

ခင်ကြီးသည် လက်မရွံ့သမားတစ်ဦးဖြစ်သည်။ ရာဇဝတ်မှုမျိုးစုံကို ကျူးလွန်ထားသူဟု ကျော်စောမှုရှိနေသူ။ သို့သော် သက်ဆိုင်ရာက 'တိတ်တဆိတ်စုံစမ်းနေဆဲပင်။

မကြာမီ ... ကျွန်းကြီးတစ်ကျွန်း လှမ်းမြင်လိုက်ရသည်။ သစ်ပင်ကြီးတွေ ညို့ညို့ဆိုင်းဆိုင်းနှင့် အဝေးက လှမ်းပြီးတော့ မြင်လိုက်ရသည်နှင့်ပင် မှောင်ရိပ်ကသန်းနေသည်။ နှင်းဖြူများက တောအလုံးကို ရစ်ပတ်ထားလေသည်။

''အင်း ... သည်လူတွေက လက်ရဲဇက်ရဲသမားတွေ၊ ငါ့ကို ဘာလုပ်ကြမလို့လဲမသိဘူး၊ ငါ့ရဲ့လွတ်မြောက်ရေးလမ်းကို ရှာမှဖြစ်မယ်''

ရဲရင့်သည် အပျက်ပျက်နှင့် ရှင်း၍မရသောပြဿနာကြောင့် အနည်းငယ်တော့ ရင်လေးသွားခဲ့ရလေသည်။ မော်တော်သည် ကမ်းနှင့်ကပ်ပြီးတော့ ဆိုက်လိုက်သည်။ ရဲရင့်ကို ကျွန်းပေါ်သို့ခေါ်သွားခဲ့ကြလေသည်။

''သည်ကျွန်းဟာ လူမဲ့ကျွန်းကွ၊ ဘယ်သူမှမနေကြဘူး၊ အေး ... မနေကြဘူးဆိုတာထက် မနေရဲကြတာ၊ ဘာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မနေရဲကြတာလဲဆိုတာကိုတော့ မင်း မကြာခင်သိရမှာပါ ရန်ပိုင် မင်း ခုနေထွက်ပြေးလည်း မလွတ်ဘူး၊ ရေပြင်ကြီးကို လက်ပစ်ကူးပြီးတော့သွားမယ်ဆိုတာတောင် တစ်ထွာလောက်ကျယ်တဲ့ မြေနေရာတောင် မရှိဘူး''

ခင်ကြီးက ရဲရင့်ကို စိတ်ဓာတ်စစ်ဆင်ရေးလုပ်ကာ ပြောသည်။ ရဲရင့်သည် နဂိုကတည်းက စိတ်ဓာတ်ကြံ့ခိုင်သူတစ်ဦး ဖြစ်သည်။ ခင်ကြီး၏အပြောကို ဂရုမစိုက်ပေ။

''ငါ သည်လိုဖြစ်သွားတာကို ဦးလွမ်းခေါင်သိသွားတယ် တချို့လည်း သိသွားကြတယ်၊ သက်ဆိုင်ရာကိုအကြောင်းကြားမှာ လိုက်လာကြမှာပဲ''

တောထဲတွင် မြွေအချို့ကိုတွေ့လိုက်ရသည်။ သစ်ပင်ကြီးတွေပေါ်မှာ သစ်ကိုင်းတွေကို ခွေရစ်ပတ်ပြီးနေနေကြသည် အချို့က … ကူးပြီးတော့သွားနေကြသည်။ သူတို့ရှေ့မှာပင်လျှင် တ…ကောင်နှစ်ကောင်က လျှောခနဲ၊ လျှောခနဲဆို ဖြတ်ပြေးသွားခဲ့ကြသည်။ ဤနေရာသည် မြွေပေါသောနေရာပင် သစ်သားပင်စခန်းဟုသာဆိုသည်။ သစ်သားပင်နှင့်ကူတာကို မတွေ့။ တွေ့လိုက်ရသည်ကား ကျွန်းပေါ်မှာ ဆောက်ထားသည် တောင့်တင်းကြံ့ခိုင်သော တိုက်ခံအိမ်ကြီးတစ်လုံး။

◘ ◘ ◘



(၁၄)

## သေမင်းနှင့် လက်တစ်ကမ်းအလို

ရဲရင့်ကို တိုက်ခံအိမ်ကြီး၏ အခန်းတစ်ခုထဲမှာ ပိတ်ထားလိုက်ကြသည်။

''သည်ကျွန်းဟာ မြွေပေါတယ်၊ ဘယ်သူကမှ လာမနေကြဘူး၊ အဲဒါ ငါတို့အတွက်တစ်မျိုးကောင်းတယ်၊ လူမနေတော့ ကိုယ်လုပ်ချင်ရာကို လုပ်လို့ရတာပေါ့၊ မြွေတွေကို ပိုပြီးတော့ ပွားများလာအောင် ငါပဲမွေးမြူရေးလုပ်ထားပေးတာ။ ဂျာ…ကျွန်းလိုနေရာမျိုးက အဆိပ်ပြင်းတဲ့ မြွေဆိုးကြီးတွေကိုလည်း သည်ကျွန်းကိုယူလာပြီး မျိုးစပ်ပေးထားတယ်၊ ခုလောက်ဆို …ကောင်ရေတော်တော်များများနေရောပေါ့''

''ခင်ကြီးက ရဲရင့်ကို သေချာစွာပင်ပြောပြနေသည်''

''အဲဒါ ကျွန်တော်နဲ့ ဘာဆိုင်သလဲ''

''နောက်တော့ ဆိုင်လာရမှာပေါ့ကွ၊ မပူပါနဲ့ …ဟဲ ဟဲ ဟဲ''

ခင်ကြီးက အခန်းတံခါးကိုပိတ်ပြီးတော့ ထွက်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

'ဂျိုင်း'

ရဲရင့်သည် လှေကားပေါ်တက်ကာ တံခါးဆီကိုပြေးသွား ပြီး ဖွင့်နိုင်ရန်ကြိုးစားသည်။ မလွယ်ပါ။ အခန်းထဲမှာ မီးလုံး တစ်လုံးသာ ထွန်းထားသည်။ မီးစက်ကိုသုံးထားသည်။ အလင်း ရောင်က အားမရှိ။ နုံ့နုံ့နဲ့နှင့် ဖြစ်နေသည်။ မြေတိုက်ခန်းထဲ မှာ သူ့ကိုထည့်ထားသည်။ သို့သော် မတ်စောက်သောနံရံကြ ၏ အထက်တွင်သံတိုင်များကို တွေ့ရသည်။ မြေပြင်ထက်မှ ဖောက်ထားသော ပြူတင်းပေါက်ဟုဆိုနိုင်သည်။ အပြင်မှာ မှောင်သေး။ အလင်းတချို့ဝင်လာသောကြောင့် မိုးမချုပ်သေး မှန်းသိရသည်။ မီးလုံး၏အလင်းရောင်နှင့် ပေါင်းစပ်ပြီး အလင်း အားအနည်းငယ်ပိုရှိလာသည်။

သံတိုင်များ ကာရံထားသော တစ်ပေသာသာခန့်ရှိ တင်းပေါက်နေရာကို လက်လှမ်း၍သော်မှ မမီနိုင်။ လက်နှ တစ်ပေါက်ခန့် မြင့်မားသည်။ နံရံတွေကို ကုတ်ခြစ်ပြီးတော့ တက်ရန်လည်းမဖြစ်။

''သည်လူတွေ ငါ့ကိုဘာလုပ်ကြဦးမလဲမသိဘူး''

စိတ်ထဲမှာ အလိုလိုနေရင်း လေးလံလာခဲ့သည်။ မြေ တိုက်ခန်းက မတ်စောက်သည်။ အပေါ်ကိုတက်ရန် အုတ်လှေ ကားရှိသည်။ ဆယ်ပေလောက်မြင့်မားသည်။ လှေကားထိပ် တံခါးရှိသည်။ တံခါးကို သံမဏိနှင့်ပြုလုပ်ထားသည်။ လ ချည်းသက်သက်ဖွင့်နိုင်ရန် စိတ်ကူးနှင့်ပင် မဝံ့ချေ။



ရဲရင့်သည် ပိပိအါလွတ်လမ်းအတွက် အမျိုးမျိုးပင် ကြံထုတ်နေဆဲမှာ တံခါးကပွင့်လာသည်။ ခင်ကြီးက လှေ ကားထိပ်ကိုလျှောက်လာ ကားရပ်လိုက်ပြီး ...

''မင်း ရန်ပိုင်ဆိုတာဝန်ခံတော့မလား''

''မဟုတ်ဘူးလို့ ခင်ဗျားကို ဘယ်နှခါပြောရမှာလဲ''

''မင်းက အခုထက်ထိခေါင်းမာနေဆဲကိုး။ ကောင်းပြီး လေ သည့်လိုဆိုရင် ငါ့ဘက်ကလည်း ဆုံးဖြတ်လိုက်ပြီ။ ငါ့ညီ ကို မင်းကသေတွင်းထဲကိုပို့ခဲ့သလို၊ မင်းလည်းပဲငါ့ညီတွဲ့ ဘေး ဒ်းကိုခံစားရမှာပဲကွ''

ခင်ကြီး၏လက်ထဲမှအရာတစ်ခု သူ့ဆီကိုကျလာခဲ့သည်။

'ဝှစ် .. ယန်'

သတိထား၍ နေသောရဲရင့်က ဘေးကိုခုန်ရှောင်လိုက် သည်။ မြေတိုက်ခန်းထဲတွင် တစ်စုံတစ်ရာသောအသံက ကျယ် လောင်သွားခဲ့သည်။ ခက်ရင်းသုံးခွမှိန်းကြီးက သူ့ကိုယ်မှာ ပွတ် ကာသီကာ လွဲသွားသည်။

''ဟား ဟား ဟား ဟား ... ရန်ပိုင် ... မနက်မိုးလင်း မင်းအလောင်းကိုလာကောက်ပြီး တောခွေးစာကျွေးပစ်ရမယ်၊ ကောင်းသေးသည်ပါ''

ခင်ကြီးက ဟားတိုက်ရယ်မောကာ တံခါးကိုပြန်ပိတ် သွားခဲ့သည်။

''ဟေ့လူ ... ဟေ့လူ ... ခင်ဗျားဘာတွေယုတ်မာဦး မလို့လဲ၊ အခုချက်ချင်း တံခါးဖွင့်ပေးစမ်း ... ဖွင့်ပေးစမ်း''

www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်က အသံကုန်ဟစ်အော်လိုက်သော်လည်း ဘာ
မထူးခြားပါ။ သူသည် မြေတိုက်ခန်းထဲမှာပိတ်လှောင်ခံနေ
လေပြီတည်း။ ထို့နောက် ပြန်ပြီးတော့ တိတ်ဆိတ်သွားသည်
ယင်းတိတ်ဆိတ်မှုသည် စိတ်အားငယ်တတ်သူအတွက် ပိုပြီးတော့
ချောက်ချားစရာကောင်းလာသည်။ ထိုစဉ် ...

'ချောက်'

အသံတစ်သံကို ကြားလိုက်သည်။ အသံထွက်ပေါ်လာ
ရာဆီကို လှမ်း၍ကြည့်လိုက်သောအခါ နံရံအောက်ခြေ
အပေါက်တစ်ပေါက်။ အခုမှ သေသေချာချာကြည့်မိသည်။ န
ကတော့ အပေါက်ကမရှိ နံရံနှင့်တစ်သားတည်းပိတ်ထားပုံ
သည်။ အပေါက်နေရာတွင် တံခါးဝက်သေးသေးလေးတစ်ခု
လိမ့်မည်။ တစ်ခဏအတွင်းမှာပင် ...

'ရှဲ ..ရှဲ ..ရှဲ'

တရှဲရှဲနှင့်အသံများက ထွက်ပေါ်လာသည်။ ရဲရင့်ထ
လိုက်လေပြီ။

မြွေ ...မြွေ မြွေကလွဲ၍ ဘာကောင်ဖြစ်နိုင်မှာတဲ့လဲ
ရဲရင့်သည် ကျရောက်လာတော့မည့် အန္တရာယ်ကို သဘော
ပေါက်သွားမိသည်။

အင်္ဂတေကြမ်းပြင်မှာကျနေသည့် ခက်ရင်းသုံးခွမိန်းကြီ
ကို ဆတ်ခနဲဆိုကောက်ယူမိလိုက်သည်။ ထိုအပေါက်ကြီးဆီ
ပြေးသွားပြီး ထွက်လာသောအကောင်ကို မိန်းဖြင့်ထိုးမည်
သည်။ သို့သော် ...



စိတ်ထဲက ကြံစည်နေဆဲမှာပင် လက်မောင်းလုံးခန့်တုတ်
သော မြွေဟောက်ကြီးတစ်ကောင်က အပေါက်ထဲက လျှောခနဲ
ထွက်လာခဲ့လေသည်။ ချက်ချင်းပင် အပြင်ကိုရောက်လာသည်။
အရှည်က ငါးပေလောက်ရှိမည်။ ဂျာဗားမြွေမျိုးဖြစ်သည်။ မြွေ
ဆိုးမျိုးပင်။ မည်သူ့ကိုမဆို ရန်လိုတတ်၊ တိုက်ခိုက်တတ်သည်။

'ဖြီး'

ဒေါသထွက်နေသော မြွေကြီးသည် ဆာလောင်မွတ်သိပ်
နေဟန်တူသည်။ ကြွက်တစ်ကောင်၊ ဖားတစ်ကောင်ကိုပင် စား
ဟန်မတူ။ အစာတော်ထားသည်မှာ မည်မျှကြာခဲ့ပြီလဲ။ မြွေ
ဟောက်ကြီးသည် အပေါက်ထဲမှပြေးထွက်လာချင်းချင်း ပါးပျဉ်
ကြီးကိုထောင်ကာ ရဲရင့်ကို အားပါးတရပင်ပေါက်ချလိုက်သည်။

'ဖွပ်'

မိန်းသံချွန်များက မြွေကြီး၏ခေါင်းကို စိုက်သွားခဲ့လေ၏။
သို့တိုင်အောင် ဒေါသကြီးနေသော မြွေဟောက်ကြီးသည် မိန်း
ကိုထပ်ကာထပ်ကာ ရစ်ပတ်ထားနေသေးသည်။ ရဲရင့်သည်
မြွေဟောက်ကြီး၏ လည်ပင်းနေရာကို ခြေထောက်နှင့်နင်းကာ
မိန်းကို ဆွဲနှုတ်လိုက်သည်။ ထို့နောက် ခေါင်းပိုင်းကို ဆက်ကာ
ဆက်ကာပင် စိုက်ချလိုက်လေတော့သည်။ တစ်ခဏအကြာတွင်
မြွေကြီးမှာ ငြိမ်သက်သွားသည်။ မိန်းကို ပတ်ထားသည့် ကိုယ်
ထည်ကြီးသည်လည်း လျော့ကျလာကာ အောက်ကိုပြုတ်ကျသွား
လေတော့သည်။

ရဲရင့်သည် မြွေကြီး၏ကိုယ်ထည်ကို လက်နှင့်ပါဆုပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားခဲ့ရသည့်အတွက် နည်းနည်းတော့ မသတိဖြစ်သွားခဲ့
သည်။

သို့သော် . . . ဤတစ်ကောင်တည်းနှင့် မပြီးသေး
နောက်ထပ် မြွေဟောက်ကြီးတစ်ကောင်က ယင်းအပေါက်ထဲ
ထိုးထွက်လာခဲ့ပြန်လေသည်။ ရဲရင့်သည် ထိုအကောင်ကြီး
လည်း ကိစ္စတုံးပစ်လိုက်ရပြန်သည်။

''သည့်အတိုင်းဆိုရင် နောက်ထပ်ထွက်လာဦးမယ့်
အကောင်တွေလည်း ရှိနေကြဦးမှာပဲ''

ထို့ကြောင့် ယင်းအပေါက်ကို ရှူးဖိနပ်စီးထားသော
ခြေထောက်နှင့် ကန့်လန့်ခံကာ ပိတ်ထားလိုက်သည်။ ခြေဖဝါး
ဟာရောက်တိုးဝှေ့ကြသောမြွေများ၏အထိအတွေ့ကို ရနေသည်

သို့ရှိနိုက် . . .

'ဖျစ် ဖျစ် ဖျစ်'

နားတဲမှာ အသံတစ်သံကို ကြားလာခဲ့ရပြန်သည်။ အ
နံရံ၏ အောက်ခြေမှ အပေါက်တစ်ပေါက်က ပွင့်လာခဲ့ပြန်သည်
ထိုအပေါက်မှ ရေများကတရဟောပင် ထွက်လာခဲ့ကြသည်
အရှိန်ကပြင်းသည် တစ်ခဏအတွင်းမှာပင် သူ့ဆီကို ရောက်
သည်။ မြွေများထပ်ပြီး ထွက်မလာနိုင်စေရန် ခြေထောက်
ပိတ်ထားရသည်။ ခုတစ်ခါ ရေတွေကိုထပ်၍ လွှတ်ပေးနေ
လေပြီ။ ရဲရင့်သဘောပေါက်သွားခဲ့ရသည်က . . .

''ငါ မြွေအန္တရာယ်ကိုလည်း ရင်ဆိုင်ရ၊ အခန်းထဲ
ပြည့်သွားရင် ရေနစ်ပြီးတော့လည်း သေရဦးမယ်၊ မြွေကို





ပြီးအရင်သေရမှာလား၊ ရေမွန်းပြီးတော့ သေရမှာလား မသိဘူး''

ဘေးနှစ်ခုကို တစ်ပြိုင်တည်းပင် ရင်ဆိုင်နေရသည့်
အရေးသိသွားခဲ့ရသည်။ ရေတွေက ခြေသလုံးတစ်ဝက်လောက်
အထိရောက်လာခဲ့ကြလေပြီ။

▣

မော်တော်အငယ်လေးတစ်စီးသည် ရေပြင်ထက်မှာ
တရိပ်ရိပ်နှင့်ပြေးနေသည်။ မော်တော်ပေါ်မှာ ရန်ပိုင်၊ ဝဏ္ဏ၊
သာထူးနှင့် မောင်အေး၊ လူလေးယောက်ပါလာခဲ့ကြသည်။ သစ်
ယားပင်စခန်းဆိုသည်ကို တိတ်တဆိတ်စုံစမ်းခဲ့ကြသည်။ လူ
တိုင်းမသိကြ။ သို့သော် ကျွန်းတစ်ခုခုပေါ်မှာရှိနိုင်သည်။ လူသူ
အရောက်အပေါက်နည်းသော သို့မဟုတ် လူမနေသော ကျွန်း
တစ်ကျွန်းပင်ဖြစ်နိုင်သည်။

''သည်ကောင်တွေ အမှတ်တမဲ့ပြောလိုက်တဲ့ သစ်ယား
ပင်စခန်းဆိုတာ သူတို့လောကသားအချင်းချင်းပဲ သိနိုင်တယ်၊
ဒါပေမဲ့ လူတွေအသွားအလာမရှိသလောက်ဖြစ်တဲ့ မြွေကျွန်းလို
နေရာမျိုးပဲဖြစ်ရလိမ့်မယ်လို့ ကျွန်တော်ယူဆတယ် ကိုကြီးဝဏ္ဏ''

''အေး . . . ငါလည်း မင်းကိုပဲထင်တယ် ရန်ပိုင်''

ထို့ကြောင့် . . . မြစ်ဝကျွန်းဆီကို ဦးတည်ပြီးတော့ ထွက်
လာခဲ့ကြခြင်းပင် ဖြစ်သည်။ အချိန်ကား မမှောင်သေး။ လို
လော်ကသောအလင်းရောင်ကရှိနေသေး၍ ပတ်ဝန်းကျင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာပင်မြင်နေနိုင်သေးသည်။ နာရီဝက်ပင်မကြာလိုက် ... စက်အားကောင်းသောမော်တော်က မြွေကျွန်းရှိရာကို အမြ ဆုံးရောက်အောင်ပို့ပေးနိုင်ခဲ့လေသည်။

ဝဏ္ဏက စက်ရှိန်ကို လျှော့လိုက်သည်။ ခင်ကြီးတို့သာ ဤကျွန်းမှာရှိနေခဲ့လျှင် စက်သံကိုသတိထားမိမှာစိုးသောကြော ပင်။ ကျွန်းနားကိုကပ်လာခဲ့စဥ်မှာပင် ကျွန်းအနေအထားက ရှု ထွေးလျက်ရှိသည်။ နွံများ၊ ချုံများ၊ ရေထဲကို တစ်ဝက်တစ ပြက်ညွှတ်ကျကာ နစ်မြုပ်နေသောသစ်ပင်၊ သစ်ကိုင်းများနှ ပွတ်သိပ်နေသည်။

"သည်နေရာမှာကပ်ဗျာ ကိုကြီးဝဏ္ဏ"

ယင်း ရှုပ်ထွေးသောနေရာမှာပင် မော်တော်ကို ဆိုက် ကပ်လိုက်သည်။ လမ်းကို ထွင်ပြီးတော့သွားကြမည်။ အဆင ပြေသောနေရာကနေ တက်လျှင်ထင်ကြီးတို့သာ တကယ်ရှိနေ ပါက သိသွားနိုင်သည်။ တစ်ယောက်ယောက်နှင့် ပက်ပင်းတိ သွားနိုင်သည်။

ချုံတွေပေါ်မှာ မြွေနစ်ကောင်သုံးကောင်လောက်က တွေ့ကြရသည်။ လူသံ၊ လှုပ်ရှားသံများကိုကြားရ မြင်ရလိုက် သည်နှင့် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ကြသည်။

'ဖြီး'

အချို့က ဆတ်ခနဲပါးပျဉ်းတွေ ထောင်လိုက်ကြသည် သတိထားကြရမည်ဖြစ်သည်။ ရွံ့နွံတောထဲကပင် တမ်းပေါက် တက်လာခဲ့ကြသည်။ တောထဲကိုရောက်သွားခဲ့ကြသည်နှင



အနည်းငယ်မှောင်ကျသွားသည်။

'ရှော'

မြွေတစ်ကောင် သူတို့ရှေ့မှ ဖြတ်ပြေးသွားသည်။ ခပ်လှမ်းလှမ်းကိုရောက်မှ နောက်ကို တစ်ချက်လှည့်ကာ ပါးပျဉ်းကြီးကိုထောင်ပြလိုက်သေးသည်။ မြွေဆိုးတစ်ကောင်ပင်ဖြစ်သည်။ ဒေါသကြီးသည် ရန်လိုပုံရသည်။ တကယ့်ကို မြွေပေါသည့်နေရာ သတိကြီးစွာပင်ထားကြရသည်။ ထိုစဥ် ...

'ဖြီး'

သစ်ပင်ကြီးပေါ်မှ ပုခက်လွှဲသလို ယမ်းကာဆင်းလာသော သဏ္ဍာန်တစ်ခု၊ ရိပ်ခနဲဆိုကျလာသည်။

"ဟိတ် ... သတိထား"

ရန်ပိုင်က လှမ်း၍ပြောလိုက်သည်။ မောင်ခွေးသည် ခေါင်းကိုတိမ်းကာရှောင်လိုက်သည်။ ပါးပျဉ်းခွက်ကြီးနှင့် မြွေခေါင်းပိုင်းကြီးက မောင်ခွေးကိုမပေါက်မိ။ ကျော်ထွက်သွားသည်။

'ရှပ်'

မောင်ခွေးက ပါလာသောဓားဖြင့် ပိုင်းချလိုက်သည်။ မြွေဟောက်ကြီးခေါင်းပြတ်ထွက်သွားသည်။ ကိုယ်ထည်ကြီးက သစ်ပင်ထက်မှာ တန်းလန်းတွန့်လိမ်ယမ်းခါလျက်ရှိသည်။ အမြီးကိုသစ်ကိုင်းထက်မှာ ချိတ်ထားသည်။ မကြာမီမှာပင် လျှောခနဲဆိုပြုတ်ကျလာခဲ့လေတော့၏။ ဂျာဘားမြွေဆိုးမျိုးပင် အပေါက်ခံရလျှင် ဆေးမမီ။ နေရာမှာပင် တစ်ကိုယ်လုံးပြာနှမ်းပြီးတော့ သေဆုံးသွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေကျွန်းဆိုသည့်အတိုင်း မြွေတွေကပေါပုံရသည်။ မိမိတို့လျှောက်လာခဲ့သည့်နေရာကလည်း တောထူထပ်၍ချုံထူထပ်၍ မြွေများကပိုပြီးတော့ ပေါနေကြသည်။ ထိုစဉ် . . .

'ဖြီး . . ရော . . ဖျောဖျော'

အသံက အားလုံး၏ကျောဘက်မှ ထွက်ပေါ်လာသည်။ လှည့်ကြည့်မိလိုက်ကြသည်။ အားလုံးမျက်လုံးပြူးသွားခဲ့ကြသည်။ ပါးစပ်တွေ အဟောင်းသားနှင့် နှုတ်ကတော့မအော်ရဲကြ။ ဒေါသတကြီးနှင့် ပြေးလာနေသည့် ငန်းနက်ကြီးတစ်ကောင် လျှင်မြန်လွန်းလှ၍ သူတို့အနားကိုချက်ချင်းလိုလိုပင် ရောက်လာခဲ့သည်။ နောက်ဆုံးမှလိုက်ပါလာသူက ဝဏ္ဏ။ အလိုလိုနေရင်း ဒေါသကြီးမားနေသော ငန်းနက်ကြီးသည်။ အမြီးဖျားကိုမြေမှာ ထောက်ထားလိုက်၍ ခြောက်ပေလောက်မြင့်မားသော ရည်မျော မျောကိုယ်ထည်ကြီးက မတ်မတ်ကြီးဖြစ်နေသည်။ ဝဏ္ဏ၏ခေါင်းကို တစ်ချက်တည်းပေါက်ချလိုက်လေသည်။ ဝဏ္ဏကလည်း မြွေကြီးပေါက်အချမှာ ဓားဖြင့်တစ်ချက်တည်း ပိုင်းချလိုက်လေ၏

'ရှပ် . . ဘုတ်'

ကိုယ်ထည်တစ်ပိုင်းဖြတ်ထွက်သွားသော ငန်းနက်ကြီးသည် မြေပြင်ပေါ်ကို တဘုတ်ဘုတ်နှင့်ဖြတ်ကျသွားခဲ့လေ၏

''အားပါးပါး တော်တော့်ကို သတိထားကြရမယ်ဟေ့

ဝဏ္ဏသည် တုန်ယင်သော အသံကြီးနှင့်ပြောမိလိုက်လေ၏။ ငန်းနက်ကြီးက သူ့ကိုအပေါ်ကမှာ တစ်ချက်တော့ ခေါင်းကြီးသွားခဲ့သည်။ သတ္တိကောင်းလှ၍တော့မဟုတ်။ မျက်



မှိတ်ပြီးတော့ ဝှယ်ထည့်လိုက်ခြင်းပင်။ ဤကျွန်းမှာ ခင်ကြီးတို့ တကယ်ရှိ၊ မရှိမသိနိုင်။ ရှိနိုင်သည်ဟု အနီးစပ်ဆုံးစဉ်းစားကြပြီးမှ ထွက်လာခဲ့ကြခြင်းပင်။

မိမိတို့၏ ရည်ရွယ်ချက်မအောင်မြင်မီ။ မြွေဆိုးတစ်ကောင်ကောင်၏လက်ချက် မမိကြပါစေနှင့်ဟု ဆုတောင်းမိကြသည်။ ထိုစဉ် . . .

'ဂရှာ ဖျော ဖျော' . . . ''ဟ . . အား''

ရုတ်တရက် ဖြတ်ပြီးပြေးဝင်လာသော သတ္တဝါတစ်ကောင် ရန်ပိုင်သည် ထိုအကောင်ကို ဆောင့်ပြီးနင်းချလိုက်သည်။ ခေါင်းကို ဖိနပ်နှင့်ကြိတ်ပြီးတော့ ချေပစ်လိုက်သည်။ မြွေဟောက်အသေးစားလေး တစ်ကောင်ပင်တည်း။

သို့ရှိခိုက် ရန်ပိုင့်မျက်လုံးအစုံသည် ပျာဝေသွားခဲ့ရသည်။ အသိအာရုံက တခြားတစ်နေရာကို ရောက်သွားသည်။ အမှောင်ဖုံးနေသော မျက်လုံးသည် တဖြည်းဖြည်းနှင့် အကြည်ဓာတ်ရလာခဲ့သည်။ ထိုအခါ မြင်ကွင်းတစ်ခုက ပေါ်လာခဲ့သည်။ ရေအောက်တွင် ကူးခတ်နေသော လူတစ်ယောက်။ ထိုသူသည် သူနှင့်တစ်ပုံစံတည်းကို တူနေသည်။ ထို့အပြင် ရေအောက်တွင် သူတစ်ဦးတည်းမဟုတ်ပေ။ မြွေအချို့သည်လည်း ကူးကာသွားလာနေကြသည်။ ထိုသူကို အန္တရာယ်ပေးနေကြခြင်းပင်။

ထိုသူသည် မြွေများကို ခက်ရင်းသုံးခွမိုန်းကြီးနှင့် ပြန်ပြီးတော့ တိုက်ခိုက်နေသည်။ ထို့နောက် ထိုမြင်ကွင်းသည် တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရန်ပိုင် ... ရန်ပိုင် ... မင်းဘာဖြစ်သွားတာလဲ"

နေရာမှာတင် စုံရပ်နေသောရန်ပိုင်။ ကျောက်ရုပ်ကြီးပမာ တောင့်တောင့်ကြီးဖြစ်နေသည်။ အားလုံးက ရန်ပိုင့်အတွက် စိုးရိမ်သွားခဲ့ကြသည်။ ရန်ပိုင် ခြေထောက်အောက်မှာ မြွေခေါင်းက ကြေမွပိပြားလျက်ရှိနေသည်။ မြွေလက်ချက်များထိသွားခဲ့လေသလားဟုပင် စိုးရိမ်မိသွား။

"ကျွန်တော် ဘာမှမဖြစ်ဘူး ကိုကြီးဝဏ္ဏ။ ကျွန်တော်တို့ ရှာနေကြတဲ့ ရဲရင့်ဆိုတဲ့ သူဟောသည်ကျွန်းပေါ်မှာ ကေန်အမှန်ရှိနေတယ်၊ သူဒုက္ခရောက်နေပြီ အမြန်ဆုံးရှာကြမယ်"

ရန်ပိုင်ပြောလိုက်သည့် စကားကြောင့် အံ့အားသင့်သွားခဲ့ကြသည်။ သို့သော် ရန်ပိုင်နှင့်ပတ်သက်ပြီး ယခင်ကတည်းက သဘောပေါက်ထားခဲ့ကြပြီးဖြစ်၍

"ကဲ ... ဒါဆိုရင် တို့သေသေချာချာလိုက်ပြီးတော့ ရှာကြမယ်"

သည်တစ်ခါတော့ ရန်ပိုင်က ဦးဆောင်ပြီးတော့ရှေ့ကနေ သွားသည်။ မိမိထင်သောလမ်းသည် အမှန်ဟုပင် ယုံကြည်ထားသည်။ မြွေပါး၊ ကင်းပါးများကိုသတိထားကာ သည်အတိုင်းပင်သွားနေကြရင်းက ...

"ဟိုမှာ ကိုကြီးဝဏ္ဏ"

သူတို့မြင်လိုက်ကြရသည်ကား တောအုပ်ကြီးထဲမှ အဆောက်အအုံတစ်ခုပင်တည်း။

(၁၅)

## ကျွန်းပေါ်က မြွေဆိုးများ

မြေတိုက်ခန်းထဲတွင် ရေများကတဖြည်းဖြည်းနှင့် ပြည့်လာပြီဖြစ်သည်။ ရဲရင့်၏ ခါးအထိပင်ရောက်လာခဲ့လေပြီ။ သည်အတိုင်းဆိုလျှင် မကြာမီမှာ မိမိတစ်ကိုယ်လုံးနစ်မြုပ်သွားတော့မည်ဟုထင်သည်။ အဆိုးဆုံးမှာ တစ်ကောင်ပြီးတစ်ကောင် ထွက်လာခဲ့ကြသော မြွေဆိုးများပင်။

ယင်းမြွေဆိုးများသည် ရေထဲကိုရောက်လာခဲ့ကြသည့်တိုင် သွားလာနေနိုင်ကြသည်။ ရဲရင့်ဆီကို ဦးတည်ပြီးတော့လာနေကြသည်။ မြွေများကို ရေအောက်မှာမြင်နေရလေသည်။ ရဲရင့်သည် မိမိကိုဒုက္ခပေးရန် ရောက်လာကြသောမြွေဆိုးများကို ခက်ရင်းသုံးခွမှိန်းကြီးဖြင့် ထိုးကာ ထိုးကာ တိုက်ခိုက်နေသည်။ မှိန်းစာမိသွားခဲ့ကြသော မြွေများ၏ကိုယ်မှထွက်လာကြသော သွေးများက ချွဲချော်းနှီသွားခဲ့ကြလေသည်။

ဤမှိန်းဖြင့် မိမိကိုပစ်ခတ်လိုက်သော ခင်ကြီးဆိုသည့်သူကိုပင် ပြန်ပြီးပေါက်၍ ကျေးဇူးတင်ရမလိုဖြစ်နေသည်။ မြွေ





www.burmeseclassic.com

www.burmeseclassic.com

များကို ကာကွယ်နိုင်သော လက်နက်အဖြစ်အသုံးပြုနိုင်သော ကြောင့်ပင်။

ရေက ပြည့်သထက်ပြည့်လာခဲ့ပြီဖြစ်သည်။ ခါးမှသည် ရင်ခေါင်းလည်ပင်းအထိအောင် ရောက်လာခဲ့လေပြီ။ အဘ ကြီးသည်က ရေထဲကို တစ်ကောင်ပြီးတစ်ကောင်ရောက်လာ ကြသော မြွေများကိုအပေါ်ယံရေမျက်နှာပြင်မှ ကြည့်လျှင်မမြင် ရသာကြောင့်ပင်ဖြစ်သည်။ ရေအောက်ကနေ မိမိကို ကိုက် သွားနိုင်သည်။ ထို့ကြောင့် ရေအောက်ကိုငုပ်ကာ အန္တရာယ်ကိုရှောင် ဆိုင်ရပြန်သည်။

လား လား မြွေတွေကအောက်မှာ ပိုပြီးတော့များသော သည်။ သို့သော် မြွေတွေထွက်လာသောအပေါက်ကို ပိတ်လိုက် ပြီဖြစ်သည်။ နောက်ထပ်ထွက်လာစရာ အကြောင်းမရှိတော့ ဤမြွေတေမျှလောက်နှင့်ပင် လုံလောက်သွားပြီ။ မိမိကို ကိုက် တုံးပစ်နိုင် ဟု ယုံကြည်စိတ်ချသွားခဲ့ကြဟန်တူသည်။ ရေ အောက်တွင် သူ့ဆီကို တိုးဝင်လာခဲ့သော မြွေများကို ခတ်ပြီး သုံးခွမိန်းကြီးနှင့် ကာကါယ်ရသည်။ ကြာကြာမနေနိုင်သောအခါ ရေမျက်နှာပြင်ကို ပြန်တက်လာရပြန်သည်။ လေကိုတစ်ဝကြီး ရှူရသည်။ အသက်ညာဏ်စောင့်ဟူသည့် စကားအတိုင်း ခဲ၍သေရမည်ကို စိုး၍ ရေအောက်ကို တစ်ဖန်ပြန်ပြီးတော့ ဆင်း ရပြန်သည်။

မြွေသုံးလေးကောင်မျှသာ ကျန်တော့သည်။ မျက်နှာ ကြက်မှမီးလုံးတစ်လုံး၏အားက နုံနဲ့လာခဲ့သည်။ အကောင်



ကောင်မှာ ကြာကြာနေနိုင်ဟန်မတူကြ။ မွန်းနေကြလေပြီ။ မိမိ ကိုရန်ရှာမည်စိုး၍ မြွေနှစ်ကောင်ကို မိုန်းစာကြွေးလိုက်ရသည်။ တစ်ကောင်တည်းသာ ကျန်တော့သည်။ သို့သော် . . .

အသက်ရှူကျပ်လာ၍ ရေမျက်နှာပြင်ပေါ်ကိုပြန်ပြီးတော့ တက်လာခဲ့ရပြန်လေသည်။ ခေါင်းကိုဖော်မိလိုက်စဉ်မှာ မယုံ ကြည်နိုင်လောက်အောင်ပင် အံ့အားသင့်သွားခဲ့ရသည်။

အကြောင်းမှာ ရေသည်လွှမ်းစွာမှပင် မြင့်တက်နေပြီဖြစ် နေသောကြောင့်ပင်တည်း။

သို့သော် . . . မြေတိုက်ခန်း၏အထက် အမြင့်ဆုံးနေရာ ဘုံ၏ အထက်က ဖော်ပြခဲ့သည့်အတိုင်း ပြတင်းသံတိုင်လိုမျိုး ကာရံထားသည်ဖြစ်၍ ရေသည်ပိုမို၍မြင့်တက်လာခဲ့သည့်တိုင် ထွက်ကာပြတင်းတံခါးမှအပြင်သို့ ထွက်ကျသွားခဲ့လိမ့်မည် ဖြစ်သည်။ မိမိခေါင်းတစ်လုံးကိုသာ ဖော်နိုင်ခဲ့တော့သည်ဖြစ်ရ ကား အင်္ဂတေမျက်နှာကြက်သည် တစ်ထွာလောက်ပဲဝေးတော့ သည်။ ကပ်လျက်ရှိနေလေပြီ။

ရဲရင့်သည် ဝမ်းသာအားရနှင့် ပြတင်းသံတိုင်များကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ထားလိုက်သည်။ ရေအောက်မှာကျန် သော မြွေတစ်ကောင်ကိုလည်း ဂရုမစိုက်နိုင်တော့ မိမိနှင့်ပက် ပင်းတိုးမိလျှင်လည်း ကံတရားပဲဟုသာ မှတ်ရပေတော့မည်။ ရဲရင့်သည် ရေထဲမှာနေခဲ့ရသည်မှာ အချိန်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ရေကလည်း အေးစက်နေသည်ဖြစ်ရကား တစ်ကိုယ်လုံးကျင် တက်နေလေပြီ။ သံတိုင်နှစ်ခုကို မြဲမြဲစွာဆုပ်ကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အထဲက ပေါက်တွေကကာ ထုံကျင်လာခဲ့၍ တစ်ချက်တစ်ချက်မှာ လွတ်ထွက်သွားခဲ့သေးသည်။ ထိုအခါ ရေအောက်ကို ပြန်ပြီ တော့ ရောက်သွားခဲ့သည်။ ချက်ချင်းပင် သတိကိုထိန်းပြီးရေ ပေါ်သို့ ပြန်တက်လာသည်။ တိုး၍လာသောရေများသည်လည်း ပြတင်းအပြင်ကို လျှံကျစပြုနေခဲ့လေပြီ။

ရဲရင့်သည် တစ်ကိုယ်လုံးခိုက်ခိုက်တုန်လာခဲ့သည်။ မေ ၎င်းဘာခစ်ခစ်နှင့်ဖြစ်လာသည်။

"ငါ တာရှည်တောင့်ထားနိုင်ပါ့တော့မလား"

ကိုယ့်ကိုယ်ကိုယ် သံသယဝင်လာခဲ့မိသည်။ သည်တ ခါ လက်နှစ်ဖက်က ပြုတ်ကျသွားခဲ့လျှင် ရေအောက်ကို ပြန်ပြီ စုန်းစုန်းမြုပ်သွားနိုင်သည်။ ပြန်တက်နိုင်ရန် မလွယ်ကူတော့ အံကိုတင်းတင်းကြိတ်ထားသည်။ အထဲကပင် မျက်လုံးကပျာသ သွားခဲ့ရသည်။ အသိအာရုံထဲမှာ တဒင်္ဂအမှောင်က ဖုံးသွားခဲ့သေ ၏။

မျက်လုံးထဲမှာ လူတစ်ယောက်ကပေါ်လာ၏။ ထိုသူ သည် တွန့်လိန့်ကောက်ကွေးလျက်ရှိကြသော ဆံပင်ရှည်များကို ပိုင်ဆိုင်သည်။ လူလတ်ပိုင်းအရွယ် ခန္ဓာကိုယ်အပေါ်ပိုင်းက အဝတ်မဲ့နေသည်။ လက်ဖွဲကြိုးကိုစလွယ်သိုင်းလွယ်ထားသည် ခါးအောက်ပိုင်းက အဝါရောင်ဒိုတီကို ဝတ်ဆင်ထားသည်။ သူ့ လက်ထဲမှာ တောင်ဝှေးတစ်ချောင်းကိုကိုင်ထားသည်။ တောင် ဝှေး၏ထိပ်မှာ နဂါးခေါင်းလိုလိုပါသည်။

ထိုသူသည် သံတိုင်အပြင်ဘက်မှာ မှောက်ချလိုက်ပြီး



တောင်ဝှေးကို သူ့အားကမ်းပေးနေသည်။ ရဲရင့်လည်း ယောင် ယမ်းပြီးတော့ ဆုပ်ကိုင်ထားလိုက်သည်။ တဒင်္ဂအချိန်အတွင်းမှာ ပင် တောင်ဝှေးကို ဆောင့်ဆွဲလိုက်သည်ဟုထင်ပါသည်။ သူ့ ကိုယ်သည်ရေထဲမှ မြောက်ခနဲဆိုပါသွားသည်။ သံတိုင်များ ဘာပြောင်းပြောင်းနှင့် ကျိုးပြတက်သွားသည့်အသံကိုကြားလိုက်ရ သည်။ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သောသံတိုင်များသည် တစ်စုံ တစ်ယောက်၏ ပယောဂကြောင့် ကျိုးပြတ်ထွက်သွားခဲ့သည်ဟု ထင်မိရပါ၏။ ထိုစဉ်မှာပင်လျှင် ရဲရင့်၏ခန္ဓာကိုယ်သည် ပြ တင်းပေါက်သေးသေးလေးထဲမှအပြင်ကို ထွက်ကျသွားခဲ့လေ တော့သည်။

◼

အမှောင်ရိပ်က မသိမသာ သမ်းလာခဲ့ပြီဖြစ်သည်။ လူ တစ်စုသည် မြွေပေါသောတောနက်ကြီးထဲမှာ သတိထားပြီးတော့ သွားနေကြရသည်။ တစ်ယောက်မှ အထိအခိုက်မရှိကြ၍ တော် ပါသေးသည်။ မောင်ခွေးက တောရှင်းသည့်နေရာမှာ ကျွမ်းသည်။ သူ့ရှေ့ကနေ ပါရစေဟူ၍ ပြောသောကြောင့်ခွင့် ပြုလိုက်ရသည်။ တစ်နေရာသို့ အရောက်တွင် ချုံတွေကိုရှင်းထားသည်။ လူတို့၏ လက်ဖြင့်ရှင်းထားခြင်းသာဖြစ်သည်။ သတောပေါက်သွားခဲ့ကြ သည်။ ဤနေရာတွင် လူရှိနေကြသည်မှာ အမှန်ပင်။

မောင်ခွေးက ရပ်တံ့လိုက်ကာ လက်ကာပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းထူးတစ်ခုရှိ၍ပဲလား၊ သစ်ပင်တစ်ပင်စီတွင် ကွယ်လိုက်ကြသည်။ မောင်ခွေးက တစ်နေရာကိုလက်ညှိုးထိုးပြလိုက်သည်၊ အဆောက်အအုံတစ်လုံးကို မမျှော်လင့်ဘဲ တွေ့လိုက်ကြသည်။ တစ်ထပ်တိုက်ပုလေးတစ်လုံး။

အားလုံးအံ့အားသင့်သွားခဲ့ကြလေသည်။ ဝဏ္ဏက လေသံဖြင့် . . .

"သည်လိုနေရာမျိုးမှာ အခိုင်အမာလာဆောက်ထားတာ အကြံကြီးကြီးရှိနေကြလို့ပဲ ဖြစ်ရမယ်၊ သည်လူတွေက မှောင်ခိုလည်း လုပ်ကြတယ်၊ ပင်လယ်ဓားပြအလုပ်ကိုလည်း လုပ်ကြတယ်၊ သတင်းကတော့ ထွက်နေတာပဲ . . .၊

ဟိုလူကို သည်အထဲမှာထားလိမ့်မယ်ထင်တယ်၊ လက်လွန်ခြေလွန်သာ ဖြစ်သွားခဲ့ရင်တော့ ပြဿနာပဲ . . .၊

ငါ့အထင်ကတော့ သူအသက်ရှင်နေလိမ့်ဦးမယ်လို့ ထင်တယ်၊ အေးလေ . . . ခါလာခဲ့အချိန်မျိုးမှာ လမ်းမှာတင် အသေဖျောက်ခဲ့ဘူးဆိုရင်ပေါ့"

သာထူးက သူ့ထင်ကြေးကိုပြောပြလိုက်လေသည်။ သူအပါအဝင် အားလုံးသည်လည်း ရဲရင့်အတွက်စိတ်ပူသွားခဲ့ကြလေသည်။ အဆောက်အအုံနားကို တိုးကပ်သွားခဲ့ကြသည့်တိုင် အစောင့်တစ်ဦးတစ်လေကိုသော်မှ မတွေ့ရပါ။ အမှောင်ရိပ်ကိုကွယ်ပြီး နီးကြောင်နီးဝှက်နှင့် ချဉ်းကပ်လာခဲ့ကြခြင်းပင်ဖြစ်သည်။ ရန်ပိုင်က . . .

"ကျွန်တော်တို့ အထဲကိုဝင်ရှာကြမလား"





"နေဦးကွ . . . ငါတို့သည် အဆောက်အအုံပတ်ပတ်လည်ကို လိုက်ပြီးတော့ လေ့လာကြည့်လိုက်ဦးမယ်"

ဝဏ္ဏပြောသည်ကို သဘောတူလိုက်ကြသည်။ အဆောက်အအုံကို တစ်ပတ်ပတ်ကြည့်ရန် ဆုံးဖြတ်ချက်ချလိုက်ကြသည်။ အဆောက်အအုံသည် ပေသုံးဆယ်၊ ပေလေးဆယ်လောက်ကို ရှိနိုင်သည်။ အပြင်ဘက်မှာ တစ်ယောက်မှမတွေ့ရလို့လောက်တော့ အထဲမှာများရှိနေကြသလား၊ သို့မဟုတ် ရဲရင့်ကို ဤနေရာသို့ခေါ်မလာဘဲ တောတွင်းတစ်နေရာမှာပဲ ရှင်းပစ်ခဲ့ကြပြီလား၊ အားလုံး၏ အတွေးထဲမှာ သည်ကိုပဲရှိနေကြသည်။

■

ထိုစဉ် . . . ရဲရင့်သည် ပြတင်းပေါက်သေးသေးလေးထဲမှနေ၍ အထဲကရေလုံးအားနှင့်အတူ အပြင်ကို ဝုန်းခနဲဆိုထွက်ကျသွားခဲ့လေ၏။ ပြတင်းကိုကာရံထားသော သံတိုင်များသည်လည်း ကျိုးပျက်ကာပြုတ်ထွက်သွားခဲ့ကြသည်။ ပြတင်းပေါက်ခါးသည် မြေပြင်နှင့်အညီဖြစ်နေ၍ ရဲရင့်သည်လည်း မြေပြင်ပေါ်မှာ တလိမ့်ခေါက်ကွေးနှင့် ကျသွားခဲ့ရလေသည်။

'ဝေါ'

လျှံထွက်ကျလာကြသော ရေအလုံးအရင်းက အပြင်ကိုအတောမသတ်ပင် စီးဆင်းသွားခဲ့ကြသည်။ ရဲရင့်သည် မြေတိုက်ခန်းထဲမှာ တော်တော်လေးကို ပင်ပန်းခဲ့ရသည်ဖြစ်၍ ပက်လက်



www.burmeseclassic.com

www.burmeseclassic.com

အနေအထားနှင့် ရှိနေကာ ရုတ်တရက်မထနိုင်အောင်ပင် ဖြစ်သွားခဲ့ရသည်။

သို့ရှိနိုက် ... ရန်ပိုင်တို့သည်လည်း ထိုနေရာကိုရောက်အလာမှာ တဝေါဝေါနှင့် စီးဆင်းလာခဲ့ကြသော ရေများသည် သူတို့ဆီကို ရောက်လာခဲ့ကြလေရာ ...

"ဟာ ... ရေတွေဘယ်ကနေ စီးဆင်းလာခဲ့တာလဲ"

စိတ်ထဲမှာ ထူးဆန်းသလိုဖြစ်လာခဲ့သည်နှင့် ရန်ပိုင်က ဦးဆောင်ပြီး ခြေလှမ်းသွက်သွက်နှင့် ထွက်လာခဲ့ကြသည်။ ... ကျင်ကိုလည်း မျက်စိရှင်ရှင်ထားပြီးကြည့်သွားခဲ့ကြရလေသည်။ ရန်ပိုင်စိတ်ထဲမှာ ထူးခြားမှုတစ်ခုခုကို မလွဲကေန်ပင် ကြုံတွေ့ရလိမ့်မည်ဟု ထင်နေမိသည်။

"ရန်ပိုင် သတိထားပြီးသွားနော်"

ဝဏ္ဏာကပင် ရန်ပိုင်ကို သတိပေးလိုက်ရသေးသည်။ ရေတွေက အနိမ့်ပိုင်းကျသော သူတို့ဘက်ကို တရဟောပင်စီးဆင်းလာနေဆဲ။ ရှေ့ဆုံးကနေ၍ ခြေလှမ်းသွက်သွက်နှင့် သွားနေသော ရန်ပိုင်သည် ရေအိုင်ထဲမှာ ပက်လက်အနေအထားနှင့် ရှိနေသောလူတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

"ဟင်"

ရန်ပိုင်သည် မဆင်မခြင်ပြေးသွားခဲ့သည်။ ထိုအချိန်တွင် ရဲရင့်သည်နေရာမှ ကုန်းရုန်းပြီးတော့ထနေသော အချိန်ပင်ဖြစ်သည်။ ရန်ပိုင်သည် ဒုက္ခရောက်နေသောသူပင်ဖြစ်သည်ဟု အလိုလိုသိသွားခဲ့ရသည်။



"ခင် ... ခင်ဗျား ဘယ်သူလဲ"

ချိုင်းနှစ်ဖက်မှနေ၍ ထူမပြီးတော့မေးလိုက်သည်။ ရဲရင့်သည် ထိုင်နိုင်အောင်ကြိုးစားသော်လည်း ပက်လက်အနေအထားပြန်ပြီးတော့ ဖြစ်သွားခဲ့ရလေ၏။ ထိုအခါ ရန်ပိုင်နှင့်မျက်နှာချင်းဆိုင်ဖြစ်သွားခဲ့ရလေကား။

မမှောင့်တမှောင် ညီအစ်ကိုမသိတသိအချိန်ပေမို့ ...

"ဟင်" ... "ဟာ"

နှုတ်မှ ဟင်ခနဲ ဟာခနဲနှင့်ဖြစ်သွားခဲ့ရသည်အထိ အံ့အားသင့်မှုများက ဖြစ်သွားခဲ့ကြရလေသည်။ အကြောင်းမှာ သူတို့နှစ်ဦးသည် တစ်ယောက်မျက်နှာတစ်ယောက် မြင်မိလိုက်ကြရသည်တွင် မှန်ကိုကြည့်လိုက်ကြသကဲ့သို့ပင်တည်း။

"ရဲရင့်ဆိုတာ"

"ခင်ဗျားက ရန်ပိုင်လား"

ရန်ပိုင်သည် ရဲရင့်ကို လျင်မြန်စွာပင် ဆွဲထူလိုက်လေသည်။ သူတို့နှစ်ယောက် နောက်ထပ်စကားတစ်ခွန်းပင် မပြောနိုင်ကြသေးမီ ဝဏ္ဏာ၊ သာထူးနှင့် မောင်ခွေးတို့သည်လည်း ရောက်လာခဲ့ကြလေသည်။ ရန်ပိုင်နှင့် ရဲရင့်နှစ်ယောက်ယှဉ်ပြီး မတ်တတ်ရပ်နေကြသည်ကို မြင်လိုက်ကြရသည်။ ထိုအခါ မျက်နှာများသည် ခွဲမရအောင်ပင်တူနေကြသည်ကို မြင်တွေ့သွားခဲ့ကြသည်။ သူတို့နှစ်ယောက်သည် အဝတ်အစားမှလွဲပြီး မျက်နှာကတစ်ထေရာတည်းပင်။ ပါးပြင်မှာပါးမြိုင်းမွေး ရေးရေးထင်နေသည်ကအစတူနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ခင်ကြီးဆိုတဲ့လူက ရန်ပိုင်ဆိုပြီး ဖမ်းခေါ်လာခဲ့တာ မြေတိုက်ခန်းထဲထားပြီး"

ရဲရင့်သည် မြေတိုက်ခန်းထဲမှာ သူတွေ့ကြုံခဲ့ရသည့် ဘေးအန္တရာယ်ကို အတိုချုံးပြီးတော့ ပြောပြလိုက်သည်။

"ဟင် ... သူတို့ကခင်ဗျားကို အသက်ဘေးအန္တရာယ် ထိခိုက်ရလောက်အောင် လုပ်ကြကြတာပေါ့၊ ကံကောင်းလို့ပေါ့ဗျာ ... ကျွန်တော်တို့ကလည်း ခင်ဗျားရဲ့နောက်ကို လိုက်လာကြတော့၊ ရန်ပိုင်ဆိုတာ ကျွန်တော်ပဲ"

"ကဲ ရန်ပိုင် ငါတို့သည်မှာ ဆက်နေလို့မဖြစ်တော့ဘူး။ တော်ကြာ ငါတို့ရောက်နေတာကို သိသွားကြရင် ပြဿနာကောင်းကောင်းတက်သွားနိုင်တယ်"

ဝဏ္ဏက သတိပေးလိုက်မှ လက်ငင်းအခြေအနေကို ချက်ချင်းပင်သဘောပေါက်သွားခဲ့ကြလေသည်။

"ဟုတ်တယ်၊ ကျွန်တော်တို့ အမြန်လစ်ကြမှဖြစ်မယ်"

"မှောင်စပြုလာပြီး တောထဲမှာမမြင်မကမ်းနဲ့ သွားနေကြရင်း ဟိုသတ္တဝါကောင်တွေက ထပ်ပြီးတော့ အန္တရာယ်ပေးနေကြဦးမယ်"

သာထူးကမြွေများကို ရွံမုန်းသူဖြစ်သည်။ နောက်ထပ်ပြန်ပြီးတော့ မဆုံချင်တော့။

"ဘယ်နေရာကပဲ သွားသွား၊ သည်အကောင်ရှည်ရှည်နဲ့ မတိုးဘဲနဲ့ နေမှာမဟုတ်ဘူး၊ သည်လိုပဲ ကြည့်ရှောင်ပြီးတော့ သွားရမှာပဲ"



မောင်ခွေးက အခြေအနေကို သုံးသပ်ပြီးတော့ ပြောလိုက်သည်။ မိမိတို့ ကယ်တင်လိုက်သောသူသည်လည်း အနားကိုရောက်နေပြီဖြစ်၍ မြွေကအရေးမကြီးနိုင်တော့ပေ။ ထို့ကြောင့် ထိုနေရာမှ အမြန်ဆုံးထွက်ခွာကြရန် ဆုံးဖြတ်ချက်ချလိုက်ကြလေ၏။ တောထဲသို့ ပြန်ပြီးတော့ ဝင်စပြုစဉ်မှာပင်။

"ဟိတ် ... ဟိုမှာ ဘယ်သူတွေလဲ"

လူတစ်ယောက်သည် အဆောက်အအုံထဲမှ ထွက်လာခဲ့သည်။ အခြားသူမဟုတ် ... ခင်ကြီးပင်တည်း။

"ဟာ ... ခင်ကြီးပဲ ... ငါတို့ကို တွေ့သွားပြီကွ"

"အစ်ကိုဝဏ္ဏ ... သူ့လက်ထဲမှာ သေနတ်နဲ့၊ မပြေးကြနဲ့ ... မီးစင်ကြည့်ကကြမယ်"

ခင်ကြီးသည် သူတို့ကိုသေနတ်နှင့် ထိုးချိန်ထားသည်။ သူ့အသံကြောင့် တပည့်များက အဆောက်အအုံထဲမှထွက်လာခဲ့ကြသည်။ ကျော်မင်းအပါအဝင် အားလုံးသုံးယောက်။

"ဟော့ကောင်တွေ ... တစ်ယောက်မှမပြေးကြနဲ့"

ရန်ပိုင်တို့က စကားမတုံ့ပြန်ကြဘဲ ရပ်နေကြသည်။ ထိုစဉ် မောင်ခွေးသည် အားလုံးထက်အမှောင်ရိပ်ထဲမှာ ပိုပြီးတော့ ရောက်နေ၍ မသိမသာနောက်ဆုတ်သွားသည်။ ခင်ကြီးတို့မရိပ်မိလိုက်ကြပေ။ ခင်ကြီးတစ်ယောက်ကလွဲပြီး အားလုံးသည် ဓားရှည်၊ ဓားမြှောင်များကို ကိုင်ဆောင်ထားကြသည်။

ခင်ကြီးသည် သေနတ်နှင့်ချိန်ကာ ရှေ့ကို တဖြည်းဖြည်းနှင့် တိုးလာခဲ့သည်။ သူ့လူသုံးယောက်သည်လည်း လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။

ရန်ပိုင်တို့၏ အနားကိုရောက်သောအခါ အမှတ်မထင် မြင်တွေ့လိုက်ရသော အခြေအနေကြောင့် အံ့အားသင့်သွားခဲ့ကြရလေသည်။ သူတို့ ဖမ်းလာခဲ့သော ရဲရင့်ကို သူနှင့်တူသော ရန်ပိုင်နှင့်အတူ ယှဉ်လျက်တွေ့လိုက်ကြရသောကြောင့်ပင်တည်း။

"ဟင် ... သည်ကောင့်ကို မြေတိုက်ခန်းထဲထည့်ထားတာ ဘယ်လိုလွတ်လာတာလဲ၊ မင်းကတော့ ဘယ်သူလဲ၊ ရန်ပိုင်လား, ရဲရင့်ဆိုတဲ့လူလား၊ မင်းတို့နှစ်ယောက်က ရုပ်ချင်းတူလှချည်လား"

ခင်ကြီးသည် အံ့အားသင့်လွန်း၍ အောင့်အည်းမနေနိုင်တော့ တရစပ်ပင်မေးချလိုက်လေသည်။ ထို့နောက် ဤလူများသည် မိမိတို့ရှိနေကြသော နေရာကိုအကြောင်းမဲ့ကြီး ရောက်လာခဲ့ကြခြင်းမဟုတ်။ မိမိတို့ဖမ်းလာသောသူနှင့်ပတ်သက်ပြီး ရောက်လာခဲ့ကြခြင်းပဲပါ။ သဘောပေါက်စပြုလာခဲ့လေသည်။

"ဟေ့ကောင် ခင်ကြီး ... ငါ ရန်ပိုင်ပဲ၊ မင်းတို့သည်လူကို ငါနဲ့မှားပြီးတော့ ခေါ်လာခဲ့ကြတာ"

ရန်ပိုင်ကပြောလိုက်တော့မှ သူ စောစောကတွေးထင်ခဲ့သည့်အတိုင်းပင် ဖြစ်နေကြောင်းသိလိုက်ရလေသည်။ ဤမျှလောက်ရုပ်ချင်းဆင်တူကြသူ နှစ်ယောက်ကို သူ အခုမှပဲ မြင်ဖူးတော့သည်။ ကျော်မင်းသည်လည်း သူတို့ခေါ်လာခဲ့သောသူမှာ ရန်ပိုင်မဟုတ်။ ရဲရင့်ဟုသာ သဘောလိုက်စပြုလာခဲ့လေသည်။ ခွဲမရအောင်ပင် တူလွန်းလှသည်။



"မင်းကို မြေတိုက်ခန်းထဲမှာ ထွက်ပေါက်မရှိအောင် ပိတ်ထားတာ၊ အန္တရာယ်အမျိုးမျိုးနဲ့ ကြုံတွေ့စေခဲ့တာတောင် မသေခဲ့ဘူး၊ ဘယ်လိုလွတ်လာနိုင်ခဲ့သလဲဆိုတာကိုလည်း ငါ သဘောမပေါက်တော့ဘူး၊ အဲ့သလို လွတ်အောင်ထွက်လာနိုင်ခဲ့တာ မင်းတစ်ယောက်တည်းပဲရှိတယ်"

ခင်ကြီးက ရဲရင့်ကိုမအောင့်အည်းနိုင်တော့ဘဲ ပြောလိုက်သည်။ သူ့စကားအတိုင်းဆိုလျှင် ဤမြေတိုက်ခန်းထဲတွင် သူ မကျေနပ်သောသူအချို့၏ အသက်ပေါင်းမည်မျှတို့ ဇီဝိန်ခြွေခဲ့ပြီးပြီနည်း။

"သည်မှာ ခင်ကြီး ... မင်းရဲ့ညီ ထင်ကြီးသေဆုံးခဲ့တာ သူ့ပယောဂနဲ့သူ၊ သူကအကောက်ကြံပြီး ငါ့ကို ဒုက္ခပေးခဲ့တာ၊ ငါတောင်မှသူ့ကြောင့် ဝဲကြီးထဲကိုကျသွားခဲ့ရတယ်၊ ငါ အန္တရာယ်ကလွတ်မြောက်လာခဲ့တာလည်း ငါ့ရဲ့ ကံတရားကြောင့်ပဲ၊ ငါ့ကြောင့် ထင်ကြီးသေရတယ်ဆိုတဲ့ တစ်ဖက်သတ်အတွေးမျိုးထားတာကတော့ မကောင်းဘူး ထင်တယ်"

"ဟေ့ကောင် ရန်ပိုင် ... ငါ့ညီသေတာ မင်းရဲ့ပယောဂ ကင်းတာတော့ အမှန်ပဲ၊ မင်းက သူ့ပစ္စည်းတွေကို ဆုံးရှုံးအောင်လုပ်ခဲ့တာကို သူက မကျေနပ်လို့ မင်းကိုရန်ရှာတာ ဆန်းသလား"

(ရန်ပိုင်သည် ထင်ကြီးက မော်တော်နှင့်လိုက်ပြီးရန်ရှာသည့်အကြောင်းကို သက်ဆိုင်ရာသို့တင်ပြခဲ့ပြီးဖြစ်သည်)

"ဒါကတော့ မင်းရဲ့ညီက ဥပဒေနဲ့ မလွတ်ကင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေကိုတင်လာခဲ့တာကိုးကွ၊ ငါ့မော်တော်ကို အသုံးပြု ရင် ငါ့စည်းကမ်းကိုလိုက်နာရမှာပဲ''

''ဘာပဲဖြစ်ဖြစ် ငါ့ညီသေတာ မင်းကြောင့်ပဲ၊ အဲသည် တော့ မင်းကို ငါသင်ခန်းစာကောင်းကောင်းပေးရမယ်၊ ရန်ပိုင် ကလွဲပြီး မဆိုင်တဲ့လူတွေ ပြန်ကြတော့၊ ရန်ပိုင် . . . မင်းကတော့ နေခဲ့ရလိမ့်မယ်''

''ငါက ဘာဆိုင်လို့ သည်မှာနေခဲ့ရမှာလဲကွ၊ မင်းက သည်လူကိုလည်း မတရားဖမ်းဆီးပြီး သေတွင်းထဲပို့ခဲ့တယ် အခု ငါကမင်းကို အတန်တန်ရှင်းပြနေတဲ့ ကြားထဲက နားမဝင် ဘူး၊ မင်းက ငါ့လူတွေကို ပြန်လွှတ်တယ်ဆိုတာကိုလည်း ယုံ မှာလား၊ သူတို့ရဲ့ အသက်ကိုမင်းက ရန်မရှာပါဘူး ပြောနိုင် လို့လား၊ ငါကတော့ မယုံဘူး''

''အေး . . . ဟုတ်တယ်၊ ငါလျှို့ဝှက်ပြီးတော့နေတဲ့နေရာ ကို မင်းတို့သိသွားကြပြီ၊ အသက်ရှင်လျက်နဲ့တော့ ပြန်ခွင့်မပေး နိုင်တော့ဘူး၊ အားလုံးကို ရှင်းပစ်မှာ၊ မင်းက အရင်ရှေ့ကသွား ရမယ် . . . . ကဲ''

ခင်ကြီးသည် ရန်ပိုင်ကိုသေနတ်နှင့် ထိုးချိန်လိုက်သည် ထိုစဉ် ခဲသုံးလေးလုံးသည် လေထဲမှာဆက်တိုက် လွင့်လာခဲ့ကြ ပြီး . . .

'ဒေါက်'

''အား''

■ ■ ■

# [၁၆]

## ပျောက်နေသော ဝှက်ကျွန်း

ခင်ကြီး၏သေနတ်ကိုင်သော လက်ကိုလာမှန်သည်။ နောက်တစ်လုံးက နောက်စေ့ကိုလာမှန်လေသည်။

''အား''

နာကျင်သောဝေဒနာကို ခံစားလိုက်ရသည်။ သေနတ် သည်း လွတ်ကျသွားခဲ့လေသည်။ မောင်ခွေး၏ လက်ချက်မှန်း သိလိုက်ကြသည်။ ခင်ကြီးသည် နာကျင်သောဝေဒနာကြောင့် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားကာ ဒူးထောက်ကျသွားခဲ့ရသည်။ ခင်ကြီး၏လူများက သူ့ဆရာဆီကို အာရုံရောက်သွားကြသည်။ သင်းကိုအခွင့်ကောင်းယူ၍ ရန်ပိုင်၊ ဝဏ္ဏနှင့်သာထူးတို့သည် ပြေးဝင်သွားခဲ့ကြသည်။

'ခွပ်'

'ဖြောင်း'

''အား''

တိုက်ခိုက်မှုများက ထွက်ပေါ်လာခဲ့ကြသည်။ အငိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ကြသည်ဖြစ်၍ ချက်ချင်းပြန်ပြီးတော့ မတိုက်နိုက်နိုင်ကြ။ ရန်ပိုင်သည် ကျော်မင်းကို လက်သီးတစ်လုံးပစ်ကျွေးလိုက်သည်။

'ခွပ်'

''အွတ်''

ဒူးကပါ အရိုက်ဆီဝင်သွားခဲ့လေ၏။ ကျန်နှစ်ယောက်ကိုတော့ ဝဏ္ဏနှင့်သာထူးတို့က လက်သီးချပ်ပြင်းပြင်းတစ်ချက်စီပေး၍ မေ့ဆေးပစ်လိုက်ကြသည်။ လူပုံပန်းတွေက ကြမ်းတမ်းကြသယောင်နှင့် ခံနိုင်ရည်မရှိကြ။

ရဲရင့်သည်ပင် ဘာမှဝင်မလုပ်လိုက်ရ၊ ပွဲက မြန်သွားသည်။

ရန်ပိုင်သည် ကျော်မင်းကို ကုပ်မှဆွဲထူလိုက်ကာ

''ဟေ့ကောင် ... ငါတို့ သည်ဘက်ကနေ တက်လာကြတော့ အခုအဲသည်ကိုပြန်သွားမယ်၊ အန္တရာယ်ကင်းမယ့်နေရာက ခေါ်သွားစမ်း''

ကျော်မင်းက လက်မခံဘဲ ကန်တန်တန်လုပ်နေသေးသည်။ ထို့ကြောင့် လက်သီးတစ်လုံးထပ်ကျွေးလိုက်ရသည်။

'ခွပ်'

''အား''

''ဘယ်နေရာလဲ လက်ဆောင်တစ်လုံးထပ်ယူဦးမလား''

''မ ... မလုပ်ပါနဲ့ ... ပို့ ... ပို့ပေးပါ့မယ်''

ကျော်မင်းက လက်ကာကာနှင့် ပြောသည်။ ဝဏ္ဏသည် ထင်ကြီး၏ သေနတ်ကိုယူပြီး အဝေးကိုလွှတ်ပစ်လိုက်သည်။



မောင်ခွေးသည် အဆောက်အအုံထဲကို ဝင်သွားသည်။ ပြန်ထွက်လာတော့ ငါးတောင့်ထိုးလက်နှိပ်ဓာတ်မီးကြီးနှစ်လက်ပါလာခဲ့သည်။ ခင်ကြီးကတော့ မေ့ကောင်းနေဆဲ။

မကြာမီ ...

ကျော်မင်း၏ ရှေ့ဆောင်မှုဖြင့် တောထဲကိုပြန်ပြီးတော့ ဝင်လာခဲ့ကြသည်။

''ကိုရဲရင့် ... ခင်ဗျားလျှောက်နိုင်ရဲ့လား''

''ရပါတယ် ... ကျွန်တော် အခြေအနေမဆိုးပါဘူး''

ဝဏ္ဏက ကျော်မင်း၏နောက်ကလိုက်သည်။ သူ့လက်ထဲမှ ငါးတောင့်ထိုးဓာတ်မီးက အားကောင်းလှသည်။ မောင်ခွေးကလည်း နောက်ကနေ လက်နှိပ်ဓာတ်မီးတစ်လက်နှင့် ခြေလှမ်းတွေက သွက်သွက်နှင့်။

ထိုစဉ် ...

မီးရောင်အောက်မှာ မြွေတွေက ဟိုဖြတ်ပြေး၊ သည်ဖြတ်ပြေးကြနှင့် သတိကြီးစွာထားနေကြရသည်။ မောင်ခွေးက သစ်ကိုင်းပေါ်ကို မီးထိုးကြည့်သည်။ သစ်ကိုင်းတွေမှာ ရစ်ပတ်နေသော မြွေတွေ။

''ကျော်မင်း ... ငါတို့ကို မဟုတ်မဟက်လမ်းကနေ ခေါ်လာသလား''

''မဟုတ်ပါဘူး ... သည်လမ်းက မြွေအနည်းဆုံးပါ။ ကျွန်းရဲ့တစ်နေရာမှာ မြွေသိုက်တွင်းကြီးတောင်ရှိတယ်၊ ဒါအသက်သာဆုံး လမ်းပဲ၊ တစ်ကောင်နှစ်ကောင်လောက်တော့

www.burmeseclassic.com

www.burmeseclassic.com


တွေ့ရမှာပဲ''

သူပြောသည့်အတိုင်း တစ်ကောင်နှစ်ကောင်တော့ မက ပါ။ ကျိုးတိုးကျဲတဲကတော့ မကြာခဏတွေ့နေရသေးသည်။ အလာတုန်းကလိုအနှောင့်အယှက်ကမများ။ စိတ်ထဲမှာတော့ မိမိ တို့နှစ်ယောက် မျက်နှာရော၊ ကိုယ်လုံးကိုယ်ပေါက်ရော တူနေကြ သည့်အတွက် အံ့အားသင့်မဆုံးဖြစ်နေမိသည်။

ရဲရင့်တွေးနေသလို ရန်ပိုင့်အတွေးကလည်း ထိုနည်း တူစွာပင် တစ်ပြိုင်တည်းလိုလို။

''ငါရဲ့မထင်မှတ်ဘဲပေါ်လာတဲ့ အတွေးထဲမှာ အိပ်မက် ထဲမှာ မကြာခဏရောက်လာတာ သည်လူအမှန်ဖြစ်နေပါလား''

ထိုစဉ် . . .

ကမ်းစပ်ကိုရောက်လာခဲ့ကြသည်ဖြစ်၍ အတွေးက ပြတ် သွားခဲ့သည်။ မိမိတို့ သင်္ဘောထားခဲ့သည့်နေရာကို မနည်းရှာ ယူရသည်။ ကိုက်ငါးဆယ်အကွာလောက်မှာ တွေ့လိုက်ရသည်။

''ကဲ ကျော်မင်း . . . ငါတို့ မင်းကို ပြန်လွှတ်ပေးလိုက် မယ်၊ အေးအေးဆေးဆေးသာ ပြန်သွား၊ မင်းတို့ဆရာတပည့်တွေ သည့်အချိုးအတိုင်းသာ ဆက်ပြီးရှိနေဦးမယ်ဆိုရင် ရှေ့အလာ အလာ မကောင်းဘူးကွ . . . ပြန်တော့''

ကျော်မင်းသည် ရန်ပိုင်ကို စူးရဲသောအကြည့်နှင့်နေပြီး မှ ချာခနဲလှည့်ထွက်သွားခဲ့သည်။ ကျေနပ်ပုံတော့မပေါ်။ အား တန်မာန်လျှော့ရသည့် အခြေအနေမျိုး။

''ကဲ ကိုရဲရင့် . . . တက် . . . ခင်ဗျားလည်း တစ်ကိုယ်

လုံး ရွှဲနေပြီ''

အအေးဓာတ်က သိသာစွာပင် အားလုံးအပေါ်မှာ သက် ရောက်လာခဲ့သည်။ ရေအောက်မှာ တာရှည်နေခဲ့ရသော ရဲရင့် အတွက် ခံစားမှုက မည်မျှအခံရခက်နေမလဲဆိုသည်ကို စာနာ ကြသည်။

''ထင်ကြီးက စိတ်မချရဘူး၊ ငါတို့ရဲ့ နောက်ကိုတစ် နည်းနည်းနဲ့ လိုက်လာမှာကျိန်းသေတယ်၊ အမြန်လစ်ကြစို့''

ဝဏ္ဏက သတိပေးလိုက်သည်။ ထို့နောက် နေရာမှ က်ချင်းပင် မောင်းထွက်လာခဲ့ကြလေသည်။

'ဝူး ဝေါ ဝေါ'

အေးစိမ့်သောလေ၏ အထိအတွေ့ကို ချက်ချင်းပင်ခံစား လိုက်ကြရသည်။ ရန်ပိုင်သည် မော်တော်ထဲရှိ အဝတ်အစား ထုတ်ကိုယူလာကာ . . .

''ကိုရဲရင့် . . . ဟောသည်အဝတ်အစားတွေကို လဲလိုက် ပါ ကိုယ်ပေါ်က အဝတ်ရေစိုကြီးနဲ့ဆိုရင် သက်သာမှာမဟုတ် ဘူး''

''အေးဗျာ . . . ကျေးဇူးပဲ''

ရဲရင့်သည် ဟန်မဆောင်နိုင်တော့ဘဲ အဝတ်အစားများ ကိုလည်း ဝတ်လိုက်လေသည်။ ရန်ပိုင်က သူ့အနွေးထည်ထူထူ ကြီးကို ချွတ်ပြီးပေးလိုက်သည်။

''ဒါကိုပါ ထပ်ဝတ်ထား''

''ရပါတယ်ဗျ''

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်ကို အားမနာနဲ့၊ ဒါလောက်အအေးဒဏ်ကို ကျွန်တော်က မှုတာမဟုတ်ဘူး"

ရဲရင့်သည် အံ့အားတသင့်နှင့် ရန်ပိုင့်ကိုကြည့်လိုက်သည်။ မမှောင်တမှောင် မလင်းတစ်ဖုံ၊ လင်းတစ်ဖုံကာလသို့ တစ်ယောက်မျက်နှာတစ်ယောက် သဲကွဲစွာမမြင်ရနိုင်။

"အေးဗျာ . . . သူတို့က ခင်ဗျားကို ကျွန်တော်နဲ့မှားပြီး တော့ ဖမ်းလာခဲ့ကြတာ စိတ်မကောင်းဘူး။ ကံကောင်းလို့ပေါ့ဗျာ . . . သေကံမရောက်ခဲ့တာ"

"စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ၊ ခင်ဗျားနဲ့ ကျွန်တော်က လည်း ဒါလောက်အထိ တူနေမှတော့ မှားကြပြီပေါ့၊ ကျွန်တော် ဘယ်လိုပဲ ရှင်းပြရှင်းပြ သူတို့မယုံကြတာလည်း အဆိုးမဆိုနိုင် ဘူး"

ရဲရင့်က ဖြေသိမ့်စကားပြောသည်။

"ခင်ဗျားတို့နှစ်ယောက်က မျက်နှာချင်းတူရုံသာမက ဘူး . . . အသံပါ တူနေကြတာဗျ၊ ကျွန်တော်ကတော့ ထူးဆန်း တယ်လို့ထင်နေပေမယ့် စိတ်ထဲမှာ အကြောင်းတစ်ခုခု နှယ် ယှက်နေလိမ့်မယ်လို့ ထင်တယ်"

ဘာဖြစ်လို့လဲဆိုတော့ ရန်ပိုင်ကလည်း ခင်ဗျားကိုမကြာ ခဏ အိပ်မက်မက်တယ်၊ တစ်ခါတလေ သွားလာနေရင်း အာရုံထဲမှာ တဒင်္ဂနစ်မျောသွားပြီး ခင်ဗျားကို သူမြင်ရတာ မဆန်းဘူးလား၊

ဝဏ္ဏက မအောင့်အည်းနိုင်တော့ဘဲ အကျိုးအကြောင်း



ပြောပြလိုက်သည်။

"ဒါဆိုရင် ကျွန်တော်လည်း ကိုရန်ပိုင်လိုပဲ ဖြစ်တတ် ခဲ့တာပဲဗျို့၊ ငယ်ငယ်ကလေးကတည်း ခင်ဗျားကို အိပ်မက်ထဲ မှာ မကြာခဏမြင်ဖူးနေခဲ့တာ၊ ဒါနဲ့ ဗိုက်တွေဘာတွေအောင့် တတ်သေးသလား"

"ကျွန်တော်က အစာအိမ်နဲ့ ပတ်သက်တဲ့ရောဂါဖြစ်ဖူး တယ်ဗျ၊ အဲ့သည်လိုအောင့်တက်လာရင် တော်တော်ခံစားရ တယ်၊ ခုတော့ ပျောက်သွားပါပြီ၊ ဒါနဲ့ ဘာဖြစ်လို့မေးတာလဲ"

"အင်း . . . ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က သည် ရောဂါမရှိဘဲနဲ့ တစ်ခါတလေမှာ အစာအိမ်ရောဂါထသလို အောင့်တတ်တယ်၊ အဲသလိုဖြစ်ရင်လည်း စတာပါပဲ၊ မကြာခင် မှာပဲ ဝေဒနာက ယူပစ်လိုက်သလိုပျောက်သွားရော"

"ဟင် . . . ဟုတ်လား၊ ကျွန်တော် ဖြစ်သလို ခင်ဗျား လိုက်ဖြစ်တာပေါ့၊ ထူးဆန်းလိုက်တာ"

နှစ်ယောက်စလုံး တစ်ယောက်အကြောင်းတစ်ယောက် ဖော်ကာ မယုံကြည်နိုင်အောင် ဖြစ်နေကြရသည်။

"ပြီးတော့ တစ်ရက်မှာ ကျွန်တော် ခင်ဗျားကိုအတွင်း မနောစိတ်ထဲမှာ မြင်တွေ့လိုက်ရတယ်၊ ဝဲကြီးထဲမှာနစ်နေတယ်"

"ဟင် . . . အဲသလိုမြင်နေရတယ် . . . ဟုတ်လား၊ ဟုတ်တယ် . . . ကျွန်တော် ဘဝပြန်မလာဝဲကြီးထဲကို ကျသွားခဲ့ တာ ကံကောင်းလို့ အသက်မသေဘဲ ပြန်ပြီးတော့ လွတ်မြောက် လာခဲ့တာ၊ ဖြစ်ခဲ့တာက မကြာသေးဘူး၊ ကျွန်တော်တို့နှစ်

www.burmeseclassic.com



ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုပတ်သက်နေကြသလဲ၊ လျှို့ဝှက်နက်နဲတဲ့ အကြောင်းတစ်ခုကတော့ ရှိနေပြီ ကျွန်တော်ကလည်း ခင်ဗျားကို ဆရာဝန်တစ်ယောက်အနေနဲ့ သိထားနေတာကြာပြီ . . . ဒါလည်း အာရုံထဲမှာ ပေါ်လာတာကြောင့်ပါ''

တစ်ထိုင်တည်းနဲ့ ကုန်အောင်ပြောနိုင်သော စကားများမဟုတ်ကြ။ သူတို့ပြောနေကြသည်ကား . . . နှစ်ပေါင်းများစွာရင်း နှီးလာခဲ့ကြသူများလိုပင်။

ထိုစဉ် . . .

သာထူး၏ အသံကိုကြားလိုက်ကြရသည်။

''နောက်က မော်တော်တစ်စီးလိုက်လာတယ်''

မိုးစုတ်စုတ်ချုပ်လာပြီမို့ ရေပြင်ကို နက်မှောင်သောအသွင်နှင့်သာ မြင်တွေ့နေကြရသည်။ နောက်ကိုလှည့်ကြည့်လိုက်ကြသောအခါ ဘာကိုမှမမြင်ရနိုင်။ ပိန်းပိတ်အောင်မှောင်နေသည်မဟုတ်သော်လည်း မည်းမည်းရိပ်ရိပ်သဏ္ဌာန်လောက်ကိုတော့ မြင်နိုင်လိမ့်မည်ဟုယူဆရသည်။ မိမိတို့၏ မော်တော်စက်သံကသာ ဝန်းကျင်ကို ပျံ့နှံ့နေသည်။ သာထူးသည် နောက်က မော်တော်တစ်စီးလိုက်လာခဲ့သည်ကို မည်သို့သိနေပါသလဲ။ နား တစ်ဖက်ကို နောက်သို့လှည့်စေပြီး စွင့်ထားသောကြောင့်ပင်ဖြစ်သည်။ မည်သည့်နေရာမှာပဲဖြစ်ဖြစ်၊ ဤကဲ့သို့ အလေ့အကျင့်မျိုးက ရှိနေသည်။ ထို့ကြောင့် နောက်မှမော်တော်တစ်စီး၏ စက်သံကို ကြားလိုက်ရခြင်းပဲဖြစ်သည်။

---



လေကြောင်းသင့်လာသောအခါ မော်တော်စက်သံကို အားလုံးကကြားလာခဲ့ကြရလေသည်။

''တခြားမော်တော်တစ်စီးလား၊ ဒါမှမဟုတ် ငါတို့ နောက်က တမင်လိုက်လာတဲ့ တစ်စီးစီးပဲလား''

ဝဏ္ဏက မော်တော်ကို စောင့်နေရင်းမေးလိုက်သည်။

''အသံပဲကြားနေရသေးတယ် . . . မမြင်ရသေးဘူး''

''ရန်ပိုင် . . . ခင်ကြီးတို့ လိုက်လာကြတာလည်းဖြစ်နိုင်တယ်ကွ၊ ငါ လမ်းကြောင်းပြောင်းလိုက်မယ်''

''လုပ်လိုက်လေ . . . အခုအချိန်မှာ သည်ကောင်တွေကို ရှောင်နိုင်ရင် အကောင်းဆုံးပဲ''

ဝဏ္ဏသည် မော်တော်လမ်းကြောင်း ပြောင်းလိုက်သည်။ မီးမဖွင့်ပဲ သည်အတိုင်းမောင်းသည်။ နောက်မှလိုက်လာသော မော်တော်ကို မြင်လိုက်ရလေပြီ။ သူလည်း မီးမဖွင့်ဘဲ သည်အတိုင်း လိုက်လာခြင်းပဲဖြစ်သည်။

လမ်းကြောင်းပြောင်းကာမောင်းသွားသော ဝဏ္ဏ၏ မော်တော်နောက်ကို တန်းပြီးတော့ လိုက်လာသည်။

''ကျိန်းသေပြီ . . . ခင်ကြီးတို့လိုက်လာကြတာပဲ''

ရန်ပိုင်က အကဲခတ်ပြီးတော့ မှတ်ချက်ချလိုက်သည်။ အားလုံးသတိထားပြီးနေကြရသည်။ သူတို့မှာ သေနတ်များပါလာနိုင်သည် မဟုတ်ပါလား။

''သည်မော်တော်ကို မျက်ခြည်ဖြတ်ပြီး တစ်နေရာရာမှာ နေမှဖြစ်မယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... အဲသည်အတိုင်း လုပ်ရမှရတော့မယ်"

မထူးတော့ပြီဖြစ်၍ စက်ရှိန်ကို မြှင့်လိုက်သည်။ မော်တော်သည် အနောက်မြောက်ဘက်ကို ဦးတည်ပြီးတော့ မော နေသည်။ အပြန်လမ်းကို တစ်ပတ်ရစ်ကြီးကွေ့ကာ မောင်း မည်ဖြစ်သည်။

နောက်က မော်တော်ကလည်း ထက်ကြပ်မကွာ လိုက်လာသည်။ သိပ်မဝေးတော့ပြီ။ ရန်ပိုင်သည် ထင်ကြီး သူတို့မော်တော်နောက်ကို လိုက်ခဲ့စဉ်က အခြေအနေကို တွေး သွားသည်။ ဘဝပြန်မလာဝဲကြီးနှင့် ပက်ပင်းတိုးခဲ့ရသည်။ ကောင်းထောက်မ၍သာ သေတွင်းထဲကပြန်ပြီးတော့ လွတ် မြောက်လာခဲ့သည်။ ထင်ကြီးနှင့် သူလူများကတော့ သေကျွန်း ခဲ့ကြသည်။ ယခုလည်း ...

မိမိတို့၏ မော်တော်နောက်ကို ခင်ကြီးကလိုက်နေသည် ယခင်ကြုံတွေ့ခဲ့ရသော အခြေအနေအတိုင်းပင် ဘာတွေဖြစ် လာလိမ့်ဦးမလဲဟု စိတ်ထဲမှာ အလိုမကျကြီးဖြစ်သွားခဲ့ရသည် တိုက်ဆိုင်လွန်းနေသည်။

"ဟေ့ကောင်တွေ ... မင်းတို့ ငါ့လက်က ပြေးမလွတ် ကြပါဘူးကွ၊ ငါ့နေရာကို သိသွားကြတဲ့ကောင်တွေ မင်း အသက်ရှင်လျက်နဲ့ ဘယ်တော့မှ ပြန်မသွားစေရဘူး၊ နာနာဘာ အဖြစ်နဲ့သာ ပြန်သွားစေရမယ်ကွ ... ဟား ဟား ဟား ဟား"

ခင်ကြီးသည် နောက်မှ အော်ဟစ်ခြိမ်းခြောက်ကာ လိုက် လာခဲ့သည်။

"သည်လူ ခဲနှစ်လုံးစာမီထားတာတောင် လိုက်လာနိုင်သေးတယ်"

မောင်ခွေးက ခင်ကြီးကို အံ့အားသင့်သွားခဲ့လေသည်။ မော်တော်ခေါင်းမှာသည့်လူပဲဟု စိတ်ပျက်သွားမိသည်။ သူတို့နောက်ကို လိုက်လာနိုင်လိမ့်မည်ဟု မထင်မိ။

ဝဏ္ဏသည် အနီးဆုံးကျွန်းတစ်ခုမှာ မော်တော်ကို ကပ်လိုက်မည်ဟု ဆုံးဖြတ်ထားမိသော်လည်း မည်သည့်အကြောင်းကြောင့်လဲမသိ။ ဒိုးလိုမျှော်၊ ရေလိုနောက်ကာသွားလာနေခဲ့သည်မှာ ကြာခဲ့လေပြီ။ ညဘက်လည်း သွားလာခဲ့ဖူးသည်မှာ အကြိမ်ကြိမ်ပင်။ ယခုဘာကြောင့် ဤကျွန်းကိုမတွေ့ရတာလဲ။ စိတ်ထဲမှာမကျေမနပ်ဖြစ်မိသည်။

"ရန်ပိုင်ရေ ... ငါတော့ ငှက်ကျွန်းကိုရှာမတွေ့ဘူးကွ၊ ဒီသည်နားမှာပဲ ရှိနေတာ"

"ဟုတ်တယ်၊ အစ်ကိုဝဏ္ဏ ကျွန်တော်လည်းကြည့်နေတာပဲ၊ ရှာမတွေ့ဘူး၊ ဘယ်လိုဖြစ်တာပါလိမ့်"

ရန်ပိုင်လည်း အံ့အားသင့်နေမိသည်။ ငှက်ကျွန်းသည် တံခိုစရာ အကောင်းဆုံးနေရာ၊ အခုနေဝင်ပြီး ကပ်လိုက်လျှင် ခင်ကြီးတို့သိလိုက်ကြမှာမဟုတ်။ သို့သော် သူတို့သိနေသော ငှက်ကျွန်းကို ရှာ၍မတွေ့သည်မှာ အံ့ဩစရာကောင်းနေသည်။ ငှက်ကျွန်းသည် အမည်နှင့်လိုက်အောင် ငှက်များပေါသည်။ အိပ်တန်းတက်ကြချိန်ဆိုလျှင် ကျေးငှက်သံများက စီစီညံလျက်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။ ယင်းအသံများကို အဝေးကပင်ကြားနိုင်သည်

မိမိတို့ မော်တော်သည် ငှက်ကျွန်းကို ကျော်လာခဲ့သ
တိုင်အောင် ယခုလိုအိပ်တန်းတက်ချိန်မှာ ကျေးငှက်သံမျာ
တော့ ကြားနေရပေမည်။ ယခုတော့ ငှက်ကျွန်းတစ်ကျွန်း
ပျောက်ကွယ်နေခဲ့သည်။ ရေပြင်သည် မာယာများသည် လှ
စားတတ်သည်။ မိမိတို့လည်း လှည့်စားခံလိုက်ရပြီလား၊

သို့ရှိနိုက် ...

'ဒိုင်း'

သေနတ်သံတစ်ချက် ထွက်ပေါ်လာသည်။ သူတို့အ
လုံး၏ခေါင်းပေါ်မှ ရှီရှီခနဲဆိုအော်မြည်ကာ ကျည်ဆန်က ဖြ
သန်းသွားသည်။

''ဟ ... ပစ်ပြီဟေ့၊ ထိကုန်ကြလိမ့်မယ် .. ဝပ်နေကြ

ဝဏ္ဏက သတိပေးလိုက်သည်။ ခြောက်လှန့်ပြီးတေ
ပစ်လိုက်သည်ပဲလား၊ လွဲချော်သွားခဲ့သည်ပဲလား။ ခင်ကြီး
လက်ချက်ဖြစ်ဟန်တူသည်။

'ဒိုင်း'

နောက်တစ်ချက်က မော်တော်ဘေးမှ ကျော်ဖြတ်သ
သည်။ ကျည်ဆန်သည် ရေထဲကိုကျသွား၏။

''သည်ကောင် မှန်းပြီးပစ်နေတာကွ၊ ဆိတိုင်ကီ
ထိသွားရင် ပြဿနာတက်ကုန်လိမ့်မယ်''

''တောက် ... ဝေးနေလို့ပေါ့ကွာ၊ နီးလို့ကတော့ န
ဖက်လုံးပစ်လိုက်မယ်''



သာထူးက ကြိမ်းဝါးလိုက်သည်။ ဝဏ္ဏသည် စက်ရှိန်ကို
မြှင့်ကာ မောင်းလိုက်သည်။

'ဂူး ဂူး ဝေါ ဝေါ ဝေါ'

ရန်ပိုင်တို့မော်တော်က အရှိန်မြှင့်ပြီးတော့ မောင်းသွား
သောအခါ ခင်ကြီးတို့၏မော်တော်ကလည်း တစ်ရှိန်ထိုးပင် လိုက်
လာခဲ့လေသည်။

'ဒိုင်း .. ဒိုင်း'

နောက်မှနေ၍ တဒိုင်းဒိုင်းနှင့်ပင်ခဲဟဲနေသည်။ ကျည်
ဆန်သည် ချော်ချက်ပြီးတစ်ယောက်ယောက်ကိုသော်လည်း
ကောင်း၊ မော်တော်ကိုသော်လည်းကောင်း ထိမှန်သွားနိုင်သည်။
သို့ကြောင့် ဝဏ္ဏသည် မော်တော်ကိုကွေ့ကောက်ပြီးတော့ မောင်း
လေတော့သည်။ သည်လိုနှင့် ခင်ကြီးတို့၏မော်တော်နှင့် အ
ဆက်ပြတ်သွားခဲ့လေသည်။

သူတို့မော်တော်သည် မည်သည့်နေရာကို ရောက်လာ
မှန်းမသိတော့။ သို့သော် ရှေ့တွင်မြင်ကွင်းက တစ်မျိုးတစ်ဖုံ
ပြောင်းလဲသွားခဲ့လေသည်။

▣ ▣ ▣

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

## ပင်လယ်အူသံ

ရေပြင်သည် မည်းညစ်ညစ်အရောင်သန်းနေရာက တဖြည်းဖြည်းနှင့် အလင်းရောင်များတောက်ပလာသည်။ မြ လိုလို၊ မီးခိုးငွေ့လိုလိုအရာများသည် ရေပြင်ကို အုပ်ဆိုင်းလျက် ရှိနေကြသည်။ ပြာလဲ့လဲ့အလင်းရောင်ထဲမှာ အခိုးအငွေ့တွေက လွင့်လူးလှုပ်ရှားလျက် ရှေ့မှာ ရုတ်တရက်ပေါ်လာသော ထူ ခြားမှုကြောင့် အားလုံးက အံ့အားသင့်သွားခဲ့ကြလေသည်။

"ဘာလဲ အစ်ကိုဝဏ္ဏ . . . သည်နေရာက ဘာလဲ"

"အေးကွာ . . . တော်တော့်ကို ထူးဆန်းတာပဲ"

"ရှေ့မှာ ဘာရှိမယ်မှန်း မသိဘူး၊ မောတော်ကို တ နေရာဆီ မောင်းထွက်သွားရင်ကောင်းမယ်"

ရန်ပိုင်ကပြောလိုက်သည်။ ဝဏ္ဏလည်း ကြောင်တ တက်ဖြစ်နေရာက သတိရသွားပြီး မော်တော်ကို လမ်းကြော ထပ်ပြောင်းမည်အပြု၊

"ဟိုမှာ ကြည့်စမ်း"





မောင်ခွေး၏ အသံကို ကြားလိုက်ရသည်။ သူတို့၏ အနောက်မှ လိမ့်လိမ့်၍တက်လာနေကြသော မီးခိုးလုံးကြီးများ ကို တွေ့လိုက်ကြရသည်။ ရေပြင်အောက်မှ ထူးဆန်းစွာထွက် ပေါ်နေသော အပြာရောင်အလင်းထဲမှာ မြူလုံးကြီးလိုလို မီးခိုး လုံးကြီးလိုလို အရာကြီးများသည် သူတို့နောက်ကို လျင်မြန်သော အဟုန်နှင့်ပြေးလိုက်လာနေကြသည်။ ဘေးနှစ်ဖက်ကလည်း ပန်း ပြီးတော့ တက်လာခဲ့ကြလေသည်။

"ဟာ . . . ဘာဖြစ်တာလဲ . . . ဘာတွေလဲ"

"ဟာ . . . ဘာဖြစ်တာလဲ . . . ဘာတွေလဲ"

သာထူးက တအံ့တသြနှင့် ပြောလိုက်ရာ ချက်ချင်းမှာ ပင် ထိုအသံက ပဲ့တင်သံအဖြစ်ပြန်လာသည်။ ယင်း အသံတစ် ခုတည်းနှင့်ပင် မရပ်မနားထပ်ကာ ထပ်ကာနေသော ပဲ့တင်သံ များက ချောက်ချားစရာကောင်းနေပေတော့သည်။ ထိုအခါကျ မှ သူတို့ကြားဖူးထားခဲ့သော စကားကိုပြန်ပြီးတော့ သတိရသွား ခဲ့ကြလေသည်။

"အစ်ကိုဝဏ္ဏ . . . ဒါ . . . ဒါဟာ ပင်လယ်အူသံလို့ခေါ် ကြတယ်မဟုတ်လား"

"ဟုတ်လိမ့်မယ် ထင်တယ်၊ ငါလည်း တစ်ခါမှအတွေ့ အကြုံမရှိခဲ့ဖူးဘူးလေ၊ အသံတွေက ချောက်ချားစရာလည်း ကောင်းတယ်၊ အော့ဂလီဆံစရာလည်း ကောင်းတယ်"

မော်တော်ထဲမှာပါလာကြသော ရဲရင့်၊ သာထူးနှင့်မောင် ခွေးတို့သည်လည်း ဖြစ်ပေါ်လာသော အခြေအနေကို နားလည်



www.burmeseclassic.com

www.burmeseclassic.com


နိုင်အောင်ပင် ရှိနေကြရသည်။ မည်သူမှလည်း မကြုံဖူးကြပေ။ ဝဏ္ဏနှင့် ရဲရင့်တို့ပြောလိုက်ကြသည့် စကားများသည်လည်း ပဲ့တင်သံအဖြင့် ပြန်ပြီးတော့လာခဲ့လေသည်။ ဆက်တိုက်ပင် ထပ်မနားရိုက်ခတ်လျက်ရှိသော စကားပဲ့တင်သံများ။

တဖွားဖွားနှင့် လိမ့်ကာ လိမ့်ကာ တက်လာနေကြသော မြူလုံးကြီးတွေကလည်း ရေပြင်ပေါ်မှာအပြေးသွားနေသော မော်တော်ကိုပင် ဖုံးလွှမ်းသွားခဲ့လေသည်။ ထူးဆန်းသော ပြာလဲ့လဲ့အလင်းရောင်နှင့် ယင်းမြူခိုးလုံးကြီးများသည် လုံးထွေးလျက်ရှိနေကြသည်။

နောက်မှ လိုက်လာသော ခင်ကြီးတို့၏မော်တော်သံကိုမကြားရ၊ သူတို့လည်း ဘယ်ရောက်သွားကြပြီလဲ မသိတော့။

"ရန်ပိုင် ငါမော်တော်ကို သတိထားပြီးတော့သာ မောင်းနေရတယ်၊ ဘယ်ကိုသွားနေမှန်းလည်း မသိတော့ဘူး"

"ရောက်ရာပေါက်ရာပေါ့ဗျာ၊ ဘာတတ်နိုင်မှာလဲ"

ရဲရင့်၊ ဝဏ္ဏနှင့် မောင်ခွေးတို့သည် မော်တော်ရှေ့ကိုစုပြုံပြီးတော့ ရောက်လာကြသည်။ မော်တော်ကိုလည်း မှန်မှန်သာမောင်းရဲတော့သည်။ မြူတောထဲမှာ ဖြတ်သန်းသွားနေစဉ်ကန့်နံ့လိုလို၊ အက်ဆစ်နံ့လိုလို ရနေကြသည်။ ရွေ့လျားနေကြသော မြူလုံးကြီးများသည် အသွင်အမျိုးမျိုး ပြောင်းလဲနေကြသည်။ လူလိုလို၊ တိရစ္ဆာန်လိုလို၊ ပုံရိပ်သဏ္ဌာန်များက မော်တော်အနားမှ ကျော်ဖြတ်သွားကြသည်။ အားလုံးသော သဏ္ဌာန်များသည်။ မသတိစရာ လက်မခံနိုင်စရာများပင်တည်း။ ရှုံ့ရှာစက်ဆုပ်စရာများပင်တည်း။

ထိုအနံ့အသက်တစ်မျိုးကို ရှူရှိုက်မိကြပြီးကာမှ စိတ်ထဲတွင် မြင်မြင်သမျှကို ထင်ယောင်ထင်မှားဖြစ်လာကြခြင်းပင်။ နားထဲမှာလည်း မသဲကွဲသောအသံများလား တစ်မျိုးပြီးတစ်မျိုး အော်ဟစ်ပြီး တဖြည်းဖြည်းနှင့်ဝေးသွားကြသလို။

"ကျွန်တော်တို့အားလုံး စိတ်ကိုပြောင်းလဲစေတဲ့ ဓာတ်ငွေ့တစ်မျိုးကို ရှူနေမိကြတာဗျ။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ကြပါ၊ အားငယ်စိတ်တွေဝင်လာရင် ဖယ်ရှားပစ်ပေါ့၊ အကောင်းဆုံးကတော့ နှာခေါင်းကိုပိတ်ထားကြဖို့ပဲ"

ရဲရင့်က အားလုံးကို သတိပေးလိုက်လေသည်။ ထို့ကြောင့် နှာခေါင်းပေါက်များကို လက်ကိုင်ပဝါများနှင့်ပိတ်ထားရသည်။ ဒါတောင် အနံ့အသက်ကမပျောက်သလိုပင်။ စိတ်ထဲမှာပဲ ထင်နေ၍ပဲလားမသိ။

မော်တော်မီးကို ဖွင့်ထားသဖြင့် ရှေ့ကိုဖောက်ပြီးတော့မြင်နေရလေသည်။ သို့သော် ရွေ့လျားနေသောမြူများကိုသာဖြစ်သည်။ ယင်းမြူလိုလို၊ နှင်းလိုလိုသဏ္ဌာန်များသည် မထင်ရှားသော သတ္တဝါတို့၏ အရိပ်သဏ္ဌာန်များနှင့်တူနေကြလေသည်။ ဤရေပြင်၌ အကြောင်းအမျိုးမျိုးဖြင့် သေဆုံးခဲ့ကြကုန်သော သူတို့က ပရလောကသားများအသွင်ဖြင့် ပြောင်းလဲကာရှိနေကြ၍လော၊ သို့မဟုတ် ရဲရင့်ပြောသည့်အတိုင်း မိမိတို့ရှူရှိုက်မိခဲ့ကြသော ဓာတ်ငွေ့တစ်မျိုး၏ထူးခြားသော အနံ့အသက်ကြောင့် စိတ်ကိုပြောင်းလဲသွားစေခဲ့သလော။

www.burmeseclassic.com

www.burmeseclassic.com

ထိုအရာများကို မသိုးသန့်သောစိတ်များနှင့် ခံစားနေမိကြသည်။

ချောက်ချားချင်သလိုဖြစ်လာခဲ့ကြလေသည်။ ရေပြင်သည်လည်း လေမတိုက်ခတ်ပါဘဲလျက်နှင့် လှိုင်းဂယက်များထကာ လွန့်လူးလှုပ်ရှားလျက်ရှိနေလေသည်။ မည်မျှကြာအောင်ဤသို့သွားနေရမည်လဲ မခန့်မှန်းနိုင်။ ရန်ပိုင်က ငါးတောင့်ထိုးတတ်မီးကြီးဖြင့် ဘေးဘီကိုထိုးကာကြည့်မိသည်။ မြွေများကိုသာတွေ့နေရသည်။ တစ်ခါတစ်ရံတွင် မိမိတို့၏မျက်နှာများကိုအဆုပ်လိုက်၊ အခဲလိုက် ထိုးဝင်လာနေသလို ခံစားလိုက်ကြရသည်။ ယင်းမြွေငွေ့များသည် ရေအောက်ထဲက ထွက်လာသလိုပင်ထင်ရသည်။

သည်အတိုင်း . . . မော်တော်ကို နှေးနှေးမောင်းနေပြီးတဖြည်းဖြည်းနှင့် တိုးဝင်သွားခဲ့သည်။ ရှေ့မှာ ကျောက်ဆောင်လိုလို၊ ကျောက်တန်းလိုလို၊ တိုက်ခိုက်နိုင်စရာများရှိနိုင်မလားဟု စိုးရိမ်နေမိကြရသည်။ သို့သော် . . .

စိတ်အထင်သာဖြစ်ကြသည်။ တောက်လျှောက်ပင်သွားနေကြသော်လည်း မည်သည့်အရာကိုမှ ဝင်တိုက်မိခြင်းမရှိခဲ့ပါ။ ရေပြင်လှိုင်းများ လှုပ်ခတ်နေသံများသည် တမင်တကာပင်ဖြစ်နေသည်ဟု ထင်မိသည်။ ထိုစဉ် . . .

ရှေ့မှာ ထူးခြားသောအကြောင်းအရာတစ်ခုကို မမျှော်လင့်ဘဲတွေ့လိုက်ကြရလေသည်။ မြူနှင်းငွေ့များသည် အနည်းငယ်ပါးလျားသွားခဲ့ကြသည်။ မနီးမဝေးတစ်နေရာတွင် မီးရောင်



ဘလက်လက်ကို တွေ့မြင်လိုက်ရသလိုပင်။ တစ်နေရာတည်းမဟုတ်။ နေရာအနှံ့အပြားတွင် ထွက်ပေါ်နေကြခြင်းပင်ဖြစ်သည်။

"မီးရောင်တွေပါလား၊ မီးစုန်းတွေများလား"

"ပင်လယ်ထဲမှာ တစ်ခါတလေ အဏ္ဏဝါစုန်းတွေကလေ့၊ သင်္ဘောတွေမှာ ကပ်တတ်ကြတယ်၊ အဲဒါတွေများဖြစ်နေမလား အစ်ကိုဝဏ္ဏ"

"မပြောတတ်ဘူး၊ သတိတော့ ထားကြရမှာပဲ ရန်ပိုင်"

အားလုံးတအံ့တသြနှင့် ဖြစ်နေကြလေသည်။ လမ်းပျောက်နေသော အခြေအနေကို သတိမထားမိကြတော့ဘဲ အံ့အားသင့်ခြင်းများဖြစ်ကာ အာရုံကိုဖမ်းစားထားခြင်းခံနေကြရလေသည်။ သတိထားဆိုသည့်အတိုင်း ယင်းမီးရောင်များကိုမျက်ခြည်မပြတ်ပင် ကြည့်နေကြရသည်။ မော်တော်ကိုလည်းရှေ့ကိုတဖြည်းဖြည်းနှင့်သာ တိုးပြီးတော့မောင်းနေသည်။

မြူနှင်းများသည် အနည်းငယ်ကြဲပါးသွားသည်ဟု ထင်မိကြရသည်။ ထိုအခါ မြင်ကွင်းသည် အနည်းငယ်ပိုပြီးတော့ထင်ရှားလာခဲ့လေသည်။ ရှေ့မှာ မည်းမည်းညို့ညို့သဏ္ဌာန်ကြီးတစ်ခုကို မမျှော်လင့်ဘဲတွေ့လိုက်ရသည်။

"ရှေ့မှာ ဘာကြီးလဲကွ"

ဝဏ္ဏကလေသံဖြင့် ပြောလိုက်သည်။ ကျယ်ကျယ်မပြောဘဲ ပြန်လာသောပဲ့တင်သံကို မခံစားနိုင်သောကြောင့်ပင်။ မော်တော်သည် ယင်းမည်းမည်းညို့ညို့သဏ္ဌာန်ကြီးနှင့် နီးကပ်လာသောအခါ ကုန်းမြေကြီးတစ်ခုဖြစ်နေသည်ကို သိလိုက်ရလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါ အုံ့အားလည်းသင့်သွားခဲ့ကြသည်။ ဝမ်းလည်း
သာသွားခဲ့ကြလေသည်။

"အဲသည်မှာ ကပ်တော့ဗျာ"

"တော်သေးတာပေါ့ကွာ၊ ရေထဲမှာထက်စာရင် ကုန်း
ပေါ်မှာ နေရ၊ သွားရတာကပိုပြီးတော့ ကောင်းတယ်"

ကုန်းမြေနှင့် နီးကပ်သထက်နီးကပ်လာသောအခါ တော
တောက မြင်တွေ့နေရသော မီးရောင်များသည် ပျောက်ကွယ်သွား
ခဲ့ကြလေ၏။ နှင်းမြူတွေက အနည်းငယ်ပါးလျားသွားခဲ့သည်
တောတောကလို မထူထပ်တော့ဘဲ ရှိနေကြဆဲပင်။ အဆင်ပြေမည့်
နေရာမှာ မော်တော်ကို ကပ်လိုက်သည်။ ထို့နောက် ပတ်ဝန်း
ကျင်အခြေအနေကိုကြည့်ပြီး တစ်ယောက်ပြီးတစ်ယောက်
အောက်ကိုဆင်းလိုက်ကြလေသည်။

ရန်ပိုင်က လက်နှိပ်ဓာတ်မီးနှင့် နာရီကိုထိုးကြည့်လိုက်
သည်။ ညဉ့်ခုနစ်နာရီထိုးပြီးခဲ့ပြီ ဖြစ်သည်။ လူတွေလည်း ဆာ
လောင်မွတ်သိပ်လာခဲ့ကြပြီ။ ရဲရင့်ကို ကယ်တင်ရန်ဇောနှင့် ထွက်
လာခဲ့ကြသည်ဖြစ်၍ ဆာရကောင်းမှန်းမသိခဲ့ကြပေ။

သို့သော် ...ဝဏ္ဏက အမြော်အမြင်နှင့် ကြုံရာအစား
အစာများကို သိမ်းကျုံးကာ ဝယ်ယူ သယ်ဆောင်လာခဲ့သည်
လမ်းမှာ အကြောင်းအမျိုးမျိုးကြောင့်
မပျောက်မပျက်ခဲ့သည်ကိုပင် ကံ ကောင်းသည်ဟု ဆိုရပေမည်
သူတို့သည် မည်သည့်နေရာကို ရောက်နေကြမှန်းပင်
မသိကြချေ။



"ကျွန်တော်တို့ တစ်နေရာမှာ စားသောက်ပြီးကြမှ
အခြေအနေကို ကြည့်ကြမယ်၊ လောလောဆယ်တော့ အားလုံး
ဝမ်းဆာလောင်နေကြပြီ"

ရန်ပိုင်၏အစီအစဉ်ကို ကန့်ကွက်မည့်သူမရှိကြ၊ ကမ်း
နှင့်မနီးမဝေးမှာပင် တာရပတ်ကြီးတစ်ခုကို ခင်းလိုက်သည်။
ထို့နောက် ကြုံရာဝယ်ယူလာခဲ့သော အစားအစာခြင်းကြီးကို
ဝဏ္ဏက တာရပတ်အခင်းပေါ်မှာ ချလိုက်သည်။

"ငါ ဆီသွားစစ်ကြည့်လိုက်ဦးမယ်ကွာ"

ဝဏ္ဏသည် မော်တော်ဆီသို့ တစ်ခေါက်ပြန်သွားသည်။
ဆက်သုံးဆီအခြေအနေကို စစ်ကြည့်သည်။ ထိုအခါ အံ့အားသင့်
သွားခဲ့ရလေသည်။ ဆီသည် အနည်းငယ်လောက်သာ လျော့
နေသည်။

"ဟင် ...တစ်ပုလင်းသာသာလောက်ပဲ လျော့သေးပါ
လား၊ ဒါလောက်ကြီးတောက်လျှောက် မောင်းလာခဲ့တာတောင်
ဘာမှမကုန်ပါလား"

အခြေအနေကို ရန်ပိုင်အားပြန်ပြီးတော့ ပြောပြသည်။

"ဟင် ...ဟုတ်လား၊ ကျိန်းသေးတယ်နော် ကိုကြီး
ဝဏ္ဏ"

"ကျိန်းသေပါတယ်ကွ၊ ငါ သေသေချာချာကိုကြည့်ခဲ့
တာပါ"

သို့သော် ...အဖြစ်သနစ် ဇာစ်မြစ်ကို လေးလေးနက်
နက် မစဉ်းစားကြတော့ဘဲ ရောက်ရှိနေပြီဖြစ်သော အစားအစာ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဆာလောင်မှုများကို ဖြည့်ဆည်းလိုက်ကြလေသည်။

"ခင်ကြီးတို့ မော်တော်လည်းနောက်လိုက်လာတာ မတွေ့ရဘူး၊ လမ်းလွဲသွားတယ်ထင်တယ်"

"လမ်းပဲလွဲသွားတာလား၊ မြူနှင်းတွေထဲမှာပဲ ချာချာ လည်ပြီးတော့ ကျန်ရစ်ခဲ့သလား၊ ကိုကြီးဝဏ္ဏ"

"ကဲ . . . ဘာပဲဖြစ်ဖြစ် ငါတို့ သည်ကောင်တွေရဲ့ လ ထဲက လွတ်မြောက်လာခဲ့ပြီးပြီပဲ၊ မဟုတ်ရင် ငါတို့အထဲက တ ယောက်ယောက်ကို ကျည်သင့်သွားနိုင်တယ်၊ မော်တော်ယာ လည်း ပေါက်ကွဲပျက်စီးပြီး အားလုံးဒုက္ခရောက်သွားနိုင်တယ် ကံကောင်းတယ်"

သာထူးက ပြောလိုက်သည်။ ရဲရင့်ကတော့ . . .

"ရေစက်က ကုန်ချင်မှကုန်ဦးမှာ။ သတိတော့ ထ ကြရမယ်"

ရဲရင့်ထင်သည့်အတိုင်း နောင်သော် မလွဲမသွေ လိုက်ရလေသည်။

▣

ကုန်းမြေလား ကျွန်းကြီးတစ်ကျွန်းပေလားဝေခွဲ၍မရ နိုက်နိုက်တုန်အောင် အေးနေသည့်အခြေအနေမျိုးမှာ ကုန်းမြေထဲကို ဝင်လာခဲ့ကြသည်။ အထဲကိုတိုးပြီးတော့ ဝ ခဲ့လေလေ၊ အအေးဓာတ်က သိပ်သည်းလာလေလေပင်။





အရပ်ဒေသနှင့် အံဝင်ခွင်ကျသောထူထဲသည့် အဝတ်အစားများကို ဝတ်လာခဲ့ကြ၍ တော်ပေသေး၏။ မော်တော်သည် ယာယီခရီးသွားရန်ဖြစ်သော်လည်း ပြည့်ပြည့်စုံစုံထားသည်။ အားလုံးအတွက် အဆင်ပြေသွားခဲ့ရလေသည်။

အထဲကို တစ်မိုင်ခန့်ခရီးပေါက်လာစဉ်မှာ ကုန်းမြင့်တစ်ခုပေါ်ကို တက်လာမိခဲ့ကြသည်။ ထူးခြားမှု ဘာမှမရှိ။

"ခုလောက်ဆို ခင်ကြီးတို့မော်တော်နဲ့ လမ်းလွဲလောက်ပါပြီဗျာ၊ ပြန်ကြရင်ကောင်းမလား"

သာထူးက ဝဏ္ဏကို ညှိနှိုင်းလိုက်သည်။

"ငါတို့ ခုလာခဲ့တဲ့ခရီးက ဘဝင်မကျစရာပဲ သာထူး။ လမ်းမှာ ဒုက္ခတစ်စုံတစ်ရာ ရောက်မလာခဲ့တာပဲ ကံကောင်း။ ခုနေပြန်ကြရင်လည်း လမ်းသိမှာမဟုတ်ဘူး၊ ဘယ်နေရာကို ရောက်နေတာလဲဆိုတာကိုလည်း မသိဘူး၊ အကောင်းဆုံးကတော့ သည်ကုန်းမြေပေါ်မှာပဲ တစ်ညအိပ်ပြီး မနက်ကျမှအခြေအနေကို လေ့လာရမယ်"

"ကိုကြီးဝဏ္ဏပြောတာ ဟုတ်တယ်ကွ၊ ခုနေမော်တော်နဲ့ ထပ်ပြီးခရီးဆက်ရင် လမ်းမှာဘာကိုမှမြင်ရမှာမဟုတ်ဘူး၊ ပြီးတော့ ဟိုနေရာကြီးကို ထပ်ပြီးတော့ ရောက်သွားခဲ့ရင် မခက်ဘူးလား၊ နောက်ထပ် သည့်ထက်ဆိုးရွားတဲ့အခြေအနေမျိုးကို ထပ်ပြီးတော့ ကြုံရဖို့ပဲရှိတယ်"

ရန်ပိုင်သည် ပင်လယ်အူသံကို နောက်ထပ်တစ်ဖန် ကြားလိုတော့။ ဤနေရာကို လူတွေက ရှိသည်ဟုပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့ကြသော်လည်း မိမိတို့ကတော့ မမျှော်လင့်ဘဲ ကြုံခဲ့ရပြီ မဟုတ်ပါလား။

(နောက်မှ သိရသည်မှာ ထူးဆန်းသောရေပြင်ကြီးကို ဖြတ်သန်းလာစဉ်မှာ ပုံတင်သံပင်လယ်အူသံကြီးကို ကြားရသော အခါ အော်ဂလီဆန်လာကြသည်။ မော်တော်က ခုန်ချချင်စိတ်များပင်ဖြစ်ပေါ်လာခဲ့ကြသည်။ ကိုယ်စီအသီးသီး၏ ရင်ထဲမှာ ဤသို့ခံစားခဲ့ကြကြောင်း ထုတ်ဖော်ဝေဖန်ခံကြလေသည်)

“ဟုတ်ပါတယ်၊ ကိုကြီးဝဏ္ဏပြောသလိုပဲ သည်မှာပဲ တစ်ညအိပ်လိုက်ကြရင် ကောင်းလိမ့်မယ်”

ရဲရင့်ကပါ ဝင်ပြီးဆွေးနွေးသည်။ မောင်ခွေးကတော့ အားလုံး၏ဆန္ဒအတိုင်းပင် ထို့ကြောင့် ညအိပ်နားနေကြရန် အတည်ပြုပြီးသားဖြစ်သွားခဲ့ရလေသည်။

ထိုစဉ် . . . နှင်းများက ရုတ်တရက်ကျလာခဲ့ကြသည်။ ကျလာသည်မှ အဆုပ်လိုက်အခဲလိုက် တဖွားဖွားနှင့်ပင်။ မမျှော်လင့်ဘဲ ဤကဲ့သို့ဖြစ်လာခဲ့ရသည့်အတွက် အံ့အားသင့်သွားခဲ့ကြလေသည်။

“ကျွန်တော်တို့ လုံလုံခြုံခြုံနားနေဖို့နေရာ အမြန်ရှာကြမှဖြစ်တော့မယ်”

ထို့ကြောင့် အအေးဒဏ်ကို အသင့်အတင့်ကာကွယ်နိုင်

www.burmeseclassic.com



သောနေရာကို ရှာဖွေကြသည်။ မကြာမီ ဂူတစ်လုံးကို မောင်ခွေးကအရင် ရှာဖွေတွေ့ရှိသွားခဲ့သည်။ ပထမသော် နေရာရှာရန် တစ်ယောက်တည်း ထွက်သွားသော မောင်ခွေးကို အပြစ်တင်မိကြသေးသည်။ ယခုတော့ အဆင်ပြေသွားပြီဖြစ်၍ အပြစ်တင်စကားမပြောကြတော့။

ဂူသည် အသင့်အတင့် ကျယ်ဝန်းသည်။ အန္တရာယ်ပြုနိုင်သော သားကောင်များခိုအောင်းနေခြင်းမရှိ။ ဂူအပြင်ဘက်မှနေ၍ မီးထိုးကြည့်ကြသည်။ နောက်ထပ်ရှာမနေကြတော့ဘဲ ထိုဂူကိုပင် ရွေးချယ်လိုက်ကြလေသည်။ ဂူထဲမှ အမှိုက်သရိုက်များကို ရှင်းလင်းကြသည်။ ခိုလှုံရန် အနေတော်ဖြစ်သွား၏ မီးပုံကြီးတစ်ပုံကိုလည်း ဂူထဲမှာဖိုလိုက်ကြသည်။ ပူနွေးသောဓာတ်ကို ရရှိသွားကြ၍ သက်သာသွားခဲ့ကြလေသည်။ တာလပတ်ကြီးကို ခင်းချလိုက်သောအခါ ငါးယောက်စာအိပ်စက်ရန် လုံလောက်သွားခဲ့ရသည်။

သားကောင်တစ်ကောင်ကောင် ဝင်လာခဲ့လျှင်လည်း ကာကွယ်စရာ လက်နက်ဆို၍ ဓားရှည်နှစ်လက်၊ ဓားမြှောင် ဖိနပ်ချောင်းနှင့် ပုဆိန်တစ်လက်သာပါခဲ့ကြသည်။

(လူမဲ့ကျွန်းကြီးပေါ်တွင် ခင်ကြီးတို့နှင့် တိုက်ခိုက်ခဲ့ကြစဉ်က ယင်းလက်နက်များကို မသုံးခဲ့ကြပါ။ ဓားရှည်များကို ဓားအိမ်ကောင်းကောင်းနှင့် ထည့်ထားသည်။ သာထူးယူလာခဲ့ခြင်းပင်။ မည်သည့်လက်နက်ကိုမှ မသုံးခဲ့ကြ။)

“ကဲ . . . ကင်းချကြမယ်၊ ငါက ညဦးယံကင်းကို

www.burmeseclassic.com



တာဝန်ယူမယ်၊ ရန်ပိုင်က ညဥ့်လယ်ယံကို တာဝန်ယူ၊ သာထူး
မောင်ခွေးက မိုးလင်းပိုင်းပေါ့ကွာ''

အသက်အကြီးဆုံးဖြစ်သော ဝဏ္ဏကစီစဉ်သည်ကို အား
လုံးက နာခံကြသည်။

''ကျွန်တော့်ကိုလည်း ကင်းတာဝန်ပေးပါဗျာ''

ရဲရင့်က တောင်းဆိုလာသည်။ ဝဏ္ဏက ခေါင်းကိုခါယမ်း
လိုက်ပြီး ...

''ကိုရဲရင့်က ခင်ကြီးတို့ရဲ့လက်ထဲမှာ သိပ်ပြီးတော့ ပ
ပန်းနေခဲ့ပြီ၊ ခုလည်း လမ်းတစ်လျှောက်လုံး လိုက်လာခဲ့ရတယ်
ကောင်းကောင်းအိပ်စက်ပြီးအနားယူလိုက်ပါဗျာ''

''ကျွန်တော် စိတ်ရောလူပါ သက်သာရာရသွားပါ
ဗျာ၊ ပြီးတော့ ကျွန်တော်ကခံနိုင်ရည်ရှိပါတယ် ...ဟဲ ဟဲ

ပြောပုံဆိုပုံ လေယူလေသိမ်းကအစ ရန်ပိုင်နှင့်တစ်
စံတည်း။ ဝဏ္ဏသာမက သာထူးပါ အံ့အားသင့်နေမိရသည်
တစ်ခါတစ်ရံ ခပ်ထေ့ထေ့ပြောတတ်သော ရန်ပိုင်၏အမူအရာ
မျက်နှာပေးကအစ တူညီနေသည်။

ဝဏ္ဏသည် ရဲရင့်၏ဆန္ဒအရ ရန်ပိုင်နှင့်တွဲပြီး ကင်း
တာဝန်ချပေးလိုက်လေသည်။

▣ ▣ ▣



(၁၀)

ဝန်တောင်ကြီးနှင့် မနိုးမဝေး

အားလုံးသည် ပင်ပန်းခဲ့ကြသည်ဖြစ်၍ အိပ်ပျော်သွား
ခဲ့ကြပြီဖြစ်သည်။ ဝဏ္ဏတစ်ယောက်တည်းသာ ဂူအဝမှာ ကင်း
စောင့်နေသည်။ အိပ်ချင်သော်လည်း တာဝန်ကြောင့် အိပ်၍
မဖြစ်၊ စုပေါင်းပြီးရှာဖွေကောက်ယူထားသော ထင်းခြောက်များ
က တောင်လိုလိုပုံနေကြသည်။ ထင်းမီးမပြတ်စေရန် အရှိန်
ကောင်းနေသော မီးပုံထဲသို့ ထင်းတွေတစ်ချောင်းပြီးတစ်ချောင်း
ထိုးထည့်နေရသည်။

ဤအရပ်တွင် ဝံဖြူ၊ နှင်းကျားသစ်တို့၏ အန္တရာယ်ရှိ
ကောင်းရှိနိုင်သည်။ မိမိတို့မှာ လက်နက်ဟူ၍ ဓားရှည်နှင့်ဓား
မြှောင်သာရှိကြသည်။ ဓားမြှောင်တစ်လက်နှင့် ဓားရှည်ကို အနား
မှာချထားရသည်။

ပျင်းပျင်းရိရိနှင့် ကင်းစောင့်နေရင်းက တစ်ချက်တော့
ငိုက်ခနဲဖြစ်သွားခဲ့ရသည်။ ချက်ချင်းလိုလိုပင် ပြန်၍နိုးလာသည်။
ဤသို့ ငိုက်မိသွားသည့်အတွက် မိမိကိုယ်ကိုပင် ပြန်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်မိလိုက်သည်။ ဝဏ္ဏ၏မျက်လုံးတွေထဲမှာ တစ်ချက်တစ်ချက်လင်းခနဲ လက်ခနဲဆိုဖြစ်သွားခဲ့သည်။ ပထမသော် မီးပုံထဲမှ ထင်ဟပ်လာသောအလင်းရောင်ဟုပဲ ထင်မှတ်မိသည်။

သို့သော်

မျက်လုံးတွေထဲကို တိုးဝင်လာခဲ့သည်က အလင်းဖြ များပင်ဖြစ်သည်။ သီးခြားဆန်သော အလင်းရောင်များပင်။

''ဘယ်ကလာတဲ့ အလင်းရောင်ပါလိမ့်''

မသက်ာ၍ ကောင်းကင်ကိုမော့ကြည့်မိလိုက်သည်။

''ဟင်''

ဝဏ္ဏတွေ့လိုက်ရသည်ကား အမြင့်မှာ ဟိုသည်လျှောက်ပြေးနေကြသော မီးလုံးများပင်ဖြစ်ကြသည်။ တဖွဲဖွဲနှင့်ကျနေသော နှင်းများ၏အောက်မှာ အထင်အရှားပင် မြင်တွေ့နေရသည်။ ထိုမီးလုံးလိုလို အလင်းလုံးကြီးများကို မော်တော်ပေါ်မှလည်း လှမ်းပြီးတော့ မြင်လိုက်ကြရသေးသည် မဟုတ်ပါလား

မော်တော်ကမ်းသို့ မကပ်မီပျောက်သွားခဲ့ကြသော အလင်းလုံးများသည် ယခုတစ်ဖန်ပြန်ပြီးတော့ ပေါ်လာခဲ့ကြပြန်လေပြီ။ ပင်လယ်စုန်းကို မိမိမြင်ဖူးသည်။ ဤအလင်းလုံးများလောက်မတောက်ပကြပေ။ သို့သော် ပင်လယ်စုန်းတစ်မျိုးပဲဖြစ်လိမ့်မည်ဟု ယူဆမိသည်။ အလင်းလုံးများသည် အမြင့်မှာဟိုသည် လျှောက်ပြီးတော့ ပြေးနေကြသည်။

''ဘာလဲ ကိုဝဏ္ဏ ... ဘာကြည့်နေတာလဲ''

သာထူး အနားကိုရောက်နေသည်ကိုမသိ။ မထင်မှတ်





ဘဲထွက်ပေါ်လာသောအသံကြောင့် ဝဏ္ဏသည် ဆတ်ခနဲဆို ဖြစ်သွား၏။

''ကျွန်တော် အိပ်မပျော်လို့နိုးလာတာပါ''

ဝဏ္ဏက ခေါင်းတစ်ချက်ဆတ်လိုက်ပြီး အမြင့်ကိုလက်ညှိုးထိုးပြလိုက်သည်။ သာထူးလည်း မော့ကြည့်မိလိုက်သည်။ အံ့အားသင့်သွားမိသည်။ အမြင့်မှာ လှုပ်ရှားနေကြသော အလင်းလုံးကြီးများသည် တဖြည်းဖြည်းနှင့် နိမ့်ဆင်းလာနေကြသည်။ စူးလက်သော အလင်းရောင်များသည် ပတ်ဝန်းကျင်ကို ထိန်လင်းသွားစေခဲ့သည်။ ထိုအခါ ...

ဂူထဲမှာ အိပ်ပျော်နေကြသူများသည်လည်း နိုးကုန်ကြလေ၏။ အလင်းရောင်များက မျက်နှာအသီးသီးကို လာဟပ်ကြသောကြောင့်ပင် မီးဖိုကအလင်းရောင်နှင့်မတူ လျှပ်ပြက်လိုက်သလို ဝင်းခနဲ လက်ခနဲနှင့် သိသာလွန်းသောကြောင့် ပင်တည်း။ ထို့ကြောင့် အိပ်ရာမှထကာ ဂူနားကိုရောက်လာခဲ့ကြသည်။ သူတို့လည်း မမေးကြဘဲနှင့် အမြင့်မှာသိသာထင်ရှားသော အလင်းလုံးများကို မြင်တွေ့လိုက်ကြရလေသည်။

''ကျွန်တော်တို့ မော်တော်ပေါ်ကနေ လှမ်းပြီးတော့ မြင်လိုက်ရတဲ့ အလင်းလုံးတွေပါလား၊ အစ်ကိုဝဏ္ဏ ဘယ်အချိန်ကတည်းက တွေ့နေတာလဲ''

''သိပ်မကြာသေးဘူးကွ၊ ငါလည်း မျက်နှာပေါ်ကို အလင်းလာဟပ်လို့ သိလိုက်ရတာ၊ ပင်လယ်ထဲက ရောက်လာတာလား၊ မြေပြင်ပေါ်ကနေ တက်လာတာလား မသိလိုက်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွ''

''ပင်လယ်ထဲကနေ ရောက်လာတဲ့ မီးစုန်းပဲလို့ထင်တာပဲ၊ ဒါပေမဲ့ ကုန်းပေါ်မှာ ဘာဖြစ်လို့မြုံးနေတာလဲ''

သာထူး၏ အမေးကို မည်သူမှမဖြေနိုင်။ သူလိုကိုယ်လိုပင် နားမလည်နိုင်ကြ။ ကြည့်နေရင်းကပင် ထိုအလင်းရောင်လုံးကြီးများအားလုံးသည် သုံးလုံးတစ်တွဲ၊ လေးလုံးတစ်တွဲစသည်ဖြင့် စုပေါင်းသွားခဲ့ကြသည်။ အလင်းအားကောင်းလာသောအခါ အလင်းတန်းများသည် အနောက်မြောက်အရပ်ကို ရွေ့လျားသွားခဲ့ကြသည်။ ထိုအခါ ...

မြင့်မားမို့မောက်သော သဏ္ဍာန်ကြီးတစ်ခုကို မမျှော်လင့်ဘဲတွေ့လိုက်ရလေသည်။ အမှတ်မထင်တွေ့လိုက်ရခြင်းကြောင့် မြေပြင်အောက်မှ ရုတ်တရက်ထိုးတက်လာသလားဟုပင် ထင်လိုက်ကြရလေသည်။

''ဟာ ... ဒါ ဖန်တောင်ကြီးပဲ''

ရန်ပိုင်၏ နှုတ်မှလွှတ်ခနဲဆို ထွက်သွားခဲ့သည်။ ဖန်တောင်ကြီးသည် အလင်းရောင်ပြန်ဟပ်၍လားမသိ။ အရောင်လက်လက်နှင့် ထွက်နေသည်။

(အမှန်မှာ ဖန်တောင်ဟုခေါ်ကာ ပိုပြီးတော့သင့်တော်လိမ့်မည်ဟု ထင်သည်။ အဝေးကနေမြင်နေရသည်ပင်လျှင် အလင်းရောင်တလက်လက်နှင့် ထွက်နေသောကြောင့်ပင်ဖြစ်သည်။ မည်သည့်တောင်မှ နေရောင်ဟပ်က အလင်းရောင်မထွက်တတ်ပါ)





သာထူးတို့နေသော နေရာကလှမ်း၍ကြည့်နေလျှင်ပင် ဖန်တောင်ကြီးကို မြင်တွေ့နေရသည်။ သို့သော် ဖန်တောင်ကြီးဆီကို တကူးတကနှင့်သွားမည်ဆိုလျှင်ပင် မတွေ့နိုင်တော့ပေ။ ကြုံကြိုက်လို့တွေ့ချင်ပါကလည်း မမျှော်လင့်ဘဲ ပက်ပင်းတိုးမိတတ်သည်။

''ဖန်တောင်ဆိုတာ ဘာထူးခြားလို့လဲ''

ရဲရင့်က မေးလိုက်သည်။ ရန်ပိုင်က ...

''သည်တောင်ကို အဝေးကနေလှမ်းပြီးတော့ မြင်နိုင်တယ်၊ ဒါပေမဲ့ အဲသည်ဖန်တောင်ဆီကို တကူးတကသွားမယ်ဆိုရင်တော့ မတွေ့နိုင်တော့ဘူး၊ ပျောက်နေတယ်''

''အလိုလိုပျောက်သွားတာကတော့ မဖြစ်နိုင်ပါဘူး၊ သူကလမ်းလွဲပြီး တစ်နေရာကိုရောက်သွားတာပဲဖြစ်မှာပါ''

ဖလ်တောင်ကြီးအနားရှိ 'ရွှေကြော' နှင့်ပတ်သက်သော ထူးခြားချက်ကိုတော့ ကိုယ်တိုင်မမြင်ဘဲ အကြားလောက်နှင့် ဖြည့်စွက်ပြီး မပြောလိုတော့ပါ။ ထိုစဉ် ...

'ဝေါ ဝေါ ဟူး ဟူး'

ရုတ်တရက်ဆိုသလို မြေပြင်သည် သိမ့်သိမ့်တုန်သွားခဲ့ရသည်။ တောင်ပြိုသလို၊ လေတိုက်သလို တဝေါဝေါ၊ တဟူးဟူးနှင့် အသံများကလည်း ထွက်ပေါ်လာခဲ့ကြလေသည်။ မြေပြင်ထက်မှာကျနေကြသည့် နှင်းပွင့်၊ နှင်းဖက်များသည်လည်း တသောသောနှင့် လွင့်ထွက်သွားခဲ့ကြသည်။ မထင်မှတ်သော အခြေအနေကြောင့် အားလုံးဒယိမ်းဒယိုင်နှင့် ဖြစ်သွားခဲ့ကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အုံ့အားလည်း သင့်သွားခဲ့ကြသည်။ ဗိုလ်ထားသော မိန်း ကြီးသည်ပင် အလိုလို ဟုန်းခနဲဆို ငြိမ်းသွားခဲ့သည်။

''တော်တော်ကြမ်းတမ်းတဲ့ အခြေအနေပါလား''

အိပ်ချင်သောစိတ်များပင် ပျောက်သွားခဲ့ကြရသည်။ အားလုံးပင် မျက်လုံးတွေကျယ်သွားခဲ့ကြရလေသည်။

'ရှော ဝေါ ဝေါ'

နောက်ထက် ထွက်ပေါ်လာသော အသံကြီးနှင့်အတူ ရှည်မျောမျောနှင့် မည်းမည်းသဏ္ဌာန်ကြီးတစ်ခုသည် သူတို့နှင့် မလှမ်းမကမ်းမှ ဝေါခနဲ ရှောခနဲဆို ဖြတ်ကျော်သွားခဲ့လေသည်။

''ဟာ ... ဘာကောင်ကြီးလဲ ... ကြီးလိုက်တာ''

ရဲရင့်သည် နှုတ်မှ တအံ့တသြနှင့်ပြောလိုက်လေ၏။ တကယ်တော့ မည်သည့်အကောင်ကြီးလဲဆိုသည်ကို မည်သူမှ သိနိုင်ကြပေ။ မြွေဆိုလျှင်လည်း ဤမျှလောက်အထိ ကြီးနိုင်ပါ မည်လား၊

'ရှော ဝေါ ဝေါ ဝေါ'

''ဟော ... ရောက်လာပြန်ပြီထင်တယ်''

ဝဏ္ဏက ရဲဒင်းကြီးကို မောင်းခွေးထံမှ တောင်းယူလိုက် သည်။ ကျန်သည့်လူများသည်လည်း ဓားရှည်၊ ဓားမြှောင်များ ကို အသီးသီးပင် ကောက်ကိုင်ထားကြသည်။ ယင်းရှည်မျော မျောသတ္တဝါကြီးသည် နောက်တစ်ကြိမ်မလှမ်းမကမ်းမှ ဖြတ် ကျော်သွားခဲ့ပြန်လေသည်။

''ဒေါသထွက်နေပုံရတယ်၊ ကျွန်တော်တို့ရှိနေတာကို



အနံ့ခံမိသွားကြလို့လား မသိဘူး''

''ဖြစ်နိုင်တယ် ရန်ပိုင်၊ မလှုပ်ရှားကြနဲ့ ငြိမ်နေကြ''

''သည်ကောင်ကြီး ငါတို့မမြင်ဘူးလား၊ အနံ့အသက် ရသွားပြီး မကျေမနပ်ဖြစ်နေတာ ထင်တယ်''

ဝဏ္ဏကထပ်ပြီးတော့ သတိပေးလိုက်သည်။ အားလုံး ငြိမ်သွားခဲ့ကြသည်။ အသက်ရှူသံများကိုပင် ကြားနေရသည်။

ယင်းအချိန်တွင် ...

■

လူတစ်စုသည် မမျှော်လင့်ဘဲ ထွက်ပေါ်လာသောအသံ များကြောင့် အခြေအနေကို အကဲခတ်နေကြသည်။ ထိုသူတို့ သည် မျက်နှာကွက်ကွက်လောက်ကိုသာ ဖော်ထားသောခေါင်း စွပ်အနက် ချွန်ချွန်ကြီးများကို စွပ်ထားကြသည်။ နှင်းတသော သောကျနေသည့်အထဲမှာပင် သစ်ပင်ကြီးတစ်ပင်အောက်မှာ စုရုံး နေကြသည်။

''ငါတို့ရဲ့ ထိမိလကြီး ဒေါသထွက်နေတယ်ထင်တယ်၊ အကြောင်းထူးကတော့ ရှိနေပြီ''

ပြောလိုက်သူက အခြားသူမဟုတ်။ မိုးလုံးရွာမှ နတ် ဆရာကြီး အိန္ဒြပင်တည်း။

''သည်နေရာကို လူစိမ်းတွေရောက်နေကြပြီထင်တယ်၊ ဒါကြောင့်မို့ သူ ဒေါကန်နေတာ''

www.burmeseclassic.com

www.burmeseclassic.com



ထိမိလဆိုသည့် သတ္တဝါကြီးကို သူတို့မမြင်ကြရသော်လည်း တစ်တောလုံးပြောင်းဆန်နေသောအသံများကို ကြားနေကြရသည်။ ဤနေရာကား ရွှေကြောကို စောင့်ရှောက်သော ထိမိလကြီးကျက်စားရာ နေရာပင်တည်း။ အိန္ဒြသည် ညဦးနက်သန်းခေါင်ကျော်ကာလဖြစ်သော်လည်း လူအများနှင့်ရောက်နေကြရင်းအကြောင်းကား သူကိုယ်တိုင်ကလည်း ဤနေရာကို သက်သာမကောင်းဖြစ်နေမိသည်။ လူတစ်စုက မိမိတို့အတွက် အမြတ်ထားသော ရွှေများကို တူးယူရန်လာလိမ့်မည်ဟူသော အတွေးများက ဝင်နေခဲ့သည်မှာ ကြာခဲ့လေပြီ။

နတ်ဆရာအိုကြီးကလည်း သတိပေးထားသည်။

"လူတွေ လူတွေ . . . လောဘသားတွေ၊ ငါတို့အတွက် အမြတ်ထားတဲ့နေရာကို လာကြလိမ့်မယ်၊ သင်းတို့ကိုရှာဖွေ ပြီး ထိမိလကြီးကို အစာကျွေးလိုက်ကြ"

ဤသို့သတိပေးခဲ့သဖြင့်လည်း နှစ်ရက်ခန့်ကြိုပြီးတော့ နောက်နေကြခြင်းပင် . . .

"အေး . . . ငါတို့ သည်အတိုင်းနေနေလို့ကတော့ မဖြစ်တော့ဘူး၊ လူစိမ်းတွေ ရောက်,မရောက်လိုက်ရှာကြည့်ကြမယ်"

"သည်လိုညဘက်ကြီးမှာ လိုက်ရှာလို့လွယ်ပါ့မလား ဆရာကြီး။ မနက်ကျမှ"

"ဟော့ . . . ငါက အခုဆိုအခုပဲကွ၊ မင်းတို့ သတ္တိကြောင်ပြီး တစ်ယောက်ကျန်ခဲ့ရင် ထိမိလကြီးရဲ့အစာဖြစ်သွားမယ်"

ထိမိလကြီးနှင့် ခြိမ်းခြောက်လိုက်နှင့် မည်သူကမှ ချန်





ပြီးမနေခဲ့ကြတော့ပေ။ အိန္ဒြနှင့် အတူလိုက်သွားခဲ့ကြလေသည်။ နှင်းတွေကလည်း ပိုပြီးတော့ အကျစိပ်လာခဲ့သည်။ ညဏ်အလင်းမြူတို့က သူတို့သွားနေကြသည့် လမ်းကိုအထောက်အကူပြုပေးနေသည်။ မန်တောင်ကြီးနှင့် မနီးမဝေးတွင် အလင်းလုံးကြီးများ လှုပ်ရှားနေကြသည်။ အိန္ဒြသည် ဤနေရာတွင် လူစိမ်းများရောက်နေကြပြီဟု ကျိန်းသေတွက်ထားလိုက်လေသည်။

▣

မော်တော်တစ်စီးသည် ရေပြင်ထက်မှာ ထုထည်ကြီးမားစွာဖြင့် ကျနေလျက်ရှိသော နှင်းမြူကန့်လန့်ကာကြီးကို ထိုးဖောက်ကာ ကမ်းခြေဆီသို့ ကပ်လာခဲ့သည်။ ခင်ကြီးကိုမော်တော်ပင်တည်း။

"တော်ပါသေးရဲ့ကွာ၊ တော့တစ်ထောက် နားဖို့နေရာကိုတွေ့လိုက်ရပေလို့သာ၊ မဟုတ်ရင်သည်ထက်မက ဒုက္ခရောက်နေကြဦးမယ်"

ခင်ကြီးက အမောတကောနှင့် ပြောလိုက်သည်။ ခုမှပင် သက်ပြင်းချမိလိုက်ကြသည်။ သူတို့သည် ထူးခြားသောရေပြင်ကြီးကို စိတ်အနှောင့်အယှက်ကြီးစွာဖြင့် ဖြတ်ကျော်ခဲ့ကြသည်။ ပင်လယ်အူသံကြီးကိုလည်း ကြုံခဲ့ကြရ၍ စိတ်ချောက်ချားနေမိကြသည်။ ခင်ကြီး၏ခေါင်းမှာ ပတ်တီးစည်းထားသည့်ကျော်မင်းကိုလည်းအရ ခေါ်လာနိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်တွေလည်း ဘယ်ရောက်သွားကြသလဲ မသိဘူး၊ ငါ့လက်နဲ့ မရှင်းပစ်လိုက်ရတာ နာတယ်ကွာ၊ ကျည်ကလည်း အလွဲလွဲအချော်ချော်နဲ့ တစ်ချက်မှကိုမထိဘူး၊ သည်ကောင်တွေ ကံကောင်းနေတယ်"

"သည်အထဲ ကျွန်တော်တို့ဖမ်းလာခဲ့တဲ့ လူက ရန်ပိုင်နဲ့ ခွဲမရအောင်တူနေတော့ ပြဿနာတွေက ပိုပြီးတော့ ရှုပ်သွားခဲ့ကြတာပေါ့"

"အေးလေ ... ငါတို့က ရန်ပိုင်ပဲလို့ထင်ထားတော့ သူ့ကိုလာကယ်လိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲ၊ ငါတို့ သတိတင်ချက်လစ်သွားတယ်ကျော်မင်း"

"ဆရာ ... ကျွန်တော်တို့ အခုဘာဆက်လုပ်ကြမလဲ"

တစ်ယောက်က မေးသည်။

"ဒါဟာ ကုန်းမြေလား၊ ကျွန်းတစ်ကျွန်းပဲလား မသိဘူး၊ ဘာပဲဖြစ်ဖြစ် ငါတို့သည် ကျွန်းပေါ်မှာပဲ တစ်ညအိပ်ကြရမှာပဲ၊ မနက်မှ လမ်းရှာပြီး ပြန်ကြမယ်၊ ဟိုကောင်တွေကြောင့် ငါတို့ ဒုက္ခရောက်ခဲ့ကြတာ"

"သည်ကောင်တွေ လွတ်သွားရင်တော့ မလွယ်ဘူး ဆရာ၊ ကျွန်တော်တို့နေတဲ့ နေရာကိုသိသွားကြပြီ၊ ပြဿနာကောင်းကောင်း တတ်နိုင်တယ်"

"ခုလောက်ဆို သင်းတို့လည်း မော်တော်နစ်ပြီးကိုရွှေ ချောလောက်ပြီကွ၊ ငါသေသေချာချာ ပစ်လိုက်တဲ့တစ်ချက်က တော့ မော်တော်ကို ထိလောက်တယ်"



ဒါမှမဟုတ် ထွက်ပေါက်တွေ့ပြီး ကိုယ့်နေရာကိုပြန်ရောက်သွားနိုင်တယ်"

ခင်ကြီး၊ ကျော်မင်းနှင့် အခြားသုံးယောက် အားလုံးလေးယောက်ဖြစ်ကြသည်။ ဘာရှိမှန်းမသိသော ဘာမှန်းမသိသော ကုန်းမြေတွင်းသို့ ဝင်လာခဲ့ကြသည်။

သစ်ပင်၊ ချုံတွေကထူထပ်သည်။ သားကောင်ငယ်လေးတွေ၏ လှုပ်ရှား၊ ပြေးလွှားသံများကိုပင် မကြားရ။ တိတ်ဆိတ်ခြင်းက လွှမ်းကဲနေ၍ချောက်ချားစရာပင် ကောင်းနေတော့သည်။ အအေးဓာတ်က ပိုပြီးတော့သိပ်သည်းလျက်ရှိသည်။

သူတို့ တောထဲကိုရောက်ပြီး မကြာမီမှာပင် အနေတော်ကျနေသော နှင်းမြူများက ဖွဲဖွဲသဲသဲနှင့် ကျလာခဲ့ကြလေသည်။ နှင်းဖတ်ဖြူကြီးများပင် ပါလာခဲ့ကြသည်။ ရုတ်တရက်ချက်ချင်းကြီးကျလာခဲ့သော နှင်းများက မိုးပေါ်မှသွန်ချခံရသလိုဖြစ်နေသည်။

"ဟာ ... သည်နှင်းတွေကလည်း ငါတို့ရောက်လာမှ ချက်ချင်းလိုလိုကျလာတော့တာပဲ"

ခင်ကြီးက ညည်းတွားလိုက်သည်။ လက်မှာကိုင်လာသော အမဲပစ်သေနတ်ကြီးကို ပခုံးမှာပြောင်းပြီးတော့ လွယ်လိုက်သည်။ လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် လျှောက်လာခဲ့ကြ သည်။ ချက်ချင်းလိုလိုပင် ထွက်လာခဲ့ကြ၍ ခေါင်းစွပ်များပင်ပါမလာကြ၊ သည်လိုသာ နှင်းတွေဒလဟောနှင့် ဆက်ပြီးကျနေမည်ဆိုလျှင် ဦးနှောက်သွေးခဲပြီးတော့ ဒုက္ခရောက်သွားနိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးရှိ သွေးများလည်း အေးခဲသွားနိုင်သည်။

"ငါတို့ သည်အတိုင်းလျှောက်သွားနေကြလို့မဖြစ်ဘူး ဟေ့၊ သည်နားတစ်ဝိုက်မှာ ခိုနားလို့ရမယ့်နေရာမျိုးကို ရှာကြမှဖြစ်တော့မယ်"

ခင်ကြီးက ရှေ့ဆက်မလျှောက်တော့ဘဲ၊ ရပ်တံ့လိုက်သည်။ သစ်ပင်ကြီးတစ်ပင်၏အောက်မှာ ရှိနေကြသော်လည်း အအေးဒဏ်ကို လုံခြုံစွာမကာကွယ်နိုင်။

"မီးဖိုကြမယ်ဟေ့"

အပူဓာတ်က လိုအပ်လာပြီဖြစ်၍ ထင်းခြောက်များ လိုက်ကောက်ကြရသည်။ ချက်ချင်းပင် မီးဖိုကြသည်။ ထင်းခြောက်များကို လွယ်ကူစွာရကြသည်တော့မဟုတ်။ လမ်း ဖုံးနေသောနှင်းပွင့်များအောက်မှ ရောက်နေကြသော ထင်း ကို ခဲယဉ်းစွာပင်ဖော်ကြရသည်။ မကြာမီ ထင်းမီးများ လော မြိုက်လာကာ မီးတောက်မီးလျှံကြီးများ ဖြစ်ပေါ်လာခဲ့ကြသည်။

"ဟာ . . . အခုမှပဲ အပူဓာတ်ကောင်းကောင်းရသွား နေသာထိုင်သာရှိသွားတော့တယ်"

"ဆရာ သည်နေရာဟာ ဘာလဲ"

"ဘာလဲကွ ကျော်မင်းရ . . . မင်းရဲ့စကားက အရင်း အဖျားမရှိ"

"ဒါ ကျွန်းကြီးလား၊ ကုန်းမြေလားလို့ပါ"

"ငါလည်းမပြောတတ်ဘူးလေ၊ လမ်းမှာ ဒုက္ခသုခ ရောက်လာခဲ့ကြပြီး ရောက်တတ်ရာရာ ရောက်လာခဲ့ကြတာ ပဲ သိတယ်၊ ဒါ ဘယ်နေရာလဲလို့ မင်းလိုပဲ ငါလည်း ခေါင်းစားနေတာ၊ မနက်ကျမှ လင်းလင်းကျင်းကျင်းနဲ့ အဖြေရှာ ကြည့်ရမှာပဲ"

"ဆရာခေါင်းကဒဏ်ရာ ဘယ့်နှယ့်နေသေးသလဲ"

တစ်ယောက်က မေးလိုက်သည်။

"နာနေသေးတယ်ကွ၊ သူတို့အထဲက တစ်ယောက် ယောက်က ဆော်ထည့်လိုက်တာကွ၊ ဘယ်သူလဲတော့မသိဘူး။ အေး ခုနေများ သင်းတို့ကိုတွေ့ခဲ့ရင် တစ်ယောက်မကျန်အ ချောက်ပစ်လိုက်၊ ခင်ကြီးကို သည်လိုကြောသွားလို့ သည်းခံနိုင် မယ်တဲ့လား"

ခင်ကြီးသည် ပြောရင်းနှင့်ကပင် ပိုပြီးတော့ မကျေမ နပ်ဖြစ်သွားမိသည်။ ရန်ပိုင်တို့ကိုမီရန် ရတ်တရက်ကောက် ထွက်လာခဲ့ကြ၍ လက်နက်မှလွဲပြီး အစားအစာများပါမလာ ကြ။ ညနေစာကို မစားသောက်ခဲ့ကြရ၍ ဆာလောင်မွတ်သိပ် နေကြလေပြီ။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ကြဘဲ၊ သစ်ပင်ကြီးကိုသာမှီပြီး ငိုက်မြည်းနေကြ လေသည်။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com

## [၁၉]

## ထိမိလသတ္တဝါကြီး

ခင်ကြီးနှင့်အတူပါလာခဲ့ကြသော သုံးယောက်မှာ သစ်ပင်ကြီးကိုမှီကာ အိပ်ပျော်နေကြပြီဖြစ်သည်။ တရှူးရှူးတခူးခူးနှင့် ဟောက်သံများပင် ထွက်ပေါ်နေကြလျက်။

"ကျွန်တော်တို့ မော်တော်ပေါ်ကနေ လှမ်းပြီးတော့မြင်လိုက်ကြရတဲ့ မီးအလင်းလုံးကြီးတွေဟာ သည်ကျွန်းပေါ်ကပဲ ရာ။ အခုမတွေ့ရတော့ဘူး"

"အေးဟုတ်တယ်၊ သည်နေရာလောက်ကပဲကွ၊ ဒါပေမဲ့ ငါတို့ သည်ကျွန်းပေါ်ကိုရောက်မလာမီကတည်းက ချက်ချင်းလို ပျောက်ကုန်ကြတာ"

"ထူးတော့ ထူးဆန်းတယ်ဆရာ၊ သည်နေရာက တစ်မျိုးပဲလို့ စိတ်ထဲမှာခံစားနေမိတယ်"

"မင်းကို ငါတို့ကလမ်းမှာ မြူတွေနဲ့အတူထွက်ပေါ်လာတဲ့ အနံ့တစ်မျိုးကို ရှူမိလို့ စိတ်ဂယောက်ဂယက်ဖြစ်ခဲ့တာနေမှာပါ၊ အမှန်မှာတော့ သည်နေရာမှာ ဘာအန္တရာယ်





မရှိနိုင်ပါဘူး၊ ငါ့ခေါင်းက ဒဏ်ရာကနည်းနည်း ကိုက်ချင်လာတယ်ကွ၊ ငါ တစ်ချက်မှိန်းလိုက်ဦးမယ်ကွာ"

"ဆရာ အနားယူပါ၊ ကျွန်တော်မအိပ်သေးပါဘူး"

ကျော်မင်းသည် ထင်းပုံထဲကို ထင်းခြောက်များ ထိုးသည့်လိုက်သည်။ မီးတောက်များက ထွက်ပေါ်လာခဲ့သည်။ သူတစ်ဦးတည်း အိပ်ချင်စိတ်မရှိဘဲ ဖြစ်နေသည်။ လမ်းမှာတွေ့ကြုံကြားခဲ့ရသည့် ပင်လယ်အူသံ (ပဲ့တင်သံ) ကြီးကို ပြန်ပြီးတော့အမှတ်ရနေမိသည်။ ချောက်ချားစိတ်က များနေ၍ အိပ်မရဖြစ်နေခြင်းပဲလား မသိ။

ကိုယ့်ကိုယ်ကိုယ်လည်း ဆန်းစစ်မိရသေးသည်။ သူတစ်ဦးတည်းသာ မဟုတ်။ အတွေ့အကြုံဆန်းများကြောင့် အားလုံးက စိတ်ဂယောက်ဂယက်နှင့် ဖြစ်နေမိကြသေးသည်။ အရှိန်က ယခုထက်ထိ မပြေသေး။ ထိုစဉ်မှာပင် ...

မိမိမျက်မြင်ပေါ်ကို အလင်းရောင်တစ်ချက် ဟပ်သွားသည်။ မျက်လုံးတွေလည်း ကျိန်းစပ်သွားခဲ့ရသည်။ ပထမတော့ အားနည်း၍ မူးမိုက်သွား၍လားဟု ထင်မိလိုက်သည်။ အလင်းရောင်များက ပိုမိုများပြားလာခဲ့သည်။ ပတ်ဝန်းကျင်တစ်ခုလုံး လင်းသွား၊ မြင်သာသွားခဲ့သည်အထိပင်။

တစ်ခဏအတွင်းမှာပင်လျှင် ကောင်းကင်မှာ လှုပ်ရှားလာနေကြသော အလင်းလုံးကြီးများကို မြင်တွေ့သွားခဲ့ရသည်။ ကျော်မင်းက ခင်ကြီးကို နှိုးမည်ပြုစဉ်မှာပင်လျှင် ခင်ကြီးသာမက အားလုံးသည် တစ်ပြိုင်တည်းလိုလိုပင် နိုးသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြလေသည်။

"ဟင် . . . ဘာတွေလဲဟ၊ ဟာ . . . သိပြီ . . . သိပြီ ဒါ ငါတို့ လမ်းမှာလှမ်းပြီးတော့ မြင်လိုက်ရတဲ့ မီးလုံးလိုလိုဟာ တွေပဲ၊ ပျောက်သွားပြီးမှ အခု ပြန်ပြီးတော့ပေါ်လာပြန်ပြီ"

ဘယ်လိုအကြောင်းကြောင့် ပြန်ပြီးတော့ပေါ်လာမှန်း မသိသောအလင်းများကြောင့် ချောက်ချားမိသလို ကြောက်နေ သလိုလို ဖြစ်ပေါ်ခံစားလာခဲ့မိသည်။

ထိုစဉ် . . သူတို့၏အနားကို သဏ္ဍာန်တစ်ခုက လျှောက် လာခဲ့သည်။ နှင်းဖတ်များကို နှင်းကာ နှင်းကာ တစ်လှမ်းချင်းပ လျှောက်လာနေသူ။

"ဟိုမှာ ဘယ်သူလဲ"

ခင်ကြီးက အရင်မြင်သွားသည်။ လက်ညှိုးထိုးကာ ပြ လိုက်သည်။ ခင်ကြီးသည် သားကောင်ဟုထင်မှတ်သည်။ အ လိုက်သေနတ်ကြီးကို ကောက်ယူလိုက်ကာ ထိုးချိန်ထားလိုက် သည်။ ကျည်အသင့်ထိုးပြီးသားဖြစ်သည်။ သစ်ပင်များအောက် မှ လျှောက်လာနေခဲ့သည်ဖြစ်၍ သဏ္ဍာန်က မသဲကွဲ။ မြေပြန့် ကိုရောက်လာသောအခါကျမှ သဏ္ဍာန်ကပီပြင်လာသည်။

"ဝက်ဝံကြီးတစ်ကောင်လား"

သေနတ်နှင့် သေချာစွာချိန်ထားပြီဖြစ်၍ ပစ်တော့မည် အပြုမှာ . . .

"ဆရာ ဒါ . . . ဒါ . . . လူ လူတစ်ယောက်ပဲ"

ကျော်မင်းက အရေးတကြီးပင် သတိပေးလိုက်၏။ ခင်



ကြီးသည်လည်း ဝက်ဝံတစ်ကောင်ဟုမထင်မိတော့။ ချိန်ထား သော သေနတ်ကို ပြန်ချလိုက်သည်။ မည်းမည်းသဏ္ဍာန်နှင့် လူကြီးမှာ အနက်ရောင်ခေါင်းစွပ်အချုန်ကြီးကို ဆောင်းထား သည်။ ရှည်လျားသော ကိုယ်ရုံကြီးနှင့် ဘောင်းဘီပွပွကြီးက လည်း အနက်ရောင်ပင်ဖြစ်သည်။ ထို့ကြောင့် အဝေးက ကြည့် လျှင်ဝက်ဝံကြီးတစ်ကောင်ဟု ထင်မှတ်မှားမိရခြင်းပင်။

ထိုသူသည် ရဲတင်းသောခြေလှမ်းများနှင့် အနားကို ရောက်လာခဲ့သည်။ ဆယ်ပေလောက်အကွာမှာ ရပ်လိုက်ပြီး

"လူလေးတို့ သည်နေရာက အန္တရာယ်မကင်းဘူး၊ သတ္တဝါကြီးတစ်ကောင်ရှိနေတယ်၊ သည်သတ္တဝါကြီးဟာ လူကို ဖမ်းပြီးတော့ မျိုတတ်တယ်၊ ဟိုဘက်မှာ ဘေးကင်းတယ်၊ ငါနဲ့ လိုက်ခဲ့ပါ"

ထိုသူ၏မျက်နှာကို သဲကွဲစွာမမြင်ရသော်လည်း လူကြီး တစ်ယောက်ဆိုသည်ကို သိနိုင်ပါသည်။ သည်လိုနေရာမျိုးမှာ လူတစ်ယောက်ရှိနေသည့်အတွက် အံ့အားသင့်သွားခဲ့ကြသည်။ မ်းလည်းသာသွားမိသွားခဲ့ကြသည်။ တစ်ပြိုင်တည်းမှာပင် . . . မသင်္ကာစိတ်များက ဝင်လာမိလေသည်။

"ခင်ဗျားက ဘယ်သူလဲ"

"ငါ ဘယ်သူလဲဆိုတာထက် မင်းတို့အတွက် ဘေးရန် ကင်းစွာ ခိုလှုံနိုင်ဖို့နေရာက အရေးမကြီးဘူးလား"

ထိုစဉ် . . .

'ဝေါ ဝေါ ဝေါ ဖျော ဖျော ဖျော'

www.burmeseclassic.com

မထင်မှတ်သော အသံကြီးတစ်သံက မမျှော်လင့်ဘဲ ထွက်ပေါ်လာခဲ့လေသည်။ ရှည်မျောမျောသဏ္ဍာန်ကြီးတစ်ခုက မလှမ်းမကမ်းမှ ဖြတ်သန်းသွားခဲ့သည်။ အားလုံးသည် ရိပ်ခနဲ ဆိုမြင်တွေ့လိုက်ကြရသည်။

''ဘာ ... ဘာကောင်ကြီးလဲ''

''မြွေ ... မြွေကြီး ... ရောမမြွေကြီးဖြစ်မယ်''

အလန့်တကြားနှင့် အော်လိုက်ကြလေသည်။ ခင်ကြီးက သေနတ်ကြီးနှင့် လှမ်းပြီးတော့ ချိန်လိုက်သည်။

သူ့ကို ရန်မရှာပါနဲ့၊ မင်းတို့ ဘာမှတတ်နိုင်ကြမှာမဟုတ်ဘူး။ အားလုံး ဒုက္ခကောင်းကောင်း ရောက်သွားကြလိမ့်မယ်''

ထိုလူကြီးဆီက မကျေမနပ်နှင့်ပြောလိုက်သော အသံ။

''ဝေါ ဝေါ ဝေါ ဖျော ဖျော ဖျော''

နောက်တစ်ကြိမ် ထွက်ပေါ်လာသောအသံ။ အကောင်ကို မမြင်ရသော်လည်း ပတ်ဝန်းကျင်မှာတော့ ပြောင်းဆန်အောင် ဆူညံလျက်ရှိနေလေသည်။ ကောင်းကင်က အလင်းလုံးများက ဝေးသွားခဲ့ကြပြန်သည်။ ထို့ကြောင့် ထိုသတ္တဝါကို ထင်ရှားစွာ မတွေ့လိုက်ရခြင်းပင် အားလုံးလည်း စိုးရိမ်ကြောင့်ကြသော စိတ်များက ကြီးစိုးလာခဲ့ကြလေသည်။

''ကျွန်တော်တို့ကို ဘေးကင်းတဲ့နေရာရောက်အောင် ပို့ပေးပါ''

ခင်ကြီးလည်း စိတ်လျှော့လိုက်ရလေသည်။ ထိုလူကြီးသည် ခေါင်းတညိတ်ညိတ်နှင့် ရှိနေရာက ...



''လာ ... လိုက်ခဲ့ကြ''

ရှေ့ဆောင်ပြီး ထွက်သွားခဲ့လေရာ အားလုံးစုပြုပြီးတော့ နောက်မှလိုက်သွားခဲ့ကြလေသည်။ သူတို့ကို ခေါ်ဆောင်သွားခဲ့သော လူကြီးကားအခြားသူမဟုတ်။ နတ်ဆရာကြီး အိန္ဒြပင်ဘည်း။

၁၀

တဝုန်းဝုန်း တဗြောင်းဗြောင်းနှင့် ဆူညံနေသော အသံများသည် အဝေးသို့ရောက်သွားသည့်တိုင် ကြားနေရစမြဲပင်။ ဘဏ္ဍာသည် သူတို့ကို စကားတစ်ခွန်းပြောရန် ချင့်ချိန်နေမိရသည်။ ပြောသင့်မပြောသင့် စဉ်းစားနေမိခြင်းပင်။

ထို့နောက် အားလုံးကို အနားသို့ခေါ်ကာ ...

''ငါ ပြောစရာရှိတယ်၊ ခု ငါတို့ကြုံတွေ့နေရတဲ့ အန္တရာယ်ဟာ ငါကြားဖူးထားခဲ့တဲ့အတိုင်း ဖြစ်နေမလားမသိဘူး''

''ကိုကြီးဝဏ္ဏက ဘာကြားထားလို့လဲ။ စောစောက ဟာကြီးက အန္တရာယ်ကောင်လို့ ယူဆထားသလား''

''အေး ဟုတ်တယ်၊ ဖန်တောင်ကြီးနဲ့ပတ်သက်ပြီး ကြားနားဝရှိနေတဲ့ကိစ္စပါ၊ ရှေးလူကြီးတွေပြောခဲ့တဲ့ စကားလေ''

''ကျွန်တော် သဘောပေါက်ပြီ၊ မြေပေါ်မှာ ပေါ်နေတဲ့ ရွှေကြောကြီးကိစ္စမဟုတ်လား''

''ဟေ ... မင်းတို့က သိပြီးပြီကိုး''

www.burmeseclassic.com



''ကိုကြီးဝဏ္ဏက သည့်ထက်ပိုပြီးတော့ သိထားတာ ရှိရင်လည်း ပြောပြပါ''

''ရှေ့ပိုင်းကတော့ မင်းတို့သိထားပြီးလောက်ပြီ၊ ဒါပေမဲ့ ဒေသခံတွေရဲ့ အယူအဆက သည်ရွှေကြောကြီးကို ကိုးကွယ်ရာ ပူဇော်ရာဆိုပြီး အထွတ်အမြတ်ထားထားကြတာလည်း မင်းတို့က သိကြမှာပါ၊ အေး ... သည်နေရာကိုရောက်လာတဲ့သူမှန်သမျှ ပြန်လမ်းမရှိဘူး၊ အသက်ဆုံးရှုံးခဲ့ကြရတယ် ...၊

မျက်စိလည်ပြီးတော့ လမ်းမှားပြီးရောက်လာခဲ့ကြတဲ့ သူတွေကိုလည်း သူတို့အထဲကဂိုဏ်းဝင်တွေက ခေါ်ဆောင်ပြီး ခေါ်သွားကြတယ်၊ နောက်ဆုံးသေလမ်းအထိ ပို့ပေးခဲ့ကြတယ် ရွှေကြောကို တမင်တကာလိုက်ရှာကြတဲ့ သူတွေဆိုရင်တော့ ပြောဖွယ်ရာမရှိတော့ဘူး၊ သူတို့ရဲ့ မဇ္ဈေရိယဂိုဏ်းသားတွေထဲကပဲ လမ်းပြလုပ် ခေါ်ဆောင်သွားခဲ့ကြပြီး သေတွင်းထဲကို ပို့ပေးခဲ့ကြတာပဲ ...၊

အေး ... ရှားရှားပါးပါး လွတ်မြောက်လာခဲ့တဲ့ လူတစ်ယောက်တော့ ရှိဖူးခဲ့တယ်တဲ့၊ အဲသည်လူက သူတွေ့ခဲ့ရတဲ့ အတွေ့အကြုံကို ပြောပြတယ်၊ အဲဒါက ဘာလဲဆိုရင် သူတို့ကို မဇ္ဈေရိယဂိုဏ်းသားတွေကလည်း လုပ်ကြံကြတာတဲ့၊ ပြီးတော့ ဂိုဏ်းသားတွေ မွေးထားတဲ့ထူးဆန်းတဲ့ သတ္တဝါကြီးတစ်ကောင်ကလည်း တိုက်ခိုက်တယ်လို့ ထင်ရတယ်တဲ့''

ရန်ပိုင်သည် နတ်ဆရာကြီးအိန္ဒြတို့၏ စည်းဝေးပွဲတွင် တွေ့ကြုံခဲ့ရသောအဖြစ်အပျက်ကို ပြန်ပြီးတော့ သတိရသွားခဲ့



လေသည်။ ဆိတ်ကလေးကို လွှတ်ပေးလိုက်စဉ် ပျောက်သွားခဲ့သည်မှာ ထူးဆန်းသည်။ သတ္တဝါတစ်ကောင်ကောင်က စုပ်ယူဝါးမျိုလိုက်သကဲ့သို့ပင် သူရော၊ သာထူးပါ ထင်မှတ်မိခဲ့ကြရသေးသည်။

''ဒါကို ကိုဝဏ္ဏက စောစောကသောင်းကျန်းနေတဲ့ သတ္တဝါကြီးဟာ အဲ့သည် အကောင်ကြီးလိုပဲထင်နေလို့လား''

သာထူးက မေးလိုက်ရာ ...

''ဟုတ်တယ် ... သင်းပဲဖြစ်မှာပဲ၊ ဒါကြောင့် ငါတို့အခုရောက်နေတဲ့နေရာဟာ ဖန်တောင်ကြီးရဲ့ အနီးအနားတစ်ဝိုက်ဆိုတာ အားလုံးမျက်မြင်ပဲ၊ ရွှေကြောရှိ မရှိဆိုတာကိုလည်း မသိနိုင်ဘူး၊ ကြီးမားတဲ့အန္တရာယ်ကောင်ကြီးကတော့ ကျိန်းသေရှိနေပြီ ... ဒါဆိုရင်''

သာထူး၏ စကားကိုမဆုံးလိုက် စကားပြောသံလိုလို လမ်းလျှောက်လှုပ်ရှားသံများလိုလို ကြားလိုက်ရသည်။ အားလုံး နှုတ်ဆိတ်သွားခဲ့ကြရလေသည်။ မီးကျီးခဲရဲရဲများကိုလည်း မြေများနှင့် ဖုံးအုပ်ပစ်လိုက်ကြသည်။ မကြာမီ ခြေသံတွေက ပိုပြီးတော့ သိသာလာခဲ့ကြသည်။ ကောင်းကင်ထက်မှ လင်းလက်နေသော မီးအလင်းများက အတန်ငယ်ဝေးသွားခဲ့ကြ၍ မိမိတို့နေရာကို သင်ရှားစွာမမြင်နိုင်၊ သစ်တောအုပ်ကြီးထဲမှာ ရှိနေသောဂူကြီးကို ရုတ်တရက် မမြင်နိုင်ကြပေ။ အားလုံး အသေအချာပင် စောင့်ကြည့်နေကြသည်။ သို့ရှိစဉ် ...

လူတစ်စုသည် နှင်းများဖုံးနေသောလမ်းပေါ်မှာ ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားခဲ့ကြသည်။ မကြာခဏ လင်းခနဲ၊ လက်ခနဲဆို ထွက်ပေါ်လာသော အလင်းရောင်ကြောင့် အားလုံးကိုမြင်တွေ့လိုက်ရလေသည်။

"ဟင်"

အာမေဍိတ်သံများက တိုးညင်းစွာပင် ထွက်ပေါ်လာခဲ့ကြသည်။ ခေါင်းစွပ်နက်အချွန်နှင့် လူတစ်ယောက်က လူတစ်စုကို ဦးဆောင်ပြီးတော့ ခေါ်သွားသောမြင်ကွင်းပင်။

"ဒါ ... ဒါ ခင်ကြီးတို့ အုပ်စုပဲ၊ ရှေ့ကလူကြီးဟာ မဟုတ်မှလွဲရော နတ်ဆရာကြီး အိန္ဒုပဲဖြစ်ရမယ်၊ ခင်ကြီးတို့နဲ့ ဘယ်လိုတွေ့သွားခဲ့ကြတာလဲ မသိဘူး"

"ရန်ပိုင် ... အိန္ဒုက ခင်ကြီးတို့ကို သူ့အကြံနဲ့သွေးဆောင်ပြီးတော့ ခေါ်လာခဲ့တာပဲကွ၊ အခြေအနေကတော့ မကောင်းဘူးဟေ့"

အိန္ဒုအကြောင်းကို အူမချေးခါးမကျန်သိနေသော သာထူးက စိုးရိမ်ကာ ပြောလိုက်လေသည်။

"ကိုဝဏ္ဏ အဲ့သည်လူကြီးဟာ ဖန်တောင်ကြီးနဲ့ပတ်သက်နေတဲ့ မစ္ဆေရိယဂိုဏ်းခေါင်းဆောင်တစ်ဦးပဲ"

"ဟေ ... ဟုတ်လား"

"ဟိုလူတွေကို ခေါ်သွားတာအကြံနဲ့ပဲ၊ ကြံမှာဆိုးနဲ့တော့ တိုးကြလိမ့်မယ်ထင်တယ်"

"ဘယ်လိုလုပ်ကြမလဲ ရန်ပိုင်"

"ခင်ကြီးကိုက ကျွန်တော်တို့အပေါ်မှာ မကောင်းတာ



တော့ အမှန်ပဲ၊ ဒါပေမဲ့ သူတို့ဒုက္ခရောက်မှာကိုတော့ မလိုလားဘူး၊ အိန္ဒုရဲ့ အကြံအစည်မအောင်မြင်အောင် အချိန်မီလိုက်ပြီး ဘားဆီးမှဖြစ်မယ် ... အားလုံးသဘောတူကြလား"

ကန့်ကွက်မည့်သူ မရှိ။ အသံမကြားရ။ စိတ်ခါတ်တွေကို သဘောကျသွားခဲ့ကြသည်။

"ကဲ ... ဒါဖြင့်ရပ်"

▣

ကောင်းကင်ထက်မှာ အလင်းမီးလုံးတွေက အောက်ကို ခိမ့်ဆင်းလာလိုက်ကြ၊ အမြင့်ကို ပြန်တက်သွားလိုက်ကြနှင့်ရှိနေကြသည်။ ရန်ပိုင်၊ ဝဏ္ဏ၊ သာထူးနှင့် မောင်ခွေးတို့သည် ...န်းလျှိုးကွယ်လျှိုးနှင့် သစ်ပင်တွေကြားထဲမှာ လိုက်နေကြသည်။ သိပ်သည်းသော အအေးဒဏ်ကို ခံစားနေကြရသည်။ ...နွှာကိုယ်က ခြေလှမ်းသွက်သွက်နှင့် လှုပ်ရှားနေကြရသောအခါ ...သွေးပူလာကြသည်။

အိန္ဒုတို့ကိုလည်း မျက်ခြည်ပြတ်သွားမည်ကို မလိုလားကြ၊ ထို့ကြောင့် ဘေးမှပန်းပြီးတော့လိုက်နေကြရသည်။

အိန္ဒုသည် ခြေလှမ်းမှန်မှန်နှင့် ရှေ့ကသွားနေသည်။ ...င်ကြီးတို့က နောက်ကလိုက်နေကြသည်။ နေရာကောင်းတစ်...တွင် နားခိုရန်မည်မျှအထိ လျှောက်နေကြရမည်နည်း။

ဤသို့ဖြင့် ... ဖန်တောင်ကြီးနှင့်မနီးမဝေးသို့ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြသည်။ တပြောင်ပြောင်တလက်လက်နှင့် လင်းလာလိုက်၊ မှိန်ကျသွားလိုက်နှင့်ရှိနေသော ဖန်တောင်ကြီးကို ကြည့်ပြီးတော့ အံ့အားသင့်သွားခဲ့ကြသည်။

''မင်းတို့ သည်နားမှာနေခဲ့ကြ''

အိန္ဒြက တစ်နေရာကိုလက်ညှိုးထိုးပြီးတော့ ပြောလိုက်သည်။ ဖန်တောင်ကြီးသည် သိပ်မြင့်လှသည်မဟုတ်ပေ သို့သော် မိမိတို့အတွက် ကောင်းကျိုးမပေးနိုင်။ ဘေးဥပဒ်အန္တရာယ်သာပေးနိုင်သည့်နေရာဟု စိတ်ထဲမှာ အလိုလိုပင် ခံစားနေမိကြလေသည်။ ဖန်တောင်ဟု မိစ္ဆာဂိုဏ်းသားများက တမင်အမည်ပေးထားခြင်းဖြစ်ဟန်တူသည်။ သူတို့၏ ရှေးကျသောဘာသာစကားပင် ဖြစ်ပေလိမ့်မည်''

''သည်နေရာ ... ဟုတ်လား၊ စောစောကနေရာထက်ပိုပြီးတော့ ဘာများထူးလို့လဲ၊ တကယ်ကော အန္တရာယ်ကင်းရဲ့လား''

ခင်ကြီးက မေးလိုက်သည်။ ပြန်ဖြေသံမကြား။ လှည့်ကြည့်လိုက်ရာ ...

''ဟင်''

အိန္ဒြမရှိတော့ပေ။ နေရာမှထွက်သွားသည်ကို မသိလိုက်ရ။ ထိုစဉ် ...

'ဝေါ ငူး ဖြောင်း ဖြောင်း ဖြောင်း'

မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်သည်။ လှုပ်ယမ်းသွားခဲ့သည်။ သစ်ပင်ကြီးပေါ်မှာ တင်နေသော နှင်းဖတ်များ



သည် တသောသောနှင့် ကျလာခဲ့ကြလေသည်။ ခင်ကြီးတို့သည် ထိုသစ်ပင်ကြီးကို မော့ကြည့်လိုက်ကြသည်။

တစ်ချက် တစ်ချက် လင်းလက်လာကြသော အလင်းရောင်များကြောင့် သစ်ပင်ကြီးကို ရစ်ပတ်ထားသောသဏ္ဌာန်ကြီးတစ်ခုကို အမှတ်မထင်မြင်တွေ့လိုက်ရလေသည်။

''ဟာ''

ထိတ်လန့်အံ့ဩမှုကြောင့် ထွက်ပေါ်လာကြသော အသံတွေက တစ်ပြိုင်တည်းပင် ကိုယ်ထည်ကြီးမားသော မြွေကြီးတစ်ကောင်ဟု သဘောပေါက်သွားကြသည်မှလွဲ၍ အခြားမဖြစ်နိုင်တော့ပါ။ ယင်းမြွေကြီးသည် ကြီးမားသော သစ်ပင်ကြီးတစ်ပင်လုံးကို ရစ်ပတ်ထားခြင်းပင်ဖြစ်သည်။ ခေါင်းပိုင်းကိုတော့ မမြင်ရ။ အပင်တစ်နေရာတွင် ကွယ်ပျောက်လျက်ရှိနေသည်။ စောစောက တဝေါဝေါ တငူးငူးနှင့် အော်နေသောအသံကြီးသည် ထိုသတ္တဝါကြီးထဲမှ ထွက်ပေါ်လာခြင်းပင်ဖြစ်သည်။

''ဟော့ ဟော့ ... ငါတို့ ပြေးကြမှဖြစ်မယ်၊ စောစောက လူကြီးက ငါတို့ကို အန္တရာယ်တွင်းထဲ တမင်တွန်းပို့ခဲ့တာပဲကွ''

ခင်ကြီးက ချောက်ချားသောအသံကြီးနှင့် ပြောလိုက်သည်။ ချက်ချင်းမှာပင် နေရာမှပြန်လှည့်ကြသည်။ သို့သော် နောက်ကျသွားခဲ့လေပြီ။

'ရှူး ရှူး ရှူး'

သစ်ပင်ကြီးပေါ်မှ ထွက်ပေါ်လာသောအသံကြီးတစ်သံ၊ ခင်ကြီးနှင့်အတူပါလာခဲ့သူ တစ်ယောက်သည် ချက်ချင်းမှာပင်

www.burmeseclassic.com

အားကောင်းသော သံလိုက်နှင့်အဆွဲခံလိုက်ရသလို လေထဲမှာ မြောက်ခနဲဆို ပါသွားခဲ့လေသည်။

"အား"

ဆိုသူသည် ခြေကားယား လက်ကားယားနှင့် ထို အကောင်ကြီးရှိနေသော သစ်ပင်ကြီးပေါ်ကိုရောက်သွားခဲ့လေ တော့သည်။ ညည်းညူသံကိုပင် မကြားလိုက်ရတော့ ချက်ချင်း ပင်တိတ်ဆိတ်သွားခဲ့လေသည်။

"ဟာ ... ပြေးဟေ့ ... ပြေး"

ထိတ်လန့်ချောက်ချားစရာကောင်းသော အခြေအနေ တို့ မမျှော်လင့်ဘဲကြုံတွေ့လိုက်ကြရသည့်အတွက် ထွက်ပြေးကြ ကုန်သည်။ သို့သော် ...

'ဝေါ ဝူး ဝူး'

ဝမ်းခေါင်းသံကြီးက ခြစ်ခြုတ်ကာထွက်ပေါ်လာခဲ့ပြန် ပြီ။ သစ်ပင်ကြီးတစ်ပင်လုံး သွက်သွက်ခါသွားခဲ့ရပြန်လေသည်။ ရှည်မျောမျော အကောင်ကြီးတစ်ကောင်သည် သစ်ပင်ကြီးပေါ် မှ ချက်ချင်းပင်ဆင်းလာခဲ့ပြီဖြစ်ပါသည်။

ယင်းအကောင်ကြီးသည် ခေါင်းပိုင်းက မြွေခေါင်းနှင့် တူသော်လည်း မုတ်ဆိတ်မွေးများ၊ ပါးမြိုင်းမွေးများထူထပ်ကာ တွဲလျောင်းကျဆင်းနေကြသည်။ အရေခွံက ပြောင်တင်းနေပြီး အရောင်များပင်ထွက်နေသလို ထင်ရသည်။ အကောင်ကြီးသည် ပေသုံးဆယ်ခန့်ရှည်လျားမည်ဖြစ်ပြီး ဝမ်းဗိုက်တစ်နေရာတွင် ဖောင်းဖုလျက်ရှိသည်။



ခင်ကြီးတို့၏နောက်မှ တရကြမ်းပင်လိုက်လာလေသည်. စမ်းထဲမှလည်း တဝူးဝူးဖြင့် မြည်လျက်ရှိသည်။ ဒေါသကြီးနေ ခြင်းပဲဖြစ်ပါသည်။

"ဆရာ ... ဆရာ ... ပစ်လေ ... ပစ်လေ မြန်မြန်"

ပြေးနေရင်းက အထိတ်တလန့်နှင့် ပြောလိုက်သော ကျော်မင်း၏အသံ။ ထိုအခါကျမှ ခင်ကြီးသည် လက်မှာကိုင် ထားသော သေနတ်ကို သတိရသွားသည်။ ချက်ချင်းပင်ပြေး နေရာမှရပ်လိုက်သည်။ သတ္တဝါကြီးဆီကို ထိုးချိန်လိုက်ပြီး သေနတ်ကိုဆွဲလိုက်၏။

'ဒိုင်း'

ပေါက်ကွဲသံက တစ်တောလုံးဟိန်းထွက်သွားသည်။ သို့သော် ကြောက်လန့်နေသည်ကတစ်ကြောင်း လက်ကလည်း ဂုန်ယင်နေသည့်အတွက် ပစ်မှတ်ကလွဲချော်သွားခဲ့လေသည်။

သတ္တဝါကြီးသည် နှင်းတောထဲမှာ သစ်ပင်များကို ကွေ့ ပတ်ကာ လိုက်လာသည်။ ထိုစဉ် ရှည်လျားသော အမြီးပိုင်းကြီး သည် လေထဲမှာဝှေ့ယမ်းလာခဲ့လေရာ ...

'ဗိုး .. ဖြန်း'

"အား"

ခင်ကြီးနှင့် သူ့လူအချို့ကို သတ္တဝါကြီး၏အမြီးကြီးက တစ်ချက်တည်းသိမ်းကျုံးပြီး ရိုက်ထည့်လိုက်ရာ အားလုံးလွင့် ကြွက်သွားခဲ့ကြလေ၏။

◘ ◘ ◘

www.burmeseclassic.com

# (၂၀)

## ဒဏ်ရာရသွားသော ထိမိလကြီး

နောက်မှ အပြေးအလွှားပင်လိုက်လာခဲ့ကြသော ရန်ပိုင်တို့တစ်စု၊ ပိုးလိုးပက်လက်ဖြစ်နေကြသော ခင်ကြီးတို့၏ အခြေအနေကို မမျှော်လင့်ဘဲတွေ့လိုက်ကြရလေသည်။ ဘာဖြစ်ကုန်ကြသလဲဟု မေးရန်ပင်မလိုတော့ အဘယ့်ကြောင့်ဆိုသော် ခပ်လှမ်းလှမ်းတွင် ရှည်လျားသောအမြီးကြီးကို လွှဲယမ်းခါနေသည့် ကိုယ်ထည်ရှည်မျောမျောနှင့် သတ္တဝါကြီးတစ်ကောင်ကို မမျှော်လင့်ဘဲတွေ့လိုက်ရသောကြောင့်ပင်တည်း။

"ဟာ ... ကိုခင်ကြီး"

နောက်မှခေါ်လိုက်သံကြောင့် ခင်ကြီးသည် လှည့်ကြည့်မိလိုက်သည်။

"ဟင် ... ရန်ပိုင်"

ရန်ပိုင်ကိုအနီးကပ်တွေ့လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ရလေ၏။ သူ့ကိုရန်မူလိမ့်မည်ဟု ထင်သွားမိသည်။

"ခင်ဗျားကို ရန်ရှာမလို့မဟုတ်ဘူး၊ ဟိုနတ်ဆရာကြီး



က ခေါ်သွားတာမြင်လို့လိုက်လာတာ၊ သူက ခင်ဗျားတို့ကို အကောင်းခေါ်လာတာ မဟုတ်ဘူး၊ သေတွင်းထဲကိုပို့မလို့"

"မင်းပြောတာ မှန်တယ်၊ ဒါပေမဲ့ နောက်ကျသွားပြီ ဟိုမှာ"

ခင်ကြီးသည် သတ္တဝါကြီးဆီကိုလက်ညှိုးထိုးပြလိုက်သည်။ လွန်စွာမှလည်း ထိတ်လန့်လျက်ရှိနေသည်။ သည်ပုံအတိုင်းနှင့်ဆိုလျှင် သတ္တဝါကြီး၏လက်ချက်မိသွားနိုင်သည်။ ကြောက်ရွံ့လွန်း၍ စဉ်းစားဆုံးဖြတ်ရန်လည်းမရှိတော့။ ရန်ပိုင်သည် ဘေးမှာကျနေသောအမဲလိုက် သေနတ်ကြီးကို မြင်သွားသည်။ ထို့ကြောင့် ကောက်ယူလိုက်သည်။

"ငါ့လက်နာသွားပြီ၊ မပစ်နိုင်တော့ဘူး၊ သည်မှာ ကျည်ဆန်တွေ"

ခင်ကြီးက ဘောင်းဘီအိတ်ထဲမှ ကျည်တောင့်များကို ထုတ်ပေးလိုက်သည်။ အခုအချိန်မှာ ရန်သူမိတ်ဆွေခွဲခြားရန် မလိုတော့။ အခြေအနေကို ကြည့်ပြီး သဘောပေါက်ထားကြသည်။

ရန်ပိုင်သည် ဖလုတ်ထဲကို ကျည်တစ်တောင့်ကို အမြန်ထည့်လိုက်သည်။ ယင်းအချိန်တွင် သတ္တဝါကြီးသည် သူတို့ကို နောက်ထပ်တစ်ဖန် တိုက်ခိုက်ရန် အားယူလျက်ရှိနေလေပြီ။ ဒေါသလည်း ကြီးနေဟန်တူသည်။ ပါးပျဉ်းခွက်ကြီးကို ထောင်ကာတရှူးရှူး တရှဲရှဲနှင့် နာမှုတ်လျက်ရှိသည်။ နာပေါက်ဝက အငွေ့များက ထွက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ငွေ့များ ဖြစ်ဟန်တူသည်။ ရှုရှိုက်မိပါက ဒု ရောက်သွားနိုင်သည်။ ပါးပျဉ်းခွက်ကြီးသည် မြေပြင်မှအမြင့် ငါးပေလောက်အထိကို ရှိနေသည်။ ကြီးမားသော မြွေကြီးတစ် ကောင်ဖြစ်သော်လည်း ခေါင်းပိုင်းက ထူးခြားသောအသွင်မျိုး ဖြစ်နေသည်။ မိမိတို့တစ်သက်မှာ ဤမျှထူးဆန်းသော သတ္တ ဝါကြီးကို မမြင်ဖူးခဲ့ကြပေ။

အခုအချိန်မှာ မိမိကသာလက်မဦးခဲ့လျှင် သတ္တဝါကြီး က စက္ကန့်ပိုင်းအတွင်းမှာ ဝင်ရောက်တိုက်ခိုက်တော့မည်ဖြစ် သည်။ ထို့ကြောင့် ရန်ပိုင်သည် ရှေ့ကိုတဖြည်းဖြည်းနှင့်တိုး သွားသည်။

''ကိုရန်ပိုင် သတိထား''

ရဲရင့်က သတိပေးသည်။ ဝဏ္ဏ၊ သာထူးနှင့်မောင်ဒွေး တို့ကလည်း အနားကိုတိုးကပ်လာခဲ့ကြသည်။ လက်ထဲကွင် သေ နတ်ရှိနေ၍ အားရှိသွားခဲ့ကြသည်။

ကြောက်အားကြီးနေကြသော ခင်ကြီးနှင့် သူ့လူများ သည်အနားမှ လစ်ထွက်သွားခဲ့ကြလေပြီ။ ထိုစဉ် ...

'ဝူး ဝေါ ဝေါ'

သတ္တဝါကြီးထံမှ ဝမ်းခေါင်းသံကြီးထွက်ပေါ်လာသည် ကြီးမားသော ပါးစပ်ကြီးကို ဖြဲဟလိုက်လေရာ ပါးစပ်ထဲမှတစ်ခု တစ်ရာက ထွက်ကျလာခဲ့လေသည်။ ယင်းအရာကား လူတစ် ယောက်ပင်တည်း။

သတ္တဝါကြီးသည် ရင်ထဲမှာ ချောင်သွားဟန်တူသည်





ရန်ပိုင်တို့ဆီကို တစ်ဟုန်ထိုးပင် ပြေးဝင်လာခဲ့လေတော့သည်။ ထိုအခါ အားလုံး၏မျက်လုံးများသည် ပြူးကျယ်သွားခဲ့ကြရ သည်။

''ရန်ပိုင် ... ရန်ပိုင် ... ပစ်လေ ... ပစ် ... ပစ်''

ဝဏ္ဏက အော်ဟစ်ပြီးတော့ သတိပေးလိုက်သည်။ ရန် ပိုင်သည် သတ္တဝါကြီးကို သေနတ်နှင့်အမိအရပင် ချိန်ထားခဲ့ လေပြီ။ ဒေါသတကြီးနှင့် ပြေးဝင်လာသော သတ္တဝါကြီးသည် ပါးစပ်ကြီးကိုလည်း ဖြဲဟထားသည်။ လူတစ်ယောက်ကို ကောင်း ကောင်းမြိုနိုင်လောက်အောင် ကျယ်ဝန်းလှသော ပါးစပ်ကြီး။ သတ္တဝါကြီးသည် ရန်ပိုင်နှင့် ဆယ်ပေအကွာလောက်အထိ ရောက်လာသည်။ ရန်ပိုင်က တမင်တကာ စောင့်နေလိုက်ခြင်း ပင်ဖြစ်သည်။

'ဒိုင်း'

ကျယ်လောင်သော ပေါက်ကွဲသံကြီးကထွက်ပေါ်လာ သည်။ ထူးဆန်းသောအလင်းရောင်တွေ ပြိုးပြက်နေစဉ်မှာ ကျည် ဆံက သတ္တဝါကြီး၏ပါးစပ်ထဲကို တန်းပြီးတော့ဝင်သွားခဲ့လေ သည်။

'အူး ဝူး'

သတ္တဝါကြီး၏ ပြေးလာရှိန်က ရုတ်တရက်တုံ့သွားခဲ့ သည်။ ကြောက်မက်ဖွယ်အသံကြီးတစ်သံကလည်း ထွက်ပေါ် လာခဲ့သည်။ ချက်ချင်းပင် နောက်ကြောင်းကိုပြန်လှည့်ပြီးတော့ ပြေးသည်။ ထိုစဉ် ...

www.burmeseclassic.com

www.burmeseclassic.com



'ဗိုး'

''ဟာ . . . ရှောင် . . . မြန်မြန်ခေါင်းငုံ့ရှောင်ကြ''

ရန်ပိုင်က သတိလည်းပေးရင်း သူကိုယ်တိုင်လည်း မြေပြင်မှာဝပ်ချလိုက်ရသည်။ အားလုံးသည် သတိကြီးစွာထား ကြ၍ အောက်ကိုပစ်လှဲချလိုက်ကြလေသည်။

'ဖြန်း'

လေထဲမှာ အရှိန်နှင့်ရောက်လာသော အမြီးဖျားပိုင်း တောင်ကမူကြီးတစ်ခုကို အရှိန်ပြင်းစွာနှင့် လာရောက်ရိုက်ခတ် သည်။ နာကျင်မှု၊ ဒေါသတကြီးနှင့် ခံစားရခြင်းများကြောင့် အမြီးကြီးက နောက်ထပ်သုံးလေးချက်မျှ ရိုက်ခတ်သွားသည်။ ထို့နောက် လာရာလမ်းအတိုင်း ဆုတ်ခွာပြေးလေတော့သည်။ ရန်ပိုင်သည် နောက်ထပ်ကျည်တစ်တောင့်ထိုးလိုက်သည်။

''ချက်ကောင်းကိုထိသွားတယ်၊ သည်အတိုင်းလွှတ် ထားလို့မဖြစ်တော့ဘူး။ လိုက်ကြမယ်''

ရန်ပိုင်က ပြေးလိုက်သွားသည်။

''ကိုရန်ပိုင် အတင့်မရဲနဲ့''

ရဲရင့်က အော်ပြီးသတိပေးလိုက်သည်။ ထို့နောက် ရန် ပိုင် နောက်ကိုအားလုံးလိုက်သွားခဲ့ကြလေသည်။

■

ခင်ကြီး၊ ကျော်မင်းနှင့် တပည့်နှစ်ယောက်တို့သည်





အောက်ကြောင်းကိုလှည့်ကာ ပြေးလာခဲ့ကြသည်။

''ဟိုကောင်တွေကိုတော့ သေမင်းရဲ့လက်ထဲမှာ ထား ခဲ့ပြီ။ သင်းတို့ အဲသည်ကောင်ကြီးရဲ့ ပါးစပ်ထဲကိုရောက် သွားကြမှာပဲ၊ သေရစ်ခဲ့ကြစမ်း''

''ကျွန်တော်တို့သည်မှာ ဆက်နေလို့မဖြစ်တော့ဘူး၊ ည ကောင်းချင်းပဲ လစ်ကြမှဖြစ်တော့မယ်၊ တစ်နေရာကနေ လှည့် ပတ်ပြီးတော့ သွားရင်ဖြစ်ပါတယ်''

''အေးငါလည်း မိုးလင်းအောင် မစောင့်ချင်တော့ဘူး၊ ဂေါ်တော်ဆီကိုသာ အမြန်ပြေး''

စိတ်ဇော်နှင့် ပြေးလာခဲ့ကြသည်။ သို့သော် ရှေ့မှာသူ တို့ကို စောင့်ကြိုနေသော လူတစ်စုကိုမမြင်ကြ။

''ဟိုကောင်တွေ ပြန်ပြေးလာခဲ့ကြပါလား၊ ထိမိလကြီး ရဲ့ လက်ချက်မမိကြဘဲ လွတ်မြောက်လာခဲ့ကြတယ်ထင်တယ်''

''ဒါပေမဲ့ သင်းတို့ သည်နေရာကနေကျော်ပြီးတော့ ဆက်မသွားနိုင်ကြပါဘူး ဆရာကြီး''

နတ်ဆရာကြီး အိန္ဒသည် မှောင်ရီရီထဲမှာ သူတို့ကို ကောက်ကျစ်စဉ်းလဲသော အကြည့်ဖြင့် ကြည့်နေရင်းက သစ်ပင် အောက်မှနေ၍ အပြင်ကိုထွက်ရပ်လိုက်လေသည်။ ထိုအခါ ပြေး လာနေကြသော ခင်ကြီးတို့နှင့်ပက်ပင်းတိုးမိသွားခဲ့ကြလေသည်။

''ဟင်'' . . . ''ဟာ''

အားလုံး အထိတ်တလန့်ဖြစ်သွားခဲ့ကြသည်။ အံ့အား သင့်သွားခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ထိမိလကြီးရဲ့ ပါးစပ်ထဲကိုမရောက်ခဲ့ကြပေမယ့် ငါ့လက်ထဲကတော့ ပြေးမလွတ်ကြပါဘူး . . ဟဲ ဟဲ ဟဲ"

"ခင် ခင်ဗျားကြီး ယုတ်မာတယ်၊ ကျုပ်တို့ကို သေတွင်းထဲပို့ပစ်ခဲ့တယ်"

ခင်ကြီးက ခါးကြားထဲကသေနတ်ကို ဆွဲထုတ်ကာချိန်ထားလိုက်သည်။ ကျော်မင်းနှင့် နှစ်ယောက်ကလည်း ဓားမြှောင်များကို ဆုပ်ကိုင်ကာ တိုက်ခိုက်ဖို့ပြင်ဆင်နေကြသည်။ အိန္ဒြသည် ခင်ကြီး၏လက်ထဲကသေနတ်ကြောင့် ရုတ်တရက်မဝင်ရဲ။ သူ့လူသုံးယောက်ကလည်း ဓားကောက်ကြီးတွေကို တဝင့်ဝင့်နှင့်ရှိနေကြသည်။

အဝေးဆီကအမြင့်မှာ ပျံသန်းလှုပ်ရှားနေကြသော မီးလုံးများ၏အလင်းရောင်က တစ်ချက် တစ်ချက်မှာ သူတို့ဆီကိုရောက်လာခဲ့ကြသည်။

"ကျုပ်တို့ သွားမယ့်လမ်းက ဖယ်ပေးပါ။ မဟုတ်ရင်တော့ ကျုပ်ပစ်ထည့်လိုက်မယ်"

ခင်ကြီးက ခြိမ်းခြောက်လိုက်သည်။ အိန္ဒြသည်။ သူ၏ကိုယ်ရုံထဲတွင် လက်ကိုထည့်ထားသည်။ ယာစ်ဓားကောက်ကြီးကို ဝုက်ကာဆုပ်ကိုင်ထားသည်။ အိန္ဒြ၏ခြေလှမ်းတွေက တစ်လက်မပြီးတစ်လက်မ တိုးလာသည်။ နှင်းဖတ်ဖြူတွေကလည်း တရဟောပင် ကျလာခဲ့သည်။ ထို့ကြောင့် တစ်ယောက်ကိုတစ်ယောက် မြင်ကွင်းက ဝါးသွားခဲ့ကြသည်။

အိန္ဒြသည် ဤသည်ကို အခွင့်ကောင်းယူကာ ခင်ကြီး



ကို ခုန်အုပ်လိုက်လေတော့သည်။ ယာစ်ဓားကြီးကို ဆွဲထုတ်ကာ တစ်ချက်တည်းပိုင်းချလိုက်လေသည်။

'ဒိုင်း' . . . "အား"

တစ်ပြိုင်တည်းမှာပင် သေနတ်သံက ထွက်ပေါ်လာသည်။ အိန္ဒြကို မှန်သွား၏။ ထိုအခါ အိန္ဒြ၏တပည့်များသည်လည်း လစ်ပြီထင်ကာ ဓားများနှင့်ပြေးဝင်လာခဲ့ကြသည်။ ကျော်မင်းသည် ရန်သူကမဦးမီ သတိကြီးစွာထားကာ သူကအရင်တစ်ယောက်ကို လက်ဦးမှုရယူလိုက်သည်။

"အား"

ဝင်လာကြသူတွေကလည်း ကြမ်းတမ်းကြသည်။ အပြားကြီးသော ဓားကောက်ကြီးများဖြင့် မဆင်မခြင်ဝင်ခုတ်ကြသည်။ တစ်ယောက်က ရှောင်လိုက်သော်လည်း ပခုံးကိုမွတ်ကာသီကာခုတ်မိသွား၏။ သို့သော် သူ့ဓားမြှောင်က မခွေ့ရိယဂိုဏ်းသားကို အလွတ်မပေးတော့။

"အား"

"ဟေ့ . . . ပြေးကြမယ်၊ မြန်မြန်"

ခင်ကြီးက သူ့လူတွေကို သတိပေးလိုက်သည်။ ပွဲကိုအဆုံးမသတ်ပဲ၊ ထွက်ပြေးကြသည်။ ဂိုဏ်းသားတစ်ယောက်က အသေအလဲပြေးလိုက်လာသည်။

"ဒါလောက်တောင် ဖြစ်လုတာ . . . ကဲကွာ"

ခင်ကြီး၏ လူတစ်ယောက်က ဓားပြောင်နှင့်ပစ်ပေါက်သည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဝုတ်' ...''အား''

ထိုသူ ခွေခနဲလဲကျသွားသည်။ သူတို့ကို သတိထားပြီး တော့ ကြည့်မနေနိုင်ကြတော့။ မော်တော်ဆီကို တစ်ဟုန်ထိုးပြေး ကြသည်။ ဝက်ထားသော မော်တော်ကိုချက်ချင်းမတွေ့။ စိုးရိမ် စိတ်၊ ကြောက်လန့်မှုစိတ်တွေနှင့် ဖောကပ်နေကြသောကြောင်း ပင်ဖြစ်သည်။

''ဆရာ ...ဟိုမှာမော်တော်''

ချုံတစ်ခုထဲကိုထိုးထည့်ထား၍ တစ်ဝွန်းတစ်စပေါ်နေ သော မော်တော်။ မှောင်ရိပ်ထဲမှာ မြင်တွေ့လိုက်ရသည်။ တစ် ခဏအတွင်းမှာ မော်တော်ပေါ်ကို ရောက်သွားခဲ့ကြသည်။

''မင်းလက်ကို ထိသွားတယ် ဟုတ်လား၊ မော်တော် မောင်းနိုင်ပါ့မလား''

''မများပါဘူး ဆရာ ...မောင်းလို့ ဖြစ်ပါတယ်''

မော်တော်မောင်းသမားက ပေပေတေတေကောင်း ကိုယ်ပေါ်မှာလည်း ဓားဒဏ်ရာအမာရွတ်တွေက ဗရပျစ်နှင့် ယခုလက်မောင်းမှာ ဒဏ်ရာရသွားသော်လည်း မျက်နှာတစ်ချက် မပျက်။

''အေး ...ဒါဆို မြန်မြန်လေးကွာ''

တစ်ခဏအတွင်းမှာ မော်တော်သည် ကမ်းမှခွာကာ မောင်းထွက်လာခဲ့သည်။

'ဂူး ဝေါ ဝေါ'

''ဟေး ...လွတ်ပြီ ကျွတ်ပြီကွ၊ ဟိုကောင်တွေကတော့



ပြန်လမ်းရှိကြတော့မှာ မဟုတ်ဘူး၊ သနားလိုက်တာကွာ''

ခင်ကြီးက မော်တော်ပေါ်မှ အားပါးတရအော်ဟစ်ပြီး တော့ ပြောလိုက်သည်။ ကုန်းမြေသည် တဖြည်းဖြည်းနှင့် ဝေး သထက်ဝေးလာသည်။ အမှောင်ထဲမှာ နစ်မြုပ်ပြီးတော့ ကျန်ရစ် ခဲ့လေသည်။

▣

နှင်းတွေက မိုးရွာချသည့်ပမာ တရဟောကျလျက်ရှိ နေသည်။ ဤအရပ်တွင် မည်သည့်အကြောင်းကြောင့် နှင်းတွေ က ဆိုးရွားစွာကျလာခဲ့ရပါသလဲ။ တွေးတောဖို့အချိန်မရကြ။ ရန်ပိုင်နှင့်အတူ ထိမိလသတ္တဝါကြီး၏ နောက်ကို ပြေးလိုက်နေ ကြသောကြောင့်ပင်တည်။

နှင်းဖတ်များပေါ်မှာ သွေးစက်များကိုတွေ့ရသည်။

''ဒါဆိုရင် ရိုးလုံးနှစ်ချို့သတ္တဝါကြီးတစ်ကောင်ဆိုတာ သေချာပြီ။ လူတွေပြောနေကြတဲ့ မိစ္ဆာကောင်၊ ဘာညာဆိုတာ မဟုတ်တော့ဘူး''

သာထူးကပြောလိုက်သည်။ သွေးစက်များကိုခြေရာခံ ကာ လိုက်ကြရင်းက ဖန်တောင်ကြီးနှင့် မနီးမဝေးကိုရောက်လာ ခဲ့ကြသည်။

''ဟော့ ...ရပ်ကြဦး''

ရန်ပိုင်က လက်ကိုထောင်ပြလိုက်သည်။ အားတုံ့နေ ရာမှာပင် ရင်သွားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်ကောင်ကြီးက သေကောင်ပေါင်းလဲ ဒဏ်ရာနဲ့ သွားတာတောင် သည်နေရာကိုရောက်အောင် ပြေးနိုင်သေးတယ်၊ သူ့အကာအကွယ်ယူပြီး ငါတို့ကို စောင့်နေမှာ သေချာတယ်၊ သေမှာမဟုတ်သေးဘူး"

ပတ်ဝန်းကျင်ကို အကဲခတ်ပြီးလေ့လာကြသည်။ ဖန်တောင်ကြီး၏ဘေးမှာ တောကထူထပ်သည်။ သတ္တဝါကြီးလုံခြုံစွာ ပုန်းအောင်းနေနိုင်သော နေရာပင်။

သူတို့ရပ်နေသောနေရာနှင့် မနီးမဝေးမှာ နှင်းများဖုံးလွှမ်းလျက်ရှိသော တောင်ပို့လိုလိုအရာ သုံးခုလောက်ကိုတွေ့လိုက်ရသည်။

'ဝီ ဝီ ဝီ ဝီ'

အမှတ်မထင် တဝီဝီနှင့်အော်မြည်လာသံများကို သဲ့သဲ့မျှကြားလာခဲ့ရသည်။ မည်သည့်နေရာက ထွက်ပေါ်လာသောအသံလည်းမသိပါ။ ကုန်းများစုဝေးပြီး တောင်ပံခတ်ကာအော်မြည်နေကြသလိုလို စက်အစိတ်အပိုင်းတစ်ခုခု၏ ပင်နီယံမှလှုပ်ရှားမြည်နေသံလိုလို၊ မကြာလိုက်ပါ အေးစက်သောလေက တစ်ချက်တိုက်ခတ်လိုက်သည်။

လူတွေလည်း အားကောင်းသောလေ၏ အတိုးအဝှေ့ကိုခံလိုက်ကြရသည်။ ရင်ထဲ အသည်းထဲမှာ အသည်းခိုက်အောင်တုန်သွားခဲ့ကြသည်။ လဲပြိုသွားတော့မတတ်ဖြစ်သွားခဲ့ကြရသည်။ ထိုစဉ် ...

နှင်းများဖုံးလွှမ်းနေသော တောင်ပို့လိုလိုအရာကြီးသုံးခုပေါ်မှ နှင်းများသည် လွင့်ပါးသွားခဲ့ကြလေ၏။ ထိုအခါ အောက်မှာပေါ်လာကြသောအရာများကို အမှတ်မထင်မြင်တွေ့လိုက်ကြရလေသည်။ တဝင်းဝင်း၊ တပြောင်ပြောင်နှင့်ရှိနေကြသောကြောင့် အနားကိုတိုးကပ်ပြီးတော့ ကြည့်လိုက်ကြသည်။

"ဟင်" ... "ဟာ"

အားလုံး ဟင်ခနဲ ဟာခနဲဆိုဖြစ်သွားခဲ့ကြရလေသည်။

"ရွှေ ... ရွှေကြောကြီးပါလား"

ဝဏ္ဏ၏နှုတ်မှ အံ့အားတသင့်နှင့် ထွက်သွားခဲ့ရသည်။

"ဟုတ်တယ်၊ ဒါ ရွှေတွေပဲ၊ ဒါဆို ကျွန်တော်တို့ ဟိုအရင်က ကြားဖူးခဲ့တာတွေဟာ မှန်နေတာပေါ့၊ ရွှေဟာ တူးရာမလိုပဲ မြေပေါ်မှာအကြောကြီးကို ပေါ်နေတယ်ဆိုတာလေ"

ရန်ပိုင်တို့သည် အခြားသောနေရာနှစ်ခုကိုလည်း ပြေးကြည့်သည်။ လက်နှင့်ကိုင်ကြည့်ကြသည်။ ပွတ်သပ်ကြည့်သည်။ လက်တွေ့ထိကိုင်၊ မြင်တွေ့နေကြသည့်တိုင်။ မယုံနိုင်အောင်ပင်ဖြစ်နေကြရသည်။ သို့ရှိခိုက် ...

"ဟင် ... မင်း ... မင်းတို့ သည်နေရာကို ရှာတွေ့သွားခဲ့ကြပြီပေါ့လေ ... ဟုတ်လား၊ ဒါ ... ဒါ ငါတို့အထွတ်အမြတ်ထားတဲ့ ပစ္စည်းကွ၊ ငါထင်သားပဲ ... မင်းတို့လည်း မကြာခင် သည်နေရာကိုရောက်လာကြလိမ့်မယ်ဆိုတာ"

အနားကိုမမျှော်လင့်ဘဲ ရောက်လာသောသူသည် နတ်ဆရာကြီး အိန္ဒြပင်တည်း။ သူ့ကိုယ်ပေါ်မှာ သွေးသံရဲရဲနှင့်ဖြစ်နေသည်။ ဒဏ်ရာရထားဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟိုကောင်တွေ ငါ့ကိုတိုက်ခိုက်သွားကြတယ်၊ မင်းတို့အထဲက ကောင်တွေပဲမဟုတ်လား၊ သူတို့ထွက်ပြေးကုန်ကြပြီ၊ မင်းတို့ပဲ ကျန်တော့တယ်၊ ထိမိလကြီး ကျေနပ်အောင်တော့ လုပ်ရမယ်၊ မင်းတို့ပြေးလို့လွတ်မှာ မဟုတ်တော့ဘူး၊ မင်းတို့အားလုံး သူ့သိုက်ထဲကိုရောက်မှ ထိမိလကြီးက ကျေနပ်မှာ''

အိန္ဒြသည် ဒဏ်ရာကြောင့် ဒယိမ်းဒယိမ်းဖြစ်နေသည်။ သို့သော် စကားတော့ပြောနိုင်သေးသည်။ သို့ရှိခိုက် …

နောက်တစ်ယောက်က သစ်ပင်တွေကြားထဲမှာ ပေါ်လာခဲ့သည်။ မိုးလုံးရွာနားမှာ တွေ့ခဲ့သော အိုမင်းသောနတ်ဆရာကြီးပင်တည်း။ သူသည် မည်သည့်အချိန်ကတည်းက ရောက်နေသည်လဲမသိ။ လွန်မင်းဒေါသထွက်နေလျက်ရှိသည်။

''ထိမိလကြီး ဒဏ်ရာရသွားပြီ၊ သူစိတ်ဆိုးနေတယ် နင်တို့အားလုံးကို ထိမိလကြီးက ဝါးမျိုပစ်တော့မယ်၊ ရင်ဆိုင်ကြ၊ သေဖို့အသင့်ပြင်ထားကြ''

နတ်ဆရာ သူအိုကြီးသည် တောင်ဝှေးကြီးကိုထောက်ကာ ခါးကလွန်မင်းစွာ ကိုင်းနေသော်လည်း အသံကမာသည်။ နတ်ကြောသည် ဝဏ္ဏနှင့်ရဲရင့်တို့သည် နတ်ဆရာကြီးကို ကြည့်ပြီး အံ့အားသင့်နေကြသည်။ ထိုစဉ် …

'ဝေါ ဝေါ ဝေါ ဖြောင်း ဖြောင်း ဖြောင်း'

တောတွင်းတစ်နေရာဆီက အသံများကထွက်ပေါ်လာခဲ့ ပြန်လေသည်။

■ ■ ■

(၂၈)

## ဝန်တောင်နိဂုံး

အသံများနှင့်အတူ တစ်ဆက်တည်းမှာပင် သတ္တဝါကြီးက ရောက်လာခဲ့ပြီဖြစ်ပါသတည်း။ ထိမိလဟု အမည်ပေးထားသော သတ္တဝါကြီးသည် သစ်ပင်များ၊ ချုံများကြားထဲက တိုးထွက်လာပြီး ခပ်လှမ်းလှမ်းမှာရပ်တဲ့လိုက်သည်။

ပါးစပ်ကြီးကို အစွမ်းကုန်ဟဖြဲထားသည်။ ပါးစပ်ထဲမှ သွေးစက်များက တပေါက်ပေါက်နှင့် ကျလျက်ရှိနေသည်။ အခြားသော သတ္တဝါတစ်ကောင်ကောင်ဆိုလျှင် ကျည်သင့်၍ သေဆုံးခဲ့ပြီဖြစ်သည်။ သူသည် တော်တော်ခံနိုင်ရည်ရှိသူဖြစ်သည်။ မသေနိုင်သေး။ သို့သော် ပါးစပ်မှဒဏ်ရာကြောင့် အစာဝတ္ထုတို့ကို စုပ်ယူနိုင်စွမ်းမရှိတော့၊ ရန်ပိုင်သည် ထိုသတ္တဝါကြီးကို သေနတ်နှင့် ချိန်ထားလိုက်သည်။

'ဂရူး ဂူး အူး'

ဒေါသကြီးစွာ ထွက်နေသောထိမိလကြီးသည် ရှေ့ကို ဆက်၍တိုးမလာဘဲ နေရာမှာတင်ရပ်ကာ ခေါင်းကြီးကိုထောင်

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူတို့ကိုကြည့်နေသည်။ ရှည်လျားသည့် ကိုယ်ထည်ကြီးတစ်ဝက်က တောထဲမှာရှိနေသည်။ မမြင်နိုင်ကြ။

ကိုရန်ပိုင် သည်ကောင်ကြီးအလစ်မှာ ဝင်လာလိမ့်မယ် သတိထား၊ ကျွန်တော်တို့ကို အငိုက်ဖမ်းနေတာ''

ရဲရင့်က သတိပေးလိုက်သည်။

''ရန်ပိုင် မင်းအခုနေပစ်ထည့်လိုက်ရင် ကောင်းမယ်''

ဝဏ္ဏကလည်း တိုက်တွန်းသည်။ သို့သော် ရန်ပိုင်သည် မလှုပ်မယှက်နှင့် ရှိနေသည်။

''ဟာ . . . သည်ကောင် ဘာဖြစ်နေတာလဲ''

သာထူးက သက်ာမကောင်းဖြစ်သွားသည်။ ရန်ပိုင်ကို လက်နှင့်ပုတ်လိုက်ပြီး . . .

''ဟေ့ကောင် ရန်ပိုင်''

''ဟင်''

ရန်ပိုင်သည် အိပ်ပျော်နေရာ ရုတ်တရက်လန့်နိုးလာသူပမာ ဖြစ်သွားခဲ့ရသည်။

''ဟင် . . . ငါ . . . ငါ ဘာဖြစ်သွားတာလဲ''

''ငါတို့ မင်းကိုပြောနေတာ မကြားသလိုဖြစ်နေလို့''

''မဟုတ်ဘူး၊ သည်ကောင်ကြီးရဲ့ ညို့ချက်မိသွားတာဖြစ်ရမယ်၊ သူ့မျက်လုံးတွေကို ကြည့်စမ်း''

သတ္တဝါကြီးကို ဝိုင်းပြီးတော့ကြည့်လိုက်ကြသည်။ မျက်လုံးတွေက အစိမ်းရောင်သန်းလာသည်၊ အစိမ်းတစ်လှည့်၊ အဖြူတစ်လှည့် လည်ပတ်ကာပြောင်းပြောင်းသွားသည်။ ညို့နေသည်



ကို သဘောပေါက်သွားခဲ့ကြသည်။ သူတို့လည်း သတိလစ်ချင်သလိုလို မေ့ချင်သလိုလိုဖြစ်လာကြသည်။ ထို့ကြောင့် ချက်ချင်းပင် မျက်နှာကိုလွှဲလိုက်ကြရလေသည်။

ရန်ပိုင်သည် သတ္တဝါကြီးကို သေနတ်နှင့်ချိန်ထားနေဆဲ ဘန်းလန်းနှင့်ရှိနေဆဲ။ ထိုစဉ် . . .

ထိမိလသသတ္တဝါကြီးမှာ ညို့၍မရသောအခါ တဖြည်းဖြည်းနှင့် လှုပ်ရှားလာခဲ့သည်။ မိမိ၏အားအင်ကို နောက်ဆုံးအကြိမ်အသုံးပြုရန် ကြိုးစားအားထုတ်တော့မည်ဖြစ်သည်။

''ဂရူး ဝူး အူး''

ဝမ်းခေါင်းသံကြီးခြစ်ခြစ်၍ အသံမြည်လာသည်။ ကောင်းကင်ထက်၌ ရွှေလျားကစားနေသော အလင်းလုံးများ၏အောက်မှာ ကိုယ်လုံးကြီးတွန့်၍ တွန့်၍ လှုပ်ရှားသွားသောအခြေအနေကို မြင်လိုက်ရသည်နှင့်။

''ရန်ပိုင် . . . သည်ကောင်ကြီး ငါတို့ကိုတိုက်နိုက်တော့မယ်၊ မင်း ဘာလုပ်နေတာလဲ''

ဝဏ္ဏက မနေနိုင်တော့။ သတိပေးလိုက်သည်။ သတ္တဝါကြီး၏ မျက်လုံးများမှာ ပိုပြီးတော့ တောက်ပလာသည်။ အစိမ်းရောင်တစ်လှည့်၊ အဖြူရောင်တစ်လှည့်နှင့် လည်ပတ်လျက်ရှိသည်။ ထိုအခါ ရန်ပိုင်သည် မိမိကိုယ်အားလုံးကို အပြီးထိုင်ညို့ရန် ပြန်၍အားယူနေကြောင်း သိလိုက်ရသည်။ မောင်းခလုတ်ကို တဖြည်းဖြည်းချင်း ညှစ်ချလိုက်လေသည်။

'ဒိုင်း'

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲသံက ကျယ်လောင်စွာပင်ထွက်ပေါ်လာခဲ့

'ဂူး အူး'

နာကျင်စွာ ထွက်ပေါ်လာသောအသံကြီးက ကြော စရာကောင်းလှသည်။ မျက်လုံးတစ်လုံးကို ထိမှန်သွားသည် ကိုယ်ထည်ကြီးက ပြင်းထန်စွာပင် လွန့်လူးသွားသည်။

ထိုစဉ် ...

မထင်မှတ်သော အခြေအနေတစ်ခုက ဖြစ်ပေါ်လာ သည်။ နတ်ဆရာအဘိုးအိုသည် ထိမိလသတ္တဝါကြီးဆီကို အင အားချိနဲ့နဲ့နှင့် လျှောက်သွားနေသည်။

''ဟာ ... သည်အဘိုးကြီး ဘာသွားလုပ်မလို့ပါလိမ့်

ရဲရင့်က အော်ဟစ်မိလိုက်သည်။ သို့သော် အဘိုးအို သည် သူ့အားအင်တွေကိုစုကာ အပြေးတစ်ပိုင်းနှင့် သွားနေ သည်။ အားလုံးက ရင်တထိတ်ထိတ်နှင့် ကြည့်နေကြသည် ထိမိလကြီး၏အနားကို ရောက်သောအခါ လက်နှစ်ဖက်ကိုမြှောက် လိုက်သည်။ ထိုအခါ ထိမိလသတ္တဝါသတ္တဝါကြီးသည် အဘိုးအို ကို တအားပင်ပေါက်ချလိုက်လေတော့သည်။

''အား''

''ဟာ''

နတ်ဆရာကြီးသည် ပုံလျက်သားလဲကျသွားခဲ့လေ သည်။ အားလုံး၏နှုတ်မှ ထိတ်လန့်ချောက်ချားမှု အသံများက ထွက်ပေါ်လာခဲ့ကြသည်။

'ဟီး ဟီး ဟီး ဟီး'



ညည်းညူသံကြီးလိုလို မြေဟီးသံကြီးလိုလို အသံကြီးက ောင်ကြီးဆီမှ ထွက်ပေါ်လာခဲ့သည်။ မြေပြင်သည်လည်း သိမ့်တုန်လာခဲ့လေသည်။ ပျံသန်းရွေ့လျားနေသော မီးအ င်းရောင်များကြောင့် ဖန်တောင်ကြီးသည် ပိုပြီးတော့ မီးစုန်း င်တောက်ပလာသည်။

သို့ရှိနိုက် ... ထိမိလသတ္တဝါကြီးသည် ကိုယ်ကိုချာခနဲ ည့်ကာ ဖန်တောင်ကြီးဆီကို ပြေးသွားလေတော့သည်။

''သည်ကောင်ကြီး ပြေးပြီ''

ထပ်ဆင့်ပြီး မမျှော်လင့်သောအခြေအနေတစ်ခုက ဖြစ် ါလာခဲ့လေသည်။ ယင်းကား နတ်ဆရာကြီး အိန္ဒြသည်ရုတ် ရက် ရှူးသွပ်သွားသည့်အလား ထိမိလကြီး၏ နောက်ကပြေး ိုက်သွားခဲ့ခြင်းပင်တည်း။ သူ့တပည့် တစ်ယောက်သည်လည်း ော်ရာဖြင့်ရောက်လာကာ အိန္ဒြ၏နောက်ကပြေးလိုက်သွားခဲ့ ြန်သည်။

''ဟာ ဘယ်လိုဖြစ်ကုန်တာလဲ၊ ဒုက္ခရောက်ကုန်ကြ ောမှာပဲ''

ရန်ပိုင်က အော်ဟစ်ပြီးတော့ တားဆီးလိုက်သည်။

''ဟေ့ ... လိုက်မသွားကြနဲ့လေ၊ ပြန်လာခဲ့ကြ''

သို့သော် ... မည်သူကမှ နောက်ကိုလှည့်မကြည့်ကြ ောပါ။ သွေးရူးသွေးတန်း ဒယိမ်းဒယိုင်ခြေလှမ်းများနှင့် လိုက် ြလိုက်သွားခဲ့ကြလေပြီတည်း။

ထိုစဉ် ... ထူးဆန်းသောအခြင်းအရာတစ်ခုက ထွက်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာခဲ့ပြန်သည်။ ဖန်တောင်ကြီး၏ အနားကိုရောက်သွားခဲ့သော ထိမိလကြီးသည် . . .

(ဖန်တောင်ကြီး၏အောက်ခြေတွင် အပေါက်ရှိသလား မရှိဘူးလားဟူ၍ မသိ၊ မမြင်နိုင်ကြရ)

ဖန်တောင်ကြီးထဲသို့ ဝင်သွားသည်ကို တွေ့လိုက်ကြသည်။ တစ်ဆက်တည်းမှာပင် နတ်ဆရာကြီးအိန္ဒုနှင့် သူတပည့်တစ်ယောက်သည်လည်း ထိမိလကြီး၏နောက်မှ ဖန်တောင်ကြီးထဲသို့ ပြေးလိုက်ဝင်သွားခဲ့ကြလေသတည်း။

''ဟင် . . . ဖန်တောင်ကြီးရဲ့ အောက်ခြေမှာ ဂူပေါက်ရှိလို့လား''

ရန်ပိုင်သည် စူးစမ်းလေ့လာကိုစိတ်နှင့် မဆင်မခြင်ပြေးသွားမည်ပြုသည်။ ယင်းအချိန်တွင် . . .

''လိုက်မသွားပါနဲ့လေ''

အသံတစ်သံက မမျှော်လင့်ဘဲ ထွက်ပေါ်လာခဲ့သည်။ လှည့်ကြည့်လိုက်ကြသောအခါ လူတစ်ယောက်သည် အမှောင်ရိပ်တစ်နေရာမှ လျှောက်လာခဲ့သည်ကို တွေ့လိုက်ရလေသည်။

ထိုသူကား အခြားသူ မဟုတ် . . . ဖကီးလေးပင်တည်း။

''ဟင် . . . ဖကီးလေး''

ရန်ပိုင်သည် ဖကီးလေးမှန်းသိလိုက်သည်နှင့် အပြေးပင် ရောက်သွားခဲ့သည်။ အားလုံးကလည်း ရန်ပိုင်နောက်က လိုက်သွားခဲ့လေသည်။

ဖကီးလေးသည် အလင်းရောင်ပြေးများအောက်မှာ



အပြုံးနှင့် ကြိုဆိုနေသည်။ သုန်ဖွာအေးသောနေရာဖြစ်သော်သည်း အပေါ်ပိုင်းမှာ ပါးလွှာသောကိုယ်ရုံလေးတစ်ထည်နှင့် ပေါင်တစ်ဝက်အထိသာဖုံးသော ဒိုတီလေးတစ်ထည်ကို ဝတ်ထားသည်။

''ဖကီးလေး ဘယ်လိုကြောင့် သည်နေရာကိုရောက်နေဘာလဲ''

''သည်လိုပေါ့ကွာ၊ ငါကတော့ နေရာအနှံ့မှာရှိနေတာပဲလေ''

ရဲရင့်သည် ဖကီးလေးကိုကြည့်ပြီး အံ့အားသင့်သွားမိသည်။ မိမိကို ခင်ကြီးကမြေတိုက်ခန်းထဲတွင် လှောင်ပိတ်ပြီး မြွေများ၊ ရေများလွှတ်ပြီး ဒုက္ခပေးခဲ့သည်။ ဂရုမွန်း၍ အသက်ဘေးအန္တရာယ်ဆိုးရှားစွာ ကြုံဆုံနေရစဉ် မိမိကို ကယ်တင်ပေးလိုက်သောသူမှာ မည်သူမှန်းမသိခဲ့။

ယခု ဖကီးလေးကို မြင်လိုက်ရတော့မှ တဖြည်းဖြည်းနှင့် မှတ်မိလာခဲ့လေတော့သည်။

''သည် . . . သည်က ဖကီးလေးက''

ရဲရင့်စကားမဆုံးမီ . . .

''ဘယ်သူမဆို ကံဆိုး ကံကောင်းရှိကြပါတယ်၊ ဘယ်လောက်ပဲ ကံဆိုးမိုးမှောင်ကျနေပါစေ၊ ကိုယ်ပြုဖူးခဲ့တဲ့ စေတနာက အဆိုးတွေကိုတွန်းလှန်ဖယ်ရှားပစ်လိမ့်မယ်၊ မောင်ရင်ဘေးဥပဒ်အန္တရာယ်ကျရောက်ခဲ့ပေမယ့်လည်း ကံကောင်းလို့ လွတ်မြောက်ခဲ့တာ မဟုတ်ဘူး၊ စေတနာအကျိုးပါ''

www.burmeseclassic.com

www.burmeseclassic.com



ဖကီးလေးသည် ရဲရင့်ကို အကျိုးအကြောင်းဆီလျော်သော စကားကိုပြောလိုက်သည်။ ယင်းစကားသည် လိုရင်းတိုရှင်းသည်။ အဓိပ္ပာယ်ရှိသည်။ ရဲရင့်ကြုံတွေ့ခဲ့ရသော အခြေအနေဆိုးတစ်ခုကို ရည်ညွှန်းဟန်တူသည်။

"ကျေးဇူးပါပဲ ဖကီးလေး ခင်ဗျာ"

သူတော်စင်တစ်ဦးမို့ ရဲရင့်က ရိုသေစွာဖြင့်လက်အုပ်ချီပြီးတော့ ပြောခဲ့သည်၊ ဖကီးလေးသည် ရန်ပိုင်နှင့်ရဲရင့်ကို အပြန်ပြန်အလှန်လှန်ကြည့်လိုက်ပြီး

"ရန်ပိုင် မင်းကိုငါတစ်ခါက ပြောဖူးခဲ့တယ်၊ မင်းမှာ ညီတစ်ယောက်ရှိတယ်လို့ဆိုတာလေ ... မှတ်မိသေးလား"

"မှတ်မိပါတယ် ဒါပေမဲ့"

"မင်းရဲ့ ဒါပေမဲ့ဟာ မကြာခင်မှာ အဖြေပေါ်လာပါလိမ့်မယ်၊ သူ့ရဲ့အသိုင်းအဝိုင်းက သည်ကိစ္စကိုဖြေရှင်းပေးပါလိမ့်မယ်"

ရန်ပိုင်နှင့် ရဲရင့်တို့သည် ဖကီးလေးဘာကိုဆိုလိုသည်ကိုနားမလည်။ သို့သော် နောင်တစ်ချိန်မှာ အဖြေက ရှင်းရှင်းပင်ပေါ်လာခဲ့လေသတည်း။

ရန်ပိုင်သည် ဝဏ္ဏနှင့်သာထူးကို ဖကီးလေးနှင့်မိတ်ဆက်ပေးသည်။

"ဒါ ငါပြောပြောနေတဲ့ ဖကီးလေးပဲ သာထူး"

"ကိုကြီးဝဏ္ဏ ... ကျွန်တော့်ရဲ့ မိတ်ဆွေကြီးဖကီးလေးလေ"



"ဟုတ်ကဲ့ ... ရန်ပိုင်က ဖကီးလေးရဲ့အကြောင်းကို မကြာခဏပြောဖူးထားလို့ သိနေခဲ့တာကြာပါပြီ၊ ခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

ဝဏ္ဏနှင့်သာထူးတို့ကလည်း ဖကီးလေးကို နှုတ်ဆက်လိုက်ကြသည်။ အားလုံးက ဖကီးလေးကို ဤနေရာမှာတွေ့လိုက်ကြရသည့်အတွက် နားမလည်နိုင်ကြ။ လွန်စွာပင် ထူးဆန်းနေကြလေသည်။ ဖကီးလေးသည် သူတို့၏ စိတ်ကိုလည်းသိနေသည်။ အကူအညီလည်း များစွာပေးခဲ့လေသည်။ ထို့ကြောင့် ကျေးဇူးတင်စကားဆိုမည်ဟု ရည်ရွယ်မိလိုက်သည်နှင့်

"ရန်ပိုင် ... သည်နေရာဟာ မင်းတို့အတွက် မသက်ဆိုင်ဘူး၊ မလာသင့်တဲ့နေရာပဲ၊ အေးလေ ... မမျှော်လင့်ဘဲ အကြောင်းကိစ္စကြောင့် ရောက်လာခဲ့တာဆိုတော့ မတတ်နိုင်ဘူးပေါ့၊ တကယ်တော့ မင်းတို့တွေ့ခဲ့ကြတဲ့ ရွှေကြေးဆိုတာကလည်း ဘာမှမဟုတ်ဘူး၊ အရိပ်အယောင်တွေပါ ... ဟောဟိုမှာကြည့်"

ဖကီးလေးက လက်ညှိုးထိုးပြလိုက်သည်။ အားလုံးက ကြည့်လိုက်ကြလေရာ မြေပြင်မှာပေါ်နေကြသည်ဆိုသော ရွှေကြေးကြီးများသည် အရောင်အဆင်းမရှိကြတော့ ကျောက်သားပကတိဖြစ်နေကြသည်။ ကြည့်နေရင်းမှာပင် တစ်ချက်တုန်ဟည်းလိုက်သော မြေဟည်းသံကြီးကြောင့် လှုပ်ခါထွက်သွားကာ အက်ကြောင်းများပေါ်လာသည်။ အက်ကြောင်းများမှတစ်ဆင့် မြေကြီးထဲကို ဝင်သွားခဲ့ကြလေသည်။

မမျှော်လင့်သော မြင်ကွင်းများကြောင့် အံ့အားသင့်မဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားခဲ့ကြရသည်။

■

ထိုစဉ် . . . ဖကီးလေးသည် ကောင်းကင်ကိုမော့ကြည့် လိုက်သည်။ ပြေးလွှားကစားနေကြသော အလင်းလုံးများသည် တစ်လုံးနှင့်တစ်လုံး ပူးကပ်သွားခဲ့ကြသည်။ သံလိုက်တုံးများပမာ အဝေးကနေ ပြေးလာကြပြီး ကပ်ကပ်သွားကြရာ လွန်စွာ ထွန်းလင်းတောက်ပသော အလင်းလုံးကြီးတစ်လုံးဖြင့် ပြောင်းလဲ သွားခဲ့လေသည်။ ထို့ကြောင့် အရာအားလုံးတို့ကို နေ့ခင်းပမာ ပြတ်သားထင်ရှားစွာပင် မြင်လိုက်ကြရလေသည်။

''မင်းကို ဟိုဘက်မှာ သွားပြီးနေကြ''

ဖကီးလေးက သတိပေးသည်။ ထို့ကြောင့် အတော်ခပ် လှမ်းလှမ်းကို ထွက်သွားကြရသည်။ ထိန်ထိန်တောက်နေသော အလင်းလုံးကြီးသည် သည်အတိုင်း မရွေ့မလျားဘဲ တည်နေရာ က အောက်ကိုတစ်ရှိန်ထိုးပင် ကျလာခဲ့လေသည်။ ဖန်တောင်ကြီး ဆီကို ဦးတည်ကာ ဆင်းလာခဲ့ခြင်းပင်ဖြစ်ပြီး . . .

'ဝုန်း'

ဖန်တောင်ကြီးကို ထိမှန်သွားသည်။ ကျယ်လောင်သော ပေါက်ကွဲသံကြီး တစ်ခုကထွက်ပေါ်လာသည်။ ဖန်တောင်ကြီး ၏ အချို့သောအစိတ်အပိုင်းများသည် မီးဟုန်းဟုန်းတောက် လောင်သွားခဲ့ရသည်။





''ဟင်'' . . . ''ဟာ''

ထူးဆန်းသော အဖြစ်အပျက်ကြောင့် အားလုံးအံ့အား သင့်သွားခဲ့ကြရလေသည်။ အတန်ကြာတောက်လောင်နေပြီးမှ မီးတောက်များက ငြိမ်းသွားခဲ့ကြသည်။ ဖန်တောင်ကြီး၏ နံရံ များသည် မည်းနက်သော အပေါက်ကြီးများ အက်ကြောင်းကြီး များဖြစ်ပေါ်လာခဲ့ကြသည်။ သစ်ပင်များလည်းမရှိကြတော့။ အကျည်းတန်သွားခဲ့သည်။ ဖန်တောင်ကြီးကို မီးတောက်လောင် နေစဉ်မှာ အပူရှိန်သည်။ ရန်ပိုင်တို့ကို ... သောဟပ်သည်။ ထို့ ကြောင့် နေရာရွှေ့ကြရလေသည်။

ယင်းအပူရှိန်ကြောင့် အထဲမှာ မည်သည့်သတ္တဝါမှ အသက်ရှင်ပြီးတော့ မနေနိုင်တော့ပါ။ သို့သော် ထိမိလသတ္တဝါ ကြီးသည် ယင်းမတိုင်မီကတည်းကပင် သေဆုံးပြီးဖြစ်ခဲ့လေပြီ တည်း။ အထဲမှာ ပြာကျခဲ့လေပြီတည်း။

သူတို့၏အနားကို ဖကီးလေးက ရောက်လာသည်။

''သည်မှာမနေကြနဲ့တော့ . . . ခုညပဲ ပြန်ကြတော့''

''ဟင် . . . ဖြစ်ပါ့မလား ဖကီးလေး၊ အလာတုန်းက ကျွန်တော်တို့ ဒုက္ခရောက်ခဲ့ကြတာ၊ အပြန်မှာလည်း အန္တရာယ် ဆပ်မတွေ့ဘူးလို့ မပြောနိုင်ဘူး၊ လမ်းလည်းမမှတ်မိတော့ဘူး''

''အဲဒါတွေ အားလုံးကို ပြန်ပြီးတော့ စဉ်းစားမနေနဲ့ တော့၊ လာ . . . အဆင်ပြေစေရမယ်''

ဖကီးလေးက ဦးဆောင်ပြီးတော့ ခေါ်သွားသည်။ အံ့အား သင့်စရာကောင်းသည်က ရန်ပိုင်တို့၏မော်တော်ကို ဆိုက်ဆိုက်



www.burmeseclassic.com

www.burmeseclassic.com



မြိုက်မြိုက် ရောက်သွားသောကြောင့်ပင်။

"ကဲ . . . အားလုံးမော်တော်ပေါ်ကို တက်ကြ"

မော်တော်ကို တက်ကြသည်။

"ဖကီးလေး လိုက်ခဲ့ပါလား"

ဖကီးလေးက ခေါင်းခါသည်။

"ငါမလိုက်ဘူး၊ ငါ့အတွက် လုပ်စရာတွေရှိသေးတယ် ငါသည်မှာလည်း မနေဘူး၊ အဆင်ပြေမှာပါ။ အားလုံးဘေး ကင်းစွာနဲ့ ရောက်သွားကြမှာပါ၊ အင်း . . . ရှေ့ကထွက်သွားခဲ့ တဲ့ မသူတော်တွေကတော့ လမ်းဆုံးကိုရောက်သွားကြပြီ၊ သည်တည်တည်အတိုင်း သွားကြပေတော့"

ဖကီးလေးသည် အမှောင်တစ်နေရာကို လက်ညှိုး ပြလိုက်သည်။ ရန်ပိုင်သည် ဖကီးလေး၏လမ်းညွှန်မှုကို စိတ် ကြည်သည်။ မော်တော်ကိုစက်နှိုးကာ ချက်ချင်းပင် မောင်းထွ လာသည်။

'ဝူး ဝေါ ဝေါ'

ကမ်းစပ်မှာရပ်နေသော ဖကီးလေးသည် ချက်ချင်း အမှောင်ထဲမှာနစ်မြုပ်ပြီးတော့ ကျန်ရစ်ခဲ့သည်။ အားလုံးသ ဖကီးလေးကိုသာ အာရုံထဲမှာမှန်းဆမြင်ယောင်ပြီးတော့ တော်ခေါ်ဆောင်ရာကို လိုက်ပါသွားခဲ့ကြသည်။

ကြည့်နေရင်းမှာပင် သူတို့တစ်ခဏရောက်ခဲ့သည့် ကျ မြေကြီးကို မြူနှင်းများက စန်းရုံလာကြကာ ဖုံးလွှမ်းပစ်လို ကြသည်။





ရေပြင်သည် လုံးဝမှောင်နေသည်တော့မဟုတ်၊ အလင်း ရောင်ပြေးလေးက ကျရောက်လျက်ရှိသည်။ လှိုင်းလေကလည်း တည်ငြိမ်ရှိသည်။ ဖကီးလေးညွှန်ပြရာဆီကို ဦးတည်ပြီးတော့ မောင်းလာခဲ့ရသော်လည်း စိတ်ကတထင့်ထင့်နှင့်ရှိနေကြဆဲ။ အလာတုန်းကလိုများ ကြုံနေရဦးမလားဟု နာရီဝက်သာသာ လောက်ပဲ မောင်းလိုက်ရသည်။

"ဟာ . . . ဟိုမှာဟေ့"

ဝဏ္ဏက အားပါးတရအော်ဟစ်လိုက်သည်။ မိုးလင်းလု ပြီဖြစ်၍ ကမ်းပေါ်မှာ မီးရောင်လက်လက်တို့ကို မြင်တွေ့စပြု လာခဲ့ရသည်။ ခမုံမြစ်ဆိပ်ပင်တည်း နာရီဝက်အတွင်းမှာ ရောက် လာခဲ့ရသည့်အတွက် အားလုံးအံ့အားသင့်သွားခဲ့ကြရသည်။

ဖကီးလေးသည် မိမိတို့ကို ဖြတ်လမ်းကနေသွားရန်ညွှန် ပြပေးခဲ့လေသလားဟု ထိုကြောင့်ပင်လျှင် ခမုံမြစ်ဆိပ်က သူတို့ ကိုအဆင်သင့်ပဲ ကြိုဆိုနေခြင်းပဲဖြစ်ပါလိမ့်မည်။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com

## [၂၂]

## လူဟူနှစ်ယောက်

လွန်စွာမှ ကျယ်ဝန်းသောခြံကျယ်ကြီးထဲသို့ ဆိုင်ကယ် တစ်စီးကဝင်ရောက်လာသည်။ ဆိုင်ကယ်ပေါ်မှာ လူနှစ်ယောက် ကပါလာခဲ့သည်။

တစ်ခဏအကြာတွင် . . .

လူတစ်ယောက်သည် ဧည့်ခန်းထဲကိုရောက်လာခဲ့သည်။ လူကြီးတစ်ယောက်သည် ဧည့်ခန်းဆက်တီဆိုဖာ တစ်လုံးပေါ် မှာ ယနေ့ထုတ်သတင်းစာတစ်စောင်ကို ဖတ်ရှုလျက်ရှိ၏။

''ဖေဖေ''

ထိုလူကြီးသည် သတင်းစာထဲမှာ အာရုံနစ်နေရာက ခေါ်သံကြောင့် မော့ကြည့်မိလိုက်သည်။ သူ့မျက်နှာပေါ်မှာ အပြောင်းအလဲတစ်ခုဖြစ်သွားခဲ့လေ၏။

''ဟင် . . . သား''

ရန်ပိုင်တွေ့တော့ အံ့အားသင့်သွားခဲ့ရသည်။ တံခါး ဘက်ကိုလည်း လှမ်းပြီးတော့ကြည့်မိလိုက်သည်။



''ဘယ်လိုလဲသား . . . သားပြောတော့ နှစ်ယောက်လာ မှာဆို၊ ဖေဖေ့ကို အံ့အားသင့်စရာတစ်ခု ပြစရာရှိတယ်ဆို၊ ခု တော့ သားတစ်ယောက်တည်းပဲလား''

ရန်ပိုင်က ပြုံးလိုက်ပြီး . . .

''သူ အခုပါလာပါတယ် ဖေဖေ''

''ဘယ်မှာလဲ . . . ခေါ်လိုက်လေသား''

''ကိုရဲရင့်က အခန်းထဲကိုလာခဲ့ပါ''

ရန်ပိုင်က တံခါးဘက်ကိုလှည့်ကာ အသံပေးလိုက် သည်။ တစ်ခဏအတွင်းမှာပဲ လူတစ်ယောက်က ဧည့်ခန်းထဲကို ဝင်လာခဲ့လေ၏။

ပထမသော် ဦးအောင်ကြီးသည် ရဲရင့်ကို အမှုမဲ့အမှတ် မဲ့ ကြည့်မိလိုက်သည်။ နောက်တော့ သူ့မျက်လုံးတွေက ရဲရင့် ၏မျက်နှာပေါ်က မခွာနိုင်ပါလေတော့။ အံ့အားတသင့်နှင့် မင် သက်မိကာ ကြည့်နေမိလေတော့သည်။ ရန်ပိုင်နှင့် ရဲရင့်တို့ သည် အကျီအဝတ်အစားများမှလွဲ၍ မျက်နှာတွေက တစ်ထေ ရာတည်းတူနေသောကြောင့်ပင်တည်း။

''သား . . . သူ . . . သူက . . .''

''သြော် . . . သားရဲ့မိတ်ဆွေ ဒေါက်တာရဲရင့်တဲ့၊ သား ဖေဖေ့ကို ဖုန်းနဲ့ဆက်ပြီးတော့ ပြောခဲ့တာသူပေါ့''

''သားတို့နှစ်ယောက်ဟာ ဒါလောက်အထိတူနေကြရ သလားကွယ်၊ ထိုင်ပါဦး ဒေါက်တာ''

''ဟုတ်ကဲ့ ဦး''

www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်က ဦးအောင်ကြီး၏ရှေ့မှာ ထိုင်လိုက်လေသည်။ ရဲရင့်ကို ဦးအောင်ကြီးကကြည့်ပြီး သက်ပြင်းတစ်ကြိမ်မက ချ ပြီးဖြစ်လေသည်။

''သည့်လိုပါ ဒေါက်တာ . . . ဦး အံ့ဩမိတာ ဒေါက်တာ တို့နှစ်ယောက် ရုပ်ချင်းတူတာတင်မဟုတ်ဘူး။ သားဟာ ငယ်ငယ် ကလေးကတည်းက သူ့ရဲ့အာရုံရိပ်ထဲမှာရော, အိပ်မက်ထဲမှာ သူနဲ့ပုံတူလူတစ်ယောက်က အမြဲပဲပေါ်လာတတ်တယ်၊ အဲသလို ဖြစ်နေတာ သည့်အသက် သည့်အရွယ်အထိပဲ''

''ဟင် . . . သည့်လိုဆိုရင် ကိုရန်ပိုင်ရဲ့အဖြစ်က ကျွန် တော်နဲ့တူနေပြီ၊ ကျွန်တော့်စိတ်ထဲမှာလည်း အစ်ကိုတစ်ယောက် ရှိနေတယ်လို့ အမြဲတမ်းခံစားနေရတယ်၊ အိပ်မက်မက်တိုင်းလည်း ကျွန်တော်နဲ့ တူတဲ့သူတစ်ယောက်ကိုပဲ မက်တတ်တယ်၊ အဲသည် လူဟာ ကျွန်တော်မဟုတ်ဘူးဆိုတာကိုလည်း သိနေတယ်''

''အင်း အဲဒါတွေဟာ သာမန်ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘူး

ထူးခြားချက်တစ်ခု လျှို့ဝှက်ချက်တစ်ခုခုကတော့ရှိနေ ပြီ ဒေါက်တာ။''

ဦးအောင်ကြီးသည် ခေတ်ပညာတတ်တစ်ယောက်ဖြစ် သည်။ သားဖြစ်သူရန်ပိုင်သည် ငယ်စဉ်ကတည်းက သွေးသား ညီအစ်ကိုလိုမျိုးနှင့် ပတ်သက်ပြီးတော့ စိတ်ခံစားမှုကရှိနေခဲ့ သည်။ မကြာခဏပင် သူ၏အိပ်မက်စိတ်ခံစားမှုများကို ပြောပြ များခဲ့သော် အလေးထားကာ စဉ်းစားစရာဖြစ်လာခဲ့ရလေသည်။

''သားမှာ လေနာရောဂါရှိဖူးခဲ့တာ ဖေဖေလည်းသိ



တယ်မဟုတ်လား၊ သားတစ်ခါတလေ ဗိုက်အောင့်တတ်ရင် ကိုရဲရင့်လည်း ဗိုက်အောင့်တတ်တယ်တဲ့၊ ဒါပေမဲ့ သူ့မှာအဲသည် ရောဂါမရှိဘူး၊ သား အခက်အခဲအကျပ်အတည်းဖြစ်တယ်၊ ဒုက္ခ ရောက်နေတယ်ဆိုရင် ကိုရဲရင့်လည်း သားဖြစ်နေတာကို အိပ် မက်မက်တယ်၊ ဒါမှမဟုတ် အာရုံထဲမှာဖျတ်ခနဲဆို ပေါ်လာတတ် တယ်''

သားလည်း အဲသလိုပဲ ဖြစ်တတ်တယ်လေ၊

''အင်း ဟုတ်တယ်၊ သားနဲ့တူတဲ့ သူဟာဆရာဝန်တစ် ယောက်လို့ သားတစ်ခါကပြောဖူးခဲ့တာကို ဖေဖေမှတ်မိတယ်''

(ရန်ပိုင်သည် မိမိဘဝပြန်မလာဝဲကြီးထဲသို့ ကျရောက် ခဲ့သည့်အကြောင်း၊ ဖန်တောင်ကြီးမှာတွေ့ကြုံခဲ့သည့် အန္တရာယ် များနှင့် ပတ်သက်ပြီး ဦးအောင်ကြီးကိုပြောမပြပါ)

''ဒေါက်တာ ကျွန်တော့်သားရန်ပိုင်ဟာ စီးပွားရေးကို ဘားလည်တယ်၊ လောဘကြီးတယ်၊ လျှို့ဝှက်တယ်၊ မိဘနဲ့ အလှမ်းဝေးတဲ့နေရာမှာ သွားပြီးတော့ လုပ်ငန်းတွေလုပ်ထား တယ်၊ ဒါပေမဲ့ သူ့အလုပ်ဟာ ရိုးသားဖြူစင်တဲ့အလုပ်ဆိုတာကို တော့ ကျွန်တော်ယုံကြည်ထားတယ်''

''သားဟာ မဟုတ်ရင်မခံတတ်ဘူး၊ စူးစမ်းလိုစိတ်၊ ဗွန့်စားလိုစိတ်ရှိတယ်၊ သူငယ်စဉ်တုန်းက ဆယ်တန်းအောင် တော့ အမှတ်မီတယ်၊ ဆေးတက္ကသိုလ်တက်ချင်တယ်၊ အဲသည့် အချိန်မှာ သူ့အမေကလည်း ရုတ်တရက်ဆုံးသွား၊ စီးပွားရေး ကလည်း ကျဆင်းလာ။ ကျွန်တော်ကလည်း ကျန်းမာရေး ယို

www.burmeseclassic.com



ယွင်းလာ။ အဲသည်လို ဆုံပြီးဖြစ်လာတော့ ဆေးမတက်ဖြစ်တော့ဘူး။ သာမန်စာပေးစာယူ (အဝေးသင်တက္ကသိုလ်) တက်ပြီး ရိုးရိုးဘွဲ့နဲ့ပဲ ပြီးခဲ့ရတယ်၊

သားသာ ဆေးတက္ကသိုလ်တက်ဖြစ်ခဲ့ရင် ဒေါက်တာနဲ့ ပညာရပ်ခြင်းတူနေလို့ ပိုပြီးတောင် အံ့အားသင့်စရာဖြစ်ရဦးမယ် သည်တစ်ချက်ပဲ လွဲတယ်၊

''ဦးပြောတဲ့အတိုင်းဆိုရင် ကျွန်တော်တို့နှစ်ယောက်ရဲ့ အဖြစ်အပျက်ဟာ အံ့အားသင့်စရာပါပဲ''

''မဟုတ်သေးဘူးကွယ်၊ ဒါဟာ သာမန်အတွေးမျိုးနဲ့ တွေးလို့တစ်ခုကတော့ရှိနေတယ်လို့ ဦးထင်တယ်''

ဦးအောင်ကြီး၏ စကားကြောင့် ရဲရင့်နှင့်ရန်ပိုင်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိလိုက်ကြသည်။

''ဒါနဲ့ ဒေါက်တာ့မိဘတွေက ဘယ်မှာနေကြပါသလဲ''

''ရန်ကုန်မှာပါခင်ဗျာ''

''ဦးနဲ့ ဆုံပေးလို့ရမလား''

''ဗျာ . . . ဟုတ် . . . ဟုတ်ကဲ့ ရပါတယ်၊ သူတို့လည်း ကျွန်တော့်ဆီကို လာလည်ဖို့အစီအစဉ်ရှိပါတယ်၊ သည်လကုန်ဆို ရောက်လာကြတော့မှာပါ''

''မေမေက ကိုရဲရင့်ရဲ့ မိဘတွေနဲ့ဆုံချင်တဲ့အကြောင်းက''

''သည်လိုပေါ့ကွယ်၊ ဖေဖေ ပွင့်ပွင့်လင်းလင်းနဲ့ပြောရမယ်ဆိုရင် သားနဲ့မောင်ရဲရင့်တို့ရဲ့ ပတ်သက်နေကြမှုဟာ တော်ကြီးကိုထူးခြားနေတယ်လို့ ထင်မိတယ်လေ၊ မိဘတွေနဲ့ဆုံချင်ကာကလည်း မိတ်ဆွေဖြစ်ချင်လို့ပါ။ ရိုးရိုးလေးပါပဲ''

ဦးအောင်ကြီး၏ ရိုးရိုးလေးပါပဲဆိုသည့် စကားကို သဘောကျသွားခဲ့ကြသည်။

▣

မကြာမီ . . .

ရဲရင့်၏မိဘများသည် မြစ်ကြီးနားကိုရောက်လာခဲ့ကြသည်။ ရဲရင့်တာဝန်ကျရာ မြို့ကလေးဆီသို့ တစ်ဆင့်ရောက်လာခဲ့ကြသည်။ ထိုအိမ်တွင် တစ်ရက်နားသည်။

(ရဲရင့်သည် ဦးလွမ်းခေါင်နှင့် ဒေါ်ကြင်ဥကို ခင်ကြီးက မိမိကို ဖမ်းခေါ်သွားခဲ့သည့်အကြောင်း သက်ဆိုင်ရာနှင့်ရှင်းခဲ့ရ၍ ပတ်သက်ခဲ့ရသည့်အကြောင်းများကို မိဘများအား ပြန်မပြောရန် ကြိုတင်မှာကြားထားခဲ့သည်)

ထိုနေ့မှာပင်လျှင် . . .

ရဲရင့်သည် နေ့လယ်ဘက်၌ မိဘနှစ်ပါးနှင့်အတူ ဦးအောင်ကြီး၏အိမ်သို့ ဆေးရုံမှစီစဉ်ပေးသော ကားဖြင့်ထွက်လာခဲ့ကြလေသည်။

ကြိုတင်ပြီးတော့ ဖုန်းဆက်အကြောင်းကြားထား၍ ဦးအောင်ကြီးသည် တမင်တကာစောင့်နေသည်။

''ဦး . . . ဒါ ကျွန်တော့်မိဘတွေပါ၊ ဦးချမ်းသာ ဒေါ်ဝင်း

www.burmeseclassic.com



သိတဲ့''

''ဟုတ်ကဲ့ ... ဒေါက်တာက ပြောပြထားတဲ့အတွက် နာမည်တွေကိုတော့ ရင်းနှီးနေခဲ့တာကြာပါပြီ''

ဦးအောင်ကြီးသည် ပါလာသော ဧည့်သည်တစ်ဦးကို မသိမသာ အကဲခတ်မိလိုက်သည်။ ရဲရင့်က သဘောပေါက်သွားပြီး

''ဪ ... ဦး ... သူကကျွန်တော်နဲ့စေ့စပ်ထားတဲ့ ဒေါက်တာမှုမှုလေးပါ''

''ဪ ... ဟုတ်လား။ ဒေါက်တာနဲ့ အလုပ်တူ, ပညာတူကို။ လိုက်ဖက်လည်း ညီပါတယ်''

''ဒါနဲ့ ကိုရန်ပိုင်တစ်ယောက်ကောဦး''

''ရှိပါတယ်၊ အပေါ်ထပ်မှာပါ။ သားရေ ... ဧည့်သည်မှာ ဒေါက်တာရဲ့မိဘတွေ ရောက်လာကြပြီကွယ်''

''ဟုတ်ကဲ့ ဖေဖေ''

ရန်ပိုင်၏အသံကိုကြားလိုက်ကြရသောကြောင့် ကိုချမ်းသာမဝင်းသီးနှင့် မှုမှုလေးတို့သည် ဆတ်ခနဲဆိုဖြစ်သွားခဲ့ကြသည်။ ရဲရင့်၏အသံနှင့်တူနေသော ကြောင့်ပင်။

ရန်ပိုင် အခန်းထဲကထွက်လာပြီး လှေကားအတိုင်းဆင်းလာခဲ့သည်ကို မြင်လိုက်ကြရသောအခါ ...

''ဟင်''

ဟင်တစ်လုံးသည် တစ်ပြိုင်တည်းလိုလိုပင် ထွက်သွားခဲ့ကြသည်။



ရဲရင့်နှင့်ခွဲ၍မရအောင် တူနေသောရန်ပိုင်။ အံ့အားတ...င့်ဖြစ်နေမိကြသည်။ မှုမှုလေးသည် အနားမှာရှိနေသော ရဲရင့်...ပင် ယောင်ယမ်းပြီးတော့ကြည့်မိလိုက်သေးသည်။ သူတို့သုံး...ယာက်စလုံးသည် ရုတ်တရက်တုံ့အသွားကြသလိုပင်။

''သား သူကသားနဲ့တစ်ထေရာတည်းတူနေပါလား''

ကိုချမ်းသာသည် သတိပြန်ဝင်လာခဲ့သည်နှင့် စိတ်ကို...ထိန်းနိုင်တော့ဘဲ ပြောမိလိုက်လေ၏။

''ဟုတ်တယ် ဖေဖေ။ ကိုရန်ပိုင်ဟာ သားရဲ့စိတ်ဆန္ဒ...ထဲမှာ အမြဲရှိနေတဲ့ ကိုယ်ပွားပဲ၊ အဲသလိုပဲ ကိုရန်ပိုင်ကလည်း...ရဲ့စိတ်ဆန္ဒထဲမှာ သားဟာအမြဲတမ်းပဲရှိနေခဲ့တယ်''

ရန်ပိုင်သည် မှုမှုလေးကို တစ်ချက်အကဲခတ်ကာ လွတ်...နေသောထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး ...

''ကျွန်တော် ကလေးဘဝကတည်းက ကျွန်တော်နဲ့ တူ...တဲ့လူတစ်ယောက်အမြဲပဲရှိနေတယ်လို့ ခံစားနေမိခဲ့တယ်၊ အိပ်...က်ထဲမှာလည်း အမြဲတမ်းမြင်တွေ့ရတယ်၊ တစ်ခါတလေ သတိ...စ်ချင်သလိုဖြစ်ဖြစ်သွားတတ်ပြီး ကိုရဲရင့်ကို မြင်လာတတ်...တယ်''

''ဟုတ်လား ... သားကလည်း မောင်ရန်ပိုင်လိုပဲ ...ကြာခဏ အဲသလိုမျိုးဖြစ်တတ်တယ်၊ သတိထားမိတာကတော့...မွေးခါစကတည်းကပဲ ခုပဲရယ်လိုက်, ချက်ချင်းပဲရယ်တာတိတ်...သွားပြီး ငိုချင်ငိုတတ်တာ''

မဝင်းသီက အခြားထူးခြားမှုများကို ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှုမှုလေးသည် ရဲရင့်နှင့် ရန်ပိုင်ကိုတစ်လှည့်စီကြည့်ပြီး ခုထ
ထိ အံ့အားသင့်နေဆဲ။ စကားပင်မပြောနိုင်။

“မှုလေးကိုယ်တို့နှစ်ယောက်ကို ဘယ်လိုထင်သလဲ”

မှုမှုလေးသည် ရဲရင့်၏အမေးကို ချက်ချင်းမဖြေနိုင်

“မှုလေးထင်မိတာကတော့ ကိုရဲရဲ ကိုယ့်ကိုယ်ပွား
ကိုယ့်သွေးသား တစ်ယောက်ရှိနေတယ်ဆိုတဲ့ ခံစားချက်၊ ခံ
ချက်ချင်းကလည်း တူနေတယ် ...၊

ရုပ်ချင်းကလည်း ခွဲမရအောင်တူနေတာ မှုလေးကို
တိုင် မျက်မြင်ပဲလေ၊ မယုံနိုင်စရာပါပဲ၊ ရုပ်ရည်ချင်းတူတာ
တော့ လက်ခံတယ်၊ ဒါမျိုးဟာ ရှိတတ်ကြတာကိုး၊ စိတ်ခံစ
ပါတူနေတယ်ဆိုတာကတော့ စဉ်းစားစရာပဲ၊ မှုလေးအထင်
ပြောရရင် ကိုရဲနဲ့ ကိုရန်ပိုင်တို့ကိုမွေးဖွားခဲ့စဉ်က ထူးခြား
ရပ်များရှိနေခဲ့မလားပဲ”

မှုမှုလေး၏စကားကြောင့် ကိုချမ်းသာနှင့် မဝင်းသီ
ဦးအောင်ကြီးရော မျက်နှာပေါ်မှာ အပြောင်းအလဲဖြစ်သွားခဲ့
ရသည်။ ကိုချမ်းသာက ...

“ရှိတော့ရှိဖူးခဲ့တယ်၊ ဒါပေမဲ့ ထူးခြားတယ်လို့
မခေါ်နိုင်ဘူး၊ သားကိုမွေးတဲ့ အခြေအနေက တစ်မျိုးဖြစ်ခဲ့
ခဲ့တယ်”

“ကျွန်တော့်မှာလည်း ကိုချမ်းသာလိုပဲ ထူးခြားမှု
ရှိဖူးခဲ့ပါတယ်”

ဦးအောင်ကြီးကလည်း ခပ်လေးလေးပင် ပြောလို





သည်။

မလွဲသာ၍ ပြောလိုက်ရသည့် အခြေအနေမျိုး ရန်ပိုင်
သည် တစ်ခါမှမကြားဖူးသော စကားကိုဦးအောင်ကြီးထံမှ ကြား
လိုက်ရသဖြင့် နားထဲရော၊ ရင်ထဲမှာပါ တစ်မျိုးဖြစ်သွားခဲ့ရ
သည်။

“ဖေဖေ သားကိုမွေးခဲ့စဉ်က ထူးခြားချက်တွေရှိခဲ့တယ်
...ဟုတ်လား၊ ဘယ်လို ထူးခြားမှုတွေလဲဟင်”

“မကြာမီမှာသား သိလာရမှာပါကွယ်၊ ကိုချမ်းသာနဲ့
ဒေါ်ဝင်းသီတို့ကပဲ အရင်ပြောစေချင်ပါတယ်၊ ဘာဖြစ်လို့လဲဆို
တော့ မသေချာဘူးလို့ထင်တဲ့ အကြောင်းအရာတစ်ခုဟာ ထူး
ဆန်းတဲ့ ကံကြမ္မာရဲ့ လှည့်စားမှုကြောင့် လက်ခံလာရမယ့်
အခြေအနေမျိုးတွေ ဖြစ်လာတတ်ပါတယ်”

ဦးအောင်ကြီး၏စကားသည် ပဟေဠိဝှက်သကဲ့သို့ပင်
ည်သူမှ နားမလည်နိုင်ကြ။ တကယ်တော့ သူကိုယ်တိုင်လည်း
ပဟေဠိထဲမှာ အဝှက်ခံနေရသည်။ ကိုယ်တိုင်ပဲသိသည်။

“ကဲပါလေ ... သားကိုမွေးတဲ့အချိန်တုန်းက ကြုံခဲ့ရတဲ့
အခက်အခဲကို မောင်ပဲပြောပြလိုက်ပါ”

“ဟုတ်ကဲ့ ကိုအောင်ကြီး ... လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်
ကျော်လောက်ကပေါ့၊ မဝင်းသီဟာ သူ့အမျိုးတွေရှိတဲ့ ( ... )
လေးဆီကို သွားလည်ချင်တယ်ဆိုတာနဲ့ ကျွန်တော်လည်း
လိုက်လျောမိခဲ့တယ်၊ တကယ်တော့ အဲသည်အချိန်မှာ သီဟာ
ကိုယ်ဝန်ကြီးနဲ့ပါ၊ နေ့စေ့လစေ့ကြီးနဲ့ပါ ...၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ သည်လိုအချိန်မျိုးမှာ မသွားစေချင်ဘူး။ သီကလည်း သိပ်ပြီးတော့ ဆန္ဒပြင်းပြနေသော မတားရက်တော့တာနဲ့ လိုက်လျောမိခဲ့တယ် . . .၊

အိမ်ကကားလေးနဲ့ပဲ သက်သောင့်သက်သာထွက်လာခဲ့တယ်၊ တကယ်လို့ လမ်းမှာမီးဖွားမယ်ဆိုရင်လည်း နီးစပ်ရာဆေးရုံကို ချက်ချင်းမောင်းသွားနိုင်တာပဲ မဟုတ်လား . . .၊

အဲသလိုနဲ့ပဲ စိတ်က သီ့အတွက် တထင့်ထင့်နဲ့ပဲ ကားကိုမောင်းလာခဲ့ရင်းက . . .''

■ ■ ■

[၂၃]

## မနောဆက်ညီနောင်

ကားလေးသည် အဝေးပြေးလမ်းမကြီးပေါ်မှာ တရိပ်ရိပ်နှင့် ပြေးလျက်ရှိသည်။ မဝင်းသီသည် ကားနောက်ခန်းမှာ သက်သောင့်သက်သာပင် လိုက်ပါလာခဲ့သည်။

''သီ ဘယ်လိုနေလဲ . . . ခေါင်းမူးတာတို့, အံချင်တာတို့ မရှိဘူးမဟုတ်လား''

''သီ ဘာမှမဖြစ်ပါဘူး မောင်ရဲ့ . . . ပေ့ါပါးပါတယ်''

စိတ်မချဖြစ်နေသော ကိုချမ်းသာကို အေးဆေးစွာပင် ပြန်ဖြေလိုက်သည်။ တစ်နေရာကိုအရောက်တွင် စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ကာ ထမင်းစားသည်။ ခဏနားပြီး ပြန်ထွက်လာခဲ့ကြသည်။

သို့သော် လမ်းခုလတ်တစ်နေရာကို အရောက်တွင် . . .

''မောင် . . . သီ ဗိုက်ထဲကရစ်ပြီးတော့ နာလာသလိုပဲ''

''ဟင် . . . ဟုတ်လား၊ ဒါ . . . ဒါဆိုမွေးတော့မယ်ထင်တယ်''

www.burmeseclassic.com

ကိုချမ်းသာသည် မဝင်းသီအတွက် စိုးထိတ်သွားမိသည်။ ကားကိုလည်း ထိုးရပ်လိုက်လေသည်။ ထို့နောက် ပတ်ဝန်းကျင် အခြေအနေကိုကြည့်သည်။

''ကားကိုပြန်လှည့်ရမှာကလည်း အဝေးကြီးနေရာက ဟိုမရောက်၊ သည်မရောက်ဖြစ်နေတယ်၊ ငါဘယ် လိုလုပ်ရမှာလဲ''

''မောင် . . . သီ သိပ်ပြီးတော့ နာလာပြီ . . . ဘယ်လိုမှ မနေနိုင်တော့ဘူး၊ အား . . . ကျွတ် ကျွတ်''

မဝင်းသီကလည်း မျက်နှာလေးရှုံ့မဲ့ကာအပြင်းအထန်ခံစားလာခဲ့ရလေရာ။ ကိုချမ်းသာမှာ ပို၍ပင်ပျာယာခတ်သွားခဲ့ရသည်။

''အားတင်းထားပါသီ၊ မောင် အဆင်ပြေအောင်ကြိုးစားနေပါတယ်၊ ဟောဟိုနားမှာ ရွာကလေးတစ်ရွာ၊ အဲသည်ရွာကိုသွားပြီး အကူအညီတောင်းရရင်ကောင်းမယ်''

သို့သော် . . .

ရွာဘက်ကိုသွားရန် ချောင်းလေးတစ်ခုက ဆီးပြီးတော့ခံနေသည်။ တံတားက ခနော်ခနဲ့ဖြစ်နေ၍ ကားနှင့်ကူးရန်မဖြစ်ပေ။

''အား . . . ကျွတ် ကျွတ် . . . တအားနာလာပြီမောင် သီ့ အတွက် ဘာမှမလုပ်ပေးနိုင်တော့ဘူးလား''

မဝင်းသီကလည်း ပိုပြီးတော့မခံရပ်နိုင်ဖြစ်လာခဲ့သည်၊ ကိုချမ်းသာ၏ လက်မောင်းကိုတင်းတင်းဆုပ်ကိုင်ထားရသည်အထိပင်။



''သီ . . . ခဏနေနော်၊ မောင်ဟိုနားက ရွာကလေးဆီကို ပြေးသွားလိုက်မယ်၊ ဝမ်းဆွဲဆရာမ ရှိမှာပါ၊ ဘာမှမကြာဘူး . . . မြန်မြန်ပြန်လာခဲ့မယ်''

''မြန်မြန်သွားပါ မောင်ချယ် . . . အား ကျွတ်ကျွတ်''

ကိုချမ်းသာသည် ဇနီးကိုထားခဲ့ရမှာစိတ်မချ။ အဖော်တစ်ယောက်ယောက် ခေါ်လာခဲ့လျှင်ကောင်းသားဟု နောင်တရမိလိုက်သော . . .

သို့သော် . . .

မတတ်နိုင် လှမ်းပြီးမြင်နေရသော ရွာကလေးဆီကို အရောက်ပြေးရသည်။ စိတ်ဇောကြောင့်ထင်သည် တစ်ခဏအတွင်းမှာပင် ထိုရွာလေးဆီကိုရောက်သွားခဲ့သည်။ အကျိုးအကြောင်းပြောပြသည်။ သားဖွားဆရာမတစ်ဦးကလည်း အဆင်သင့် ရှိနေသည်။ ရပ်ရွာကလူများကလည်း လိုက်လာကြပြီး အကူအညီပေးကြသည်။

ကိုချမ်းသာကို ပြန်ရောက်လာကြသောအခါ မဝင်းသီသည် သားယောကျ်ားလေးတစ်ယောက် ဖွားမြင်ခဲ့ပြီးဖြစ်လေသတည်း။

''အဖြစ်အပျက်ကတော့ အဲဒါပဲပျာ၊ သားကို လမ်းမှာပွေ့ခဲ့ရတာပါ။ ထူးခြားတယ်ဆိုတာကတော့ အဲဒါပဲ''

www.burmeseclassic.com



ကိုချမ်းသာက အဖြစ်အပျက်ကို အတိုချုံးပြီးတော့ ပြောပြသည်။ ဦးအောင်ကြီးက ခေါင်းတစိုက်စိုက်နှင့် ရှိနေသည်။

"ဒါနဲ့ ကိုချမ်းသာအကူအညီသွားတောင်းတဲ့ ရွာလေးရဲ့ အမည်ကိုကောသိထားရဲ့လား"

"ဟာ ...သိပါတယ်ခင်ဗျာ ကျွဲလှူးအိုင်ရွာပါ"

ဦးအောင်ကြီး၏ မျက်နှာပေါ်မှာ အပြောင်းအလဲတစ်ခုက ဖြစ်သွားခဲ့ပြန်လေသည်။

ထို့နောက် ...

သက်ပြင်းတစ်ချက်ကို မသိမသာချမိလိုက်ပြီး ...

"ကဲ ...ဒါဆို ကျွန်တော်ပြောပြမယ့် အဖြစ်အပျက်လေးကိုလည်း နားထောင်ပေးကြပါဦး။ သည်လိုဗျ ..."

ဦးအောင်ကြီးက အောက်ပါဇာတ်လမ်းလေးတစ်ခုကို အေးဆေးစွာပင် ပြောပြလေသည်။

■

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ကျော်ကာလ ...

ကိုအောင်ကြီးသည် ရွာလေးတစ်ရွာတွင် အိမ်ထောင်ကျခါစ မိမိ၏ဇနီးနှင့်အတူ နေထိုင်လျက်ရှိစဉ် ...

တစ်ရက်တွင် ...

အမျိုးသမီးတစ်ယောက်သည် မွေးကင်းစကလေးငယ်လေးတစ်ဦးကို ချီပြီးတော့ ရွာထဲသို့ဝင်လာခဲ့သည်။ ခြံအပြင်မှာ



ရှိနေကြသော ကိုအောင်ကြီးနှင့် မနန်းကြည်တို့သည် မြင်သွားခဲ့ကြသည်။

"ဟင် ... ဟိုမှာ မြရီတစ်ယောက်၊ ဘယ်ကကလေးကို ချီလာခဲ့သလဲ မသိဘူး၊ ဟယ်တော့ ... ကလေးက ကိုယ်တုံးလုံးလေး မွေးကင်းစလေးပါလား"

နှစ်ယောက်စလုံး အံ့အားသင့်သွားခဲ့ကြသည်။ မြရီသည် စိတ်နှံ့သူမဟုတ်ပေ။ မီးတွင်းထဲမှာ သွေးလန့်ပြီး ရူးသွပ်သလို ဖြစ်သွားခဲ့ရသည်။ ကလေးကလည်း အဖတ်မတင်၊ သားရူးရူး နေသူဖြစ်သည်။

"ဟဲ့ ...မြရီ ...မြရီ ...လာစမ်း"

မြရီသည် ကလေးကိုချီပြီးတော့ သူတို့ဆီကိုလျှောက်လာသည်။

"ဒါ ဘယ်သူ့ကလေးလဲ မြရီ"

မနန်းကြည်က မေးသည်။

"ကျွန်မချီထားတာ ကျွန်မကလေးပေါ့၊ ဘာဖြစ်လို့ မေးတာလဲ"

"မဟုတ်သေးဘူး မြရီ၊ ဒါ နင့်ကလေးမဟုတ်ဘူး၊ နင် ဘယ်သူ့ဆီက ခိုးလာခဲ့တာလဲ၊ ပေးစမ်း ...ပေးစမ်း ... ဟယ် ကလေးက မွေးထားတာမကြာသေးဘူးနဲ့ တူပါတယ် ဒုက္ခပါပဲ ... ကလေးရှင်တွေလည်း သိမှသိကြရဲ့လားမသိပါဘူး"

မနန်းကြည်သည် မြရီ၏လက်ထဲမှကလေးကို ဆွဲယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ပေး ...ပြန်ပေး ...ဒါ ကျွန်မကလေး ... ကျွန်မမွေးထားတာ"

"မဟုတ်သေးဘူးလေ မြရီ၊ ဒါ နင့်ကလေးမဟုတ်ဘူး။ နင် ဘယ်အိမ်က ယူလာခဲ့တာလဲ ...ငါတို့ကို မှန်မှန်ပြောစမ်း"

ကိုအောင်ကြီးကလည်း မြရီကို ချော့တစ်ခါ၊ ချောက်တစ်လှည့်နှင့်မေးသည်။

"ကျွန်မကလေးပါလို့ ပြောနေတာ မယုံကြဘူးလား။ သူတို့က သူများကလေးကို လုယူတယ်၊ မတရားဘူး ...ဟင် ဟင်"

မြရီသည် ကလေးကိုအတင်းပြန်လုသည်။ ဘေးဘီမှ လူများကပါ ဝင်ပြီးတားကြရသည်။ နောက်ဆုံးမှာတော့ မြရီသည် ငိုယိုပြီးထွက်ပြေးပါလေတော့သည်။

"မြရီက သွေးပျက်ပြီး သားရူးရူးနေတာ၊ တော်ပါသေးရဲ့ ခင်ဗျားတို့တွေ့ပေလို့သာပေါ့၊ နို့မို့ဆိုရင် ကလေးတော့ ဒုက္ခပဲ"

"ဟုတ်ပါရဲ့ဗျာ၊ ကလေးမိဘတွေက ဘယ်သူတွေများလဲ မသိဘူး"

အနီးပတ်ဝန်းကျင်မှာ စုံစမ်းကြသော်လည်း ကလေးပိုင်ရှင်က မပေါ်ခဲ့ပေ။

"တစ်ယောက်ယောက်က စွန့်ပစ်ထားခဲ့တာလား မသိဘူး"

"ဟုတ်တယ် ...အဲသည်လိုလည်း ဖြစ်နိုင်တယ်"

ပိုင်ရှင်ကလည်း မပေါ်။ ကလေးကို ကိုအောင်ကြီး မနန်း





ကြည်တို့က သံယောဇဉ်ဖြစ်လာခဲ့သည်။

"မထူးပါဘူး ကိုအောင်ကြီးရယ် ... ကျွန်မတို့နဲ့ထိုက်လို့ ရောက်လာတာပဲ၊ သားအမှတ်နဲ့ မွေးထားလိုက်ကြရင်ကောင်းမလားဟင်"

"အေးကွာ ... ငါလည်း သည်ကလေးကို မြင်မြင်ချင်း သံယောဇဉ်ဖြစ်မိတယ်"

ဤသို့ဖြင့် ...

လူကြီးများ အသိသက်သေဖြင့် ကလေးကိုမွေးစားလိုက်ကြလေတော့သည်။

▣

"အဲဒါပါပဲဗျား ကျွန်တော်တို့ လင်မယား ကလေးကို သံယောဇဉ်ဖြစ်ပြီး ချစ်ပြီး မွေးစားလိုက်ကြတယ်"

"ဟင် ...ဒါဆိုရင် သားဟာ ဖေဖေတို့ရဲ့သားအရင်း မဟုတ်ဘူးပေါ့"

ရန်ပိုင်သည် ရင်ထဲမှာ ဟာခနဲဖြစ်သွားကာ အလောတကြီးနှင့် မေးမိလိုက်လေ၏။ သူပဲ နားကြားလွဲသွားခဲ့သလားဟု မယုံချင်ချင်၊ စိတ်အနှောင့်အယှက်လည်း ဖြစ်သွားခဲ့ရလေ သည်။

"ဖေဖေဟာ သည်လိုစကားမျိုးကို မပြောချင်ပေမယ့် အဖြစ်မှန်ကို ဖုံးကွယ်မထားချင်လို့ အမှန်အတိုင်းပဲ ဖွင့်ပြောမိရတာပါ၊ သား ဘယ်လိုခံစားသွားရမလဲဆိုတာ ဖေဖေသိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

အခုလိုဖွင့်ပြောလိုက်ရတာကလည်း အကြောင်းရှိပါတယ်၊ သားနဲ့ဒေါက်တာရဲရင့်ဟာ သာမန်ရုပ်ရည်ချင်းတူနေကြတာမျိုးမဟုတ်ဘူး၊ သွေးသားပါတော်စပ်နေတယ်လို့ ဖေဖေ ယုံကြည်ထားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်ခံစားချက်အတိုင်း တစ်ယောက်ကလိုက်ဖြစ်နေတာ၊ မနောချင်း အဆက်အသွယ်ရှိနေကြလို့ပဲ''

''ဦးအောင်ကြီး ပြောတဲ့စကားကို ကျွန်မတို့နားမလည်နိုင်ကြပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ သားလေးရဲရင့်တစ်ယောက်တည်းကိုပဲ မွေးခဲ့တာပါ။ တစ်ဦးတည်းသော သားပါ၊ သားမှာ တခြားမွေးချင်းမရှိပါဘူးရှင်၊ ရန်ပိုင်ကိုတော့ မြင်မြင်ချင်း သံယောဇဉ်ဖြစ်မိပါတယ်၊ သွေးသားမတော်စပ်ကြတဲ့ သူတွေလည်း တစ်ခါတစ်ရံမှာ စိတ်ချင်းဆက်သွယ်မှု ရှိတတ်ကြတာပဲမဟုတ်လား''

မဝင်းသီသည် ယခုဖြစ်ပျက်နေသော အခြေအနေကို နားမလည်နိုင်ပေ။ သူမသာလျှင် မဟုတ်၊ အားလုံးကစဉ်းစား ရခက်နေကြသည်။

''ယုံနိုင်စရာမရှိဘူးဆိုတာကိုတော့ လက်ခံပါတယ်၊ ဒါပေမဲ့ ယုံကြည်နိုင်လောက်တဲ့ အခြေအနေမျိုးလည်းရှိနေလို့ပါ။ ကျွန်တော်ဟာ သားရန်ပိုင်ကို စွန့်လွှတ်ရမှာ အင်မတန်ကြောက်ပါတယ်၊ ဒါပေမဲ့ အမှန်တရားကို ဖုံးကွယ်မထားချင်ပါဘူး ...၊ သည်ကိစ္စမှာ အဓိကအသက်ဆိုင်ဆုံးဖြစ်တဲ့ လူတစ်





ယောက်ကို ခေါ်ထားပါတယ်၊ သူ မကြာခင် ရောက်လာတော့မှာပါ၊ ဟော ... ပြောရင်းဆိုရင်း ရောက်လာပြီထင်တယ်''

အားလုံး အိမ်အပေါက်ဝကိုလှမ်းပြီးတော့ ကြည့်မိလိုက်ကြသည်။ ဧည့်ခန်းထဲသို့ဝင်လာသော အမျိုးသမီးတစ်ယောက်၊ အသက်လေးဆယ်ကျော်ခန့် ရှိမည်။ အသားကဖြူဖြူ၊ ကိုယ်လုံးကိုယ်ထည်က ပြည့်ဖြိုးသည်။ ရုပ်ရည်က ကြည့်ရတာအဆင်ပြေသည်။

''ဩော် ... မြရီ၊ သည်မှာ ဧည့်သည်တွေရောက်နေကြပြီ၊ အဝေးကြီးကနေလာခဲ့ရလို့ အားတော့နာပါတယ်ကွယ်''

''ရပါတယ် အစ်ကိုကြီး ... လိုအပ်လို့ခေါ်တာပဲ၊ အရီပင်ပန်းတယ်လို့ သဘောမထားပါဘူး''

မမြရီသည် ဆက်တီဆိုဖာတစ်လုံးမှာ ခပ်လို့လို့ပင် ဝင်ထိုင်လိုက်သည်။ ရှေးဦးစွာ အကဲခတ်မိပြီး ကြည့်မိလိုက်သူများကတော့ ရန်ပိုင်နှင့် ရဲရင့်ကိုပင် သူမ၏အမူအရာသည် ချက်ချင်းပင်ပြောင်းလဲသွားခဲ့သည်။ အံ့အားသင့်သွားမိသည်။ နောက်တော့ ခေါင်းတညိတ်ညိတ်နှင့် ရှိနေရာက ...

''ဩော် ... သည်အရွယ်တောင် ရောက်နေကြမှကိုး''

ဦးအောင်ကြီးသည် အခြေအနေကိုထိန်းရန်အတွက်

''ဩော် ... ဒါကျွန်တော်ပြောပြောနေတဲ့ မြရီပါ၊ မြရီ ... သူတို့ကတော့ ကိုချမ်းသာ, မဝင်းသီတဲ့ သူကတော့ သားဒေါက်တာရဲရင့်၊ ဟောသည်မိန်းကလေးကတော့ ဒေါက်တာရဲရင့်နဲ့ စေ့စပ်ထားတဲ့ ဒေါက်တာမူမူလေးပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်၊ အရီက ဦးချမ်းသာနဲ့ ဒေါ်ဝင်းသီတို့ရဲ့ နာမည်နဲ့ရင်းနှီးနေခဲ့တာကြာပါပြီ"

"ရှင်"

"ဗျာ"

မမြရီ၏စကားကြောင့် အံ့အားသင့်သွားခဲ့ကြသည်။ ဟင်ဗျာ ဖြစ်သွားခဲ့ကြလေသည်။ သူမက ဆလင်းဘက်ချ်အိတ်ကိုဖွင့်ကာ တစ်စုံတစ်ခုကို ယူလိုက်သည်။ ထို့နောက် မဝင်းသီ၏လက်ထဲသို့ ထည့်ပေးလိုက်လေသည်။ မဝင်းသီလည်း ယောင်ယောင်နနနှင့် လှမ်းယူလိုက်သည်။ ထိုပစ္စည်းများကိုကြည့်လိုက်ကြသောအခါ ...

"ဟင်"

မှတ်ပုံတင်ကဒ်ပြားနှစ်ခု မိမိတို့လင်မယားနှစ်ယောက်၏ပုံများနှင့် ကဒ်များ၊ အနှစ်နှစ်ဆယ်ကျော် ကြာမြင့်ခဲ့ပေပြီ။

"ဟင် ဒါ ဟိုးလွန်ခဲ့တဲ့အနှစ် နှစ်ဆယ်ကျော်လောက်က ကျွဲလူးအိုင်ရွာနားမှာ ကျပျောက်သွားခဲ့တာ။ ရှင် ဘယ်ကရထားတာလဲ"

"ဟုတ်ပါတယ်၊ ကျွန်မ သည်ပစ္စည်းနှစ်ခုကို ရထားတဲ့အကြောင်းက ရှိနေခဲ့ပါတယ်၊ ဟောသည် ဆလင်းဘတ်ချ်အိတ်ကကော ဒေါ်ဝင်းသီရဲ့ ပစ္စည်းပဲမဟုတ်လား"

မမြရီသည် သူမ၏ ပေါင်ပေါ်မှာတင်ထားသော လက်ကိုင်အိတ်ကြီးထဲမှ ဆလင်းဘတ်ချ်အိတ်လေးတစ်လုံးကို ထုတ်ပေးလိုက်ပြန်သည်၊ တစ်ကြိမ်တည်း မပေးဘဲ တစ်ခုစီပေးသည်



သေချာစွာမှတ်မိလာစေရန်ဖြစ်သည်။

"ဟင် ... သည်အိတ်လေးက ကျွန်မတို့အိမ်ထောင်မကျမီက မောင်လက်ဆောင်ပေးခဲ့တဲ့ အိတ်လေးပဲ၊ မှတ်ပုံတင်ကတ်တွေနဲ့အတူထည့်ထားတာ"

မဝင်းသီသည် အံ့အားသင့်နေမိသည်။ ကိုချမ်းသာကတော့ စိတ်လှုပ်ရှားသွားခဲ့သည်ကလွဲ၍ ဘာမှဝင်မပြောဘဲ ငြိမ်နေမိသည်။

"ကျွန်မဟာ မိကောင်းဖခင်သားသမီးပါ၊ အိမ်ထောင်ကျတော့ ကျွဲလူးအိုင်ရွာမှာပါ၊ ကိုယ်ဝန်ပျက်ပြီး အထိတ်တလန့်ကိစ္စတစ်ခုကြောင့် သွေးနုသားနုနဲ့ သွေးပျက်ခဲ့ရပါတယ်၊ ဘယ်လောက်အထိ ဖြစ်သွားခဲ့ရသလဲဆိုရင် စိတ်လည်းမမှန်တော့ပါဘူး၊ သားစိတ်နဲ့ သွားချင်ရာသွား, လာချင်ရာလာနဲ့ မထင်ရင်မထင်သလို အိမ်ကထွက်သွားတတ်ပါတယ်၊ အဲသလိုနဲ့ တစ်နေ့မှာ ..."

▣

မြရီသည် ခြေဦးတည်ရာကို ထွက်လာခဲ့သည်။ မိဘလင်သားပင် မသိလိုက်ကြ။ ကျွဲလူးအိုင်ရွာအပြင်ကိုပင် ရောက်သွားခဲ့လေသည်။ အတော်ခပ်လှမ်းလှမ်းတွင် ရပ်ထားသော ကားလေးတစ်စီးကို မမျှော်လင့်ဘဲတွေ့လိုက်ရသည်။

"ဟယ်တော့ ဟိုမှာကားလေးတစ်စီးပါလား"

www.burmeseclassic.com



ကားလေး၏အနားကို တိုးကပ်ပြီးတော့ သွားကြည့်သည်။ ကားနောက်ခန်းထဲမှာ အမျိုးသမီးတစ်ယောက် သတိလစ်နေသည်။ မွေးကင်းစ ကလေးလေးနှစ်ဦးကိုလည်း မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

''ဟင် ဟိုမှာ ငါ့သားလေး ပျောက်နေတာ ခုမှပဲပြန်တွေ့တော့တယ်၊ ယက်စသတ်တော့ သည်ကိုရောက်နေတာကိုး''

မြရီ ဝမ်းသာသွားခဲ့ရသည်။ ကလေးတွေက ချက်ကြိုးတစ်ချောင်းတည်းနှင့် မွေးဖွားလာသည့်အတွက် ကားထဲကိုဝင်ကာ ချက်ကြိုးကိုပါးစပ်နှင့်ကိုက်ဖြတ်လိုက်သည်။ ကလေးနှစ်ယောက်စလုံးက အမြွှာဖြစ်ပြီး ထိုင်ခုံဆိုဖာပေါ်မှာတင်နေကြသည်။

''ဝါး ဝါး ဝါး ဝါး''

နှစ်ယောက်စလုံး ငိုနေကြသည်။ မြရီသည် မည်သည့်ကလေးကို ယူရမှန်းမသိ။ သို့သော် အစွန်ဆုံးကလေးကို ကောက်ယူလိုက်ပြီး

''ဒါ ငါ့သားဟုတ်တယ် . . . ငါ့သား . . . သူ့ကိုပဲ ယူသွားမယ်''

ကလေးကို ကောက်ချီပြီးပြေးမည်အပြုမှာ အမျိုးသမီး၏အနားမှာ ဆလင်းဘတ်ချ်သေးသေးလေးကိုပါ တွေ့လိုက်ရ၍ ကောက်ယူလာခဲ့သည်။ ရွာဘက်ဆီကို ပြေးသွားခဲ့လေသည်။

■



''အဖြစ်အပျက်ကတော့ အဲဒါပဲရှင်၊ ကျွန်မဟာ ပောာသည်ကလေးကို အပုန်ပဲခိုးယူခဲ့တာပါ၊ ကျွန်တဲ့အပိုင်းကိုတော့ကိုအောင်ကြီးပြောပြလို့ သိပြီးလောက်ပြီနဲ့ တူပါတယ်''

မမြရီသည် ရန်ပိုင်ကိုမေးငေါ့ပြီးတော့ ပြောလိုက်သည်။

''သည် . . . သည်အဖြစ်အပျက်တွေဟာ တကယ်ပဲသားဟင် မမြရီ''

မဝင်းသီသည် စိတ်လှုပ်ရှားသွားကာ ဟန်မဆောင်နိုင်တော့ဘဲ မေးမိလိုက်လေသည်။ ကိုချမ်းသာသည်လည်း ထို့အတူပင်။ ရင်ထဲမှာ ကျင်ခနဲဆို့ခံစားသွားခဲ့ရလေ၏။

''အားလုံးဟာ တကယ်ပါရှင်၊ ကျွန်မ ကျန်းမာရေးပြန်ကောင်းလာတော့ အစ်ကိုကိုအောင်ကြီးကို ပြန်ပြောပြပါသေးတယ်၊ ဒါပေမဲ့ သူတို့ကလေးကို သိပ်ပြီးတော့ချစ်နေကြတာကိုတွေ့ရတော့ ပိုက်ဆံအိတ်နဲ့မှတ်ပုံတင်အကြောင်းကို ပြောမပြတော့ပါဘူး၊ သူတို့လည်း သည်ကလေးကို ဆက်ပြီးမွေးလာခဲ့တာ။ သားအရင်းနဲ့ မခြားပါပဲ၊ အစ်ကိုအောင်ကြီးက တစ်မြို့တစ်ရွာကို ပြောင်းလာခဲ့ပြီး ကျွန်မကတော့ ကျွဲလူးအိုင်မှာပဲကျန်ရစ်ခဲ့ပါတယ်၊ သည်ဖြစ်ရပ်ကို ဖုံးကွယ်ထားတဲ့ ကျွန်မမှာအပြစ်ရှိပါတယ်၊ ခွင့်လွှတ်ကြပါ''

မြရီသည် အဖြစ်အပျက်အလုံးစုံကို ပြန်ပြောင်းပြီးပြောပြလိုက်လေသည်။

''ဟင် . . . ရှင်ပြောသလိုဆို ကျွန်မဟာ အမြွှာသားနှစ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို မွေးခဲ့တာပေါ့ . . . ဟုတ်လား''

မဝင်းသီသည် လွန်စွာမှပင် အံ့အားသင့်နေမိကာ ကြားလိုက်ရသည်များက တကယ်လား၊ အိပ်မက်လားဟုပင် ဝေခွဲ၍မရတော့။ အဖြစ်အပျက်များကာ မယုံနိုင်စရာပင် မဟုတ်ပါလား

''ဟုတ်ပါတယ်ရှင်၊ ကျွန်မယူသွားခဲ့တဲ့ သားလေးဟာ ဟောသည် မောင်ရန်ပိုင်ပါပဲ၊ သူ့ကို အစွန်နားမှာတွေ့ပြီး ကောက်ယူလာခဲ့တဲ့အတွက် အကြီးဖြစ်ပါတယ်၊ ကျန်ခဲ့တဲ့ ဟောသည်ကလေးကတော့ အငယ်ပဲဖြစ်မှာပါ။ မောင်ရန်ပိုင် မေးဖျားမှာမှဲ့နက်လေး တစ်လုံးရှိပါတယ်''

''ဘုရား . . . ဘုရား . . . လောကကြီးဟာ ဆန်းကြယ်လှပါလား၊ သည်လိုအဖြစ်အပျက်မျိုးတွေရှိနေတယ်ဆိုတာ အခုမှပဲ သိရတော့တယ်''

ကိုချမ်းသာသည်လည်း တုန်လှုပ်မှုများနှင့်ခံစားနေရသည်။ မဝင်းသီသည် ရန်ပိုင်၏အနားမှာ ပြောင်းရွှေ့ပြီးတော့ ထိုင်လိုက်သည်။

''သား . . . သားကြီး . . . သည်ကိစ္စတွေကို အမေတို့ မသိခဲ့ရတာ အမှန်ပါကွယ်၊ ခုမှပဲ အဖြစ်မှန်က ဘွားခနဲ ပေါ်လာခဲ့တာကိုး''

မဝင်းသီသည် ရန်ပိုင်အနားမှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။ ကိုချမ်းသာသည်လည်း ထို့အတူပင် ကိုချမ်းသာသည်လည်း ကိုယ်မသိခဲ့သော ဖြစ်ပျက်တစ်ခုသည် အမှန်တရားအဖြစ် ဘွားခနဲပေါ်လာခဲ့သည့်အတွက် မယုံကြည်နိုင်



အောင်ပင် ရှိနေရသည်။

''အင်း . . . သား . . . သား . . . ငါတို့မှာအမြွှာမွေးသားတစ်ယောက်ရှိနေတယ်ဆိုတာ အခုမှပဲ သိရတော့တယ်၊ သားလေးရဲ့ရင်ကတော့ ငယ်စဉ်ကတည်းက ပြောရှာသား။ သူ့မှာ အစ်ကိုတစ်ယောက်ရှိနေတယ်လို့ ထင်နေတယ်တဲ့၊ ခုတော့ မှန်သာပေါ့နော်''

''ဟုတ်တယ် . . . ကိုရဲက မူလေးကိုလည်း သည်လိုပဲ အမြဲပြောနေတာ၊ မူလလေးလည်း ကိုရဲထင်နေတဲ့အတိုင်းပဲ ထင်နေမိတယ်လေ''

မူမူလေးကလည်း ဝမ်းသာရမလို၊ ဝမ်းနည်းရမလို ပြောနေသည်။ ဦးအောင်ကြီးသည် မချိပြုံးလေးဖြင့် . . .

''သား ဖေဖေ့ကိုခွင့်လွှတ်ပါကွာ''

ရန်ပိုင်သည် ဦးအောင်ကြီးဆီကိုချက်ချင်းပင် ရောက်သွားသည်။

''သားရဲ့စိတ်ထဲမှာ ဖေဖေ့ရဲ့သားအရင်းလို့ပဲ စွဲမှတ်ထားတယ်၊ နောင်လည်း သည်လိုပဲ ခံယူထားမှာပဲ၊ အခုသားရဲ့ မိဘအရင်းတွေပေါ်လာလို့ ခံစားရတာလည်း မှန်တယ်၊ ဝမ်းလည်းသာတယ်၊ နှစ်ဖက်မိဘအပေါ်မှာ ကျွန်တော်မလျော့တဲ့ အချစ်နဲ့ချစ်သွားမှာပါ၊ ကတိလည်းပေးပါတယ်''

''ဝမ်းသာပါတယ် သားရယ်၊ ဖေဖေ့အပေါ်မှာ သည်လိုပြောင်းလဲဘဲ နေနိုင်သွားမယ်ဆိုတာ''

ဦးအောင်ကြီးသည် မျက်ရည်များပင်လည်လာ၍ ရန်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ကိုဖက်ထားမိလေသည်။

"ဒါပေါ့ သည်လိုပဲဖြစ်ရမှာပေါ့၊ သားကို မွေးကင်းစက စပြီးသည်လို အရွယ်ထိကျွေးမွေးပြုစုလာခဲ့တာက မိဘဆိုတဲ့စိတ်နဲ့ပဲ၊ ကျေးဇူးလည်းကြီးလှပါတယ်၊ အဲသည်ကျေးဇူးဟာ တစ်သက်ဆပ်လို့ မကုန်နိုင်ဘူး။ ဟိုဘက်မိဘ, သည်ဘက်မိဘ ပေါ့လေ၊ ကြည့် ကိုအောင်ကြီး . . . ကျွန်တော်တို့ကလည်း သားကြီးရန်ပိုင်ကို ဦးအောင်ကြီးရဲ့ရင်ခွင်ထဲက ဆွဲထုတ်ဖို့ မကြိုးစားပါဘူးဗျာ"

"သည်လိုစကားမျိုး ကြားရတာ ဝမ်းသာပါတယ်ဗျာ"

ဦးအောင်ကြီးက တုန်ယင်လှိုက်မောသော အသံကြီးနှင့်ပြောလိုက်လေတော့သည်။

BURMESE CLASSIC .com

၉

တစ်ရက်တွင် . . .

ရာဘာပင်စခန်းတွင် ရဲရင့်၊ ရန်ပိုင်၊ ဝဏ္ဏ၊ သာထူးနှင့် မောင်ခွေးတို့အတူရှိနေကြစဉ် ဖကီးလေးသည် သူတို့ဆီသို့ ရောက်လာခဲ့လေ၏။

"ဟာ ဖကီးလေး"

ရန်ပိုင်သည် ဖကီးလေးဆီကိုပြေးသွားသည်။

"ဝမ်းသာတယ်ဗျာ၊ ဖကီးလေး သည်မှာပြန်လာနေတာသား"





"မဟုတ်ဘူး၊ ငါမင်းတို့ကို အပြီးအပိုင်လာပြီးနှုတ်ဆက်တာ"

"ဖကီးလေးရယ် . . . ဘယ်ကိုများသွားမလို့လဲ၊ သည်မှာပဲနေပါလားဗျာ"

"မဖြစ်ဘူး ကောင်လေး၊ ငါ့ရဲ့ ဆရာသခင်တွေက ငါ့ကိုအပြီးခေါ်နေကြပြီ။ ငါသူတို့ဆီမှာ ပညာသင်ရဦးမယ်"

ဖကီးလေးက ပြောသည့်အတိုင်းလုပ်တတ်သည်။ သူ့အလုပ်ကို သူသိသည်။ မတားတော့ပါ။ အားလုံးသည် ဖကီးလေးကို ဖူးခဲ့သောဂူဆီကိုလိုက်သွားကြသည်။

"ဒေါက်တာ ရဲရင့်"

"ခင်ဗျား ဟုတ်ကဲ့။ ဖကီးလေး အမိန့်ရှိပါခင်ဗျာ"

"မင်းက မိန်းမယူမယ်၊ လူ မင်းသားသမီးရရင် ပထမဦးဆုံးအမြွှာပူးမွေးလိမ့်မယ်၊ မိန်းကလေးတွေ"

"ဟာ ဖကီးလေးရာ"

"ဘာလဲ . . . ငါပြောတာ မင်းမယုံဘူးလား"

"ယုံ . . . ယုံပါတယ်ဗျာ"

ရန်ပိုင်ကိုတော့ . . .

"မင်းကတော့ မိန်းမယူမှာမဟုတ်ပါဘူး၊ လူပျိုကြီးဘဝနဲ့ပဲတစ်သက်လုံးနေသွားရမယ်"

"ပေးတဲ့ဆုနဲ့ ပြည့်စုံရပါစေလို၏ ဖကီးလေး"

ဖကီးလေးသည် သူတို့အားလုံး၏ နဖူးမှာ ပြာတစ်ချက်စီတို့ပေးလိုက်သည်။ ကိုနောက် လွန်စွာမှစားကောင်းသော ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟင်းကို ချက်ကျွေးပြီးသကာလ ထိုနေရာမှ အပြီးအပိုင်ပင် ထွက်သွားခဲ့လေသည်။ ထူးဆန်းထွေလာနှင့် ပြည့်လျှမ်းလျက်ရှိသော ဟိမဝန္တာခရီးကို ခြေဆန့်ကာ သွားပေတော့မည်။ အားလုံးပင် သတိရပြီးကျန်ရစ်ခဲ့ကြလေသည်။

"ကိုရန်ပိုင်၊ ဖကီးလေးက ကျွန်တော့်ကို နိမိတ်စကား ပြောသွားခဲ့ပါလားဗျ"

"မယုံမရှိနဲ့ သူပြောတာတွေ အားလုံးဟာ တစ်ချက်မှ မလွဲခဲ့ဘူး"

"ဟုတ်တယ်၊ ဖကီးလေးက ဘာမဆိုတိကျတယ်"

"သာထူးကလည်း ရောယောင်ပြီး ပြောနေပြန်ပါပြီ။ ဘာတွေတိကျခဲ့တာလဲ ပြောပြစမ်းပါဦး"

"သည်လိုလေ ကိုဝဏ္ဏရဲ့ ရန်ပိုင်မှာ ညီတစ်ယောက်ရှိနေတယ်ဆိုတာရယ်၊ ခင်ကြီးတို့ကို မသူတော်တွေလမ်းဆုံးကို ရောက်သွားလိမ့်မယ်ဆိုတာတွေရယ်။ အားလုံးမှန်နေတာပဲ မဟုတ်လား၊ ဒါ့အပြင် တခြားအကြောင်းအရာတွေလည်း ရှိနေသေးတယ်လေ"

"အင်း ... ဟုတ်ပ ဟုတ်ပ"

(ဖန်တောင်ကြီးမှ ထွက်ပြေးသွားခဲ့ကြသော ခင်ကြီးတို့သည် သူတို့နေရပ်ကိုပြန်ရောက်မလာခဲ့ကြတော့။ ယင်းအခြေအနေကို ဖကီးလေးက မည်သို့ကြို၍သိနေပါသလဲ)

ထိမိလသတ္တဝါကြီးကိုလည်း ဖကီးလေးကပင် နှိမ်နင်းလိုက်သည်ပဲလား၊ သူ့အကုသိုလ်နှင့် သူ့လမ်းဆုံးကို ရောက်



သွားခဲ့သည်ပဲလား၊ မည်သူမှ မသိနိုင်ကြ။

ဖကီးလေးသည် ဘာမဆို အားလုံးကိုသိနေသည်။ တို့အပေါ်ကျရောက်ခဲ့သော ဘေးအန္တရာယ်များကိုပင် ပယ် ပေးနိုင်ခဲ့သည်။

ဘဝအထုံရေစက်ကြောင့် အားလုံးနှင့်လာပြီးတော့ ကြရသည်။ မိုးပေါ်ကကျလာသလို ကျလာတတ်ပြီး ချက်ချင်း ပင် ပြန်ပြီးတော့ ပျောက်ကွယ်သွားတတ်ပြန်လေသည်။

ဘဝပြန်မလာဝဲကြီးထဲသို့ ကျရောက်သွားခဲ့ပြီးမှ ကံမရောက်ပဲ လွတ်မြောက်လာခဲ့သော ရန်ပိုင်၏ အဖြစ် သော်လည်းကောင်း။

မြေအောက်ခန်းကြီးထဲမှာ ဘေးအန္တရာယ်ကျရော ကာ သေလုမျောပါးဖြစ်ခဲ့ရသည်။ ရဲရင့်၏ အခြေအနေဆိုး သော်လည်းကောင်း။

အမြွှာညီအစ်ကိုမှန်း မသိဘဲ၊ ကွဲကွာနေပြီးမှ ပြန်လည် ဆုံတွေ့ကြရသော ထိုနောင်နှစ်ဦး၏ ဖြစ်ရပ်ဆန်းသော်လည် ကောင်း။

ထူးဆန်းသော ပင်လယ်ရေပြင်တစ်နေရာမှ ချောက်ချ စရာကောင်းသော ပင်လယ်အှူသံကိုသော်လည်းကောင်း၊

ဖန်တောင်ကြီးမှ ရက်စက်ကြမ်းကြုတ်သော ထိ သတ္တဝါကြီးကို သော်လည်းကောင်း၊ ယင်းအန္တရာယ် သွယ်တို့ တစ်သက်မမေ့နိုင်ကြတော့ပါ။ နောင်အ သင့်ပါက မိမိ၏မိဘ ရင်းနှီးသူများကို ပြန်ပြောင်းပြီးတော့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပြရပေဦးမည်။ မကြာမီမှာ ရဲရင့်နှင့် မှုမှုလေးကိုလက်ထပ်ကြ
သည်။ နောက် နှစ်နှစ်အကြာတွင် သားသမီးရသည်။ သို့သော်
အမြွှာမွေးသည်။ မိန်းကလေးများဖြစ်ကြသည်။ ဖကီးလေးငေ်
ဟောကိန်းကား မှန်လေသတည်း။

ကြိုးစားပါဦးမည်

မင်းစိုးကြွေ

BURMESE CLASSIC .com

www.burmeseclassic.com